www.burmeseclassic.com


တက္ကသိုလ်

# နေဝင်းမြင့်

တုကုဟုန်၏ဝမ်းကျန့်စန်းယီ

## ခေါင်းလောင်းသံနှင့် သွေးနီမိတ်

စာစဉ်(၁)



www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

# ခေါင်းလောင်းသံနှင့် သွေးနီမိတ်

(စာစဉ်-၁)

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်
ပထမအကြိမ် အုပ်ရေ–၂၅၀
တန်ဖိုး ၁၀၀/–ကျပ်

**ထုတ်ဝေသူ**
ဒေါ်ခင်မာရီ၊ (မန်းဝေဝေ စာပေ)
အမှတ် (၃၆၀)၊ မိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**
ဦးဝင်းကျော်ထွန်း (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅– လမ်း၊
မိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။

BURMESE CLASSIC



# စာစဉ်(၁)

ကာလျှံမြို့. . .။

မြို့ကြီးပြကြီး မဟုတ်သော်လည်း အလွန်စည်ကားသော မြို့တစ်မြို့ ဖြစ်ပါသည်။

အကယ်၍သာ သင်သည် ဤမြို့ရောက်ခဲ့ပြီး ဤမြို့၏ အခမ်းနားဆုံး စားသောက်ဆိုင်ကိုမေးလျှင် လူတိုင်းက သင့်ကို 'စင်ကြာပင်၊' စားသောက်ဆိုင်သို့ တညီတညွတ်တည်း ညွှန်ပြကြပေလိမ့်မည်။

အကြောင်းမှာ. . .

စင်ကြာပင်းစားသောက်ဆိုင်သည် ကာလျှံမြို့၏ အခမ်းနားဆုံး စားသောက်ဆိုင်တစ်ဆိုင် ဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



စားသောက်ဆိုင်၏ တည်နေရာနှင့် စားသောက်ဆိုင်၏ အဆင်အပြင်ကပင် အလွန်ခမ်းနားသော စားသောက်ဆိုင်ဖြစ်ကြောင်း မြင်ရုံနှင့်ပင် သိနိုင်သည် မဟုတ်ပါလား။

သို့ဖြစ်၍လည်း. . .

ဤစားသောက်ဆိုင်သည် ခမ်းနားသည်နှင့်အမျှ အလွန်လူစည်ကားသော စားသောက်ဆိုင်တစ်ဆိုင် ဖြစ်နေပေသည်။

ထို့ပြင်. . .

ဤစားသောက်ဆိုင်သို့ လာရောက်စားသောက်ကြသော ပုဂ္ဂိုလ်များသည်လည်း လူကုံထံအသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များပင် ဖြစ်လေသည်။

သူဌေးသူကြွယ်များ၊ အရာရှိအရာခံများ၊ ကုန်သည်ပွဲစားများ၏ စားကျက်တစ်ခုလည်း ဖြစ်ပေသည်။

ယနေ့. . .

ဤ 'စင်ကြာပင်' စားသောက်ဆိုင်သည် ယခင်အခါများထက် ပို၍စည်ကားနေပေသည်။

စားသောက်ဆိုင်ထဲ၌ စည်ကားနေသော လူများထက် စားသောက်ဆိုင်ရှေ့၌ ဝိုင်းအုံကြည့်နေသော လူအုပ်က ပို၍များနေသည်။

ထိုလူအုပ်သည် စားသောက်ဆိုင်ထဲမှ လူများထက် ပို၍လူတန်းစား အလွှာစုံလေသည်။

ထိုလူအုပ်ထဲတွင် ဆွန်းစလွှားများမှအစ လူမျိုးစုံ ပါဝင်လေသည်။



သို့သော် ထိုလူအုပ်သည် ဤစင်ကြာပင်စားသောက်ဆိုင်သို့ လာရောက် စားသောက်သူများ မဟုတ်ချေ။

ဤသို့ဆိုလျှင် ထိုလူများသည် အဘယ်ကြောင့် စင်ကြာပင်စားသောက်ဆိုင်ရှေ့၌ ဝိုင်းအုံနေရပါသနည်း။

အကြောင်းမှာ စားသောက်ဆိုင်၏ အပေါ်ထပ်၌ အဝတ်ဖြူပိတ်စတစ်စအား ဝါးလုံးဖြင့် လွှင့်ထူထားပြီး ယင်းပိတ်ဖြူပေါ်တွင် ရေးသားထားသော စာလုံးများကို လာရောက်ကြည့်ရှုကြသူများပင် ဖြစ်ပါသည်။

ဤသို့ဆိုလျှင် ပိတ်ဖြူပေါ်၌ ရေးသားထားသော စာလုံးများသည် မည်သည့်စာလုံးများ ဖြစ်ပါသနည်း။

* * *

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



စင်ကြာပင်း စားသောက်ဆိုင်၏ အပေါ်ထပ်မှ ဝါးလုံး ဖြင့် ထူထားသော ပိတ်စပေါ်တွင်. . .

'ချိုယင်းဝေက စူးခုံးယက်ကို စိန်ခေါ်သည်' ဟူသော စာလုံးကို ရေးသားထားပြီး ၎င်းစာလုံး၏ဘေး၌. . .

'နေရာ - ဤမြို့ရှိ သံမဏိကျောင်းတော်
နေ့ရက် - သုံးလ၊ ဆယ့်ငါးရက်
အချိန် - နေမွန်းတည့်ချိန်'

ဟူသော စာလုံးကို ရေးသားထားလေသည်။

ဤစာတန်းကို ကာလျံမြို့ စင်ကြာပင်းစားသောက်ဆိုင်၌သာ တွေ့ရခြင်း မဟုတ်ပါ။

ရှမ်းသီ၊ လုယန်း၊ သိမ်းကျူးမြို့များ၌လည်း အလားတူ စာတန်းမျိုးကို တွေ့ရမည် ဖြစ်ပါသည်။

ထို့ကြောင့် ချိုယင်းဝေက စူးခုံးယက်ကို စိန်ခေါ်သည့် သတင်းသည် သိုင်းလောကတစ်ခုလုံးကို ပျံ့နှံ့သွားခဲ့သည် မဟုတ်ပါလား။

* * *



ချိုယင်းဝေ. . .။

သူသည် သိုင်းလောက၌ အနည်းငယ် နာမည်ကျော်ကြားသော သိုင်းသမားတစ်ယောက် ဖြစ်ပါသည်။

စူးခုံးယက်မှာမူ သိုင်းလောကတွင် နာမည်မရှိသဖြင့် သူ့အား သိသူမရှိသလောက်ပင် ဖြစ်လေသည်။

ထို့ပြင် သူတို့နှစ်ယောက်သည် သိုင်းလောက၏ ထိပ်သီး သိုင်းသမားများလည်း မဟုတ်ပါ။

သိုင်းအဖွဲ့အစည်းများ၏ ခေါင်းဆောင်များလည်း မဟုတ်ပါချေ။

ဤသို့ဆိုလျှင်. . .

ချိုယင်းဝေက စူးခုံးယက်ကို အဘယ်ကြောင့် စိန်ခေါ်ရသနည်း။

သူတို့နှစ်ယောက်သည် ရန်ကြေးရှန်စရှိသည့် မဟာရန်သူ ဖြစ်နေသလော။

သို့ဖြစ်၍ ချိုယင်းဝေက စူးခုံးယက်ကို စိန်ခေါ်ခြင်းသည် ပဟေဠိတစ်ခု ဖြစ်နေလေတော့သည်။

ထို့ကြောင့် သိုင်းလောကသားများသည် ချိုယင်းဝေနှင့် စူးခုံးယက်တို့အကြောင်းကို နှိုက်နှိုက်ချွတ်ချွတ် စုံစမ်းကြလေသည်။

ယင်းသို့ စုံစမ်းသောအခါ ချိုယင်းဝေ၊ စူးခုံးယက်တို့နှင့် ပတ်သက်၍ သိုင်းလောက၌ သတင်းမျိုးစုံ ပေါ်ထွက်လာလေ

www.burmeseclassic.com



သည်။ ထိုသို့ ပေါ်ထွက်လာသော သတင်းများသည် မည်မျှ မှန်ကန်ကြောင်း မည်သူမျှ မပြောနိုင်ကြချေ။

ထိုသတင်းများနှင့် ပတ်သက်၍လည်း မဟုတ်မှန်ပါဟု မည်သူကမျှ ဆင်ခြေပေး ကန့်ကွက်ခြင်းလည်း မရှိကြချေ။

သို့ဖြစ်၍ ထိုသတင်းများသည် တဖြည်းဖြည်း ချဲ့ကား၍ သိုင်းလောကအတွင်း ထိပ်တန်း သိုင်းသမားများကဲ့သို့ တမုဟုတ်ချင်း လျှမ်းလျှမ်းတောက် ကျော်ကြားလာလေတော့သည်။

သို့ဖြစ်၍ သိုင်းလောကသားများသည် ကာလျှံမြို့သို့ စိန်ခေါ်ပွဲကိုကြည့်ရှုရန် စုဝေးရောက်ရှိလာကြလေသည်။

ထိုသို့ စုဝေးရောက်ရှိလာသော သိုင်းလောကသားများ၏တူညီသောဆန္ဒတစ်ခုမှာ ချီယင်းဝေနှင့် စူးခုံးယက်တို့ကို တွေ့မြင်လိုသောဆန္ဒပင် ဖြစ်သည် မဟုတ်ပါလား။

* * *



သုံးလ ဆယ့်ငါးရက်ရောက်ရန် နှစ်ရက်မျှသာ လိုတော့သည်။

သို့သော် ချီယင်းဝေနှင့် စူးခုံးယက်တို့၏ အရိပ်အရောင်ကိုပင် မတွေ့ရသေးချေ။

ထို့ကြောင့် ချီယင်းဝေနှင့် စူးခုံးယက်တို့ကို တွေ့မြင်လိုသော ပရိသတ်အချို့သည် အနည်းငယ် စိတ်ပျက်စပြုလာပြီ ဖြစ်သည်။

သို့ဖြစ်၍ သူတို့သည် အဘယ်ကြောင့် ချီယင်းဝေနှင့် စူးခုံးယက်တို့ ရောက်မလာသေးသည်ကို အမျိုးမျိုး တီးတိုးဝေဖန်ပြောဆို နေကြလေသည်။

အမှန်မှာ ချီယင်းဝေသည် ထိုအချိန်တွင် ကာလျှံမြို့သို့ ရောက်နေပြီ ဖြစ်ပါသည်။

သူသည် တည်းခိုခန်း၌မတည်းဘဲ သူ၏မိတ်ဆွေတစ်ယောက်ထံ၌ တည်းခိုနေခြင်းဖြစ်ပါသည်။

ချီယင်းဝေ၏မိတ်ဆွေမှာ တိမ်းရှိုလေးဖြစ်ပြီး ခါးပညာ ကျွမ်းကျင်သော စာပေသမားတစ်ယောက်ဖြစ်သည်။

ထို့ပြင် တိမ်းရှိုလေးသည် ဒေသခံလူတစ်ယောက်လည်း ဖြစ်သဖြင့် ချီယင်းဝေက တိမ်းရှိုလေးထံ လာရောက်တည်းခိုနေခြင်း ဖြစ်ပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



သုံးလ ဆယ့်သုံးရက်. . .။

ဤနေရာသည် တိမ်းရှိုလေး၏ စာကြည့်တိုက်ဖြစ်ပါသည်။

သူ၏စာကြည့်ခန်းထဲ၌ အပျော်ဖတ်စာပေမှအစ ကျမ်းကြီးကျမ်းငယ် အသွယ်သွယ်တို့ကို သပ်ရပ်စွာ ထားရှိသည်ကို တွေ့မြင်ရမည် ဖြစ်ပါသည်။

ယခု စာကြည့်ခန်းထဲရှိ စားပွဲ၌ ချိုယင်းဝေနှင့် တိမ်းရှိုလေးတို့နှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်လျက်ရှိလေသည်။

စားပွဲပေါ်တွင် ကျားကွက်ရှိပြီး သူတို့နှစ်ဦးသည် ကျားထိုးနေကြလေသည်။

ချိုယင်းဝေက ကျားတစ်ကွက် တက်လိုက်သည်။

တိမ်းရှိုလေးက ချိုယင်းဝေကို ပြုံးပြလိုက်၏။

"ဒီခုပွဲလည်း ခင်ဗျားရှုံးပြန်ပြီ"

ချိုယင်းဝေ မကျေမနပ် ဖြစ်သွားသည်။

"ဘယ့်နှယ် ပွဲမှမပြီးသေးဘဲ၊ ခင်ဗျား ဘယ်လိုလုပ်ပြီး ရှုံးတယ်လို့ ပြောနိုင်တာလဲ"

"ကျားကစားတယ်ဆိုတာ စိတ်တည်ငြိမ်မှုဗျ။ တစ်ကွက်မှားတာနဲ့ ရှုံးသွားနိုင်တယ်၊ အခု ခင်ဗျားတက်လိုက်တာ တစ်ကွက်မှားသွားပြီ"

တိမ်းရှိုလေးက ပြောရင်း. . .

ချိုယင်းဝေ၏ကျားများကို တစ်ခုပြီးတစ်ခု ဆက်တိုက်စား၍ အနိုင်ဖြင့် ပွဲသိမ်းလိုက်လေသည်။

ပြီးမှ. . .

"အခု ကျုပ်တို့ ကျားကစားတာ ဘယ်နှစ်ပွဲရှိပြီလဲ"

ချိုယင်းဝေက လက်ဆယ်ချောင်း ထောင်ပြလိုက်သည်။

"ဆယ်ပွဲရှိပြီ"

"ပွဲတိုင်း ခင်ဗျားရှုံးနေတယ်"

ချိုယင်းဝေ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ခင်ဗျားက လက်ရည်အတော့်ကို တက်နေတာကိုးဗျ"

တိမ်းရှိုလေး ခေါင်းတစ်ချက်ခါယမ်းရင်း. . .

"အမှန်တော့ ခင်ဗျား အခုလိုရှုံးနေတာ ခင်ဗျားစိတ်ထဲမှာ တည်ငြိမ်မှုမရှိလို့ဘဲ၊ ခင်ဗျားမှာ တခြားတွေးတောစရာ ကိစ္စတွေများ ရှိနေသလား"

ချိုယင်းဝေက ခေါင်းခါယမ်းလိုက်သည်။

"ကျားကစားတဲ့ပညာမှာ ခင်ဗျားက ကျုပ်ထက်သာနေသို့ပါ"

တိမ်းရှိုလေးက သဘောကျစွာ တစ်ချက်ရယ်မောလိုက်ပြီး. . .

"မင်း ဒီလို ငါ့ကိုမြှောက်ပြီး ပြောတဲ့အတွက် မင်းကို ကောင်းကောင်း ပြုစုပါ့မယ်"

ချိုယင်းဝေသည် ကျားကွက်ကို စားပွဲဘေးသို့ အသာ



www.burmeseclassic.com

www.burmeseclassic.com



တွန်းဖယ်လိုက်ပြီး တိမ်းရှုလေးကို တစ်ချက်လှမ်းကြည့်ကာ. . .

"အချိန်ရမယ်ဆိုရင် ခင်ဗျားနဲ့ ကျွန်တော် ဥယျာဉ်ထဲမှာ စကားနည်းနည်းလောက် ပြောရအောင်ဗျာ"

"ရပါတယ်၊ ကဲ. . . ကျွန်တော်တို့ ဥယျာဉ်ထဲသွားရအောင်"

တိမ်းရှုလေးက ပြောပြီးထိုင်ရာမှ ထလိုက်လေသည်။

ထို့နောက် သူတို့နှစ်ယောက် စာကြည့်ခန်းမှထွက်ပြီး ဧည့်ခန်းကိုဖြတ်ကာ ဥယျာဉ်ထဲသို့ လျှောက်သွားလေတော့သည်။

* * *



ဥယျာဉ်ထဲ၌ ပန်းအမျိုးပေါင်း စုံလင်လှသည် မဟုတ်သော်လည်း ဥယျာဉ်မှူးက သူ့ခေန်ရာနှင့်သူ အစီအစဉ် ကျနစွာဖြင့် စိုက်ပျိုးထားသောကြောင့် တိမ်းရှုလေး၏ဥယျာဉ်သည် စိတ်ရွှင်လန်းမှုကို ပေးနိုင်သော ဥယျာဉ်တစ်ခုဖြစ်နေသည်။

ချိုယင်းဝေနှင့် တိမ်းရှုလေးတို့သည် ပခုံးချင်းယှဉ်၍ လမ်းလျှောက်နေရာမှ. . .

"ကျွန်တော် ခင်ဗျားကို တစ်ခုလောက် မေးချင်ပါတယ်ဗျာ"

တိမ်းရှုလေးက စကားစလိုက်လေသည်။

ချိုယင်းဝေက ခေါင်းညိတ်ပြလိုက်ပြီး. . .

"မေးပါ"

တိမ်းရှုလေးက. . .

"စူးခုံးယက်ရဲ့ သိုင်းပညာက ဘယ်အဆင့်မှာရှိသလဲ၊ ကျွန်တော် သူ့အကြောင်း ဘာမှ မသိသေးဘူး"

တိမ်းရှုလေး ခေါင်းညိတ်လိုက်သည်။

"အင်း. . သူကလည်း မင်းအကြောင်း ဘာမှသိမှာ မဟုတ်ဘူး"

ချိုယင်းဝေက တစ်ချက်ပြုံးကာ. . .

"ဒါပေမယ့် သူက ကျွန်တော့်အကြောင်းကို မသိပေမယ့် ခန့်မှန်းလို့ရသေးတယ်၊ ကျွန်တော်ကသာ သူ့အကြောင်းကို စုံစမ်းဖို့လွယ်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ထားပါတော့ ဒါက အရေးမကြီးပါဘူး"

"ဒါဖြင့် ဘာက အရေးကြီးနေလို့လဲ"

"အရေးကြီးတာက"

ချိုယင်းဝေသည် သူ၏စကားကို ဆက်မပြောဘဲ ရုတ်တရက် ရပ်တန့်လိုက်လေသည်။

အကြောင်းမှာ သူတို့ စကားပြောနေစဉ် တိမ်းရှိုလေး၏ အိမ်ဖော်တစ်ဦး ဝင်ရောက်လာသောကြောင့် ဖြစ်သည်။

အိမ်ဖော်က တိမ်းရှိုလေးကို ဦးညွှတ်၍. . .

"ဆရာ အပြင်မှာ မင်းသားလေးတစ်ယောက်က ဆရာကို တွေ့ချင်လို့တဲ့"

တိမ်းရှိုလေးက မျက်မှောင် အနည်းငယ်ကြုတ်ပြီး. . .

"ဘယ်သူလဲ"

"မင်းသားလေး ဟန်တီအီလို့ ပြောပါတယ်"

"ကောင်းပြီ၊ သူ့ကိုကြိုဆိုပြီး ဧည့်ခန်းထဲမှာနေရာချထားလိုက်ပါ၊ ကျုပ် အခုပဲလာခဲ့မယ်"

တိမ်းရှိုလေး၏ စကားဆုံးသည်နှင့် အိမ်ဖော်သည် ဦးညွှတ်ကာ ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

တိမ်းရှိုလေးက ချိုယင်းဝေကို ပခုံးတစ်ချက်တွန့်ပြလိုက်ပြီး. . .

"တဲ့. . . ကျုပ်တို့ နောက်မှပဲ စကားဆက်ပြောကြတာပေါ့"



ဟုပြောကာ အိမ်အောက်သို့ ပြန်၍ လျှောက်လာကြလေသည်။

ထိုစဉ် မိန်းကလေးတစ်ယောက်သည် ဥယျာဉ်အနီးရှိ သစ်ပင်တစ်ပင်ပေါ်သို့ တက်နေသည်ကို ချိုယင်းဝေ တွေ့မြင်လိုက်ရလေသည်။

ထိုသို့ မြင်တွေ့လိုက်ရသည့် အချိန်ကလေးအတွင်းမှာပင် ယင်းမိန်းကလေးသည် သစ်ပင်ပေါ်မှ လိမ့်ကျလာလေတော့သည်။

ချိုယင်းဝေသည် ခြေလှမ်းကျဲကျဲဖြင့် လျှောက်သွားပြီး မိန်းကလေးကို အချိန်မီလှမ်း၍ ဖမ်းလိုက်ရပေသည်။

မိန်းကလေးသည် ချိုယင်းဝေ၏ရင်ခွင်ထဲမှ လူးလဲ၍ ထွက်လိုက်လေသည်။

သူမ၏ ဖြူဖွေးနုနယ်သော မျက်နှာသည် ရှက်သွေးဖြာနေသောကြောင့် ပန်းနုရောင်ပြေး၍ နေလေသည်။

တိမ်းရှိုလေးက မိန်းကလေးကို တစ်ချက်ပြုံး၍ ကြည့်လိုက်ပြီး. . .

"ညီမ၊ မင်းက သူ့ကိုကျေးဇူးတင်တယ်ဆိုတဲ့ စကားလောက်တော့ပြောဖို့ ကောင်းတယ်"

မိန်းကလေးသည် ချိုယင်းဝေကို ဦးညွှတ်လိုက်ပြီး. . .

"ကျေးဇူးတင်ပါတယ်"

ယင်းမိန်းကလေးသည် တိမ်းရှိုလေး၏ ညီမဝမ်းကွဲဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ပြီး သူမ၏အမည်မှာ တိမ်းဝေ့ကျူး ဖြစ်သည်။

ချိုယင်းဝေက တိမ်းဝေ့ကျူးကို ပြုံးပြရင်း. . .

"ကျေးဇူးတင်ဖို့ မလိုပါဘူးဗျာ"

တိမ်းရှိလေးက ရယ်မောလိုက်ပြီး. . .

"ဘယ့်နှယ် ကျေးဇူးမတင်ရမှာလဲ၊ ခင်ဗျားသာ ဆီးပြီ မဖမ်းလိုက်ရင် ဒီကောင်မလေး ခွေးကျကျမှာ"

တိမ်းရှိလေး၏ စကားကြောင့် တိမ်းဝေ့ကျူး၏မျက်နှာ သည် ပန်းနုရောင်သမ်းလာပြီး တိမ်းရှိလေးကို နှုတ်ခမ်းစူ၍ တင် ချက်ကြည့်ကာ ထိုနေရာမှ ထွက်ပြေးသွားလေတော့သည်။

* * *



သူမ ဧည့်ခန်းထဲသို့ ရောက်သည့်အချိန်သည် အိမ်ဖော် မင်းသားလေး ဟန်တီအိကို ခေါ်လာသည်နှင့် ကြုံကြိုက်နေ သည်။

သူမသည် သူစိမ်းယောကျ်ားတစ်ဦးကို တွေ့မြင်လိုက် ရသဖြင့် ဦးခေါင်းကိုငုံ့ကာ အတွင်းခန်းသို့ ဆက်၍ဝင်သွားလေ တော့သည်။

ထိုစဉ် ဧည့်ခန်းထဲသို့ ချိုယင်းဝေနှင့် တိမ်းရှိလေးတို့ ရောက်ရှိလာပြီး တိမ်းရှိလေးက မင်းသားလေးဟန်တီအိကို ဦး ညွှတ်၍ ကြိုဆိုလိုက်ရင်း. . .

"အစ်ကိုကြီးဟန် ဘယ်လေတိုက်လို့ ရောက်လာတာလဲ"

ဟု နှုတ်ဆက်စကား ဆိုလိုက်လေသည်။

မင်းသားလေးဟန်တီအိက ပြုံးရွှင်သောမျက်နှာဖြင့်

"ရှင်းရှင်းပြောရရင် ကျုပ်က ချိုယင်းဝေကို စိန်ခေါ်တဲ့ ပြိုင်ပွဲကိုလာရင်း ခင်ဗျား ဒီမှာရှိတယ်ဆိုလို့ လိုက်လာတာ"

ဟု ပြောလိုက်လေသည်။

တိမ်းရှိလေးက ဝမ်းသာဟန်ဖြင့်. . .

"အခုလိုတွေ့ရတာ ဝမ်းသာပါတယ်"

ဟု ပြောလိုက်ပြီး မင်းသားလေးဟန်တီအိကို ဧည့်ခန်း ထဲ၌ နေရာချထားပေးလိုက်လေသည်။

ထို့နောက် တိမ်းရှိလေးသည် သူ၏အိမ်ဖော်များအား

www.burmeseclassic.com

www.burmeseclassic.com



ရေနွေးကြမ်းနှင့် စားစရာများချပေးရန် အမိန့်ပေးလိုက်လေသည်။ မင်းသားလေးဟန်တိအိက ချိုယင်းဝေကို တစ်ချက်လှမ်းကြည့်လိုက်ပြီး. . .

"ကျုပ် မရှင်းတာ တစ်ခုမေးချင်တယ်"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက ဦးခေါင်းကိုညိတ်လိုက်ပြီး. . .

"မေးပါ"

ဟု ပြောလိုက်လေသည်။

ထိုစဉ် တိမ်းရှိုလေး၏ အိမ်ဖော်များက ရေနွေးကြမ်းနှင့် စားစရာများကို လာရောက်ချပေးလေသည်။

တိမ်းရှိုလေးက ရေနွေးကြမ်းတစ်ခွက် ငှဲ့လိုက်ပြီး ရေနွေးကြမ်းပန်းကန်ကို မင်းသားလေး ဟန်တိအိထံ ကမ်းပေးလိုက်လေသည်။

မင်းသားလေးဟန်တိအိသည် တိမ်းရှိုလေး ကမ်းပေးသော ရေနွေးကြမ်းပန်းကန်ကို လှမ်းယူရင်း ချိုယင်းဝေအား. .

"ခင်ဗျားနဲ့ စူးခုံးယက်တို့ ရန်ငြိုးရှိလား"

ဟု မေးလိုက်လေသည်။

ချိုယင်းဝေက ဦးခေါင်းကို ခါယမ်းလိုက်ပြီး. . .

"မရှိပါဘူး"

ဟု ပြောလိုက်လေသည်။

ဟန်တိအိက သူ၏မျက်ခုံးမွေးကိုတွန့်၍ အနည်းငယ်



မျက်မှောင်ကြုတ်လိုက်ရင်း. . .

"ဒါဖြင့် ဘာကြောင့် ခင်ဗျားက စူးခုံးယက်ကို စိန်ခေါ်ရတာလဲ"

ချိုယင်းဝေက နှုတ်ခမ်းကို တစ်ချက်တွန့်၍ မဲ့ပြုံးပြုံးလိုက်ပြီး. . .

"တစ်ချိန်တုန်းက ကျွန်တော့်ကို မျက်နှာဖုံးစွပ်ထားတဲ့လူတစ်ယောက်က အလစ်ဝင်ပြီး တိုက်ခိုက်ဖူးတယ်"

မင်းသားလေးဟန်တိအိက သူ၏မျက်ခုံးမွေးကို မြှင့်တင်လိုက်ရင်း. . .

"အဲဒါ စူးခုံးယက်နဲ့ ပတ်သက်နေလို့လား"

ချိုယင်းဝေက ဦးခေါင်းကို ညိတ်လိုက်ပြီး. . .

"အဲဒီမျက်နှာဖုံး စွပ်ထားတဲ့လူဟာ စူးခုံးယက် ကိုယ်တိုင်ပဲ ဖြစ်တယ်"

မင်းသားလေးဟန်တိအိက ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်ရင်း. . .

"မဟုတ်သေးဘူးလေ၊ မျက်နှာဖုံးစွပ်ထားတဲ့လူဟာ စူးခုံးယက်ဖြစ်တယ်လို့ ခင်ဗျားက ဘာဖြစ်လို့ ပြောနိုင်ရတာလဲ၊ သူ့မျက်နှာကို တွေ့လိုက်ရလို့လား"

ချိုယင်းဝေက ဦးခေါင်းကို ခါယမ်းလိုက်ပြီး. . .

"မတွေ့ပါဘူး"

မင်းသားလေးဟန်က တစ်ချက်ပြုံးလိုက်ပြီး. . .

www.burmeseclassic.com

"မတွေ့ဘဲနဲ့ ခင်ဗျားက အဲဒီမျက်နှာဖုံးစွပ်ထားတဲ့လူဟာ စူးခုံးယက်ပါလို့ ဘာဖြစ်လို့ စွပ်စွဲရတာလဲ"

ချီယင်းဝေက တစ်ချက်ပြုံးကာ. . .

"စူးခုံးယက်ရဲ့မျက်နှာကို မတွေ့ပါဘူး၊ ဒါပေမယ့်. . ."

မင်းသားလေးဟန်တီအိက မျက်မှောင်အနည်းငယ်ကြုတ်ကာ. . .

"ဒါပေမယ့် ဘာဖြစ်လဲ"

ချီယင်းဝေက နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်ပြီး. . .

"ဒါပေမယ့် ကျွန်တော် သူ့ရဲ့ကိုယ်ခန္ဓာကို မြင်တွေ့လိုက်တယ်"

မင်းသားလေးဟန်တီအိက တစ်ချက်ပြုံးလိုက်ရင်း. . .

"သူ့လိုခန္ဓာကိုယ်မျိုးရှိတဲ့လူက ဒီလောကမှာ အများကြီးပဲ"

ချီယင်းဝေက နှုတ်ခမ်းတစ်ချက်တွန့်၍ မဲ့ပြုံးပြုံးလိုက်ရင်း. . .

"ဒါကတော့ သူနဲ့တွေ့တဲ့အခါ ရှင်းသွားမှာပါ"

မင်းသားလေးဟန်တီအိက ပြုံးလျက်. . .

"သူက အဲဒီတုန်းက မျက်နှာဖုံးစွပ်ထားတဲ့လူဟာ သူပါလို့ ဝန်ခံပါ့မလား"

ချီယင်းဝေက သူ၏ပခုံးကို ဟန်ပါပါ တစ်ချက်တွန့်လိုက်ရင်း. . .



"ဒါကလည်း သူ့ရဲ့လက်နက်နဲ့ သိုင်းကွက်ကိုကြည့်ရင် [illegible]န်းလို့ရပါတယ်"

မင်းသားလေးဟန်တီအိက ဦးခေါင်းကို တဆတ်ဆတ် [illegible]တ်ရင်း. . .

"နေပါဦး၊ သူက ဘာလက်နက်သုံးသလဲ"

ချီယင်းဝေက. . .

"သံမဏိဓားပျော့"

ဟု ပြောလိုက်လေသည်။

မင်းသားလေးဟန်တီအိက မျက်မှောင်တစ်ချက် ကြုတ်[illegible]တ်ပြီး. . .

"သံမဏိဓားပျော့ ဟုတ်လား"

ချီယင်းဝေက ဦးခေါင်းကို ညိတ်ကာ. . .

"ဟုတ်တယ်၊ သံမဏိဓားပျော့ကို သုံးတယ်"

မင်းသားလေးဟန်တီအိက ဦးခေါင်းကို တဆတ်ဆတ် [illegible]တ်ကာ. . .

"စူးခုံးယက်လည်း သံမဏိဓားပျော့ကို သုံးတယ်"

ဟု ပြောလိုက်လေသည်။

"ဒါဆို သေချာတယ်"

မင်းသားလေးဟန်တီအိက သက်ပြင်းတစ်ချက် ချလိုက်[illegible]. . .

ချီယင်းဝေကို အတန်ကြာမျှ စူးစိုက်၍ ကြည့်လိုက်လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးမှ. . .

"အင်း. . . အခုကိစ္စမှာ ခင်ဗျား ဆင်ဆင်ခြင်ခြင်လုပ်မှဖြစ်မယ်"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက မျက်ခုံးတစ်ချက်ပင့်လိုက်ပြီး. . .

"ဘာဖြစ်လို့လဲ"

မင်းသားလေးဟန်တိအိက စဉ်းစဉ်းစားစား ပြောသည့်လေသံဖြင့်. . .

"ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားတို့ရဲ့ စိန်ခေါ်ပွဲကို လာကြည့်တဲ့ပရိသတ်က အများကြီးပဲ"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေ မျက်ခုံးတစ်ချက် ပင့်တင်လိုက်ပြီး. . .

"အဲဒါနဲ့ ဆိုင်လို့လား"

ဟု မေးလိုက်လေသည်။

မင်းသားလေးဟန်တိအိက တစ်ချက်ပြုံးလိုက်ပြီး. . .

"ကောင်းပြီ၊ လူပုံအလယ်မှာ ခင်ဗျားက သူ့ကိုမေးမယ်၊ သူကငြင်းပြီး ခင်ဗျားကို အထောက်အထားပြပါလို့ ပြောရင် ခင်ဗျား ဘယ်လိုဖြေရှင်းမလဲ"

ထိုစကားကြောင့် ချိုယင်းဝေသည် အတန်ကြာသည့်တိုင်အောင် တိတ်ဆိတ်၍သွားလေတော့သည်။

အတန်ကြာမှ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ရင်း



"အင်း. . . ဒါလဲဟုတ်တာပဲ"

"နောက်တစ်ခုရှိသေးတယ်"

ချိုယင်းဝေက ရေနွေးကြမ်းကို တစ်ကျိုက်မော့သောက်လိုက်ပြီးမှ. . .

"ဘာများလဲ"

မင်းသားလေးဟန်တိအိက ပြုံးလျက်. . .

"သူ့ကို ဘာကြောင့် စိန်ခေါ်ရတာလဲလို့ ခင်ဗျားကို လူပုံအလယ်မှာမေးရင် ခင်ဗျား ဘယ်လိုဖြေမလဲ"

"လွယ်ပါတယ်၊ ကျုပ်တို့ သိုင်းပညာချင်း ဖလှယ်ရအောင် စိန်ခေါ်တာလို့ အကြောင်းပြတာပေါ့"

"အဲဒီလိုအကြောင်းပြမယ်ဆိုရင် ခင်ဗျား တစ်ခု စဉ်းစားဖို့ကောင်းတယ်"

ချိုယင်းဝေက မျက်မှောင် တစ်ချက်ကြုတ်လိုက်ပြီး. . .

"ဘာကို စဉ်းစားရမှာလဲ"

မင်းသားလေးဟန်တိအိက ချိုယင်းဝေကို တစ်ချက်စိုက်ကြည့်လိုက်ပြီး. . .

"ခင်ဗျားက သိုင်းလောကမှာ နာမည်ရှိနေတဲ့လူ၊ စူးခုံးသက်က သိုင်းလောကမှာ နာမည်ရှိတဲ့လူ မဟုတ်ဘူး၊ ဒီတော့ ခင်ဗျားက သူ့ကိုသိုင်းပညာချင်း ဖလှယ်ချင်တယ်လို့ အကြောင်းပြတာနဲ့ ခင်ဗျားရဲ့နာမည် ကျသွားမှာပေါ့"

မင်းသားလေးဟန်တိအိ၏ စကားကြောင့် ချိုယင်းဝေ

www.burmeseclassic.com

www.burmeseclassic.com



သည် ခေတ္တမျှ တွေဝေ၍သွားလေတော့သည်။

ခဏကြာမှ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး. . .

"ဒါတော့ ကျွန်တော်လဲ ဘယ်လိုမှမတတ်နိုင်ဘူး"

မင်းသားလေးဟန်တိအိက ပြုံးရင်း. . .

"ကျွန်တော်က စေတနာနဲ့ပြောတာပါ၊ ဘယ်လိုမှ စိတ်မရှိပါနဲ့"

ချိုယင်းဝေက မင်းသားလေးဟန်တိအိကို ပြန်လည်ပြုံးပြလိုက်ပြီး. . .

"ဟုတ်ကဲ့၊ ကျွန်တော် အများကြီးပဲ ကျေးဇူးတင်ပါတယ်"

ထိုစဉ် တစ်ချိန်လုံး ဘာမျှမဆွေးနွေးဘဲ ငြိမ်သက်၍နားထောင်နေသော တိမ်းရှိလေးက မင်းသားလေးဟန်တိအိနှင့် ချိုယင်းဝေတို့ကို ပြုံးပြလိုက်ပြီး. . .

"ကဲ. . . ကျွန်တော်တို့ ထမင်းစားကြရအောင်၊ အစ်ကိုကြီးဟန်လဲ ဗိုက်ဆာရောပေါ့"

ထို့နောက် တိမ်းရှိလေးသည် မင်းသားလေးဟန်တိအိနှင့်ချိုယင်းဝေတို့အား ထမင်းစားဆောင်သို့ ခေါ်ဆောင်သွားလေတော့သည်။

* * *



(၃)လ၊ (၁၅)ရက်. . .။

ယနေ့သည် ချိုယင်းဝေနှင့် စူးခုံးယက်တို့၏ စိန်ခေါ်ပွဲနေ့ ဖြစ်ပါသည်။

ယှဉ်ပြိုင်မည့်အချိန်မှာ နေမွန်းတည့်ချိန် ဖြစ်သည်။

သို့သော် နံနက်မိုးသောက် အလင်းမရောက်မီကပင် သံမဏိကျောင်းတော် အနီးတဝိုက်၌ လူများရောက်ရှိနေပြီ ဖြစ်ပါသည်။

သူတို့၏မျက်လုံးများသည် သံမဏိကျောင်းတော်၏ ခေါင်မိုးပေါ်သို့ မော့ကြည့်လိုက်၊ အဝင်လမ်းမဘက်သို့ လှမ်းကြည့်လိုက်ဖြင့် အချိန် တဖြည်းဖြည်း ကုန်ဆုံးလာလေသည်။

www.burmeseclassic.com



နေရောင်ခြည်သည်လည်း တဖြည်းဖြည်း ပိုမို အလင်းရောင်ပေးလာပြီး နေဝန်းသည် တဖြည်းဖြည်း မြင့်တက်လာကာ သိမ်ဂေါ်ကျောင်းတော်၏ ခေါင်မိုးပေါ်သို့ ရောက်ရှိလေသည်။

မွန်းတည့်ချိန် ရောက်လာပြီ ဖြစ်ပါသည်။

ထိုစဉ် ရုတ်တရက် သိမ်ဂေါ်ကျောင်းတော်အနီးတဝိုက်ရှိ လူအုပ်သည် ရုတ်ရုတ်သဲသဲဖြင့် လှုပ်ရှားသွားလေသည်။

ထိုအချိန်တွင် လူအုပ်ထဲမှ. . .

"ဟိုမှာ ချိုယင်းဝေ လာပြီ"

ဟူသော လူတစ်ယောက်၏အသံ ပေါ်ထွက်လာလေသည်။

ယင်းအသံကြောင့် လူအုပ်ကြီး၏ မျက်လုံးများသည် သိမ်ဂေါ်ကျောင်းတော် အဝင်လမ်းဘက်သို့ စုပြုံရောက်ရှိသွားလေတော့သည်။

ချိုယင်းဝေ တစ်ယောက်တည်း မဟုတ်ပါ။

ချိုယင်းဝေနှင့်အတူ တိမ်းရှိုလေးနှင့် မင်းသားလေး ဟန်တီအီတို့ လိုက်ပါလာကြလေသည်။

သူတို့၏ရှေ့၌ မင်းသားလေးဟန်တီအီ၏ တိမ်ဖော်များသည် လူအုပ်ကို ဖယ်ရှားကာ ရှေ့မှလမ်းဖွင့်း၍ ဦးဆောင်သွားလေသည်။

ထိုစဉ် လူအုပ်ထဲမှ လူတစ်ယောက်က ချိုယင်းဝေအား လှမ်းမေး၏။



"ဒီမှာ ချိုယင်းဝေး ခင်ဗျားနဲ့ရှုခုံးယက် ရန်ငြိုးရှိသလား"

ချိုယင်းဝေက ခေါင်းခါပြသည်။

"မရှိပါဘူး"

"ဒါဖြင့် ဘာကြောင့် ရှုခုံးယက်ကို စိန်ခေါ်ရတာလဲ"

ထိုလူက တဖန်မေးမြန်းသည်။

"သူ့ရဲ့သိုင်းပညာ ထူးချွန်တယ်ကြားလို့ ပညာချင်းစမ်းသပ်ချင်လို့ပါ"

ယင်းသို့ ပြန်ဖြေပြီးနောက် ချိုယင်းဝေသည် လူအုပ်ထဲမှ ထပ်မံမေးမြန်းလာမည်ကို စိုးရိမ်သဖြင့် ဝဲယာနှစ်ဘက်ရှိ လူအုပ်ကြီးကို လက်နှစ်ဘက်ဆုပ်၍ ဦးညွှတ်ရင်း. . .

"အားလုံးကို လေးစားပါတယ်။ ကျွန်တော့်ကို ကျောင်းတော်ပေါ်တက်ဖို့ ခွင့်ပြုပါ"

ဟုပြောလိုက်ပြီး ခြေလှမ်းကျဲကျဲဖြင့် သိမ်ဂေါ်ကျောင်းတော်ရှိရာသို့ လျှောက်သွားလေတော့သည်။

• • •

www.burmeseclassic.com



သံမဏိကျောင်းတော်. . .။

တကယ့် သံမဏိဖြင့် ပြုလုပ်ထားသော ကျောင်းတော် မဟုတ်ပါ။

ညှိုပုပ်ပုပ် အရောင်ရှိသော အုတ်ကြွပ်အမိုးများသည် သံမဏိနှင့်တူနေသောကြောင့် သံမဏိကျောင်းတော်ဟု ခေါ်ကြခြင်းပင် ဖြစ်ပါသည်။

အထပ် ဆယ့်သုံးထပ်ရှိသော ကျောင်းတော်ဖြစ်ပါသည်။

ချီယင်းဝေသည် ကျောင်းတော်၏ အထပ်ဆယ့်သုံးထပ်ကို တစ်ထပ်ချင်း ဖြည်းညင်းစွာ တက်လာလေသည်။

အပေါ်ဆုံးအထပ်သို့ ရောက်သောအခါ ချီယင်းဝေသည် အသက်ကို အားရပါးရ တစ်ချက်ရှူလိုက်ပြီး အဝေးသို့ မျှော်ကြည့်လိုက်လေသည်။

အဝေး၌ မြစ်ဝါမြစ်သည် မြွေတစ်ကောင်ပမာ ကွေ့ကောက်တွန့်လိမ်၍ စီးဆင်းနေပေသည်။

ချီယင်းဝေသည် မြစ်ဝါမြစ်ကိုကြည့်ရင်း ရင်ထဲ၌ ကြည်လင်၍ လာလေသည်။

* * *



နေမွန်းတည့်ရန် အချိန်အနည်းငယ်သာ လိုတော့သည်။

သို့တိုင်အောင် စူးခုံးယက် ရောက်ရှိမလာသေးပေ။

ချီယင်းဝေသည် အပေါ်ဆုံးထပ်၏ ခေါင်မိုးပေါ်တွင် ထိုင်ချလိုက်ပြီး လာရောက်ကြည့်သော ပွဲကြည့်ပရိသတ်များကို တစ်ချက်မျှ ငုံ့ကြည့်လိုက်မိလေသည်။

ချီယင်းဝေနှင့် စူးခုံးယက်တို့၏ ယှဉ်ပြိုင်ပွဲကို လာရောက်ကြည့်သော ပရိသတ်များသည် ခြေညောင်းလာကြသဖြင့် သံမဏိကျောင်းတော်အနီးရှိ မြက်ခင်းများပေါ်တွင် ထိုင်၍ စောင့်နေကြလေသည်။

အချိန်သည် တရွေ့ရွေ့ကုန်ဆုံးကာ နေဝန်းသည် သံမဏိကျောင်းတော်၏ခေါင်မိုး ဗဟိုအလယ်တည့်တည့်သို့ ကျရောက်လာပြီဖြစ်ပါသည်။

သို့သော် ယခုအချိန်အထိ ချီယင်းဝေသည် စူးခုံးယက်၏အရိပ်အရောင်ကိုမျှ မတွေ့ရသေးချေ။

ဤသို့ဆိုလျှင် စူးခုံးယက်သည် ကာလျံမြို့သို့ ရောက်လာ ခြင်းမရှိ၍ပေလော။

သို့တည်းမဟုတ် စူးခုံးယက်သည် ချီယင်းဝေ၏စိန်ခေါ်မှုကို ကြောက်ရွံ့၍ နောက်ဆုတ်သွားခြင်းလော။

* * *

www.burmeseclassic.com

www.burmeseclassic.com



စူးခုံးယက် ကာလျှံမြို့သို့ ရောက်ရှိနေပါသည်။

သူသည် ချိန်းဆိုထားသည့်ရက်မတိုင်မီ ဆယ်ရက်ခန့်ကြိုတင်၍ ရောက်ရှိနေပါသည်။

သို့သော် သူသည် မည်သည့်တည်းခိုခန်းမျှ မတည်းပါ။

ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းတွင် တည်းခိုနေပါသည်။ ယင်းသို့ တည်းခိုနေရခြင်းမှာ ဤမြို့သို့ သူရောက်ရှိနေသည်ကို မည်သူမျှ မသိစေလိုသောကြောင့် ဖြစ်ပါသည်။

သို့သော် စူးခုံးယက် ဤမြို့သို့ ရောက်ရှိနေသည်ကို သိသူ တစ်ယောက်သာရှိပါသည်။

ဤသို့ဆိုလျှင် ထိုလူသည် မည်သူဖြစ်မည်နည်း။

ထိုလူသည် စူးခုံးယက် တည်းခိုသော ဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်စုပတိုက်ဘုန်းတော်ကြီးပင် ဖြစ်ပါသည်။

စူးခုံးယက်သည် ဘုန်းတော်ကြီးကျောင်းသို့ ရောက်သည်နှင့် အပြင်သို့ ခြေတစ်လှမ်းမျှ မထွက်တော့ချေ။

သူသည် ဘုန်းတော်ကြီးကျောင်း၌ပင် တည်းခိုရင်း ဘုန်း တော်ကြီး၏ကျောင်း၏ ဝေယျာဝစ္စများကို ကူညီလုပ်ကိုင်ပေး လေသည်။

ကာလျှံမြို့တစ်မြို့လုံး မီးမီကို ချီယင်းဝေက စိန်ခေါ်သည့်သတင်း ပလူပျံနေသော်လည်း သူသည် လုံးဝတုန်လှုပ်ခြင်း မရှိချေ။

* * *



သုံးလ ဆယ့်ငါးရက်။

ထိုနေ့သည် စူးခုံးယက်နှင့် ချီယင်းဝေတို့ ယှဉ်ပြိုင်ရမည့်နေ့ ဖြစ်သည်။

သို့ဖြစ်၍ စူးခုံးယက်သည် ထိုနေ့က စောစီးစွာ အိပ်ရာမှ နေပေသည်။

ထို့နောက် သူသည် မျက်နှာသစ်ပြီး နံနက်ခင်း၏အရသာတို့ အတန်ကြာသည့်တိုင်အောင် ခံစားနေပေသည်။

ပြီးမှ နံနက်စာကို စားပြီး စုပတိုက်ဘုန်းတော်ကြီးထံ ထွက် သွားလေသည်။

ထို့နောက် စုပတိုက်ဘုန်းတော်ကြီးနှင့် ကျားထိုးနေပေသည်။

စုပတိုက်ဘုန်းတော်ကြီးက စူးခုံးယက်နှင့် ကျားထိုးရင်း သံဖြင့် တစ်ချက်ကြည့်ကာ. . .

"မင်း ဒီနေ့ ကျားထိုးဖို့ စိတ်ပါသေးလား"

စူးခုံးယက်က ကျားကွက်များကို ကြည့်ရင်း ဦးခေါင်း ညိတ်သည်။

"ကျားထိုးဖို့ စိတ်ပါပါတယ်"

စုပတိုက်ဘုန်းတော်ကြီးက တစ်ချက်ပြုံးလိုက်ပြီး. . .

"ဒီနေ့ မင်းနဲ့ ချီယင်းဝေ ယှဉ်ပြိုင်ရမယ့်နေ့ မဟုတ်လား"

"ဟုတ်ကဲ့၊ ဒီနေ့ ကျွန်တော်တို့ ယှဉ်ပြိုင်ရမယ့်နေ့ပါ"

စုပတိုက်ဘုန်းတော်ကြီးက တစ်ချက်ပြုံးလိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"မင်းက အေးအေးဆေးဆေး ကျားထိုင်ထိုးနေတော့ သတ်မေ့နေပြီမှတ်လို့ သတိပေးတာပါ"

"မမေ့ပါဘူး"

"ဒါဖြင့် မင်းက ဘာကြောင့် အသင့်ပြင်မထားတာလဲ"

စူးခုံးယက်က ဦးခေါင်းကို ခါယမ်းလိုက်ပြီး. . .

"လိုမယ် မထင်ပါဘူး"

စုဟိုက်ဘုန်းတော်ကြီးက အံ့ဩဟန်ဖြင့် စူးခုံးယက်ကို တစ်ချက်ကြည့်လိုက်ပြီး. . .

"ဘာဖြစ်လို့လဲ"

"ကျွန်တော်က သွားပြီး ယှဉ်ပြိုင်မှာမှ မဟုတ်ဘဲ"

"ဟေ. . . ဘာလဲ မင်းက စိန်ခေါ်ပွဲကို မသွားဘူးပေါ့ ဟုတ်လား"

"ဟုတ်ကဲ့၊ ကျွန်တော် မသွားဘူး"

"ဟ. . . မင်း မသွားလို့ ဘယ်ဖြစ်ပါ့မလဲကွ"

စူးခုံးယက်က စုဟိုက်ဘုန်းတော်ကြီးကို တစ်ချက်ကြည့်လိုက်ပြီး. . .

"ဘာဖြစ်လို့လဲ"

စုဟိုက်ဘုန်းတော်ကြီးက. . .

"မင်း အဲဒီကို မသွားရင် အားလုံးက မင်းဟာ ချီယင်ဝေကို ကြောက်တယ်လို့ ပြောကြမှာပေါ့"

"ပြောကြပါစေ၊ ကျွန်တော်ဂရုမစိုက်ဘူး"



စူးခုံးယက်သည် ယင်းသို့ ပြောပြီး ကျားကွက်တစ်ကွက် ချလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီးက ကျားကွက်တစ်ကွက်ရွှေ့ရင်း

"အင်း. . . မင်း မသွားတာတော့ ဟုတ်ပါပြီ၊ လာကြတဲ့ လူသတ်ကို ဘယ်လိုဖြေရှင်းမလဲ"

စူးခုံးယက်က ဘုန်းတော်ကြီး၏ကျားနှစ်ကောင်ကို တစ်ခါတည်း စားလိုက်သည်။

"ဒါက ဒီပွဲကို ကျွန်တော်က ဖိတ်ခေါ်ခဲ့တာမှ မဟုတ်ဘဲ"

"အင်း. . . မင်းမှာ တာဝန် မရှိဘူးဆိုတာတော့ ဟုတ်ပါပြီ ဒါပေမယ့်"

စုဟိုက်ဘုန်းတော်ကြီးသည် စကားကို ဆက်မပြောဘဲ ရပ်တန့်ထားလိုက်လေသည်။

စူးခုံးယက်က. . .

"ဒါပေမယ့် ဘာဖြစ်လဲ"

"သူတို့ကို ဒီအတိုင်း စောင့်ခိုင်းထားတာတော့ မသင့်ဘူး ထင်တယ်"

စူးခုံးယက်က စုဟိုက်ဘုန်းတော်ကြီးကို တစ်ချက်မော့ကြည့်လိုက်ပြီး. . .

"ဒါဖြင့် ကျွန်တော့်ကို ဘာလုပ်စေချင်လဲ"

စုဟိုက်ဘုန်းတော်ကြီးက. . .

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် အနည်းဆုံး မင်းက မယှဉ်ပြိုင်နိုင်ဘူးဆို တဲ့ အကြောင်းကို သွားရှင်းပြဖို့တော့ သင့်တယ်"

"မသွားလို့ မဖြစ်ဘူးလား"

"မသွားဘဲ နေလို့တော့ မဖြစ်ဘူး၊ သွားမှ ကောင်းမယ် ထင်တယ်"

စူးခုံးယက်က ပခုံးနှစ်ဘက်ကို ဟန်ပါပါတွန့်ရင်း...

"ကောင်းပြီလေ၊ ကျွန်တော်သွားပါ့မယ်"

ပြောပြီး ထိုင်ရာမှ ထလိုက်သည်။

ထို့နောက် သူ့ခါးမှ သံမဏိဓားပျော့ကို ချွတ်ယူပြီး စုဟိုက်ဘုန်းတော်ကြီး လက်သို့ အပ်လိုက်လေသည်။

"ကျွန်တော်ရှင်းပြပြီးရင် ပြန်လာခဲ့ပါ့မယ်"

စုဟိုက်ဘုန်းတော်ကြီးက စူးခုံးယက်၏ သံမဏိဓားပျော့ ကို လက်ခံလိုက်ရင်း ပြုံးရွှင်သော မျက်နှာဖြင့်...

"မင်းကို အမြဲတမ်းကြိုဆိုနေပါတယ်"

စူးခုံးယက်သည် တစ်စုံတစ်ရာအား စဉ်းစားမိဟန်ဖြင့်

"တကယ်လို့ ပရိသတ်နဲ့ အဆင်မပြေခဲ့ရင် ကျွန်တော် မြို့ပြင်မှာ သုံးလေးရက်လောက် နေပြီးမှ ပြန်လာခဲ့မယ်"

စုဟိုက်ဘုန်းတော်ကြီး ခေါင်းညိတ်လိုက်သည်။

"အချိန်မရွေး ပြန်လာပါ၊ မင်းကို ကြိုဆိုနေပါတယ်"

ပြီးမှ စုဟိုက်ဘုန်းတော်ကြီးသည် တစ်စုံတစ်ခုအား သတိရဟန်ဖြင့်...



"နေပါဦး၊ ငါ မင်းကို တစ်ခုလောက် မေးချင်တယ်"

"ဟုတ်ကဲ့၊ မေးပါ"

စုဟိုက်ဘုန်းတော်ကြီးက...

"မင်းက ယှဉ်ပြိုင်ဖို့လာတာ မဟုတ်ဘူးဆိုရင် ဘာကြောင့် ဒီကို လာရတာလဲ"

စူးခုံးယက်က ပြုံးလိုက်ပြီး...

"ဘုန်းတော်ကြီးနဲ့ တွေ့ချင်လို့ နောက်ပြီး မြို့ဟောင်းရှုခင်းလဲ ကြည့်ချင်လို့ အလည်လာတာပဲ ဆိုပါတော့"

"အေးလေ... မင်းပြန်လာတဲ့အခါ မင်းကို ဘုရားကျောင်းဆောင်ထဲ ခေါ်သွားမယ်၊ ပြီးတော့ ကျမ်းစာတွေ ပြမယ်၊ ဝါသနာကော ပါရဲ့လား"

"ပါပါတယ်"

"ကောင်းပြီလေ၊ မင်းဆက်ဆက်သာ ပြန်လာပါ"

စူးခုံးယက်က ခေါင်းညိတ်လိုက်ပြီး...

"ဟုတ်ကဲ့၊ ကျွန်တော်ဆက်ဆက်ပြန်လာပါ့မယ်"

ပြောပြီး ထိုနေရာမှ ထွက်သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



စူးခုံးယက်သည် ဘုန်းတော်ကြီးကျောင်းမှ ထွက်ခွာလာပြီး မြို့စွန်ရှိ ပန်းပဲဖိုတစ်ခုသို့ သွားရောက်ကာ အဆင်သင့် သွေးထားသော ဓားရှည်တစ်လက်ကို ဝယ်ယူလိုက်လေသည်။

ထို့နောက် သူသည် သံမဏိကျောင်းတော်ဘက်သို့ ဦးတည်၍ ထွက်ခွာသွားလေတော့သည်။

* * *



သံမဏိကျောင်းတော်၏ ပတ်ဝန်းကျင်တစ်ဝိုက်၌ ပရိသတ်များ ကြက်ပျံမကျ စည်ကားနေပေသည်။

စူးခုံးယက်သည် ပရိသတ်များကြားသို့ တိုးဝင်ကာ ကျောင်းဆောင်ပေါ်သို့ မော့ကြည့်လိုက်လေသည်။

ယင်းသို့ မော့ကြည့်လိုက်သည်နှင့် သူ့မျက်လုံးများသည် ကျောင်းဆောင်ခေါင်မိုးပေါ်၌ ထိုင်နေသော ချိုယင်းဝေ၏ မျက်လုံးများနှင့် ဆုံတွေ့လိုက်ရလေတော့သည်။

ချိုယင်းဝေသည် လူအုပ်ကြားမှ မိမိကို မော့ကြည့်နေသော စူးခုံးယက်ကို လှမ်းမြင်လိုက်ရသဖြင့် ထိုင်ရာမှ ရုတ်တရက် မတ်တတ်ရပ်လိုက်လေသည်။

ကျောင်းတော်အနီးတစ်ဝိုက်၌ ချိုယင်းဝေနှင့် စူးခုံးယက်တို့ ယှဉ်ပြိုင်ပွဲကို လာရောက်ကြည့်ရှုနေကြသည့် ပရိသတ်များသည် ယခုကဲ့သို့ ချိုယင်းဝေက ရုတ်တစ်ရက် မတ်တတ်ထရပ်လိုက်သည်ကို မြင်တွေ့လိုက်သည်နှင့် ရုတ်ရုတ်သဲသဲ ဖြစ်ကာ လှုပ်ရှား၍ သွားလေတော့သည်။

ထို့နောက် တစ်ယောက်တစ်ပေါက် တီးတိုးလေသံဖြင့်

"ဟော့. . . စူးခုံးယက် ရောက်လာပြီနဲ့ တူတယ်"

ဟု ပြောကာ မိမိတို့ ပရိသတ်အချင်းချင်း လှည့်ပတ်ကြည့်ရှုပြီး စူးခုံးယက်ကို လိုက်ကြည့်နေကြလေသည်။

သို့သော် သူတို့သည် စူးခုံးယက်အား တွေ့ဖူးသူ မရှိသလောက် ရှားသဖြင့် ပရိသတ်ကြား၌ ရှိသော စူးခုံးယက်ကို

www.burmeseclassic.com

www.burmeseclassic.com



စူးခုံးယက် ဖြစ်နေကြောင်း မသိရှိကြချေ။

စူးခုံးယက်သည် အတန်ကြာအောင် ချီတုံချတုံ ဖြစ်နေပြီး နောက်ဆုံး၌ ဆုံးဖြတ်ချက်တစ်ခုကိုချကာ လူအုပ်ကြားထဲမှ ကျောင်းဆောင်ပေါ်သို့ တက်ရောက်သွားလေတော့သည်။

သူသည် ကျောင်းဆောင်ပေါ်သို့ တစ်ထပ်ချင်း တက်ရောက်သွားပြီးနောက် တတိယထပ်သို့ ရောက်သောအခါ သူ၏ ခြေလှမ်းများကို ရပ်တန့်ပြီး ပရိသတ်များဘက်သို့ လှည့်ကာ လက်နှစ်ဘက်ဆုပ်၍ ပရိသတ်များကို အရှိအသေပြုလိုက်လေသည်။

"ကြွရောက်လာကြသော ပရိသတ်များခင်ဗျား၊ စူးခုံးယက်ဆိုတာ ကျွန်တော်ပါပဲ"

စူးခုံးယက်၏ စကားသံဆုံးသွားသည်နှင့် ပရိသတ်များသည် အုတ်အုတ်ကျက်ကျက်ဖြစ်ကာ တစ်ယောက်တစ်ပေါက်ဖြင့် ဆူညံသွားလေတော့သည်။

ရှုတ်ရုတ်သဲသဲ ဖြစ်နေသော ပရိသတ်များ အတန်ငယ် ငြိမ်သက်သွားမှ စူးခုံးယက်က လက်နှစ်ဘက်ကို ဆုပ်ကာ...

"ကျွန်တော် ဒီကိုလာဖို့ အစီအစဉ် မရှိပါဘူး၊ ဒါပေမယ့် အားလုံးသော ပရိသတ်များရဲ့ တန်ဖိုးရှိတဲ့ အချိန်တွေ အလဟသ မဖြစ်စေချင်တဲ့အတွက် မလွဲမရှောင်သာဘဲ ကျွန်တော်လာရခြင်း ဖြစ်ပါတယ်"

ထိုစဉ် ချီယင်းဝေသည် ခေါင်မိုးပေါ်မှ စူးခုံးယက် ရှိရာ



တတိယထပ်သို့ ပြေးဆင်းလာလေသည်။

ထို့နောက် သူသည် စူးခုံးယက်ရှိရာ တတိယထပ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် စူးခုံးယက်အား လှမ်း၍...

"ဒီမှာ နောင်ကြီးစူးခုံးယက်၊ ခင်ဗျားက ဘာသဘောနဲ့ ဒီလို ပြောရတာလဲ"

စူးခုံးယက်က ချီယင်းဝေကို လှမ်း၍ ကြည့်လိုက်ပြီး

"ဘယ်လိုသဘောနဲ့မှ ပြောတာ မဟုတ်ပါဘူး၊ ကျုပ် ခင်ဗျားနဲ့ မယှဉ်ပြိုင်ချင်လို့ ပရိသတ်ကို ရှင်းအောင် ပြောနေတာပါ"

စူးခုံးယက်၏စကားကြောင့် ပရိသတ်သည် လှုပ်လှုပ်ရှားရှား ဖြစ်ကာ...

"ဟော့...စူးခုံးယက်၊ မင်းသတ္တိ မရှိဘူးလား"

"ဟော့...စူးခုံးယက်၊ မင်းက မပြိုင်ဘူးဆိုရင်လဲ ဘာဖြစ်လို့ ကြိုတင်ပြီး မပြောရတာလဲ"

စသည်ဖြင့် တစ်ယောက်တစ်ပေါက်နှင့် ဆူညံသွားလေတော့သည်။

တစ်ယောက်တစ်ခွန်းဖြင့် အော်ဟစ်အပြစ်တင်နေကြသော လူတစ်အုပ်ကြီးကို ချီယင်းဝေက မေးငေါ့ပြလိုက်ပြီး...

"နောင်ကြီးစူးခုံးယက် ကြားတယ် မဟုတ်လား"

"ကြားတယ်၊ အဲဒါ ဘာဖြစ်လဲ"

ချီယင်းဝေက တစ်ချက်ပြုံးလိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရမှာလဲ ပရိသတ်က မင်း မယှဉ်ပြိုင်ဘူးဆိုလို့ ဆန္ဒပြနေကြတာလေကွာ"

"အဲဒါ ကျုပ်က ဘာလုပ်ရမှာလဲ"

ချိုယင်းဝေက...

"ဘာလုပ်ရမှာလဲ၊ သူတို့ကျေနပ်အောင် ခင်ဗျားယှဉ်ပြိုင်မှ ဖြစ်မှာပေါ့"

"ဒါကတော့ ခင်ဗျားက စိန်ခေါ်တာပဲ၊ ကျုပ်က စိန်ခေါ်တာမှ မဟုတ်တာ"

"ဘာလဲ ခင်ဗျားက ကျုပ်နဲ့ယှဉ်ပြိုင်ရမှာကို ကြောက်နေလို့လား"

စူးခုံးယက်က ချိုယင်းဝေကို တစ်ချက်မျှ စူးစိုက်ကြည့်လိုက်ပြီး...

"ခင်ဗျား ထင်ချင်သလိုထင်၊ ကျုပ်လုံးဝဂရုမစိုက်ဘူး"

ထိုစဉ် ပရိသတ်များထံမှ...

"ဟေ့...စူးခုံးယက်၊ မင်း ဘာကြောင့် မယှဉ်ပြိုင်ရတာလဲ"

စူးခုံးယက်က ပရိသတ်များဘက်သို့ လှည့်လိုက်ပြီး...

"ပရိသတ်များခင်ဗျား၊ အခုကိစ္စဟာ ချိုယင်းဝေက သူ့သဘောနဲ့သူ စိန်ခေါ်ခြင်းသာ ဖြစ်ပါတယ်၊ ကျုပ်လက်ခံမယ် မခံဘူးဆိုတာ မပြောခဲ့ပါဘူး"

စူးခုံးယက်၏စကားကြောင့် ချိုယင်းဝေသည် ရှတ်တ



ခက် မျက်လုံးပြူးသွားပြီး စူးခုံးယက်၏ပခုံး ဆွဲလှည့်ကာ...

"ဟေ့...မင်း ဘာလို့ ဒီလို ပြောရတာလဲ"

"ကျုပ်ပြောတာ မဟုတ်လို့လား"

ချိုယင်းဝေသည် စူးခုံးယက်၏အမေးကို ရှတ်တရက် ပြန်လည်၍မဖြေနိုင်ဘဲ...

"ဘာပဲဖြစ်ဖြစ် ရောက်လာမှတော့ ကျုပ်တို့ယှဉ်ကြရအောင်"

စူးခုံးယက်က ခေါင်းခါယမ်းလိုက်ပြီး...

"ကျုပ် မယှဉ်ပြိုင်နိုင်ဘူး"

"ဘာပဲဖြစ်ဖြစ် ခင်ဗျား ယှဉ်ပြိုင်ရမယ်"

စူးခုံးယက်က တစ်ချက်ရယ်မောကာ...

"အခုကိစ္စဟာ ခင်ဗျားသဘောနဲ့ခင်ဗျား စိန်ခေါ်ခဲ့တာ၊ ကျုပ်က ခင်ဗျားရဲ့စိန်ခေါ်မှုကို လက်ခံတယ်လို့ မပြောရသေးဘူးလား"

"ဘာပဲဖြစ်ဖြစ် ရောက်နေမှတော့ မထူးပါဘူး၊ ကျုပ်တို့ ဓားကွက်တစ်ကွက်ဖြစ်ဖြစ်၊ နှစ်ကွက်ဖြစ်ဖြစ် ယှဉ်ပြိုင်ရအောင်"

စူးခုံးယက်က...

"နေပါဦး၊ ကျုပ် ခင်ဗျားကို တစ်ခုလောက် မေးပါရစေ"

ချိုယင်းဝေက ခေါင်းညိတ်ကာ...

"ကောင်းပြီ၊ မေးပါ"

www.burmeseclassic.com

စူးခုံးယက်က. . .

"ခင်ဗျားနဲ့ကျုပ်နဲ့ ရန်ငြိုးရှိလို့လား"

"မရှိပါဘူး"

"ဒါဖြင့် ဘာဖြစ်လို့ ခင်ဗျားက ကျုပ်ကိုစိန်ခေါ်ရတာလဲ"

ထိုစကားကြောင့် ချိုယင်းဝေသည် ရုတ်တရက် ဘာမှ ပြန်မပြောနိုင်ဘဲ အတန်ကြာအောင် နှုတ်ဆိတ်သွားလေတော့သည်။

အတန်ကြာမှ သူသည် သက်ပြင်းတစ်ချက် ရှိုက်လိုက်ပြီး

"တစ်ယောက်နဲ့တစ်ယောက် သိုင်းပညာဖလှယ်တာ ဘာများ အရေးကြီးလို့လဲ"

"ဘာ၊ အရေးမကြီးဘူး ဟုတ်လား"

ချိုယင်းဝေက ခေါင်းညိတ်ကာ. . .

"ဟုတ်တယ်လေ၊ တစ်ယောက်နဲ့တစ်ယောက် သိုင်းပညာဖလှယ်တာ ဘယ်လောက်များ အရေးကြီးတဲ့ကိစ္စ ဖြစ်နေလို့လဲ"

စူးခုံးယက်က ပရိသတ်များဘက်သို့ လက်တစ်ဘက်ဝှေ့ယမ်းပြကာ. . .

"ဒါဖြင့် ဘာဖြစ်လို့ အခုလို အုတ်အုတ်ကျက်ကျက်ဖြင့် အောင် ခင်ဗျားလုပ်ရတာလဲ"



ချိုယင်းဝေက ပရိသတ်များဘက် တစ်ချက် လှည့်ကြည့်လိုက်ပြီး. . .

"ဒါက ကျုပ်လုပ်တာ မဟုတ်ဘူး"

"ခင်ဗျားမလုပ်ရင် သူတို့က ဘာဖြစ်လို့ ဒီမှာရောက်နေရတာလဲ"

ချိုယင်းဝေ ခေါင်းယမ်းကာ. . .

"ကျုပ် သူတို့ကို ဖိတ်တာမှမဟုတ်ဘဲ၊ သူတို့ဘာသာ သူတို့လာကြတာတော့ ကျုပ်မတတ်နိုင်ဘူး"

စူးခုံးယက်က သူ၏ပခုံးနှစ်ဘက် ဟန်ပါပါ တစ်ချက် ခါနှံ့လိုက်ရင်း. . .

"ကဲ. . . ကျုပ်လာတဲ့ကိစ္စကို ရှင်းပြပြီးပြီ၊ ကျုပ် သွားတော့မယ်"

ဟုပြောကာ ချိုယင်းဝေဘေးမှ ဖြတ်ကျော်ကာ ထွက်သွားလေတော့သည်။

သို့သော် စူးခုံးယက်သည် ခြေလှမ်း နှစ်လှမ်း သုံးလှမ်း လှမ်းလိုက်ပြီးနောက် သူ၏ခြေလှမ်းများကို ရုတ်တရက် ရပ်တန့်သွားလေသည်။

အကြောင်းမှာ. . .

သူ၏လည်ကုပ်ပေါ်သို့ ချိုယင်းဝေ၏ဓားဖျား ကျရောက်လာတာ သူ၏ခြေလှမ်းကို ဟန့်တားလိုက်ရင်း. . .

"ခင်ဗျား ဒီလိုထွက်သွားလို့ ဘယ်ဖြစ်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လေသည်။

စူးခုံးယက်က မိမိပခုံးပေါ်မှကျော်၍ ချီယင်းဝေ၏ သမင်လည်ပြန် ကြည့်လိုက်ပြီး နှုတ်ခမ်းတွန့်၍ပြုံးကာ. . .

"ဘာလဲ ခင်ဗျားက ကျုပ်ကို သတ်ချင်လို့လား"

ဟု မေးလိုက်လေသည်။

ချီယင်းဝေက စူးခုံးယက်၏ လည်ကုပ်ပေါ်၌ ထောက်ထားသော မိမိ၏ဓားကို ပြန်လည်ရုပ်သိမ်းလိုက်ရင်း. . .

"မဟုတ်ပါဘူး"

"ဒါဖြင့် ဘာလို့ ကျုပ်ကိုဟန့်တားရတာလဲ"

ချီယင်းဝေက စူးခုံးယက်ကို ပြုံးပြကာ. . .

"ရောက်လာမှတော့ အားလုံး ကျေနပ်အောင် သိုင်းကွက် တစ်ကွက် နှစ်ကွက်လောက် ယှဉ်ပြိုင်ရင် မကောင်းဘူးလား"

စူးခုံးယက် ချီယင်းဝေကို အတန်ကြာအောင် စူးစိုက်၍ကြည့်လိုက်သည်။

ပြီးမှ မိမိ၏ဓားကို ဖြည်းညင်းစွာ ဆွဲထုတ်လိုက်၏။

တိုက်ခိုက်ရန် မဟုတ်ပါ။

လက်ထဲမှဓားကို ကျောင်းတော်တာတိယထပ်မှ မြေပြင်ပေါ်သို့ လွှင့်ပစ်လိုက်ရင်း. .

"ကျုပ်က အဓိပ္ပါယ်မရှိတဲ့ ယှဉ်ပြိုင်မှုမျိုးကို ဘယ်တော့မှမလုပ်ဘူး"



ချီယင်းဝေက ပခုံးတွန့်ကာ. . . .

"ခင်ဗျားမှာ လက်နက်မရှိလဲ ကျုပ်ကတော့ တိုက်ရမှာပဲ"

ချီယင်းဝေသည် ထိုသို့ပြောလိုက်ပြီးသည်နှင့် တပြိုင်နက်တည်း သူ၏လက်တို့ကို လှုပ်ရှားကာ စူးခုံးယက်၏ရင်ဝသို့ ဓားဖြင့်ထိုးချလိုက်လေတော့သည်။

စူးခုံးယက်သည် မည်သည့်နည်းနှင့်မဆို မိမိ၏တိုက်ခိုက်မှုကို ရှောင်တိမ်းလိမ့်မည်ဟု ချီယင်းဝေ ယူဆထားလေသည်။

သို့သော် စူးခုံးယက်သည် လုံးဝ ရှောင်တိမ်းခြင်းမပြုဘဲ ငြိမ်နေရာ၌ တည်ငြိမ်စွာ ရပ်နေလေသည်။

ထို့ကြောင့် ချီယင်းဝေသည် မည်သို့ ဆက်လုပ်ရမှန်း မသိဖြစ်ကာ သူ၏ဓားကို စူးခုံးယက်၏ရင်ဝနှင့် တစ်လက်မအကွာတွင် ရပ်တန့်လိုက်လေသည်။

ပြီးမှ သူသည် စူးခုံးယက်အား နားမလည်ဟန်ဖြင့်ကြည့်ကာ. . .

"ခင်ဗျား ဘာဖြစ်လို့ မရှောင်တိမ်းရတာလဲ"

ဟု မေးလိုက်လေသည်။

စူးခုံးယက်က. . .

"ကျုပ် ပြောပြီးပြီပဲ၊ ခင်ဗျားနဲ့ မယှဉ်ပြိုင်ချင်ပါဘူး"

ဟု ပြန်၍ ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချိုယင်းဝေက မျက်မှောင်အနည်းငယ်ကြုတ်ရင်း. . .

"ဘာဖြစ်လို့ ခင်ဗျားက ကျုပ်နဲ့မယှဉ်ပြိုင်ချင်ရတာလဲ"

ဟု မေးလိုက်လေသည်။

စူးခုံးယက်က ချိုယင်းဝေကို တစ်ချက်ပြုံးပြလိုက်ပြီး. .

"ကျုပ် မလုပ်ချင်တဲ့အလုပ်ကို ဘာဖြစ်လို့ ခင်ဗျားက လုပ်ခိုင်းနေရတာလဲ"

ဟု ပြန်လည်၍ မေးလိုက်လေသည်။

ထိုစကားကြောင့် ချိုယင်းဝေသည် ရုတ်တရက် မည်သို့ ပြန်လည်ဖြေရမှန်းမသိအောင်ဖြစ်ကာ စူးခုံးယက်ကို ငေးကြောင်၍ကြည့်နေမိပေသည်။

စူးခုံးယက်က မိမိကို ငေးကြောင်၍ကြည့်နေသော ချိုယင်းဝေကို လက်နှစ်ဘက်ဆုပ်ကာ. . . .

ပြုံး၍ ဦးညွှတ်လိုက်ပြီး ကျောင်းတော်ပေါ်မှ ဆင်းသွားလေတော့သည်။

* * *



ချိုယင်းဝေနှင့် စူးခုံးယက်တို့၏ ယှဉ်ပြိုင်ပွဲကို လာရောက်ကြည့်ရှုကြသော လူအုပ်ကြီးသည် ရုတ်ရုတ်သဲသဲ ဖြစ်၍နေပေသည်။

စူးခုံးယက်သည် ကျောင်းတော်ပေါ်မှဆင်းလာပြီး တစ်ယောက်တစ်ယောက် ပြောဆိုဝေဖန်ကာ မငြိမ်မသက်ဖြစ်နေသော လူအုပ်ကြီးကို ဦးညွှတ်၍ အရိုအသေပြုလိုက်ပြီး. .

"ခင်ဗျားတို့ အခုလို အားပေးဖို့ရောက်လာကြတာကို ကျေးဇူးတင်ပါတယ်၊ ဝမ်းလဲသာပါတယ်၊ ဒါပေမယ့် ကျွန်တော် ချိုယင်းဝေနဲ့ လုံးဝမယှဉ်ပြိုင်ပါဘူး၊ ဒါကြောင့် ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်"

ဟု ပြောလိုက်လေသည်။

ထို့နောက် သူသည် လူအုပ်ကြားမှတိုးဝှေ့၍ ထွက်ခွာသွားလေတော့သည်။

ထိုအချိန်တွင် ချိုယင်းဝေသည် ကျောင်းတော်ပေါ်မှ ဆင်းသက်လာပေသည်။

ထို့ကြောင့် သူသည် စူးခုံးယက်၏နောက်သို့လိုက်ရန် လူအုပ်ကြီးကို တိုးဝှေ့ဖြတ်သန်းလိုက်လေသည်။

သို့သော် ပရိသတ်များက သူ့အား လမ်းဖယ်မပေးဘဲ ဆို့တားထားလေသည်။

ထို့ကြောင့် သူသည် သူ့ရှေ့မှ လမ်းပိတ်၍ကြည့်နေသော လူအုပ်ကြီးကို တစ်ချက်မျှ ဝေ့ကြည့်လိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပြုပြီး လမ်းဖယ်ပေးပါ"

ဟု တောင်းပန်လိုက်လေသည်။

ပရိသတ်များက တစ်ယောက်တစ်ပေါက်ဖြင့် ဆူညံ၍ သွားပြီး. . .

"ခင်ဗျားကြောင့် ကျုပ်တို့ အချိန်ကုန်လူပန်းဖြစ်တယ် လမ်းဖယ်မပေးနိုင်ဘူး"

ဝိုင်း၍ အော်ဟစ်ကြလေသည်။

ချိုယင်းဝေက ဆူညံသောလူအုပ်ကြီးအား လက်နှ ဘက်မြှောက်ပြရင်း. . .

"ဒါတော့ ကျုပ်ကိုအပြစ်မတင်နဲ့ ကျုပ်က ခင်ဗျားတို့ ဖိတ်ထားလို့လား"

ဟု မေးလိုက်လေသည်။

ချိုယင်းဝေ၏စကားကြောင့် လူအုပ်ကြီး ဒေါသဖြစ်လာ ဟန်ဖြင့် တစ်ယောက်တစ်ပေါက် ဆူညံ၍သွားလေတော့သည်

ထိုစဉ် လူအုပ်ထဲမှ လူတစ်ယောက်က. . .

"သူ့ကို လမ်းဖယ်မပေးနဲ့ဟေ့၊ ဒါ သက်သက်လွှဲပြော တာ"

ဟု အော်ဟစ်လိုက်လေသည်။

ချိုယင်းဝေက လူအုပ်ကြီးကို လက်ကာပြလိုက်ပြီး. . .

"ကျုပ်က မယှဉ်ပြိုင်ချင်တာမှမဟုတ်ဘဲ၊ သူက ထွ ပြောသွားတာ၊ ခင်ဗျားတို့ မကျေနပ်လို့ရှိရင် အချိန်မရွေး သူ့



လာခဲ့၊ ကျုပ် အဆင်သင့်ရှိနေမယ်"

ဟု ပြောလိုက်လေသည်။

ထိုအချိန်တွင် မင်းသားလေးဟန်တိအိနှင့် တိမ်းရှိုလေး သည် လူအုပ်ကြီးကို ဝင်ရောက်တောင်းပန်လိုက်လေသည်။

ထို့ကြောင့် ဆူညံနေသော လူအုပ်ကြီးသည် အနည်း ငြိမ်သက်သွားပြီး ချိုယင်းဝေကို လမ်းဖယ်ပေးလိုက်လေ သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



မင်းသားလေးဟန်တီအိသည် ချိုယင်းဝေ၏နောက်သို့ အပြေးလိုက်လာလေသည်။

ချိုယင်းဝေသည် လူအုပ်ကြားမှ ထွက်လာပြီးနောက် ခြေလှမ်းကျဲကျဲဖြင့် နောက်သို့ လှည့်မကြည့်ဘဲ လျှောက်သွားနေလေသည်။

မင်းသားလေးဟန်တီအိသည် ချိုယင်းဝေနောက်မှ အပြေးကလေးလိုက်လာပြီး ချိုယင်းဝေကို မီလာသောအခါ ပခုံးချင်းယှဉ်၍လျှောက်ရင်း. . .

"ခင်ဗျား ဘယ်သွားမလို့လဲ"

ဟု မေးလိုက်လေသည်။



ချိုယင်းဝေက မင်းသားလေးဟန်တီအိကို လှည့်မကြည့်ဘဲ. . .

"စူးခုံးယက်နောက် လိုက်မလို့"

ဟု ပြောလိုက်လေသည်။

မင်းသားလေးဟန်တီအိက. . .

"ခင်ဗျား ဘာဖြစ်လို့ လိုက်တော့မှာလဲဗျာ"

ဟု မေးလိုက်လေတော့သည်။

ချိုယင်းဝေသည် သူ၏ခြေလှမ်းများကို ရုတ်တရက် ရပ်တန့်လိုက်ပြီး မင်းသားလေးဟန်တီအိကို လှည့်၍ တစ်ချက်မျှ စိုက်၍ ကြည့်လိုက်လေသည်။

သို့သော် သူသည် မင်းသားလေးဟန်တီအိကို ဘာမှ ပြန်လည်မပြောဘဲ အတန်ကြာအောင် စူးစိုက်၍ ကြည့်နေလေသည်။

ထို့နောက် သူသည် ရုတ်တရက် သူ၏ခန္ဓာကိုယ်ကို လှည့်ကာ ခြေလှမ်းသုတ်သုတ်ဖြင့် ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

မင်းသားလေးဟန်တီအိသည် ချိုယင်းဝေနောက်သို့ လိုက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ် ရုတ်တရက် သူ၏ပခုံးပေါ်သို့ လက်တစ်ဘက် ရောက်လာပြီး သူ့ကို ဟန့်တားလိုက်လေသည်။

မင်းသားလေးဟန်တီအိကို ဟန့်တားလိုက်သူမှာ တိမ်း

www.burmeseclassic.com

www.burmeseclassic.com



ရှိုလေးပင် ဖြစ်ပေသည်။

တိမ်းရှိုလေးက မင်းသားလေးဟန်တိအိကို ဦးခေါင်း တစ်ချက်ခါယမ်းပြလိုက်ပြီး သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက် လေသည်။

ထို့နောက် မင်းသားလေးဟန်တိအိနှင့် တိမ်းရှိုလေး တို့သည် တဖြည်းဖြည်း ဝေး၍သွားသော ချီယင်းဝေ၏နောက် ကျောကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့ပေတော့သည်။

* * *



သံမဏိကျောင်းတော်မှ ချီယင်းဝေ ထွက်လာပြီးနောက် ည့်မြို့ထဲသို့ဖြတ်ကာ ပြေးလွှားနေပေသည်။

လေး ငါးမိုင်ခန့် ပြေးလာခဲ့သော်လည်း ချီယင်းဝေသည် သက်၏ အရိပ်ကိုပင် မတွေ့ရချေ။

ထို့ကြောင့် သူသည် ပြေးလွှားနေသော သူ၏ခြေလှမ်း ကို ရပ်တန့်လိုက်ပြီး စိတ်ပျက်စွာဖြင့် သက်ပြင်းတစ်ချက်ကို ထုတ်လိုက်လေသည်။

ထို့နောက် သူသည် မြို့၏အနောက်ဘက် မုခ်တံခါးဝမှ ပြင်သို့ ထွက်သွားလေတော့သည်။

မြို့ပြင်သို့ရောက်သောအခါ သူ၏ရှေ့ ခပ်လှမ်းလှမ်း င် လူတစ်ယောက်သည် မြင်းကို ဒုန်းစိုင်းစီးနင်းသွားနေသည် တွေ့လိုက်လိုက်ရလေသည်။

ယင်းသို့ တွေ့မြင်လိုက်သည်နှင့် ချီယင်းဝေ၏မျက်နှာ တွင် ဝမ်းသာသော အရိပ်အရောင်ပေါ်ထွက်လာပြီး သူ၏ ပတ်ဝန်းကျင်သို့ တစ်ချက်လှည့်ကြည့်လိုက်လေသည်။

ထိုစဉ် မြို့၏အနောက်ဘက် မုခ်တံခါးမှ လူတစ် ာက် မြင်းစီး၍ထွက်လာသည်ကို ချီယင်းဝေ မြင်တွေ့လိုက် သည်။

ချီယင်းဝေသည် ဘာမျှစဉ်းစားမနေတော့ဘဲ ထိုလူကို ပေါ်မှဆွဲချလိုက်ပြီး တဆက်တည်း ထိုလူ၏မြင်းပေါ်သို့ တက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ချီယင်းဝေသည် မိမိ၏ရှေ့မှ ပြေးလွှားနေသော မြင်းနောက်သို့ တရကြမ်း လိုက်သွားလေတော့သည်။

သို့သော် သူစီးလာသောမြင်းသည် အလွန်ညံ့ဖျင်းသော မြင်းတစ်ကောင်ဖြစ်သဖြင့် မကြာမီ အချိန်ကလေးအတွင်းမှာပင် ရှေ့မှမြင်းကို မျက်ခြည်ပြတ်သွားလေသည်။

ထို့ကြောင့် သူသည် သူစီးလာသောမြင်းကို တီးတိုး ကျိန်ဆဲလိုက်ပြီး မြင်းပေါ်မှဆင်းကာ လမ်းဘေးရှိ ကျောက်တုံးတစ်တုံးပေါ်တွင် စိတ်ပျက်စွာ ခြေပစ်လက်ပစ် ထိုင်ချလိုက်လေတော့သည်။

* * *



ဤမြို့သည် ကာလျှံမြို့နှင့် နေ့တစ်ဝက် ခရီးအကွာအဝေးရှိသော မြို့တစ်မြို့ဖြစ်ပါသည်။

မြို့တွင်းသို့ ချီယင်းဝေ ရောက်ရှိလာသောအခါ နေစောင်းနေပြီ ဖြစ်ပါသည်။

သူသည် လက်တစ်ဘက်မှ မြင်းကိုဆွဲ၍ မြို့တွင်းသို့ လေးလံသော ခြေလှမ်းများဖြင့် ဝင်ရောက်လာလေသည်။

ညနေချိန်ဖြစ်၍ သူ၏ရှည်လျားသောအရိပ်သည် မြို့၏ မင်းလမ်းမပေါ်တွင် တရွေ့ရွေ့ ရွေ့လျားနေလေသည်။

လမ်း၏ဝဲယာနှစ်ဘက်ရှိ တစ်ချို့ဆိုင်များသည် မီးများ ထွန်းညှိနေပြီ ဖြစ်သည်။

ချီယင်းဝေသည် ကုန်စုံဆိုင်တစ်ဆိုင်ရှေ့၌ သူတွဲခေါ်လာသောမြင်းကို ချည်နှောင်၍ထားလိုက်ပြီး မြင်း၏ကျောကုန်းကို တစ်ချက်ပုတ်ပြီး ထွက်ခွာသွားလေတော့သည်။

ထို့နောက် သူသည် မြင်းရောင်းဝယ်သော ဆိုင်တစ်ဆိုင်ထဲသို့ ဝင်ရောက်သွားလေတော့သည်။

အတန်ကြာသောအခါ ထိုဆိုင်ထဲမှ အဘိုးအိုတစ်ယောက် လိုက်ပါလာပြီး ဆိုင်နောက်ဘက်ရှိ မြင်းဇောင်းသို့ ဝင်ရောက်သွားလေသည်။

အတန်ကြာသောအခါ ချီယင်းဝေသည် မြင်းဇောင်းထဲမှ မြင်းတစ်ကောင်ကိုဆွဲ၍ ထွက်လာလေတော့သည်။

သူ့နောက်မှ အဘိုးအိုသည် လက်ထဲမှငွေစများကို ရေ

www.burmeseclassic.com

www.burmeseclassic.com



တွက်ရင်း ဆိုင်အတွင်းသို့ ပြန်လည်ဝင်ရောက်သွားလေတော့သည်။

* * *

မိုးနဂါးစားသောက်ဆိုင် . . . ။

ယင်းဆိုင်သည် အစားအသောက် မည်မျှကောင်းမွ ကြောင်း ချိုယင်းဝေ မသိချေ။

မည်မျှညံ့ဖျင်းကြောင်းကိုလည်း မသိပါ။

မည်သို့ပင်ဆိုပါစေ စိတ်ပျက်လက်ပျက်ဖြစ်ကာ ဗိုက်ဆာနေသော သူ့အတွက် စားသောက်စရာများ ရနိုင်ပေသည်။

သို့ဖြစ်၍ သူသည် အထွေအထူး စဉ်းစားမနေဘဲ စားသောက်ဆိုင်ထဲသို့ လှမ်းဝင်လိုက်လေတော့သည်။

စားသောက်ဆိုင်ထဲ၌ လူလေးငါးယောက်သာ ရှိလေသည်။

ချိုယင်းဝေသည် ဆိုင်ကို တစ်ချက်မျှဝေ့၍ကြည့်လိုက်ပြီး လွတ်နေသော စားပွဲတစ်လုံး၌ ဝင်ရောက်ထိုင်လိုက်လေသည်။

အတန်ကြာသည့်တိုင်အောင် မည်သည့်ဆိုင်လုလင်မှ မေးမြန်းခြင်း မရှိပေ။

အတန်ကြာမှ ဆိုင်လုလင်တစ်ယောက် ရောက်ရှိလာပြီး ချိုယင်းဝေအား မည်သည့်အစားအသောက်များ စားသောက်မည်ကို မေးမြန်းလေတော့သည်။

ချိုယင်းဝေက စားသောက်ဖွယ်ရာသုံးမျိုး မှာကြားလိုက်လေသည်။

ထိုအချိန်တွင် ချိုယင်းဝေ၏စားပွဲနှင့် မနီးမဝေးတွင်ရှိသော စားပွဲဝိုင်းမှ လူတစ်ယောက်သည် ချိုယင်းဝေကို ကြာခဏ လှမ်း၍ကြည့်နေပေသည်။

ချိုယင်းဝေသည် ဗိုက်ဆာလွန်းသဖြင့် စားပွဲပေါ်ရှိ ရေနွေးအိုးထဲမှ အေးစက်နေသော လက်ဖက်ရည်ကြမ်းကို တစ်ခွက်ပြီးတစ်ခွက် သောက်နေလေသည်။

ထိုရေနွေးအိုးထဲမှ လက်ဖက်ရည်ကြမ်း တစ်စက်မျှမကျန်သောအချိန်တွင် ဆိုင်လုလင်သည် ချိုယင်းဝေ မှာကြားထားသော စားသောက်ဖွယ်ရာများကို လာရောက်ချပေးလေသည်။

သို့ရာတွင် ချိုယင်းဝေ မှာကြားသည်ကတခြား၊ လာပို့သည်က တလွဲဖြစ်နေပေသည်။

ချိုယင်းဝေသည် စိတ်ပျက်လက်ပျက်ဖြင့် သက်ပြင်းကို ချထုတ်လိုက်ပြီး စတင် စားသောက်လေတော့သည်။

ထိုစဉ် ချိုယင်းဝေအား မကြာခဏ လှမ်း၍ကြည့်နေသော လူသည် မိမိ၏စားပွဲမှထကာ ချိုယင်းဝေစားပွဲရှိရာသို့ လျှောက်လာလေသည်။

ထို့နောက် ချိုယင်းဝေကို ပြုံးပြလိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဒီမှာထိုင်ပါရစေ"

ဟု ခွင့်တောင်းလိုက်လေသည်။

ချိုယင်းဝေက ထိုလူကို တစ်ချက်မော့ကြည့်လိုက်ပြီး. . .

"ထိုင်ပါ"

ဟုပြောလိုက်ပြီး မိမိ၏စားစရာများကို ပြန်လည်ငုံ့၍ စားသောက်နေပေသည်။

ထိုလူသည် ချိုယင်းဝေနှင့် မျက်နှာချင်းဆိုင်တွင် ထိုင် လိုက်ပြီး ချိုယင်းဝေကို ပြုံး၍ တစ်ချက်ကြည့်ကာ. . .

"အစ်ကိုကြီးချိုယင်းဝေ အတော်ဗိုက်ဆာနေတယ်နဲ့တူ တယ်"

ဟု စကားမရှိ စကားရှာ၍ ပြောလိုက်လေသည်။

ချိုယင်းဝေသည် မိမိရှေ့မှလူက မိမိအမည်ကို သိနေသ ဖြင့် အံ့ဩကာ စားသောက်ရာမှ ရပ်တန့်လိုက်ပြီး ထိုလူကို မျက် လုံးပြူး၍ ကြည့်လိုက်လေသည်။

ပြီးမှ. . .

"ခင်ဗျားက ကျုပ်ကိုသိလို့လား"

ဟု မေးလိုက်လေသည်။

ထိုလူက ချိုယင်းဝေကို နှစ်လိုဖွယ်အပြုံးဖြင့် ပြုံးပြရင်း

"သိပါတယ်"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက မျက်မှောင်ကြုတ်ကာ. . .



"ခင်ဗျားကို ကျုပ်မသိပါလား"

ဟု ပြန်ပြောလိုက်လေသည်။

ထိုလူက ပြုံးကာ. . .

"မှန်ပါတယ်၊ အစ်ကိုကြီးချိုယင်းဝေအနေနဲ့ သံမဏိ ကျောင်းတော်မှာ လာပြီးကြည့်တဲ့ ပရိသတ်အားလုံးကို ဘယ်လို လုပ်မှတ်မိနိုင်မှာလဲ"

ချိုယင်းဝေက သူ၏မျက်လုံးကို ပင့်တင်လိုက်ပြီး. . .

"အင်း. . . ဒါလဲဟုတ်သားပဲ၊ ဒါနဲ့ နေပါဦး၊ ခင်ဗျား အဲဒီအချိန်တုန်းက လူအုပ်ထဲမှာ ရှိသလား"

ထိုလူက ပြုံးရွှင်သောမျက်နှာထားဖြင့်. . .

"ဒီနေ့ သိုင်းလောကမှာ လျှမ်းလျှမ်းတောက်နာမည်ကြီး တဲ့ ချိုယင်းဝေရဲ့စိန်ခေါ်ပွဲကို သွားမကြည့်မိရင် တစ်ခေတ်နောက် ကျသွားမှာပေါ့"

ချိုယင်းဝေက စိတ်ပျက်ဟန်ဖြင့် နှုတ်ခမ်းတစ်ချက်မဲ့ လိုက်ပြီး. . .

"ဒါပေမယ့် ခင်ဗျားတို့ လာရကျိုးမနပ်ဘဲ အချိန်ကုန် လူပန်း ဖြစ်သွားတယ် မဟုတ်လား"

ထိုလူက ခေါင်းကိုခါယမ်းလိုက်ပြီး. . .

"မဖြစ်ပါဘူး"

ချိုယင်းဝေက မျက်မှောင်တစ်ချက်ကြုတ်ကာ. . .

"ဘာလို့မဖြစ်ရမှာလဲ၊ ကျုပ်ရဲ့စိန်ခေါ်ပွဲ အလကားဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့တာပဲ"

ထိုလူက ပြုံးရင်း. . .

"ဒါပေမယ့် ကျွန်တော်တို့က သိုင်းလောကမှာ လျှမ်းလျှမ်းတောက် နာမည်ကြီးနေတဲ့ ချီယင်းဝေတို့ မြင်တွေ့ဖူးခဲ့ရတယ်လေ"

ချီယင်းဝေက နှုတ်ခမ်းတစ်ချက်တွန့်၍ မဲ့လိုက်ပြီး. . .

"အဲဒီလိုလဲ မြင်တွေ့လိုက်ရော ခင်ဗျားတို့လဲ စိတ်ပျက်သွားရော မဟုတ်လား"

ထိုလူက ချီယင်းဝေကို ပြုံးပြလိုက်ပြီး. . .

"ဩော်. . . စကားကောင်းနေလိုက်တာ၊ ကျွန်တော့်ကိုယ်ကျွန်တော် မိတ်ဆက်ပေးဖို့တောင် မေ့နေတယ်၊ ကျွန်တော့်နာမည်က ချိန်ယန့်ကျူးပါ"

ချီယင်းဝေက ခေါင်းညိတ်၍ အသိအမှတ်ပြုလိုက်ပြီး

"ဟုတ်ကဲ့. . . တွေ့ရတာ ဝမ်းသာပါတယ်"

ချိန်ယန့်ကျူးက. . .

"ကျွန်တော် တစ်ခုမေးပါရစေ"

"ဘာများလဲ"

ချိန်ယန့်ကျူးက လေသံတိုးတိုးဖြင့်. . .

"အစ်ကိုကြီးချီယင်းဝေဟာ မတရားစီးပွားရှာစားတဲ့ သူတွေရဲ့ ပစ္စည်းကိုခိုးပြီး ဆင်းရဲသားတွေကို ဝေငှပေးကမ်းတယ် ဆိုတာ ဟုတ်ပါသလား"



ချိန်ယန့်ကျူး၏စကားကြောင့် ချီယင်းဝေသည် မျက်နှာတစ်ချက် ပျက်သွားပြီး. . .

"ခင်ဗျား ဘယ်သူလဲ"

ချိန်ယန့်ကျူးက ပြုံး၍. . .

"ကျွန်တော် ချိန်ယန့်ကျူးပါ"

ချီယင်းဝေက အတန်ကြာသည့်တိုင်အောင် ဘာမှမပြောဘဲ တိတ်ဆိတ်၍နေပေသည်။

အတန်ငယ်ကြာမှ ချိန်ယန့်ကျူးက တိတ်ဆိတ်မှုကို တောင်ဖြိုခွင်းကာ. . .

"အနုလောလောဆယ် မြစ်ဝါမြစ် ရေကြီးတဲ့အတွက် ရေဘေးဒုက္ခသည်တွေ အတော်များများရှိနေတယ်၊ အဲဒါကို သွားပြီးကယ်ဆယ်ဖို့ ခင်ဗျား စိတ်မကူးဘူးလား"

"စိတ်တော့ကူးမိပါတယ်"

"ဒါဖြင့် ဘာဖြစ်လို့ အကောင်အထည် မဖော်သေးတာလဲ"

ချီယင်းဝေက တစ်ချက်ပြုံးလိုက်ပြီး. . .

"ဒီမြို့က ကျုပ်နဲ့ အကျွမ်းတဝင်မရှိဘူး၊ ဒီတော့. . ."

ချိန်ယန့်ကျူးက ချီယင်းဝေ၏စကားမဆုံးမီ. . .

"ဒီတော့ ဘယ်သူတွေဟာ မတရားစီးပွားဖြစ်နေတယ် ဆိုတာ မသိဘူးဖြစ်နေတယ် ဆိုပါတော့"

"ဟုတ်ပါတယ်၊ ကျုပ်မှာ အဲဒီအခက်အခဲရှိနေတယ်"

www.burmeseclassic.com

www.burmeseclassic.com



ချိန်ယန့်ကျူးက ပြုံးလိုက်ရင်း. . .

"တကယ်လို့ အဲဒီအခက်အခဲကို ဖြေရှင်းပေးမယ် ဆိုရင်ကော"

"ဘာလဲ ခင်ဗျားက အဲဒီအခက်အခဲကို ဖြေရှင်းပေးမလို့လား"

ချိန်ယန့်ကျူးက ခေါင်းညိတ်လိုက်ပြီး. . .

"ဒီမြို့မှာ ထိကုံကွေးဆိုတဲ့ သူကြွယ်တစ်ယောက်ရှိတယ်၊ သူဟာ ခေါင်းပုံဖြတ် အမြတ်ကြီးစားပြီး ချမ်းသာလာတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပဲ"

ချီယင်းဝေက မျက်မှောင်တစ်ချက်ကြုတ်ကာ. . .

"ခင်ဗျားက ကျုပ်ကို ဘာဖြစ်လို့ ဒီအကြောင်းတွေ ပြောပြရတာလဲ"

"ဒါကတော့ ကျုပ်အနေနဲ့ ဆင်ဖြူတော်မှီပြီး ကြံနည်းနည်းလောက် စုပ်ချင်လို့ပါ"

"ကောင်းပြီလေ၊ ဒီမြို့မှာ ခင်ဗျားက ကျွမ်းကျင်တော့ ခင်ဗျားက လမ်းပြ၊ ရတဲ့ပစ္စည်းထဲက ခင်ဗျားကို ဆယ်ပုံ တစ်ပုံ ပေးမယ် ဘယ့်နှယ်လဲ"

ချိန်ယန့်ကျူးက ဝမ်းသာအားရဟန်ဖြင့် သူ၏လက်တစ်ဘက်ကို ထောင်ပြကာ. . .

"စိတ်ချ၊ ခင်ဗျား ဘယ်တော့လုပ်ငန်းစမှာလဲ"

ချီယင်းဝေက. . .



လက်ညှိုးဖြင့် စားပွဲအလယ်သို့ ထောက်ပြီး 'ဒီည'ဟု ပြောလိုက်လေတော့သည်။

* * *

အဝေးမှ အုန်းမောင်းခေါက်သံ နှစ်ချက် ပေါ်ထွက်လာလေသည်။

ချီယင်းဝေသည် ခုတင်ပေါ်တွင် လူးလှိမ့်၍နေလေသည်။

သူသည် ယခုအချိန်အထိ တစ်ရေးမျှ အိပ်စက်ခဲ့ခြင်းမရှိပါ။

အကြောင်းမှာ. . .

သူ၏ခုတင်မှ သွေးဆာနေသော ကျပိုးများက သူ့ကို အိပ်စက်၍မရအောင် နှိပ်စက်နေသောကြောင့်ပင် ဖြစ်ပါသည်။

အုန်းမောင်းခေါက်သံ နှစ်ချက်ပေါ်ထွက်လာပြီးသည်နှင့် ချီယင်းဝေသည် ခုတင်ပေါ်မှ ထလိုက်သည်။

ထို့နောက် အနက်ရောင်ကိုယ်ကျပ်အကျီကို ဝတ်ဆင်လိုက်လေသည်။

ပြီးမှ အိပ်ခန်း၏ပြတင်းပေါက်ကိုဖွင့်ကာ အောက်သို့ တစ်ချက် အကဲခတ်ကြည့်ရှုလိုက်လေသည်။

လမ်းပေါ်တွင် လူသူကင်းမဲ့၍ နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခွေးလေခွေးလွင့် တစ်ကောင်တစ်လေသာ အေးမြသောညဉ့်လေ၏ တိုက်ခတ်မှုအောက်တွင် အမြီးကုပ်၍ လမ်းပေါ်၌ လှည့်လည်သွားလာနေပေသည်။

ချီယင်းဝေသည် ပတ်ဝန်းကျင်ကို တစ်ချက်မျှဝေ့၍ အကဲခတ်လိုက်ပြီးနောက် ပြတင်းပေါက်မှကျော်ကာ လမ်းပေါ်သို့ ခုန်ဆင်းလိုက်လေတော့သည်။

သူ၏ကိုယ်ဖော့သိုင်းပညာမှာ ထိပ်တန်းမဟုတ်သော်လည်း အဆင့်မီ အရည်အသွေးရှိသဖြင့် လမ်းပေါ်သို့ ညင်သာစွာကျရောက်သွားခဲ့လေသည်။

သူသည် လမ်းပေါ်သို့ ခြေချမိသည်နှင့် တပြိုင်တည်း လမ်းဘေးရှိ အမှောင်ရိပ်ထဲသို့ တိုးဝင်လိုက်လေတော့သည်။

ထိုစဉ် လမ်းဆုံ၌ လူရိပ်တစ်ရိပ် ပေါ်လာလေသည်။

ထိုလူရိပ်သည် အနက်ရောင်ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားသော ချိန်ယန့်ကျူးပင် ဖြစ်ပါသည်။

ချီယင်းဝေသည် မိမိပုန်းကွယ်နေရာသို့ ချိန်ယန့်ကျူး ရောက်ရှိလာသောအခါ 'ရှတ်'ဟု အသံပြုလိုက်ပြီး ပုန်းကွယ်ရာမှထွက်လိုက်လေသည်။

ချိန်ယန့်ကျူးက ချီယင်းဝေကို တွေ့မြင်သွားသဖြင့် ချီယင်းဝေထံ လျှောက်လာပြီး နှစ်ကိုယ်ကြားလေသံဖြင့်. . .

"ကဲ. . . ခင်ဗျား ကျုပ်နောက်ကလိုက်ခဲ့"

မကြာမီ သူတို့သည် အလွန်ခန်းနားကျယ်ဝန်းသော



ခြံဝင်းတစ်ခုရှေ့သို့ ရောက်ရှိလာလေတော့သည်။

"အဲဒါ. . ထိကုံကွေးရဲ့ခြံပဲ၊ သူက အဲဒီအဆောက်အအုံမှာနေတယ်"

ချီယင်းဝေက ခေါင်းညိတ်ပြပြီး ခြံစည်းရိုးအုတ်တံတိုင်းပေါ်သို့ ခုန်တက်လိုက်လေသည်။

သူ၏နောက်မှ ချိန်ယန့်ကျူးကလည်း အုတ်တံတိုင်းပေါ်သို့ လိုက်၍ ခုန်တက်လိုက်လေသည်။

ထို့နောက်. . .

ချီယင်းဝေနှင့် ချိန်ယန့်ကျူးတို့သည် ခြံထဲသို့ပေါ့ပါးစွာခုန်ချလိုက်လေတော့သည်။

သူတို့ မြေပေါ်သို့ ခြေချလိုက်မိသည်နှင့် တပြိုင်တည်း

"ဟော့. . . ရပ်လိုက်"

ဟူသောအသံ ပေါ်ထွက်လာလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



"ရုပ်လိုက်"

ဟူသောအသံနှင့်အတူ လူတစ်ယောက် ပေါ်ထွက်လာသည်။

ချီယင်းဝေသည် ထိုလူကို မြင်တွေ့လိုက်သည်နှင့် သူ၏ ခန္ဓာကိုယ်ကို လျှင်မြန်စွာ ရွေ့လျားလိုက်ပြီး ထိုလူ၏အနီးသို့ တိုးကပ်သွားကာ ထိုလူ မလှုပ်ရှားနိုင်ချိန်မှာပင် ချီယင်းဝေ၏ လက်ဝါးစောင်းက ထိုလူ၏လည်ကုပ်ပေါ်သို့ ကျရောက်သွား လေတော့သည်။

ထိုလူသည် 'အ. . . အ'ဟု အသံခပ်အုပ်အုပ် တစ် ချက်အော်လိုက်ပြီး မြေပေါ်သို့ လဲကျသွားလေတော့သည်။

ချိန်ယန့်ကျူးသည် ချီယင်းဝေ၏ လှုပ်ရှားမှုကို အံ့ဩ ငေး၍ကြည့်နေမိလေသည်။

ထိုအချိန်လေး အတွင်းမှာပင် ချီယင်းဝေသည် မြေပေါ် သို့လဲကျသွားသော ညစောင့်အား ပန်းရုံတစ်ခုနောက်သို့ ရွှေ့ ထားပြီး ဖြစ်နေလေတော့သည်။

* * *



ချီယင်းဝေသည် အိမ်နံရံကို ကျောဖြင့်ကပ်လျက် ခွေ နေပြီး ပတ်ဝန်းကျင်ကို တစ်ချက် အကဲခတ်ကြည့်လိုက်လေ သည်။

ထို့နောက် အိတ်ထဲမှ ဓားပါးလေးတစ်ချောင်းကို ထုတ် ပြတင်းပေါက်ကို ကော်၍ ဖွင့်လိုက်လေသည်။

ပြတင်းပေါက်ပွင့်သည်နှင့် ချီယင်းဝေတို့သည် အိမ်ထဲ ဝင်ရောက်သွားလေတော့သည်။

အိမ်ထဲသို့ရောက်သောအခါ သူတို့သည် ဧည့်ခန်းကို ၍ အခန်းတစ်ခုရှေ့၌ ရပ်တန့်လိုက်လေသည်။

ချိန်ယန့်ကျူးက လေသံတိုးတိုးဖြင့်. . .

"ဒါ. . . ထိကုံကွေးရဲ့ သီးသန့်ခန်းပဲ"

ချီယင်းဝေက အိတ်ထဲမှ သော့တွဲတစ်တွဲကို ထုတ်ယူ လေသည်။

ထိုသော့တွဲမှာ သော့တွဲဟုဆိုရသော်လည်း သော့တစ် င်းမျှ မရှိပါ။

သော့များအစား သံချောင်းအတိုအရှည် အကြီးအသေး တွဲ၍ထားလိုက်သော သော့တွဲဖြစ်ပါ၏။

ချီယင်းဝေသည် သော့အိမ်ကို တစ်ချက်မျှ လေ့လာ ပြီး သော့တွဲထဲမှ သံချောင်းလေးတစ်ချောင်းကိုရွေးကာ အိမ်အတွင်းသို့ ထိုးသွင်း၍ ဟိုလှည့်ဒီလှည့်နှင့် အတန်ပေ လိုက်ရာ. . .

www.burmeseclassic.com

www.burmeseclassic.com



'ထပ်'ဟူသော အသံကြားရပြီး သီးသန့်ခန်း တံခါးပွင့် သွားလေတော့သည်။

ချီယင်းဝေသည် ချိန်ယန့်ကျူးကို လက်ဟန်ဖြင့် အထဲ သို့ဝင်ရန် အချက်ပြပြီး သူတို့နှစ်ဦးလုံး ထိကုံကွေး၏သီးသန့်ခန်း ထဲသို့ ဝင်ရောက်သွားလေတော့သည်။

အခန်းထဲ၌ မည်သည့်အဖိုးတန်ပစ္စည်းကိုမျှ မတွေ့ရ ချေ။

ထိုစဉ် နံရံပေါ်မှ ပန်းချီကားချပ်များကို အနီးကပ်လိုက် ၍ကြည့်နေသော ချီယင်းဝေသည် ပန်းချီကားချပ်တစ်ခု၏ရှေ့၌ ရပ်တန့်ပြီး. . .

ပန်းချီကားကို ဘေးသို့ အသာတွန်းဖယ်လိုက်ရာ ပန်းချီ ၏အနောက်မှ လျှို့ဝှက်တံခါးငယ်တစ်ခု ပေါ်ထွက်လာလေ သည်။

ချီယင်းဝေသည် အိတ်ထဲမှ သော့တွဲကို ထုတ်ယူပြီး လျှို့ဝှက်တံခါးမှ သော့အိမ်ကို လေ့လာကြည့်ရှုလိုက်သည်။

ပြီးမှ သော့တွဲထဲမှ သံချောင်းတစ်ချောင်းကို ရွေးကာ လျှို့ဝှက်တံခါး၏ သော့အိမ်ထဲသို့ ထည့်၍လှည့်လိုက်လေ၏။

"ကလစ်"

ဟူသော အသံနှင့်အတူ လျှို့ဝှက်တံခါးသည် ပွင့်၍ သွားလေတော့သည်။

ထိုသို့ပွင့်သွားသည်နှင့် တပြိုင်တည်း နံရံတွင် လျှို့ဝှ



ာပြုလုပ်ထားသည့် လျှို့ဝှက်အခန်းလေးကို တွေ့လိုက်ရလေ သည်။

ထိုအထဲ၌ ရွှေတုံး၊ ငွေတုံးများနှင့်အတူ ကျောက်သံပတ္တ မြားများကိုပါ ချီယင်းဝေတို့ နှစ်ယောက် မြင်တွေ့လိုက်ရပေ သည်။

ချီယင်းဝေက ချိန်ယန့်ကျူးဘက်သို့ လှည့်ကာ. . .

"ကဲ. . . မြန်မြန်ယူပြီး ထွက်မယ်"

ချိန်ယန့်ကျူးက ခေါင်းညိတ်ပြပြီး အသင့်ယူလာသော ိတ်ကိုဖွင့်၍ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားများကို သိမ်းကျုံး ည့်လိုက်လေသည်။

ချီယင်းဝေက. . .

"များများ မယူနဲ့၊ သုံးပုံတစ်ပုံလောက်ဆို တော် လောက်ပြီ"

ထိုစဉ် ရုတ်တရက် သူတို့ခြေထောက်အောက်မှ ကြမ်းပြင် ည်ပွင့်ဟသွားပြီး ချီယင်းဝေနှင့် ချိန်ယန့်ကျူးတို့သည် ပွင့်ဟ သွားသော ကြမ်းပြင်ပေါက်မှ အောက်သို့ ပြုတ်ကျသွားလေ တော့သည်။

အောက်သို့ရောက်သည်နှင့် ကြမ်းပြင်ရှိ အံဖုံးတံခါး ည် အလိုအလျောက် ပြန်၍ပိတ်သွားလေတော့သည်။

ချီယင်းဝေသည် လဲကျနေရာမှ ကပျာကယာ ထလိုက် ီး အပေါ်သို့ တစ်ချက်ခုန်ကာ ကြမ်းပြင်၏အံဖုံးတံခါးသို့

www.burmeseclassic.com

www.burmeseclassic.com



မားဖြင့် ခုတ်ချလိုက်လေသည်။

သို့သော် အံဖုံးတံခါးကို သံပြားဖြင့် ပြုလုပ်ထားသဖြင့် မည်သို့မျှ မတတ်နိုင်ဘဲ လက်မှိုင်ချရလေတော့သည်။

* * *

ချီယင်းဝေတို့ ကျရောက်နေသော မြေတိုက်ခန်းသည် မှောင်မည်းနေ၏။

ချီယင်းဝေနှင့် ချိန်ယန့်ကျူးတို့သည် အတန်ကြာသည့်တိုင်အောင် ငုတ်တုတ်ထိုင်ကြေလေသည်။

အတန်ကြာမှ ချီယင်းဝေက. . .

"ဒီအခန်းထဲမှာ ဒီလိုထောင်ချောက်မျိုး ရှိလိမ့်မယ်ဆိုတာ ခင်ဗျား ဘာလို့ကြိုမပြောတာလဲ"

ချိန်ယန့်ကျူးက. . .

"ဒီလိုထောင်ချောက်မျိုး ရှိလိမ့်မယ်ဆိုတာ သိမှတော့ ထောင်ချောက်ထဲမှာ ခင်ဗျားတစ်ယောက်ပဲ ရှိနေမှာပေါ့၊ ကျုပ်က ဘာလို့အမိုက်ခံပြီး ခင်ဗျားနဲ့ ထောင်ချောက်ထဲ ရှိနေရမှာလဲ"

ချီယင်းဝေသည် ဘာမျှပြန်မပြောတော့ဘဲ သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်လေသည်။

ထိုစဉ် ချိန်ယန့်ကျူးက. . .

"ဟော့. . . ခင်ဗျား တစ်ခုစဉ်းစားမိလား"



"ကျုပ်က ဘာကိုစဉ်းစားမိရမှာလဲ"

"ဒီလိုလေ. . . ဒီမြေတိုက်ခန်းထဲမှာ မိနေတဲ့လူကို သူတို့ အပြင်ကို ဘယ်လိုထုတ်မလဲ"

"အပေါ်အံဖုံးတံခါးဖွင့်ပြီး လှေကားချပေးမှာပေါ့"

ချိန်ယန့်ကျူးက. . .

"မဟုတ်သေးဘူးလေ၊ ဒီမြေတိုက်ခန်းထဲမှာ ခင်ဗျားလို လူမျိုး မိနေတယ်ဆိုပါတော့ ခင်ဗျားလက်ထဲမှာ လက်နက်က ရှိနေတယ်၊ ဒီတော့ သူတို့ လှေကားကိုချပြီး ခင်ဗျားကိုခေါ်ထုတ်ပါ့မလား"

ချီယင်းဝေက. . .

"ကျုပ်ကို မေ့ဆေးဖြစ်ဖြစ်၊ အိပ်ဆေးဖြစ်ဖြစ်ချပြီး ကျုပ်မေ့မြောနေချိန်မှာ ခေါ်ထုတ်မယ်ဆိုရင်ကော"

ချိန်ယန့်ကျူး ခေါင်းညိတ်လိုက်သည်။

"ခင်ဗျားပြောတာ ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ခင်ဗျားကို သယ်ပြီး အပေါ်ကိုထုတ်ဖို့ဆိုတာ နည်းနည်းတော့ ခဲယဉ်းလိမ့်မယ် ထင်တယ်"

"နေပါဦး၊ ခင်ဗျားက ဘာကိုစဉ်းစားမိလို့ ဒီအကြောင်းတွေ တွေးနေရတာလဲ"

ချိန်ယန့်ကျူးက. . .

"ကျုပ်တွေးမိတာက ဒီအခန်းထဲမှာ လျှို့ဝှက်ခလုတ်များရှိနေမလားလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ခင်ဗျားပြောတာ ဖြစ်နိုင်တယ်"

ချီယင်းဝေသည် ထိုသို့ပြောပြီး သူ၏အိတ်ထဲမှ မီးခြစ်ကိုထုတ်ယူကာ မီးခြစ်ခြစ်ပြီး အခန်းကို လှည့်ပတ်ကြည့်လိုက်လေသည်။

အခန်း၏ လေးဘက်လေးတန်ကို ကျောက်တုံးများဖြင့်တည်ဆောက်ထားလေသည်။

သူတို့သည် မီးခြစ်ဆံသုံးဆံမျှ ကုန်သောအခါ ကျောက်နံရံပေါ်မှ သံကွင်းတစ်ကွင်းကို ချိန်ယန့်ကျူးက တွေ့ရှိလိုက်လေသည်။

"ဟောဒီမှာ သံကွင်းတစ်ခုတွေ့တယ်၊ ထွက်ပေါက်ခလုတ်များ ဖြစ်နေမလား မသိဘူး"

ပြောရင်း. . .

ထိုသံကွင်းကိုဆွဲ၍ လှည့်လိုက်လေတော့သည်။

ယင်းသို့လှည့်လိုက်သည်နှင့် နံရံတွင် အပေါက်ကလေးတစ်ခု ပေါ်လာလေသည်။

ယင်းအခိုက်မှာပင်. . .

ထိုအပေါက်ကလေးထဲမှ ရေများ တဟုန်ထိုး ပန်းထွက်လာလေတော့သည်။

* * *



ချီယင်းဝေနှင့် ချိန်ယန့်ကျူးတို့သည် ရေများပန်းထွက်လာသည်ကို ငေးကြောင်၍ ကြည့်နေမိပေသည်။

အတန်ကြာမှ ချီယင်းဝေသည် ပထမဆုံး သတိရလာသော သံကွင်းကိုလှည့်၍ ပိတ်လေသည်။

သို့သော် သံကွင်းသည် မည်သို့မျှ လှည့်၍မရဘဲ ရေများပို၍ပင်ပန်းထွက်လာလေသည်။

ချိန်ယန့်ကျူးသည် ငေးကြောင်၍ကြည့်နေရာမှ သတိရလာပြီး သူ၏လက်နှစ်ဘက်ဖြင့် ရေပန်းထွက်နေသောအပေါက်ကိုပိတ်လေသည်

သို့သော် တဟုန်ထိုးပန်းထွက်နေသော ရေအားကြောင့်သူသည် မည်သို့မျှ ပိတ်မရဘဲ နောက်သို့ ဆုတ်ခွာသွားရလေတော့သည်။

တခဏအတွင်းမှာပင် ရေသည် တဖြည်းဖြည်း များ၍လာလေတော့သည်။

ချီယင်းဝေသည် သံကွင်းကိုလှည့်၍ ပိတ်နေရာမှ နောက်ဆုံး၌ သံကွင်းတစ်ခုလုံးကျွတ်၍ သူ့လက်ထဲပါလာလေတော့သည်။

သံကွင်းကျွတ်လာသည်နှင့် ရေများသည် ပို၍ တရကြမ်းကျဆင်းလာလေတော့သည်။

မျက်စိတမှိတ် တဒင်္ဂအတွင်းမှာပင် ရေများသည်အခန်း တစ်ခုလုံး ပြည့်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ခါးလယ်သို့ပင် ရောက်ရှိလာလေသည်။

ချိန်ယန့်ကျူးသည် ထိတ်လန့်တုန်လှုပ်သော လေသံ ဖြင့်. . . .

"ဗုက္ကပဲ၊ ကျုပ်တို့တော့ ဒီရေထဲမှာပဲ သေရတော့မယ် ထင်တယ်"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက. . .

"အဲဒါ မင်းခေါ်လာလို့ ဖြစ်တာ"

ဟု ချိန်ယန့်ကျူးကို လှမ်း၍ ဟောက်လိုက်လေသည်။

ချိန်ယန့်ကျူးက. . .

"ဒီလိုဖြစ်မယ်မှန်းသိရင် ကျုပ် ခင်ဗျားနဲ့မပေါင်းခဲ့ ဘူး၊ အခုတော့ ခင်ဗျားနဲ့ပေါင်းမှပဲ ရေနစ်သေရတော့မယ် ထင် တယ်"

ချီယင်းဝေက. . .

"ငါနဲ့ပေါင်းလို့ မင်းသေမှာမဟုတ်ဘူး၊ မင်းကလာ ပေါင်းလို့ ငါသေရမှာ မင်းအတင်းခေါ်လာလို့ အခုလိုဖြစ်ရတာ မင်းပါးစပ်ပိတ်ထားတော့"

ဟု ချိန်ယန့်ကျူးကို လှမ်း၍ဟောက်လိုက်လေသည်။

ချိန်ယန့်ကျူးသည် ချီယင်းဝေကို တစ်ချက်လှမ်းကြည့် လိုက်ပြီး ဘာမျှပြန်မပြောတော့ပေ။

သူသည် စိတ်ပျက်လက်ပျက်ဖြင့် ရေများခါးအထိ



ရောက်ရှိနေသည်ကို သတိမထားနိုင်ဘဲ ထိုင်ချလိုက်ရာ ရေထဲသို့ နစ်သွားလေတော့သည်။

ထို့ကြောင့် သူသည် ထိတ်လန့်တကြားဖြင့် ရေပေါ်သို့ ခေါင်းကို ထလာပြီး ပါးစပ်ထဲမှရေများကို ထွေးထုတ်လိုက်လေ သည်။

ရေသည် တဖြည်းဖြည်းဖြင့် သူတို့၏ရင်ဘတ်အထိ ရောက်ရှိလာပြီဖြစ်ပါသည်။

သူတို့သည် မည်သို့မျှ မတတ်နိုင်ဘဲ စိတ်ပျက်လက်ပျက် ငြိမ်သက်စွာ ရပ်နေကြလေသည်။

ရေသည် တဖြည်းဖြည်းနှင့် သူတို့၏လည်ပင်းအထိ ရောက်ရှိလာလေတော့သည်။

ထိုစဉ် ချီယင်းဝေက ချိန်ယန့်ကျူးကို. . .

"ကျုပ် တစ်ခု စဉ်းစားမိတယ်"

ဟု ပြောလိုက်လေသည်။

ချိန်ယန့်ကျူးက စိတ်ပျက်သောလေသံဖြင့်. . .

"ဘာကို စဉ်းစားမိတာလဲ၊ ရေနစ်ပြီးသေရင် ပုပ်ပွနေ မှာလား"

ဟု အငေါ်တူးလိုက်လေသည်။

ချီယင်းဝေက. . .

"တကယ်လို့ ဒီအခန်းတစ်ခုလုံး ရေပြည့်သွားရင် ခေါ် အမိုးတံခါးဖွင့်ဖို့ ကြံစည်နိုင်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လေသည်။

ချိန်ယန့်ကျူးက ဝမ်းသာသော လေသံဖြင့်...

"ဟုတ်တယ်၊ ကျုပ်တို့ အခန်းထဲက ထွက်ဖို့ကြံစည်နေကြတာပေါ့"

ဟု ပြန်လည်ပြောလိုက်လေသည်။

ထိုစဉ် တရဟောကျဆင်းနေသည့် ရေသည် ရပ်တန့်သွားလေတော့သည်။

ထို့ကြောင့် ချိန်ယန့်ကျူးသည် ရေကျရာအပေါက်ထဲ လက်ဝါးဖြင့် ရိုက်ရင်း...

"ဘာလို့ရပ်တာလဲ ဆက်ပြီးကျပါဦးလား"

ဟု ပြောကာ ကျိန်ဆဲလိုက်လေတော့သည်။

သို့သော် ရေသည် တစ်စက်မျှ ထပ်၍ကျမလာတော့ချေ။

* * *



ချိန်ယန့်ကျူးသည် ချီယင်းဝေကို လှမ်း၍...

"ဒီအတိုင်းဆို ကျုပ်တို့သွေးခဲပြီး သေလိမ့်မယ်ထင်တယ်"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက ဘာမှပြန်မပြောဘဲ ငြိမ်သက်၍နေပေသည်။

သူတို့သည် ရေပြင်ပေါ် မေးတင်၍ အတန်ကြာသည့်တိုင်အောင် ရပ်နေရသည့်အပြင် အေးစိမ့်သောရေကြောင့် သွေးအေးတောင့်လာသည်ဟု ခံစားလာရလေသည်။

နောက်ဆုံး၌ ချိန်ယန့်ကျူးသည် သည်းမခံနိုင်တော့ဘဲ

"ဟေ့လူတွေ...ကျုပ်တို့ကို လွှတ်ပေး"

ချီယင်းဝေက...

"ဟေ့လူ သိပ်အော်မနေနဲ့ မင်းက သူများပစ္စည်း လာခိုးတာ လွှတ်ပေးပါ့မလား"

"ဒီမှာ ရေစိမ်နေရတာထက်စာရင် ထောင်ထဲမှာနေရတာကမှ သက်သာဦးမယ်"

"ထောင်ကျမှတော့ ဘာပိုထူးလာမှာလဲ"

ထိုစဉ် ရုတ်တရက် သူတို့၏ဦးခေါင်းပေါ်မှ...

"မင်းပြောတာ မှန်တယ်၊ ဒီမှာပဲဖြစ်ဖြစ် ထောင်ထဲမှာပဲဖြစ်ဖြစ် မင်းတို့ ဒုက္ခကောင်းကောင်းတွေ့ရမှာပဲ"

ထိုအသံကြောင့် ချီယင်းဝေနှင့် ချိန်ယန့်ကျူးတို့ ရုတ်

www.burmeseclassic.com

www.burmeseclassic.com



တရက် လန့်ဖျပ်ကာ အပေါ်သို့မော့ကြည့်လိုက်လေသည်။

သို့သော် သူတို့သည် မည်သူ့ကိုမျှ မတွေ့ရချေ။

"ခင်ဗျား ဘယ်သူလဲ"

ချိုယင်းဝေ၏စကားသံ ဆုံးသွားသည်နှင့် အပေါ်မှ. . .

"ဗိုအိမ်ပိုင်ရှင်ပါ"

ဟူသောအသံ ပေါ်ထွက်လာလေသည်။

"ဒါဖြင့် ခင်ဗျား ထိကုံကွေး မဟုတ်လား"

"မဟုတ်ဘူး၊ မင်းရိုးယံပါ"

ချိုယင်းဝေက မျက်လုံးပြူးသွားပြီး ချိန်ယန့်ကျူးကို လေသံတိုးတိုးဖြင့်. . .

"ဟော့ ချိန်ယန့်ကျူး၊ မင်းအိမ်ပိုင်ရှင်က ဘယ်သူလဲ မင်းပြောတာ ထိကုံကွေးဆို"

ထိုစဉ် ချိုယင်းဝေတို့ ဦးခေါင်းပေါ်မှ. . .

"အိမ်ပိုင်ရှင် ဘယ်သူဆိုတာ အဓိကမဟုတ်ဘူး၊ မင်းတို့ ပစ္စည်းလာခိုးတာ မဟုတ်လား"

ချိုယင်းဝေက. . .

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ဘာပစ္စည်းမှ မခိုးရသေးပါဘူး"

ဟု ပြောလိုက်လေသည်။

ထိုစဉ် မင်းရိုးယံ၏အသံ ထပ်မံပေါ်ထွက်လာပြန်လေသည်။

"ကဲ. . . မင်းတို့နှစ်ယောက်နာမည် ပြောစမ်း"

ချိုယင်းဝေက ဘာမျှတုံ့ပြန်မပြောဘဲ ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

ချိန်ယန့်ကျူးက ကပျာကယာဝင်ရောက်၍. . .

"ကျုပ်နာမည် ချိန်ယန့်ကျူးပါ"

ဟု အော်ပြောလိုက်လေသည်။

"မင်းအဖော်ရဲ့နာမည်က ဘယ်သူလဲ"

ဟူသော မင်းရိုးယံ၏အသံသည် ပေါ်ထွက်လာပေသည်။ ချိန်ယန့်ကျူးက. . .

"ကျုပ် မပြောရဲဘူး"

"မင်းမပြောရဲရင် မင်းအဖော်ကိုပြောလိုက်၊ သူ့နာမည် မပြောရင် ငါ ရေထပ်လွှတ်လိုက်မယ်လို့"

ဟူသောအသံ ပေါ်ထွက်လာပြန်သည်။

ချိန်ယန့်ကျူးသည် ထိတ်လန့်ကာ. . .

"မလုပ်ပါနဲ့၊ သူ့နာမည် ချိုယင်းဝေပါ"

ဟု အော်ပြောလိုက်လေသည်၊

ချိန်ယန့်ကျူး၏စကားသံ ဆုံးသွားသည်နှင့်. . .

"ဘာ. . . ချိုယင်းဝေ ဟုတ်လား"

ဟု မင်းရိုးယံက အံ့သြစွာ ပြောလိုက်သံ ပေါ်ထွက်လာသည်။

ချိန်ယန့်ကျူးက. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

ဟု ပြန်အော်ပြောလိုက်လေသည်။

"သူက နာမည်ကြီးတဲ့လူ တစ်ယောက်ပဲ"

ဟူသော မင်းရိုးယံ၏အသံ ပေါ်ထွက်လာပြန်သည်။

ချိန်ယန့်ကျူးနှင့် မင်းရိုးယံတို့ အပြန်အလှန် ပြောဆို နေသည့်အချိန်အတွင်း တိတ်ဆိတ်ငြိမ်သက်စွာ နားထောင်နေ သော ချိုယင်းဝေက. . .

"ခင်ဗျားက သူဌေးပဲ၊ ဘာဖြစ်လို့ သိုင်းလောကအ ကြောင်းသိနေရတာလဲ"

ဟု လှမ်းအော်မေးလိုက်လေသည်။

ချိုယင်းဝေ၏ စကားသံဆုံးသွားသည်နှင့် အပေါ် တဟားဟား ရယ်မောသံ ပေါ်ထွက်လာလေသည်။

အတန်ကြာမှ. . .

"ဟား. . . ဟား. . . ဟား ခင်ဗျားနဲ့စူးခုံးယက်တို့ ယှဥ် ပြိုင်တဲ့ကိစ္စဟာ ဟောဒီတစ်မြို့လုံးသိနေတဲ့နောက် ကျုပ်သိတာ ဘာဆန်းတော့မှာလဲ"

ချိုယင်းဝေက. . .

"ဒါနဲ့ပဲ ခင်ဗျားက ကျုပ်ကိုနာမည်ကြီးတဲ့လူတစ် ယောက် လို့ပြောတာလား"

မင်းရိုးယံထံမှ. . .

"ဒါတင် ဘယ်ကမလဲ၊ ခင်ဗျား ဘယ်လိုလူစားပါဆိုတာ



ကျုပ်သိတယ်ဆိုရင် အံ့ဩသွားမလားဘဲ"

ဟူသော စကားသံပေါ်ထွက်လာလေသည်။

ချိုယင်းဝေက. . .

"ခင်ဗျားလို လူမျိုးက ကျုပ်အကြောင်း သိတယ်ဆိုတာ ကျုပ် ဂုဏ်ယူမိတယ်"

မင်းရိုးယံထံမှ ရယ်မောသံ ပေါ်ထွက်လာလေသည်။

ပြီးမှ. . .

"ဟား. . ဟား. . ဟား. . တကယ်တော့ ကျုပ်ကသိုင်း လောကသား တစ်ယောက်ပဲ၊ ဒါကြောင့် ခင်ဗျားအကြောင်းကို သိတယ်ဆိုရင် ခင်ဗျား အံ့ဩမှာ မဟုတ်တော့ဘူး"

ဟူသောအသံကို ချိုယင်းဝေ ကြားလိုက်ရလေသည်။

ချိုယင်းဝေက. . .

"အဲဒါဟာ အံ့ဩစရာပဲ"

မင်းရိုးယံထံမှ. . .

"ကျုပ်ပြောတာ အံ့ဩစရာ ဖြစ်နေလို့လား"

ချိုယင်းဝေက. . .

"ဟုတ်တယ်၊ ခင်ဗျားဟာ ချမ်းသာကြွယ်ဝတဲ့ သိုင်း လောကသားတစ်ယောက်ဖြစ်တယ်ဆိုတာဟာ အံ့ဩစရာပဲပေါ့"

မင်းရိုးယံက တစ်ချက်ရယ်မောလိုက်ပြီး. . .

"ဒီပစ္စည်းတွေက ကျုပ်ပိုင်တာ မဟုတ်ဘူးဆိုရင် ခင် ဗျား အံ့ဩမှာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ချိုယင်းဝေက အံ့ဩသောလေသံဖြင့်...

"ဒါနဲ့ ခင်ဗျားပြောတော့ ခင်ဗျားက ဒီအိမ်ပိုင်ရှင်ဆို"

မင်းရိုးယံက...

"ဟုတ်တယ်၊ ဒါပေမယ့် ဒီပစ္စည်းတွေဟာ ကျုပ်အစ်ကို မင်းရိုဟောက်ရဲ့ပစ္စည်းတွေပဲ"

ချိုယင်းဝေသည် မင်းရိုဟောက်ဟူသော နာမည်ကြောင့် ရင်ထိတ်သွားပြီး အံ့ဩသောလေသံဖြင့်...

"ဘာပြောတယ်၊ ခင်ဗျားက မင်းရိုဟောက်ရဲ့ညီ ဟုတ်လား"

ဟု မေးလိုက်လေသည်။

မင်းရိုးယံက တဟားဟား ရယ်မောကာ...

"ဟုတ်တယ်၊ ဘာလဲ ခင်ဗျားက ကျုပ်တို့ကို စော်ကား လို့ရမယ် ထင်နေလို့လား"

ချိုယင်းဝေက...

"ကျုပ်က ခင်ဗျားကို စော်ကားလို့လား"

မင်းရိုးယံက...

"ကျုပ်တို့ပစ္စည်းလာခိုးတာ ကျုပ်တို့ကို စော်ကားတာ ပေါ့"

ချိုယင်းဝေက...

"ဒါကတော့ ခင်ဗျား ထင်ချင်သလိုထင် ကျုပ်ကရှမ်း ဘူး"



မင်းရိုးယံက သဘောကျစွာ ရယ်မောရင်း...

"တကယ်လို့ ကျုပ်က သိုင်းလောကကို ဖိတ်စာဝေပြီး အားရဲ့ဖြစ်ပုံကိုပြရင် ဘယ့်နှယ်လဲ"

ချိုယင်းဝေက လေသံမာဆတ်ဆတ်ဖြင့်...

"အဲဒါ ဘာဖြစ်လဲ၊ ကျုပ်က ခင်ဗျားပစ္စည်းခိုးတာ ကိုယ်သုံးဖို့မှမဟုတ်ဘဲ၊ ရေဘေးဒုက္ခသည်တွေကို ဝေပေးမလို့ တာ"

မင်းရိုးယံက...

"ဒါ မင်းအလုပ်မှ မဟုတ်ဘဲ၊ ဒုက္ခသည် ကယ်ဆယ်ရေး နဲ့ရဲ့လုပ်ငန်းပဲ"

ချိုယင်းဝေက...

"ဒုက္ခသည်ကို ကူညီတာ လူတိုင်းရဲ့တာဝန်ပဲ၊ ခင်ဗျား လို ပစ္စည်းရှိတဲ့လူတွေဟာ ကိုယ့်အကျိုးအတွက်ပဲ ကြည့်မယ် ခင် ခင်ဗျားပစ္စည်းကို ကျုပ်ခိုးတာ တရားမျှတတယ်"

မင်းရိုးယံက...

"မဆိုင်တဲ့အလုပ်ကို မင်းက ဘာလို့လုပ်ချင်ရတာလဲ"

ချိုယင်းဝေက...

"ကျုပ်က လူသားတစ်ယောက်ပဲ၊ ခင်ဗျားတို့လို အကြင် နာမဲ့တဲ့ လူစားမဟုတ်ဘူး"

မင်းရိုးယံက အားရပါးရ ရယ်မောလိုက်ပြီး...

"မင်းပြောသလို သနားစာနာတဲ့စိတ် ကျုပ်တို့မှာ ရှိနေ

www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုရင် ကျုပ်တို့ အခုလို ပဈွည်းတွေရှိနေမှာ မဟုတ်ဘူး

ချိုယင်းဝေသည် စကားပြောရင်း ဒေါသထွက်လာသ ဖြင့်...

"ဟော့...မင်းရိုးယံ စကားကြောရှည်မနေနဲ့၊ သတ္တိ ရင် ငါတို့ကိုလွှတ်လိုက်"

ဟု အော်ဟစ်ပြောလိုက်လေသည်။

မင်းရိုးယံက တဟားဟား ရယ်မောရင်း...

"အခု ကျုပ်မှာ အလုပ်ရှိသေးတယ်၊ မင်းတို့နဲ့ ဧည့် စကားပြောဖို့ ကျုပ်မှာ အချိန်မရှိဘူး"

ဟု ပြောသံကို ချိုယင်းဝေ ကြားလိုက်ရလေသည်။

ထို့နောက် မင်းရိုးယံ၏ခြေသံသည် သူတို့ဦးခေါင်းပေါ် မှတဖြည်းဖြည်း ဝေး၍ ဝေး၍ ပျောက်ကွယ်သွားလေသည်။

ချိုယင်းဝေသည် အော်ဟစ်ကျိန်ဆဲလိုက်လေသည်။

သို့သော် မည်သည့်တုန့်ပြန်သံကိုမျှ မကြားရချေ။

ထိုစဉ် ရေများသည် တဖြည်းဖြည်း နိမ့်ကျသွားလေ တော့သည်။

တဖြည်းဖြည်းနှင့် ရေများသည် သူတို့ရင်ဘတ်မှ ခါးအ ထိကျဆင်းသွားလေသည်။

ထို့နောက် ခါးမှဒူးဆစ်အထိ ကျဆင်းသွားလေသည်။

နောက်ဆုံး အခန်းထဲ၌ ရေများ ရှိမနေတော့ချေ။

ချိန်ယန့်ကျူးသည် သက်ပြင်းရှည်တစ်ချက် မှုတ်ထုတ်



လိုက်ပြီး ခြေပစ်လက်ပစ် ထိုင်ချလိုက်လေသည်။

သူ၏ပုံပန်းသဏ္ဍာန်မှာ အလွန် ပင်ပန်းနွမ်းနယ်ဟန် ပေါ်လွင်နေပါသည်။

ထို့အပြင် သူသည် ချမ်းလွန်း၍ တခိုက်ခိုက်တုန်ယင်နေ သည်။

ချိုယင်းဝေသည် မောဟိုက်လွန်းသဖြင့် နံရံတွင်ကျော မှီ၍ ထိုင်နေလေသည်။

ထိုစဉ် ရုတ်တရက် ခြင်းတောင်းတစ်တောင်းကို ကြိုးဖြင့် ချိတ်ဆွဲကာ ကျလာသည်။

ခြင်းတောင်းထဲတွင် ထမင်းနှင့်ဟင်းများ ပါရှိလာလေ သည်။

ထမင်းနှင့်ဟင်းများသည် ပူနွေးနေသည့်အပြင် ဟင်းနံ့ သည် လူကို ဗိုက်ဆာလာစေသည်။

ချိန်ယန့်ကျူးသည် ချမ်းလည်းချမ်း၊ ဗိုက်လည်းဆာနေ သဖြင့် ဟန်ပင်မဆောင်နိုင်တော့ဘဲ ခြင်းတောင်းထဲမှ ထမင်းနှင့် ဟင်းပန်းကန်များကို ထုတ်ယူလိုက်လေသည်။

ချိုယင်းဝေက ချိန်ယန့်ကျူး၏ လက်မောင်းကို လှမ်းဆွဲ လိုက်ပြီး...

"ဟော့..မင်း ဟင်းထဲမှာ အဆိပ်ပါလာနိုင်တယ်၊ သတိ ထား"

ချိန်ယန့်ကျူးက မိမိ၏လက်မောင်းကို ချိုယင်းဝေလက်

www.burmeseclassic.com

www.burmeseclassic.com



ထဲမှ ရုန်းထွက်လိုက်ရင်း. . .

"အဆိပ်ပါလဲ ဘာဖြစ်လဲ"

ချီယင်းဝေက. . .

"သေမှာပေါ့"

ချိန်ယန့်ကျူးက. . .

"သေတာက ဒီထဲမှာ ဒုက္ခခံရတာထက် ကောင်းသေးတယ်"

ဟုပြောလိုက်ပြီး ထမင်းဟင်းများကို စတင် စားသောက်တော့သည်။

ချီယင်းဝေသည် စားသောက်စရာများကို မစားသောက်သေးဘဲ ချိန်ယန့်ကျူးကို အကဲခတ်ကြည့်နေသည်။

ချိန်ယန့်ကျူးသည် ချီယင်းဝေကို တစ်ချက်ကြည့်လိုက်ပြီး. . .

"ခင်ဗျား မစားဘူးလား၊ ခင်ဗျား မစားရင် ကျုပ်စားလိုက် မယ်"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက ချိန်ယန့်ကျူးကို ဘာမျှပြန်မပြောဘဲ ထမင်းဟင်းများကို စတင်စားသောက်တော့သည်။

သူတို့သည် မည်မျှ ဆာလောင်မွတ်သိပ်နေသည် မသိပါ။ ခြင်းတောင်းထဲတွင် ထမင်းပန်းကန် အလွတ်၊ ဟင်းပန်းကန် အလွတ်နှင့် အရက်တစ်စက်မျှ မရှိတော့သော အရက်အိုးအလွတ်သာ ရှိတော့လေသည်။



ချိန်ယန့်ကျူးက. . .

"အင်း. . . အခုမှ နေသာထိုင်သာ ရှိတော့တယ်"

ဟု ပြောလိုက်သည်။ ထိုင်ရာမှ ထလိုက်သည်။

ယင်းသို့ မတ်တတ်ထလိုက်သည်နှင့် တပြိုင်တည်း သူ၏ခန္ဓာကိုယ်သည် အရုတ်ကြိုးပြတ်သကဲ့သို့ 'ဝုန်း'ကနဲ လဲကျသွားလေတော့သည်။

ချီယင်းဝေသည် ယခုကဲ့သို့ ချိန်ယန့်ကျူး လဲကျသွားသည်ကို မြင်တွေ့လိုက်ရသောအခါ မျက်လုံးပြူး၍ ရုတ်တရက် ဆိတ်လန့်သွားပြီး. .

"ဟင်. . . ထမင်း ဟင်းထဲမှာ အဆိပ်များပါနေသလားဆိုဘူး"

ဟု တစ်ကိုယ်တည်း ညည်းညူလိုက်လေသည်။

သူ၏ညည်းညူသံ မဆုံးမီမှာပင် ချီယင်းဝေ၏ဦးခေါင်းတစ်ခုလုံးသည် မူးဝေလာပြီး ရုတ်တရက် အင်အားများ ကုန်ခန်းသွားသကဲ့သို့ ခံစားလိုက်ရလေသည်။

တဆက်တည်းမှာပင် သူ၏မျက်ခွံများသည် လေးလံလာပြီး နောက်ဆုံး၌ သူသည် မြေပေါ်သို့ ဦးစိုက်ကျကာ သတိမေ့သွားတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



အချိန် မည်မျှကြာသွားသည် မသိပါ။

ချိုယင်းဝေ သတိရလာသောအခါ သူ၏မြင်ကွင်းသည် မှောင်မည်းနေလေသည်။

သူသည် ထရန်ကြိုးစားလိုက်သည်။ သို့သော် သူ၏ခြေလက်များသည် လှုပ်ရှား၍ မရအောင် ဖြစ်နေပေသည်။

အတန်ကြာမှ သူ၏မြင်ကွင်းသည် အနည်းငယ် ပီပြင်လာပြီး မိမိသည် ကောက်ရိုးများခင်းထားသော ခုတင်ပေါ်တွင် ရောက်နေသည်ကို သိရှိလိုက်ရလေသည်။

ထို့အပြင် သူ၏ခြေလက်များကို ကြိုးဖြင့် တုပ်ထားကြောင်း သိရှိလိုက်ရလေသည်။



သို့သော် ထိုနေရာသည် မိမိ သတိမေ့စဥ်က ရှိခဲ့သော နေရာမဟုတ်ကြောင်း ချိုယင်းဝေ သတိထားမိလေသည်။

ဤသို့ဆိုလျှင် တစ်စုံတစ်ယောက်သည် မိမိမေ့မြောနေစဥ် မိမိအား ဤနေရာသို့ ခေါ်ဆောင်လာခြင်း ဖြစ်လိမ့်မည်ဟု ချိုယင်းဝေ တွေးမိလိုက်လေသည်။

ချိုယင်းဝေသည် ခြေလက်တို့ကို အနည်းငယ် လှုပ်ရှားလိုက်ပြီး ချည်ထားသောကြိုးများကို ဆွဲဖြုတ်၍ ရမရ စမ်းသပ်ကြည့်လိုက်လေသည်။

ချိုယင်းဝေ၏ ခြေနှင့်လက်များကို တုပ်နှောင်ထားသော ကြိုးသည် နွားသားရေကြိုးဖြစ်နေသည့်အပြင် တင်းကျပ်စွာ ချည်နှောင်ထားသောကြောင့် လှုပ်ရှား၍ပင် မရချေ။

ထိုစဥ် အဝေးမှ ခြေသံသဲ့သဲ့ ပေါ်ထွက်လာပြီး ထိုခြေသံသည် ချိုယင်းဝေ၏အခန်းရှေ့၌ ရပ်တန့်သွားလေတော့သည်။

ထို့နောက် တံခါးဖွင့်သံပေါ်ထွက်လာပြီး အလင်းရောင်တစ်ခုသည် ချိုယင်းဝေ၏အခန်းထဲသို့ ကျရောက်လာပေသည်။

ထိုအလင်းရောင်နှင့်အတူ ထွားကျိုင်းသော လူတစ်ယောက်နှင့် အရပ်ပိန်ပိန်ရှည်ရှည် လူတစ်ယောက် အခန်းထဲသို့ ဝင်လာသည်ကို ချိုယင်းဝေ မြင်တွေ့လိုက်ရလေသည်။

ပိန်ရှည်ရှည်လူ၏ လက်ထဲတွင် မီးအိမ်တစ်ခုကိုင်ထားပြီး ထိုမီးအိမ်မှ ဝါကြန့်ကြန့်အလင်းရောင်သည် အခန်းထဲ၌ ဖြာကျနေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထွားကျိုင်းသောလူက ချိုယင်းဝေ၏ ခြေနှင့်လက်များကို တုပ်နှောင်ထားသော နွားသားရေကြိုးကို ဖြေပေးလိုက်လေသည်။

ချိုယင်းဝေသည် အနှောင်အဖွဲ့မှ လွတ်သည်နှင့်တပြိုင်တည်း ခုတင်မှ ရုတ်တရက် ခုန်ထကာ ထွားကျိုင်းသောလူကို တိုက်ခိုက်လိုက်လေသည်။

ချိုယင်းဝေ၏ လှုပ်ရှားမှုသည် အလွန်ပင် လျင်မြန်လှပေသည်။ သို့သော် ပိန်ရှည်ရှည်လူ၏ လှုပ်ရှားမှုက ချိုယင်းဝေထက် ပို၍မြန်ဆန်လေသည်။

ထို့ကြောင့် ချိုယင်းဝေက လူထွားကြီးကို မတိုက်ခိုက်နိုင်မီ ပိန်ရှည်ရှည်လူ၏ လက်ဝါးစောင်းက ချိုယင်းဝေ၏လည်ကုပ်ပေါ်သို့ကျရောက်ကာ ချိုယင်းဝေသည် ကြမ်းပေါ်သို့ ဒူးထောက်ကျသွားလေတော့သည်။

လူထွားကြီးက ချိုယင်းဝေကို ဆွဲထူလိုက်ပြီး...

"မင်း အေးအေးသက်သာ လိုက်ခဲ့"

ဟုပြောကာ ချိုယင်းဝေ၏လက်မောင်းကိုဆွဲ၍ အပြင်သို့ ခေါ်ထုတ်သွားလေတော့သည်။

ပိန်ရှည်ရှည်လူက မီးအိမ်ကိုကိုင်၍ ရှေ့မှလမ်းပြသွားလေသည်။

သူတို့သည် အတန်ရှည်လျားသော ဥမင်လိုဏ်ခေါင်းအတိုင်း လျှောက်လာပြီးနောက် ကျောက်လှေကားထစ်များကို



တွေ့ရှိရလေသည်။

ကျောက်လှေကားအတိုင်း အပေါ်သို့တက်သွားရာ နောက်ဆုံးတွင် သူတို့သည် မြေပြင်ပေါ်သို့ ရောက်လာလေတော့သည်။

ချိုယင်းဝေသည် မြေပြင်ပေါ်သို့ ရောက်သောအခါ အသက်ကို ဝအောင်ရှူလိုက်ပြီး ကောင်းကင်ပေါ်သို့မော့ကြည့်လိုက်မိပေသည်။

ကောင်းကင်ပေါ်တွင် ကြယ်ကလေးများက လင်းလက်နေလေသည်။

ညဥ့်လေ တဟူးဟူး တိုက်ခတ်၍ နေပေသည်။

လတ်ဆတ်သော ညဥ့်လေကြောင့် ချိုယင်းဝေ၏စိတ်သည် လန်းဆန်း၍လာလေသည်။

သူသည် မိမိပခုံးပေါ်မှကျော်၍ နောက်သို့လှည့်ကာ သူတို့ ခေါ်ထုတ်လာသော မြေအောက်ခန်းကို တစ်ချက်ကြည့်လိုက်လေသည်။ ပြီးမှ မိမိ၏လက်မောင်းကို ကိုင်ထားသော လူထွားကြီးအား...

"ကျုပ် အခု ဘယ်ရောက်နေတာလဲ"

ဟု မေးလိုက်လေသည်။

လူထွားကြီးက...

"သူဌေးကြီး မင်းရှိဟောက်ရဲ့ဂေဟာ"

ဟု တိုတိုတုတ်တုတ် ဖြေလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချိုယင်းဝေက. . .

"မင်းတို့ အခု ငါ့ကို ဘယ်ခေါ်သွားမလို့လဲ"

လူထွားကျိုင်းသောလူက. . .

"ရောက်တော့ သိမှာပေါ့"

ဟု ခပ်ပြတ်ပြတ် ပြောလိုက်လေသည်။

ချိုယင်းဝေက တစ်စုံတစ်ခုကို သတိရဟန်ဖြင့်. .

"ဒါနဲ့ ချိန်ယန့်ကျူးကော"

ဟု မေးလိုက်လသည်။

လူထွားကြီးက. . .

"သေပြီ"

ဟု တုံးတိတိပြောလိုက်လေသည်။

လူထွားကြီးသည် အပိုစကား ပြောချင်ဟန်တူပါ။

ထို့ကြောင့် ချိုယင်းဝေသည် ထပ်မံ၍မမေးတော့ဘဲ ချိန်ယန့်ကျူးအတွက် စိတ်မကောင်းဖြစ်ကာ လူထွားကြီး ခေါ်ဆောင် ရာသို့ လိုက်ပါသွားလေတော့သည်။

* * *



ဤနေရာသည် ဧည့်ခန်းတစ်ခု ဖြစ်ပါသည်။

ဧည့်ခန်းထဲတွင် စားပွဲနှစ်လုံးရှိပြီး ထိုစားပွဲများတွင် လူ ခယ်လေးငါးယောက် ထိုင်နေသည်ကို ချိုယင်းဝေ တွေ့လိုက်ရ သည်။

ထို့အပြင် ထိုစားပွဲပေါ်၌ ကြီးမားသော ဖယောင်းတိုင် များထွန်းညှိထားသည်ကို ချိုယင်းဝေ တွေ့လိုက်ရပေသည်။

လူထွားကြီးသည် ချိုယင်းဝေကို အခန်းအလယ်သို့ တွန်း ထုတ်လိုက်ပြီး. . .

"သခင်လေး တရားခံ ရောက်လာပါပြီ"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေသည် လူထွားကြီးက တွန်းထုတ်လိုက်သဖြင့် ထိန်းမသတ်နိုင်ဘဲ အခန်းအလယ်၌ လဲကျသွားလေသည်။

ချိုယင်းဝေသည် လဲကျရာမှ ဦးခေါင်းကိုမော့၍ ကြည့် လိုက်လေသည်။

ထိုစဉ် စားပွဲ၏ထိပ်၌ ထိုင်နေသော အသက်၄၀ ခန့်ရှိ လူကြီးက လက်ကို တစ်ချက်ဝှေ့ယမ်းလိုက်ပြီး လူထွားကြီးအား

"ကောင်းပြီ၊ မင်းသွားနိုင်ပြီ"

ဟု ပြောလိုက်လေသည်။

လူထွားကြီးသည် ထိုအသက် ၄၀ခန့်ရှိသော လူကြီးကို အရိုအသေ ပြုလိုက်ပြီး ထိုအခန်းထဲမှ ထွက်သွားလေတော့သည်။

ချိုယင်းဝေသည် ထိုအသက် ၄၀ခန့်ရှိသော လူကြီးကို

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်လှမ်းကြည့်လိုက်ပြီး. . .

"ထိုလူကြီးသည် မင်းရီးယံဖြစ်ရမည်"

ဟု ခန့်မှန်းလိုက်လေသည်။

မင်းရီးယံက သူ့ရှေ့မှ အရက်ခွက်ကို လှမ်းယူလိုက်ပြီး စားပွဲ၏တစ်ဘက်တစ်ချက်တွင် ထိုင်နေသော လူများကို အရက်ခွက်ဝှေ့ယမ်းပြလိုက်ပြီး. . .

"ကြွရောက်လာကြတဲ့ ပုဂ္ဂိုလ်ကြီးများခင်ဗျား ကျွန်တော် လူတစ်ယောက်နဲ့ မိတ်ဆက်ပေးပါရစေ"

ဟု ပြောလိုက်လေသည်။

ထို့နောက် သူသည် ထိုင်ရာမှထလိုက်ပြီး. . .

"လွန်ခဲ့တဲ့ရက်က သံမဏိကျောင်းတော်မှာ စူးခုံးယက်ကိုစိန်ခေါ်တဲ့ နာမည်ကြီးသိုင်းသမား ချီယင်းဝေဆိုတာ ဟောဟိုက ပုဂ္ဂိုလ်ပါပဲ"

ဟု ချီယင်းဝေကို ညွှန်ပြ၍ ပြောလိုက်လေသည်။

မင်းရီးယံ၏စကားဆုံးသည်နှင့် စားပွဲ၌ထိုင်နေသော လူများ၏မျက်လုံးအစုံတို့သည် ချီယင်းဝေ၏ခန္ဓာကိုယ်ပေါ်သို့ ကျရောက်သွားလေတော့သည်။

ထိုစဉ် မင်းရီးယံက ဆက်လက်၍. . .

"ဒီလိုနာမည်ကြီးတဲ့ သိုင်းသမားကို ခင်ဗျားတို့ တွေ့ဖူးမှာမဟုတ်ဘူး၊ ဒါကြောင့် စားသောက်ရင်းနဲ့ အေးအေးဆေးဆေး ကြည့်ကြပါ"



ဟု ပြောလိုက်လေသည်။

သူ၏လေသံသည် လှောင်ပြောင်သရော်သော လေသံဖြစ်သည်။

သို့ဖြစ်၍ ချီယင်းဝေ၏မျက်နှာသည် ဒေါသကြောင့် နီမြန်းလာလေတော့သည်။

ထို့ကြောင့် ချီယင်းဝေသည် အခန်းအလယ်တွင် ကိုယ်ကိုမတ်မတ်ရပ်လိုက်ပြီး မင်းရီးယံကို စူးစိုက်ကြည့်ကာ. . .

"ဟေ့လူ. . . ကျုပ်ကို သတ်ချင်သတ်လိုက် မစော်ကားနဲ့"

ဟု ကြိမ်းဝါးလိုက်လေသည်။

မင်းရီးယံက ရယ်မောလိုက်ပြီး. . .

"သေချင်ရင် ကိုယ့်ကိုကိုယ် သတ်သေလိုက်ပေါ့၊ ကျုပ်ကိုခွင့်တောင်းနေစရာမလိုပါဘူး"

မင်းရီးယံ၏စကားကြောင့် စားပွဲ၌ ထိုင်နေသောလူများသည် ပြုံးကာ ချီယင်းဝေကို ကြည့်လိုက်ကြလေသည်။

မင်းရီးယံက ဧည့်သည်များကို ပြုံးပြရင်း. . .

"ကဲ. . . စားကြပါ၊ စားရင်း သောက်ရင်းနဲ့ နာမည်ကြီးသိုင်းသမားကို ကြည့်ကြတာပေါ့"

ဟု ပြောလိုက်သေလသည်။

ချီယင်းဝေသည် ကြိုးဘုပ်ခြင်းခံထားရသော သူ၏လက်နှစ်ဘက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း မင်းရီးယံကို ဒေါ

www.burmeseclassic.com

www.burmeseclassic.com



သအခိုးအငွေ့များပြည့်လျှံနေသော မျက်လုံးဖြင့် စူးစိုက်၍ ကြည့်လိုက်ပေသည်။

သူ၏အသားများသည် ဒေါသဖြစ်လွန်းသဖြင့် တဆတ်ဆတ်တုန်၍ နေပေသည်။

မင်းရီးယံက မထေ့တထေ့ပြုံးရင်း ချိုယင်းဝေကို လှမ်းကြည့်လိုက်ပြီး. . .

"ဩော်. . . မင်းကိုယ်မင်း သတ်သေဖို့ မကြိုးစားနဲ့ဦး တော်တော်ကြာ ငါက သတ်မပေးဘူးဆိုပြီး အပြစ်ဖြစ်နေဦးမယ်"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေသည် နှုတ်ခမ်းကို ကိုက်ထားကာ မည်သည့်စကားမျှ ပြန်မပြောချေ။

မင်းရီးယံက တဟားဟား ရယ်မောရင်း. . .

"တော်တော်ကြာ သိုင်းလောကက ကျော်ကြားတဲ့ပုဂ္ဂိုလ်တွေရောက်လာလိမ့်မယ်၊ တကယ်လို့ မင်းကိုယ်မင်းသတ်သေလိုက်ရင် သိုင်းလောကမှာ ကျော်မကောင်း ကြားမကောင်း ဖြစ်နေဦးမယ်"

ဟု ခနဲ့တဲ့တဲ့ လေသံဖြင့် ပြောလိုက်သည်။

ချိုယင်းဝေသည် မင်းရီးယံကို အတန်ကြာသည့်တိုင်အောင် စိန်းစိန်းကြီး ကြည့်လိုက်ပြီးနောက်. . .

"ဒီမှာ မင်းငါ့ကို သတ်ချင်သတ်၊ ငါမသေရင် တစ်နေ့မင်းကို ငါသတ်မယ်"



မင်းရီးယံက ရယ်မောကာ. . .

"မင်းမပြောလဲ ငါသိပါတယ်၊ ဒါပေမယ့်. . ."

ဟု သူ၏စကားကို ဆုံးအောင်မပြောဘဲ ရပ်တန့်လိုက် ချိုယင်းဝေကို တစ်ချက်ကြည့်လိုက်လေသည်။

ပြီးမှ သူသည်. . .

"ဒါပေမယ့် မင်းထွက်ပြေးဖို့တော့ စိတ်မကူးနဲ့၊ ဘယ်လိုမှ ထွက်ပြေးလို့မရအောင် ငါစီစဉ်ထားတယ်"

ဟု စကားကို ဆက်လက်ပြောလိုက်သည်။

ချိုယင်းဝေသည် ဘာမျှပြန်မပြောဘဲ ပါးစပ်ကို ပိတ်လိုက်သည်။

မင်းရီးယံသည် ဧည့်ပရိသတ်များကို. . .

"စားပါ၊ သုံးဆောင်ကြပါ၊ အားမနာပါနဲ့"

ဟု လောကဝတ်စကား ဆိုလိုက်ပြီး တဆက်တည်း အမူအရာဟန်ဖြင့် ချိုယင်းဝေကို လှမ်းကြည့်လိုက်ပြီး. . .

"ဩော်. . . ဘာလဲ ဆာနေမှာပဲဟေ့၊ တစ်ယောက်ယောက်က သူ့ကို ထမင်းကျွေးလိုက်စမ်းပါ"

မင်းရီးယံ၏စကားဆုံးသည်နှင့် လူထွားကြီးတစ်ယောက်သည် ထမင်းပန်းကန်ကိုကိုင်ကာ ချိုယင်းဝေအနီးသို့ လျှောက်လာသည်။

ချိုယင်းဝေအနီးသို့ ရောက်သောအခါ လူထွားကြီးသည် ချိုယင်းဝေကို လှောင်ပြုံးပြုံး၍ ပြလိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ပါးစပ်ဟ၊ ကျုပ်ခွံ့ကျွေးမယ်"

ဟု ပြောလိုက်လေသည်။

ထို့နောက် လူထွားကြီးသည် သူ၏ကြီးမားသော လက်ကြီးဖြင့် ထမင်းတစ်ဆုပ်နှိုက်ယူလိုက်ပြီး ချိုယင်းဝေပါးစပ်ထဲသို့ ထည့်လိုက်လေသည်။

သို့သော် ချိုယင်းဝေက ဦးခေါင်းကို အသာတိမ်းစောင်းပေးလိုက်သဖြင့် လွဲချော်သွားတော့သည်။

လူထွားကြီးသည် ချိုယင်းဝေကို စိုက်ကြည့်လိုက်ပြီး...

"မင်းက ကျုပ်ခွံ့ကျွေးတာကို ရွံလို့လား"

ဟုပြောကာ ချိုယင်းဝေ၏ပါးစပ်ထဲသို့ ထမင်းလုတ်ကို ထပ်မံထည့်လိုက်လေသည်။

ချိုယင်းဝေက ဦးခေါင်းကို ဘယ်ညာတိမ်းစောင်း၍ ရှောင်လိုက်သဖြင့် လူထွားကြီးသည် ထမင်းလုတ်ကို ချိုယင်းဝေ၏ပါးစပ်ထဲသို့ ထည့်၍မရဘဲ ဖြစ်နေလေသည်။

တစ်ယောက်ကခွံ့၊ တစ်ယောက်က ရှောင်သဖြင့် ထမင်းခါမျှ လွဲချော်သောကြောင့် လူထွားကြီးသည် ဒေါသဖြစ်လာတော့သည်။

ထမင်းစားသောက်နေကြသော ဧည့်ပရိသတ်များသည်လည်း သူတို့နှစ်ယောက်အားကြည့်ကာ တဟားဟားဖြင့် သဘောကျနေတော့သည်။

လူထွားကြီးသည် ဒေါသဖြစ်လာသဖြင့် နောက်ဆုံးတွင် ချိုယင်းဝေ၏ဆံပင်ကို ဆောင့်ဆွဲကာ ဦးခေါင်းကို မော့စေပြီး လက်ထဲမှ ထမင်းလုတ်ကို ချိုယင်းဝေ၏ပါးစပ်ထဲသို့ ထိုးထည့်လိုက်လေသည်။

သို့သော် လျှပ်တပြက် ချိုယင်းဝေ၏ဒူးသည် အပေါ်သို့ ကြွတက်လာပြီး လူထွားကြီး၏အရှိုက်ကို တိုက်လိုက်လေသည်။

ထို့နောက် လူထွားကြီးသည် ချိုယင်းဝေ၏ပါးစပ်ထဲသို့ ထမင်းလုတ် ထိုးမထည့်နိုင်တော့ဘဲ...

"အွန့်"

ဟု အော်မြည်ကာ ကြမ်းပြင်ပေါ်သို့ နောက်ပြန် လဲကျသွားတော့သည်။

သို့ဖြစ်၍ ထမင်းလုံးများလည်း ကြမ်းပြင်ပေါ်၌ ကျသွားတော့သည်။

စားသောက်နေသော ဧည့်ပရိသတ်များသည် လူထွားကြီးလဲကျသွားသည်ကို မြင်တွေ့ရသောအခါ ရယ်မောစရာကြီးအား မြင်တွေ့လိုက်ရသကဲ့သို့ ခွက်ထိုးခွက်လှန် ရယ်မောကြတော့သည်။

ထိုကဲ့သို့ ဝိုင်းဝန်းရယ်မောကြသဖြင့် လူထွားကြီးသည် ဒေါသဖြစ်လာကာ...

"ခွေးလေး...သေပေတော့"

ဟု အော်ဟစ်ပြီး ကြမ်းပေါ်မှခုန်ထကာ ချိုယင်းဝေကို



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်တော့သည်။

သို့သော် လူထွားကြီး ကြမ်းပေါ်မှ ခုန်ထလာသည်နှင့် ချိုယင်းဝေ၏ခြေထောက်သည် လေထဲမှမြောက်တက်သွားကာ လူထွားကြီး၏မျက်နှာသို့ ပင့်၍ကန်လိုက်လေတော့သည်။

ထို့ကြောင့် လူထွားကြီး၏ခန္ဓာကိုယ် ကြမ်းပေါ်မှ အနည်းငယ်မြောက်ကာ အခန်းတံခါးဝသို့ လွင့်စဉ်သွားလေတော့သည်။

ထိုစဉ် ရုတ်တရက် အခန်းတံခါးပွင့်လာပြီး အိမ်ဖော်တစ် ယောက် ဝင်ရောက်လာလေသည်။

အိမ်ဖော်သည် မိမိ၏ခြေရင်းသို့ လွင့်စဉ်ကျလာသော လူထွားကြီးကို တစ်ချက်ကြည့်လိုက်ပြီးမှ မင်းရိုးယံကို လှမ်းကြည့်ကာဦးညွှတ်လိုက်လေသည်။

ထို့နောက်. . .

"သခင်လေး၊ အပြင်မှာ စူးခုံးယက်ဆိုတဲ့ လူတစ်ယောက်က သခင်လေးကို တွေ့ချင်တယ်လို့ ပြောပါတယ်"

ဟု သတင်းပို့လိုက်လေသည်။

မင်းရိုးယံသည် ထိုင်ရာမှထလိုက်ပြီး. . .

"ဟုတ်လား၊ သူ့ကို မြန်မြန်လေးခေါ်ခဲ့ပါ"

ဟု အိမ်ဖော်ကို အမိန့်ပေးလိုက်လေသည်။

စူးခုံးယက်ဟူသောအသံကို ကြားလိုက်ရသည်နှင့် ချိုယင်းဝေသည် ရင်ထိတ်သွားပြီး သူ၏ခြေဖျားလက်ဖျားများသည်



ရုတ်တရက် အေးစိမ့်သွားသကဲ့သို့ ခံစားလိုက်ရလေတော့သည်။

ထိုစဉ် မင်းရိုးယံက. . .

"ကြွရောက်လာကြတဲ့ ဧည့်သည်တော်များခင်ဗျား၊ အခု လာမယ့်ဧည့်သည်ဟာ ကျုပ်ရဲ့မိတ်ဆွေတစ်ယောက် ဖြစ်ပါတယ်၊ သူဟာ အခုတလော သိုင်းလောကမှာ နာမည်ကြီးနေတဲ့ စူးခုံးယက်ပဲဖြစ်ပါတယ်"

ဟု ပြောလိုက်လေသည်။

မင်းရိုးယံ၏စကားဆုံးသည်နှင့် ဧည့်ခန်းထဲသို့ လူတစ်ယောက် ရောက်ရှိလာလေတော့သည်။

ထိုလူသည် စူးခုံးယက်ပင် ဖြစ်ပါသည်။

ချိုယင်းဝေသည် စူးခုံးယက်အား မြင်တွေ့လိုက်ရသည်နှင့် အေးစက်သောအန္တရာယ်၏ အငွေ့အသက်တစ်ခုက မိမိ၏ခန္ဓာကိုယ်တစ်ခုလုံးအား လွှမ်းခြုံလာသည်ဟု ခံစားလိုက်ရလေသည်။

သူ၏ခြေဖျားလက်ဖျားသည် ရုတ်တရက် သွေးဆုတ်သွားသကဲ့သို့ အေးစက်နေပေသည်။

ထိုအချိန်တွင် မင်းရိုးယံသည် စူးခုံးယက်အား ပျူငှာစွာကြိုဆိုလိုက်ပြီး စူးခုံးယက်ထိုင်ရန် နေရာထိုင်ခင်း စီစဉ်ပေးလေသည်။

သို့သော် စူးခုံးယက်သည် မင်းရိုးယံ စီစဉ်ပေးသော နေရာ၌မထိုင်ဘဲ အခန်းလယ်တွင် မတ်တတ်ရပ်လျက်နေပေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ စူးခုံးယက်သည် သူ၏လက်နှစ်ဘက်ကို ဆုပ်၍ မင်းရိုးယံနှင့် ဧည့်ပရိသတ်များကို နှုတ်ဆက်လိုက်ပြီး. . .

"သူဌေးကြီးက ယခုလိုဖိတ်တာ ကျွန်တော် အင်မတန်ဝမ်းသာပါတယ်၊ ကျေးဇူးလဲတင်ပါတယ်၊ ဒါပေမယ့်"

စူးခုံးယက်သည် သူ၏စကားကို ဆုံးအောင်မပြောဘဲ ရပ်တန့်လိုက်ပြီး မင်းရိုးယံနှင့် ဧည့်ပရိသတ်များကို တစ်ချက်ငေး၍ အကဲခတ်ကြည့်လိုက်လေသည်။ ပြီးမှ. . .

"ဒါပေမယ့် ကျွန်တော် အခုရောက်လာတာ ထမင်းစားပွဲ ကိုတက်ရောက်ဖို့ မဟုတ်ပါဘူး"

ဟု သူ၏စကားကို ဆက်၍ပြောလိုက်သေလည်။

စူးခုံးယက်၏စကားကြောင့် ဧည့်ပရိသတ်များသည် စူးခုံးယက်အား. . .

"ဘယ်လိုလဲ"

ဟူသော အကြည့်မျိုးဖြင့် လှမ်းကြည့် လိုက်ကြလေသည်။

စူးခုံးယက်က မင်းရိုးယံကို ဦးညွှတ်လိုက်ပြီး. . .

"ကျုပ် ဒီကိုလာတာ သူဌေးကြီးဆီက အကူအညီတစ်ခု တောင်းချင်လို့ပါ"

ဟု ပြောလိုက်လေသည်။

မင်းရိုးယံက ပြုံးရွှင်သောမျက်နှာဖြင့်. . .

"ကျုပ်တို့ဟာ ပြောရမယ့်လူတွေမှ မဟုတ်တာဘဲ အေးအေးဆေးဆေး ထမင်းသုံးဆောင်ပြီးမှ စကားပြောကြတာပေါ့"



စူးခုံးယက်က ဦးခေါင်းကို ခါယမ်းလိုက်ပြီး. . .

"ကျုပ် အကူအညီ တောင်းခံတဲ့ကိစ္စ မပြီးပြတ်မချင်း ကျုပ် ဘာမှမစားချင်ပါဘူး"

မင်းရိုးယံက ရယ်မောလိုက်ပြီး. . .

"ကဲ. . . ကဲ၊ ကျုပ်ရဲ့ အသက်စည်းစိမ်နဲ့ ပစ္စည်းဥစ္စာကို မထိခိုက်ဘူးဆိုရင် ဘာတောင်းတောင်း ကျုပ်ပေးမယ်ဗျာ"

စူးခုံးယက်က ဦးခေါင်းကိုညိတ်လိုက်ပြီး. . .

"ကျေးဇူးတင်ပါတယ်"

မင်းရိုးယံက. . .

"ကဲ. . . ကျုပ်တို့ ပျော်ပျော်ပါးပါး ထမင်းစားရအောင်"

ဟု ဖိတ်ခေါ်လိုက်လေသည်။

သို့သော် စူးခုံးယက်သည် နေရာမှရွေ့လျားခြင်း မရှိပါ။

မင်းရိုးယံက သူ၏မျက်ခုံးကို ပင့်တင်လိုက်ပြီး. . .

"လာလေဗျာ. . . ဘာလဲ ကျုပ်ပြောတဲ့စကားကို မယုံဘူးလား"

စူးခုံးယက်က ပြုံးကာ. . .

"ယုံပါတယ်၊ ဒါပေမယ့် ကျွန်တော်က မတောင်းရသေးဘူး"

မင်းရိုးယံက သဘောကျစွာ ရယ်မောလိုက်ပြီး. . .

www.burmeseclassic.com



"ကျုပ် အသက်စည်းစိမ်နဲ့ ပစ္စည်းဥစ္စာကိုမထိခိုက်ရင် ဘာမဆို ကျုပ်ပေးမယ်လို့ ပြောထားပြီးပြီပဲ၊ ခင်ဗျား တောင်း ချင်တာကိုပြောဖို့ လိုသေးလား"

စူးခုံးယက်က ဦးခေါင်းညိတ်လိုက်ပြီး. . .

"လိုပါတယ်"

ဟု ပြောလိုက်လေသည်။

မင်းရိုးယံက သူ၏မျက်ခုံးမွေးကို နဖူးအထက်သို့ ပင့် တင်လိုက်ပြီး. . .

"ကဲ. . . ဒါဆိုလဲ ပြောဗျာ၊ ကျုပ် ဘာကူညီရမလဲ"

ဟု ပြောလိုက်လေသည်။

စူးခုံးယက်က ချိုယင်းဝေဘက်သို့ လှည့်မကြည့်ဘဲ. . .

"သူဌေးကြီးက ချိုယင်းဝေကို ဖမ်းမိထားတယ်လို့ ကြား တယ်၊ အဲဒါ ဟုတ်သလား"

မင်းရိုးယံက ဦးခေါင်းကို ညိတ်လိုက်ပြီး. . .

"ဟုတ်တယ်၊ ဒါကြောင့် သိုင်းလောကက ပုဂ္ဂိုလ်တွေကို ဖိတ်ခေါ်ထားတာပေါ့"

ဟု ပြောလိုက်ပြီး ချိုယင်းဝေထံသို့ တစ်ချက် လှမ်းကြည့် လိုက်လေသည်။

ချိုယင်းဝေသည် မိမိကိုငုံ့စောင်း၍ပင်မကြည့်ဘဲ မိမိအ ကြောင်း ပြောနေသော စူးခုံးယက်ကို နားမလည်ဟန်ဖြင့် ကြည့် နေမိပေသည်။



မင်းရိုးယံသည် ချိုယင်းဝေကိုကြည့်ရာမှ စူးခုံးယက်ထံသို့ ကြည့်လိုက်ပြီး ချိုယင်းဝေထံသို့ မေးငေါ့ပြကာ. . .

"ခင်ဗျား အကူအညီတောင်းမယ့်ကိစ္စဟာ ချိုယင်းဝေနဲ့ နေလို့လား"

ဟု မေးလိုက်လေသည်။

"ဟုတ်ပါတယ်၊ ကျွန်တော် အညီတောင်းမယ့်ကိစ္စဟာ ဝေနဲ့ သက်ဆိုင်နေပါတယ်"

ဟုပြောလိုက်လေသည်။

မင်းရိုးယံက တစ်ချက်ပြုံးလိုက်ပြီး. . .

"ကောင်းပြီလေ၊ ခင်ဗျားတောင်းမယ့် အကူအညီသာ ပါ"

စူးခုံးယက်က. . .

"တခြားမဟုတ်ပါဘူး ကျွန်တော်တောင်းမယ့် အကူအ ချိုယင်းဝေကို ကျွန်တော့်လက် အပ်လိုက်ဖို့ပါပဲ"

ဟု ဖြည်းညင်းစွာ ပြောလိုက်လေသည်။

မင်းရိုးယံသည် ရုတ်တရက် ဘာမျှပြန်မပြောဘဲ စူးခုံး အား အတန်ကြာအောင် ကြည့်နေလိုက်လေသည်။

အတန်ကြာမှ မင်းရိုးယံသည် တစ်ချက်ရယ်မောလိုက် . . .

"ရပါတယ်၊ ဒါပေမယ့်"

သူသည် စကားကို ဆုံးအောင်မပြောဘဲ စူးခုံးယက်ကို

www.burmeseclassic.com

www.burmeseclassic.com



အကဲခတ်ကြည့်လိုက်ပြီးမှ. . .

"ဒါပေမယ့် မနက်ဖြန်ညအထိ စောင့်ပါ"

ဟု ပြောလိုက်လေသည်။

စူးခုံးယက်က ဦးခေါင်းကို ခါယမ်းလိုက်ပြီး. . .

"မဖြစ်ဘူး၊ ချီယင်းဝေကို ကျွန်တော် အခုပဲလိုချင်တယ်"

မင်းရိုးယံက. . .

"ကျွန်တော် မပေးဘူး၊ မပြောပါဘူး၊ သိုင်းလောက ပုဂ္ဂိုလ်တွေကို ဖိတ်ခေါ်ထားတဲ့အတွက် မနက်ဖြန်ညအထိ စောင့်စေချင်ပါတယ်"

စူးခုံးယက် ခေါင်းကို တွင်တွင်ခါယမ်းလိုက်ပြီး. . .

"ကျွန်တော်က အခုပဲ လိုချင်နေပါတယ်"

မင်းရိုးယံက ပြုံး၍ ပခုံးနှစ်ဘက်ကို တွန့်လိုက်ပြီး. . .

"ခင်ဗျားက ဘာကြောင့် သူ့ကို ဒါလောက်တောင် မြန်မြန်သတ်ချင်နေရတာလဲ"

စူးခုံးယက်က မင်းရိုးယံကို တစ်ချက်စူးစိုက်ကြည့်လိုက်ပြီး. . .

"ခင်ဗျားပေးမယ်လို့ ကတိပေးထားတာ မေ့သွားပြီလား"

ဟု ပြောလိုက်လေသည်။

မင်းရိုးယံက သက်ပြင်းတစ် ချက်ချလိုက်ပြီး. . .

"ကောင်းပြီလေ၊ မင်း ချီယင်းဝေကို ခေါ်သွားနိုင်ပြီ"



ဟု ခွင့်ပြုလိုက်လေသည်။

စူးခုံးယက်က မင်းရိုးယံကို လက်နှစ်ဘက်ဆုပ်၍ ဦးညွှတ်လိုက်ပြီး. . .

"ကျေးဇူးတင်ပါတယ်"

ဟုပြောကာ ချီယင်းဝေထံသို့ လျှောက်သွားလေတော့သည်။

ချီယင်းဝေက မိမိထံသို့ လျှောက်လာသော စူးခုံးယက်ကို မျက်တောင်မခတ်ဘဲ ကြည့်နေလေသည်။

သူ၏မျက်လုံးများသည် ဒေါသကြောင့် တောက်ပြောင်နေသည်ဟု ထင်ရပေသည်။

စူးခုံးယက်က ချီယင်းဝေ၏ရှေ့၌ ရပ်တန့်လိုက်ပြီး ချီယင်းဝေ၏မျက်လုံးထဲသို့ တစ်ချက်စိုက်ကြည့်ကာ. . .

"ခင်ဗျား ဘာကြောင့် ကျုပ်ကို မုန်းနေတာလဲ"

ချီယင်းဝေက စူးခုံးယက်အား စူးစိုက်ကြည့်ရင်း နှုတ်ဆိတ်နေမိကာ. . .

"နိုင်တဲ့လူ ဗိုလ်လုပ်တမ်းပဲ၊ မင်း ငါ့ကိုသတ်ချင်ရင် သတ်လိုက် ငါဂရုမစိုက်ဘူး"

ဟု ပြောလိုက်လေသည်။

စူးခုံးယက်က ပြုံးလိုက်ပြီး. . .

"ခင်ဗျား သတ္တိရှိလာပြီပဲ"

ချီယင်းဝေက. . .

www.burmeseclassic.com

www.burmeseclassic.com



"အခုမှ သတ္တိရှိတာ မဟုတ်ဘူး၊ အရင်ကတည်းက တာ"

စူးခုံးယက်က သဘောကျစွာ ရယ်မောလိုက်ပြီး...

"ဒါဖြင့် ခင်ဗျား ကျွန်တော်နဲ့ပြိုင်ရဲပါ့မလား"

ချိုယင်းဝေက...

"စိန်လိုက် ကြိုက်တဲ့ဘက်က ပြိုင်နိုင်တယ်"

ဟု ပြောလိုက်လေသည်။

စူးခုံးယက်က...

"ကောင်းပြီ၊ ကျုပ်တို့ အရက်ပြိုင်သောက်ရအောင် ဘယ့်နှယ်လဲ ခင်ဗျားပြိုင်ရဲပါ့မလား"

ချိုယင်းဝေက...

"ကျုပ်က စိန်ခေါ်ပြီးရင် ဘယ်တော့မှ ဘွာမခတ်ဘူး"

စူးခုံးယက်က ဘာမှပြန်မပြောတော့ဘဲ သူ၏ခါးမှဓား ကိုလျှပ်တပြက်ဆွဲထုတ်လိုက်လေသည်။

ထို့နောက် သူသည် ချိုယင်းဝေ၏လက်ကို ချည်နှောင် ထားသော ကြိုးများကို ဖြတ်တောက်ပေးလိုက်လေသည်။

ထို့နောက် သူသည် လက်ထဲမှဓားကို တစ်ပတ်လှည့် ကာဓားအိမ်ထဲသို့ ပြန်လည် သိမ်းဆည်းလိုက်လေတော့သည်။

စူးခုံးယက်က ချိုယင်းဝေအား အနှောင်အဖွဲ့မှ ဖြေပေး လိုက်သဖြင့် မင်းရိုးယံသည် လှုပ်လှုပ်ရှားရှားဖြစ်ကာ...

"ဟော့... ခင်ဗျား ဘာလုပ်တာလဲ၊ တော်ကြာ သူထွက်



ပြေးသွားရင် ဘယ်လိုလုပ်မလဲ"

ဟု လှမ်းအော်ပြောလိုက်လေသည်။

စူးခုံးယက်သည် မင်းရိုးယံ၏စကားကို ဂရုမစိုက်ဘဲ ချို ယင်းဝေအား တစ်ချက်မျှ စူးစိုက်ကြည့်ရင်း...

"ကျုပ် ခင်ဗျားကို တစ်ခု တောင်းပန်ချင်ပါတယ်"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက စူးခုံးယက်၏စကားသံကို နားမလည်သ ဖြင့် စူးခုံးယက်အား အတန်ကြာအောင် ငေးစိုက်ကြည့်လိုက်လေ သည်။ ပြီးမှ...

"ပြောပါ"

ဟု ပြောလိုက်လေသည်။

"မင်းရိုးယံက ခင်ဗျားအပေါ် လွန်လွန်ကျူးကျူး လုပ်ခဲ့ တာတွေကိုလည်း ခွင့်လွှတ်လိုက်ပါ"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက မျက်မှောင်တစ်ချက်ကြုတ်ပြီး နှုတ်ခမ်း ကိုမဲ့ကာ...

"ဘာ... ကျုပ်က သူတို့ကို ခွင့်လွှတ်ရမယ် ဟုတ်လား"

ဟု ပြန်မေးလိုက်လေသည်။

စူးခုံးယက်က ဦးခေါင်းကို ညိတ်ပြလိုက်ပြီး...

"ဟုတ်တယ်"

ချိုယင်းဝေက နှုတ်ခမ်းမဲ့ကာ ဦးခေါင်းကို ခါယမ်းရင်း

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ကို ခွင့်လွှတ်ရမယ်ဆိုရင် ခင်ဗျားက ကျုပ်ကို သတ်လိုက်ပါ"

စူးခုံးယက်က သက်ပြင်းတစ်ချက် ချလိုက်ကာ. . .

"ခင်ဗျားဟာ လူတော်လူကောင်း တစ်ယောက်ပဲ၊ ဒါပေမယ့် ကျုပ်ပြောတာကို ခင်ဗျား နားမလည်တာပဲလား၊ တမင်နေခါင်းမာနေတာလားဆိုတာ ကျုပ်လဲ မပြောတတ်တော့ဘူး"

ချိုယင်းဝေက. . .

"ကျုပ်နေရာမှာ ခင်ဗျားရှိနေမယ်ဆိုရင် ခင်ဗျား သူတို့ကိုခွင့်လွှတ်နိုင်ပါ့မလား"

စူးခုံးယက်က ပြုံးလိုက်ရင်း. . .

"ခင်ဗျားနေရာမှာ ကျုပ်သာဆိုရင် သူ့အိမ်ထဲဝင်မခိုးဘူး"

ချိုယင်းဝေက ပါးစပ်ပိတ်ထားလိုက်လေသည်။

စူးခုံးယက်က ချိုယင်းဝေကို အတန်ကြာအောင် စူးစမ်းကြည့်လိုက်ပြီး. . .

"ခင်ဗျား အဖမ်းခံရလို့ သူတို့ကို မကျေမနပ်ဖြစ်နေတယ် မဟုတ်လား"

ချိုယင်းဝေက ပါးစပ် ပိတ်ထားလိုက်ပြီး ဘာတစ်ခွန်းမျှ ပြန်မပြောချေ။ စူးခုံးယက်က. . .

"တကယ်လို့ ခင်ဗျား သူ့အိမ်ထဲကိုဝင်ပြီး မခိုးရင် သူက ခင်ဗျားကို ဖမ်းပါ့မလား"



"ကျုပ် ငွေခိုးမိလို့ ဖမ်းတာ ဖမ်းပေါ့၊ ဒါပေမယ့်. . ."

ချိုယင်းဝေသည် သူ၏စကားကို ဆုံးအောင်မပြောဘဲ ရပ်တန့်လိုက်သည်။ စူးခုံးယက်က တစ်ချက်ပြုံးလိုက်ပြီး. . .

"ဒါပေမယ့် ဘာဖြစ်လဲ"

ချိုယင်းဝေက. . .

"ဒါပေမယ့် ကျုပ်ကို ဘာဖြစ်လို့စော်ကားနေရတာလဲ"

စူးခုံးယက်က. .

"လောကမှာ အကြောင်းတရားမရှိဘဲ အကျိုးတရားဖြစ်မလာနိုင်ဘူး၊ ဘယ်သူမပြု မိမိမှုဆိုသလိုပဲပေါ့၊ ခင်ဗျားက သူ့အိမ်ကိုဝင်ပြီး မခိုးရင် အခုလို အဖမ်းလဲမခံရဘူး၊ အခုလို စော်ကားတာမျိုးလဲ မခံရဘူးပေါ့"

ချိုယင်းဝေ ဘာမှပြန်မပြောတော့ပါ။

သူသည် အတန်ကြာမျှ တိတ်ဆိတ်ငြိမ်သက်နေပြီးနောက် သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်ကာ. . .

"ကောင်းပြီလေ၊ သူက ကျုပ်ကို ထပ်ပြီးမစော်ကားရင် ကျုပ်လဲ အမှတ်မထားတော့ပါဘူး၊ ခွင့်လွှတ်လိုက်မယ်"

စူးခုံးယက်က ဝမ်းသာအားရဟန်ဖြင့် ပြုံးလိုက်ပြီး. . .

"ခင်ဗျား အခုလိုပြောတဲ့အတွက် ကျွန်တော် ဝမ်းသာပါတယ်၊ ကဲ. . . ခင်ဗျားလဲ ဗိုက်ဆာရော့မယ်၊ ကျုပ်တို့ စားကြရအောင်"

ဟု ပြောကာ ချိုယင်းဝေအား စားပွဲရှိရာသို့ ခေါ်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



သွားတော့သည်။

ထို့နောက် သူသည် ချိုယင်းဝေကို မိမိဘေး၌ ထိုင်ခိုင်းလိုက်ပြီး မင်းရှီးယံဘက်သို့လှည့်ကာ. . .

"ကဲ. . . အခုအချိန်ကစပြီး ချိုယင်းဝေနဲ့ သူဌေးကြီး မင်းရှီးယံတို့ မိတ်ဆွေဖြစ်သွားကြပြီ"

ဟု ပြောလိုက်လေသည်။

ထို့နောက် သူသည် အရက်ခွက်ကို မြှောက်ကာ ဧည့်ပရိသတ်များအား ဝှေ့ယမ်းပြလိုက်ပြီး. . .

"ကဲ. . . အခုအချိန်ကစပြီး မိတ်ဆွေဖြစ်သွားတဲ့ သူဌေးကြီးမင်းရှီးယံနဲ့ ချိုယင်းဝေတို့အတွက်"

ဟု ပြောကာ အရက်ခွက်ကို မော့၍ သောက်လိုက်လေသည်။ ဧည့်ပရိသတ်များကလည်း အရက်ခွက်ကိုမြှောက်ကာ မော့သောက်လိုက်ကြသည်။

မင်းရှီးယံကလည်း သူ၏အရက်ခွက်ကို မြှောက်၍ ဝှေ့ယမ်းပြရင်း. . .

"အားလုံး ပျော်ပျော်ရွှင်ရွှင်နဲ့ သုံးဆောင်ကြပါ"

ဟု ပြောလိုက်လေသည်။

ထို့နောက် သူတို့သည် စားသောက်ဖွယ်ရာများကို ပျော်ရွှင်စွာ စားသောက်ကြလေတော့သည်။

* * *



စားပွဲပေါ်မှ ကြီးမားသော ဖယောင်းတိုင်များသည် သုံးပုံတစ်ပုံခန့်သာ ကျန်တော့သည်။

အချို့ဖယောင်းတိုင်များကို လဲလှယ်၍ ထပ်မံထွန်းညှိထားလေသည်။

စားပွဲပေါ်မှ ဟင်းလျာများထည့်ထားသော ပန်းကန်များ၌ ဟင်းလျာများ အနည်းငယ်သာ ကျန်တော့သည်။

တစ်ချို့ပန်းကန်များထဲ၌ မည်သည့်ဟင်းလျာမျှ မကျန်တော့ချေ။

အရက်အိုးများထဲ၌လည်း အရက်များ ကုန်စင်နေပြီဖြစ်ပါသည်။

ထို့အတူ ဧည့်သည်များလည်း ပြန်သွားကြပြီ ဖြစ်ပါသည်။

ထို့ကြောင့် ဧည့်ခန်းထဲတွင် လူသုံးယောက်သာ ကျန်ရှိလေတော့သည်။

ထိုလူသုံးယောက်မှာ မင်းရှီးယံ၊ စူးခုံးယက်နှင့် ချိုယင်းဝေတို့ပင် ဖြစ်ပါသည်။

စူးခုံးယက်သည် ခွက်ထဲမှ လက်ကျန်အရက်ကို မော့၍ သောက်လိုက်ပြီး ခွက်ကို စားပွဲပေါ်သို့ ပြန်ချရင်း ချိုယင်းဝေကို လှမ်း၍ကြည့်လိုက်လေသည်။

ပြီးမှ သူသည် တစ်ချက်ပြုံးကာ. . .

"ဒါနဲ့ ကျွန်တော် ခင်ဗျားကို တစ်ခုမေးရဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လေသည်။

ချီယင်းဝေက ဦးခေါင်းကို ညိတ်လိုက်ပြီး. . .

"မေးပါ၊ ခင်ဗျား ဘာမေးမလို့လဲ"

စူးခုံးယက်က. . .

"ခင်ဗျား ဘာကြောင့် ကျုပ်ကို စိန်ခေါ်ရတာလဲ"

ချီယင်းဝေက. . .

"ခင်ဗျား မသိဘူးလား"

စူးခုံးယက်က ဦးခေါင်းကို ခါယမ်းလိုက်ပြီး. . .

"သိမှတော့ ခင်ဗျားကို ကျုပ်က ဘာလို့မေးနေတော့မှာလဲ"

ချီယင်းဝေက တစ်ချက်ပြုံးကာ. . .

"ခင်ဗျားဟာ ကြေးတန်းစား လူသတ်သမားတစ်ယောက်ဆိုတာ ကျုပ်သိတယ်"

ထိုစဉ် မင်းရိုးယ်က ချီယင်းဝေကို လက်ကာပြလိုက်ရင်း

"ချီယင်းဝေ. . . ခင်ဗျားထင်တာ မှားနေပြီ၊ စူးခုံးယက်ဟာ ကြေးစားလူသတ်သမား မဟုတ်ဘူး"

ချီယင်းဝေက မျက်မှောင်ကြုတ်၍ မင်းရိုးယ်ကို တစ်ချက် လှမ်းကြည့်လိုက်ပြီး. . .

"ခင်ဗျားက သူဟာ ကြေးစားလူသတ်သမား မဟုတ်ဘူးဆိုတာ ဘာကြောင့် ပြောနိုင်ရတာလဲ"

မင်းရိုးယ်က ပြုံးလိုက်ပြီး. . .



"အကြောင်းရှိလို့ပေါ့"

ချီယင်းဝေက ဦးခေါင်းကိုညိတ်ကာ. . .

"ဒါဖြင့်လဲ ပြောပြစမ်းပါဦး"

မင်းရိုးယ်က ပြုံးလျက်. . .

"တစ်ခါက သူဟာ ကျုပ်အသက်ကို ကယ်ခဲ့ဖူးတယ်၊ အကြောင့် ကျုပ်က သူ့ကို ငွေတစ်သိန်းပေးမယ်လို့ ကတိပေးခဲ့တယ် ဒါပေမယ့် သူက လက်မခံဘဲ ငြင်းပယ်ခဲ့တယ်၊ တကယ်လို့ သူဟာ ကြေးစားလူသတ်သမားဆိုရင် ကျုပ်ငွေဟာ သူ့အတွက် မက်မောစရာပဲ မဟုတ်လား"

ချီယင်းဝေက အံ့ဩဟန်ဖြင့် မျက်ခုံးကို နဖူးအထက်သို့ ပင့်လိုက်ပြီး စူးခုံးယက်ထံ လှမ်းကြည့်လိုက်လေသည်။

ပြီးမှ. . .

"ဟုတ်လား"

ဟု စူးခုံးယက်ကို မေးလိုက်လေသည်။

စူးခုံးယက်က. . .

"မယုံရင် ကျုပ်ဆရာကို မေးကြည့်နိုင်ပါတယ်"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေ ဘာမှမပြောဘဲ ပါးစပ်ပိတ်ထားလိုက်လေသည်။ မင်းရိုးယ်က အရက်အိုးထဲမှ နောက်ဆုံးလက်ကျန်အရက်ကို သူ၏ခွက်ထဲ လောင်းထည့်လိုက်ရင်း ချီယင်းဝေကို ကြည့်ကာ. . .

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး . . ခင်ဗျားက သူ့ကို ကြေးစားလူသတ်သမား လို့ ပြောရအောင် ခင်ဗျားမှာ ဘာအထောက်အထား ရှိသလဲ"

ဟု မေးလိုက်လေသည်။

စူးခုံးယက်က ချီယင်းဝေကို ပြုံး၍ကြည့်ကာ. . .

"ဟုတ်တယ်၊ ဘာကြောင့် ခင်ဗျားက ကျုပ်ကို ကြေးစား လူသတ်သမားလို့ ထင်ရသလဲဆိုတာ ရှင်းပြရင်ကောင်းမယ်"

ချီယင်းဝေက ပခုံးနှစ်ဘက်ကို ဟန်ပါပါ တွန့်လိုက်ပြီး

"ခင်ဗျားက သံမဏိခါးပျော့ကို ကိုင်တယ်လို့ ကြားတယ် ဟုတ်ရဲ့လား"

စူးခုံးယက်က ဦးခေါင်းကို ညိတ်လိုက်ပြီး. . .

"ဟုတ်တယ်"

ချီယင်းဝေက နှုတ်ခမ်းတွန့်၍ တစ်ချက်ပြုံးကာ. . .

"အခုတလော သိုင်းလောကမှာ သံမဏိခါးပျော့ကိုင်တဲ့ ကြေးစားလူသတ်သမား တစ်ယောက် ပေါ်နေတယ်"

ဟု ပြောလိုက်လေသည်။

စူးခုံးယက်က ရုတ်တရက် ရယ်မောလိုက်ပြီး. . .

"သြော် . . . ဒါကြောင့် ခင်ဗျားက ကျုပ်ကိုသံသယ ဖြစ်နေတယ်ဆိုပါတော့ ဟုတ်လား"

ဟု မေးလိုက်လေသည်။

ချီယင်းဝေက ဦးခေါင်းကိုညိတ်ကာ. . .

"ဟုတ်တယ်၊ သံသယဖြစ်စရာပဲ မဟုတ်လား"



စူးခုံးယက်က. . .

"သံသယဖြစ်တာနဲ့ ကျုပ်ကို စိန်ခေါ်တာကတော့ မလွန်လွန်းဘူးလားဗျာ"

ဟု မေးလိုက်လေသည်။

ချီယင်းဝေက ဘာမှပြန်မပြောဘဲ နှုတ်ဆိတ်နေသည်။

စူးခုံးယက်က ပြုံးလျက်. . .

"နေပါဦး၊ ကျုပ်မေးစမ်းပါရစေ"

ချီယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်လေသည်။

စူးခုံးယက်က. . .

"ခင်ဗျားက ကျုပ်ကို သံသယဖြစ်တယ်ဆိုတော့ ဘယ် အစပြီး သံသယဖြစ်လာတာလဲ"

ချီယင်းဝေက စူးခုံးယက်ကို တစ်ချက်အကဲခတ်ကြည့် လိုက်ပြီး. . .

"ကျုပ်သိတာကတော့ ဝမ်ယန်းက ကြေးတန်းစားလူ သတ်သမားတစ်ယောက်ကိုဖမ်းပြီး လူစုဖုံးသားအဖကို တိုက် ခိုင်းတယ်လို့ ကြားခဲ့တယ်"

စူးခုံးယက်က မျက်မှောင်ကြုတ်လိုက်ပြီး. . .

"ဝမ်ယန်း ဟုတ်လား၊ ဝမ်ယန်းဆိုတာ ဘယ်သူလဲ"

ဟု ပြန်မေးလိုက်လေသည်။

ချီယင်းဝေက စူးခုံးယက်၏မျက်လုံးထဲသို့ အတန်ကြာ အောင် စူးစိုက်ကြည့်လိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား အဲဒီလူကို သိပါတယ်"

ရူးခုံးယက်က ဦးခေါင်းကို ခါယမ်းလိုက်ပြီး...

"ကျုပ်သိမှတော့ ခင်ဗျားကို လေကုန်ခံပြီး မေးနေတော့မလားဗျာ"

ချိုယင်းဝေက နှုတ်ခမ်းတွန့်၍ တစ်ချက်ပြုံးလိုက်ပြီး

"ဝမ်ယန်းကို ခင်ဗျား မသိဘူးဆိုတာ အံ့သြစရာပဲ"

ရူးခုံးယက်က...

"ဒါကတော့ ခင်ဗျားသဘောပဲ၊ အံ့သြချင်လဲအံ့သြ၊ မအံ့သြချင်လဲ မအံ့သြနဲ့ပေါ့ဗျာ၊ ကျုပ်က မသိလို့ မသိဘူးပြောတာပဲ"

ချိုယင်းဝေက...

"ဝမ်ယန်းဆိုတာ လွန်ခဲ့တဲ့နှစ်တုန်းက ခင်ဗျားနဲ့အတူ ကျုပ်ဆီကိုလာခဲ့တဲ့ လူလေဗျာ"

ရူးခုံးယက်က သဘောကျစွာ တစ်ချက်ရယ်မောလိုက်ပြီး...

"ခင်ဗျား မေ့နေပြီထင်တယ်၊ ဒီတုန်းက ကျုပ်နဲ့အတူ လိုက်လာတာက မိန်းကလေးပဲ ဝမ်ယန်းမဟုတ်ဘူး၊ လုဟုန်လို့ ခေါ်တယ်"

ချိုယင်းဝေက မျက်မှောင်ကြုတ်ကာ...

"အဲဒီတုန်းက ခင်ဗျားနဲ့ပါလာတဲ့ မိန်းကလေးလုဟုန်ဟာ အတုဗျ"



ရူးခုံးယက်က...

"ဟုတ်တယ်၊ ဟန်ဆောင်ထားမှန်းတော့ ရိပ်မိတယ်၊ ဘယ်သူက ဟန်ဆောင်ထားသလဲဆိုတာ ကျုပ်မသိဘူး"

ချိုယင်းဝေက တစ်ချက်ပြုံးကာ...

"အဲဒါ ကျုပ်ပြောတဲ့ ဝမ်ယန်းဆိုတဲ့ အမျိုးသမီးပေါ့"

ဟု ပြောလိုက်လေသည်။

ရူးခုံးယက်က သူ၏မျက်ခုံးကို ပင့်တင်လိုက်ပြီး...

"ဟုတ်လား"

ဟု သေချာစေရန် ထပ်မံမေးလိုက်လေသည်။

ချိုယင်းဝေ ဦးခေါင်းကို ညိတ်ပြလိုက်ပြီး...

"ဟုတ်တယ်"

ဟု ပြောလိုက်လေသည်။

ရူးခုံးယက်က မျက်မှောင်အနည်းငယ်ကြုတ်ကာ...

"ဘာဖြစ်လို့ သူက လုဟုန် ဟန်ဆောင်ရတာလဲ"

"အကြောင်းတစ်ခုခုကြောင့် ဖြစ်မှာပေါ့ဗျာ"

"ဒါဆိုရင် ဝမ်ယန်းဆိုတဲ့နာမည်ကကော သူ့နာမည်အစစ်လား"

ချိုယင်းဝေက...

"သူ့နာမည်အရင်းကတော့ ပူးရှိလို့ခေါ်တယ်"

ရူးခုံးယက်က သက်ပြင်းတစ်ချက်ကို မသိမသာချလိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"သူ့ အခု ဘယ်ရောက်နေသလဲ"

ချီယင်းဝေက. . .

"ကျုပ် သူ့ကိုဖမ်းပြီး နဂါးဝါသိုင်းအဖွဲ့ကို ပြန်ပို့လိုက်ပြီ"

စူးခုံးယက်သည် မျက်မှောင်ကြုတ်၍ ချီယင်းဝေကို စူးစိုက်ကြည့်လိုက်ပြီး. . .

"ခင်ဗျားကိုယ်တိုင် ပို့လိုက်တာလား"

ချီယင်းဝေက ဦးခေါင်းကို ခါယမ်းကာ. . .

"မဟုတ်ဘူး"

စူးခုံးယက်က. . .

"ဒါဖြင့် ဘယ်သူ့ကို ပြန်ပို့ခိုင်းလိုက်တာလဲ"

ချီယင်းဝေက. . .

"မင်းသားလေးဟန်တိအိကို ပြန်ပို့ခိုင်းလိုက်တာ"

ဟု ပြောလိုက်လေသည်။

စူးခုံးယက်သည် အတန်ကြာအောင် ဘာမျှမပြောဘဲ ပါးစပ်ပိတ်၍ နေလိုက်လေတော့သည်။

ချီယင်းဝေက သူ့ခွက်ထဲမှ နောက်ဆုံးလက်ကျန် အရက်ကို မော့သောက်လိုက်ပြီး အရက်ခွက်ကို စားပွဲပေါ် သို့ ပြန်ချထားလိုက်လေသည်။ ပြီးမှ. . .

"ကဲ. . . ကျုပ်ပြောဖို့ စကားကုန်ပြီ၊ ခင်ဗျား ဘာလုပ်ချင်သေးသလဲ"



စူးခုံးယက်သည် သက်ပြင်းတစ်ချက် မသိမသာချပြီး ချီယင်းဝေကို လှမ်းကြည့်လိုက်လေသည်။

ပြီးမှ. . .

"ခင်ဗျား ကျုပ်နဲ့အပြင်ကို သွားရဲသလား"

ဟု မေးလိုက်လေသည်။

ချီယင်းဝေက. . .

"မသွားရဲစရာ ဘာရှိသလဲ"

စူးခုံးယက်က ထိုင်ရာမှထပြီး. . .

"ဒါဖြင့် သွားကြရအောင်"

ထို့နောက် သူတို့သည် မင်းရိုးယံကို နှုတ်ဆက်၍ ထွက်ခဲ့ကြလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



လမ်းပေါ်တွင် လူအနည်းငယ်သာ သွားလာလှုပ်ရှား[illegible] နေကြသည်။

ညဥ့်နက်ပိုင်းရောက်နေပြီ ဖြစ်သောကြောင့် လူသွား[illegible] လာကျဲနေခြင်း ဖြစ်ပါသည်။

ကောင်းကင်ပေါ်တွင် ကြယ်ကလေးများ လင်းလက်[illegible] နေပေသည်။ ညဏ်အေးမြသောလေက ပတ်ဝန်းကျင်ကို တိုး[illegible] ခတ်နေပေသည်။

ချိုယင်းဝေနှင့် စူးခုံးယက်တို့ လမ်းပေါ်သို့ ရောက်သော[illegible] အခါ ချိုယင်းဝေသည် ဦးခေါင်းကိုမော့၍ ကောင်းကင်[illegible] ကြည့်လိုက်လေသည်။

ထို့နောက် အေးမြ၍ လတ်ဆတ်သော ညဥ့်လေ[illegible] အားရပါးရ ရှူရှိုက်လိုက်လေသည်။



သူတို့သည် ပခုံးချင်းယှဉ်၍ ရပ်နေရာမှ စူးခုံးယက်သည် [illegible]ယင်းဝေကို ငုံ့စောင်း၍ကြည့်လိုက်ပြီး. . .

"ခင်ဗျားမှာ မြင်းမပါဘူးလား"

ဟု မေးလိုက်လေသည်။

ချိုယင်းဝေက ဦးခေါင်းကိုညိတ်ကာ. . .

"ပါ့ပါတယ်၊ မြင်းကို တည်းခိုခန်းရဲ့ မြင်းဇောင်းထဲမှာ [illegible]ခဲ့တယ်"

စူးခုံးယက်က. . .

"ဒါဖြင့် ခင်ဗျားမြင်းကို ပြန်ယူပြီး မနက်ဖြန်မနက်မှ [illegible]စေသွားကြတာပေါ့"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက မျက်မှောင်ကြုတ်လိုက်ပြီး စူးခုံးယက်ကို [illegible]မလည်ဟန်ဖြင့် ကြည့်ကာ. . .

"နေပါဦး၊ ခင်ဗျားက ကျုပ်ကို ဘယ်လိုလုပ်ချင်လို့လဲ၊ [illegible]ပြောပါ"

စူးခုံးယက်က ဦးခေါင်းကို ခါယမ်းလိုက်ရင်း. . .

"ဘာမှ မလုပ်ချင်ဘူး"

ဟု ပြန်ပြောလိုက်လေသည်။ ချိုယင်းဝေက. . .

"ခင်ဗျား တကယ်ပြောနေတာလား"

ဟု ပြောလိုက်လေသည်။ စူးခုံးယက်က. . .

"ဘာလဲ. . . ခင်ဗျားက ကျုပ်ပြောတာ မယုံလို့လား"

www.burmeseclassic.com

www.burmeseclassic.com



ချိုယင်းဝေက ဦးခေါင်းကို ညိတ်ပြကာ...

"အဖြစ်အပျက်က မယုံနိုင်စရာ ဖြစ်နေတာကိုး"

"ခင်ဗျား မယုံရင် ခင်ဗျားသွားချင်တဲ့နေရာကိုသွား ကျုပ် မတားဘူး"

ချိုယင်းဝေက စူးခုံးယက်ကို အံ့ဩဟန်ဖြင့် ကြည့်လိုက် ရင်း...

"ခင်ဗျား ဘာဖြစ်လို့ ကျုပ်ကို လိုက်ကယ်ရတာလဲ"

စူးခုံးယက်က...

"ခင်ဗျားဟာ လူတော်လူကောင်းဆိုတာ ကျုပ်သိလို့ ကယ်တာပါ"

"ခင်ဗျားကို ကျုပ်စိန်ခေါ်ခဲ့တာနဲ့ ပတ်သက်ပြီး ကျုပ် ကိုမမုန်းဘူးလား"

စူးခုံးယက်က ခေါင်းခါယမ်းပြလိုက်ပြီး...

"သိုင်းသမား အချင်းချင်းပဲ၊ တစ်ခါတစ်လေတော့ ဒီလို အမှားမျိုးရှိမှာပေါ့"

ချိုယင်းဝေက စူးခုံးယက်ကို တစ်ချက်စူးစိုက်ကြည့် ကာ...

"အခု ခင်ဗျားက ကျုပ်ကို တမင်သက်သက် လာကယ် တဲ့သဘောလား"

"ဟုတ်ပါတယ်၊ ဒီသဘောပါပဲ"

"နေပါဦး၊ ခင်ဗျားက ကျုပ် အဖမ်းခံရတယ်ဆိုတဲ့သ



တင်းကို ဘယ်ကကြားလာတာလဲ"

စူးခုံးယက်က...

"ဒီမြို့ရဲ့တောင်ဘက် ၁၀မိုင်အကွာက ရွာတစ်ရွာမှာ ကျုပ်ရှိနေတုန်း ခင်ဗျားရဲ့သတင်းကို ကြားရတာပဲ"

ချိုယင်းဝေက သက်ပြင်းတစ်ချက်ချကာ...

"အင်း... ဘာပဲဖြစ်ဖြစ် ကျုပ်ကိုကယ်တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒီကျေးဇူးကို တစ်နေ့ပြန်ဆပ်နိုင်မယ်လို့ ကျုပ်ယုံကြည်တယ်"

"ကျေးဇူးတင်ခံချင်လို့ ကျုပ်ကယ်ခဲ့တာ မဟုတ်ပါဘူး"

"ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ ခင်ဗျားကို ကျေးဇူးတင် ရမှာပဲ"

စူးခုံးယက်က ချိုယင်းဝေကို ပြုံးရွှင်သော မျက်နှာဖြင့် ကြည့်ကာ...

"ကဲ... ခင်ဗျား အခုဘယ်သွားမယ်လို့ စိတ်ကူးထား လဲ"

ချိုယင်းဝေက ခေါင်းခါယမ်းလိုက်ပြီး...

"ဘယ်သွားမယ်ဆိုတာ မဆုံးဖြတ်ရသေးဘူး၊ ဘယ်ကို သွားရမယ်ဆိုတာလဲ မရည်ရွယ်ထားရသေးဘူး"

"ခင်ဗျား ကာလျှံမြို့ကို ရောက်ဦးမလား"

ချိုယင်းဝေက စူးခုံးယက်ကို တစ်ချက်လှမ်းကြည့်လိုက် ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စရှိလို့လား"

ဟု မေးလိုက်လေသည်။ စူးခုံးယက်က. . .

"တကယ်လို့ ခင်ဗျား ကာလျှံမြို့ကို ရောက်မယ်ဆိုရင်တော့ ကျုပ် အကူအညီတစ်ခု တောင်းချင်တယ်"

"ဘာအကူအညီများ တောင်းချင်လို့လဲ"

စူးခုံးယက်က. . .

"တခြားတော့ မဟုတ်ပါဘူး၊ ကာလျှံမြို့က ဘုန်းတော်ကြီးကျောင်းကို စာတစ်စောင် ပေးလိုက်ချင်လို့ပါ"

"ဒါများဗျာ၊ ခဲယဉ်းတာလိုက်လို့ လွယ်ပါတယ်၊ စာကဘယ်မှာလဲ"

စူးခုံးယက်က. . .

"ခင်ဗျား တမင်သက်သက် သွားပေးရမယ်ဆိုရင်တော့ နေပါစေဗျာ"

"ကိစ္စမရှိပါဘူး၊ ကျွန်တော့်အတွက် ဘာမှ အပန်းမကြီးပါဘူး"

စူးခုံးယက်က အားနာတာန်ဖြင့်. . .

"အားနာစရာကြီးဗျာ၊ လမ်းမကြုံရင်တော့ နေပါစေလေ"

ချိုယင်းဝေက. . .

"အားနာစရာ မလိုပါဘူးဗျာ၊ ခင်ဗျားစာသာ ပေးပါ၊ ကျွန်တော် ဆက်ဆက်သွားပေးပါ့မယ်"



"စာက မရေးရသေးဘူးဗျ"

"ဒါဖြင့်လဲ ရေးဗျာ၊ ကျွန်တော် ယူသွားပေးမယ်"

"အခု ခင်ဗျား ဘယ်မှာတည်းလဲ"

ချိုယင်းဝေက. . .

"မြို့ထဲက နဂါးစာသောက်ဆိုင်မှာ တည်းတယ်"

စူးခုံးယက်က ခေတ္တမျှ ငြိမ်သက်နေလိုက်ပြီးနောက် ဦးခေါင်းကို တစ်ချက်ညိတ်ကာ. . .

"ကောင်းပြီလေ၊ ခင်ဗျားကိုလိုက်ပို့မယ်၊ ခင်ဗျား တည်းခိုခန်းရောက်မှပဲ စာရေးတော့မယ်"

"ကောင်းသားပဲ၊ တည်းခိုခန်းကျမှပဲ ရေးတာပေါ့"

ထို့နောက် စူးခုံးယက်သည် မိမိ၏မြင်းရှိရာသို့ လျှောက်သွားပြီး မြင်းပေါ်သို့ တက်လိုက်လေသည်။

ထို့နောက် သူသည် မြင်းကို ချိုယင်းဝေ အနီးသို့ စီးနင်းလာပြီး ချိုယင်းဝေကို လက်ကမ်းကာ. . .

"တဲ. . . လာတက်၊ ကျွန်တော်တို့ သွားကြရအောင်"

ချိုယင်းဝေသည် စူးခုံးယက် ကမ်းပေးသော လက်ကို လှမ်း၍ ဆွဲလိုက်ပြီး မြင်းပေါ်သို့ ခုန်တက်လိုက်လေသည်။

ထို့နောက် သူတို့သည် ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



စူးခုံးယက်သည် သူ၏မြင်းကို မိုးနဂါးစားသောက်ဆိုင်ရှေ့တွင် ရပ်တန့်လိုက်လေသည်။

မြင်းရပ်တန့်လိုက်သည်နှင့် ချိုယင်းဝေသည် မြင်းပေါ်မှ အလျှင်ဦးစွာ ဆင်းသက်လိုက်လေသည်။

ထို့နောက် စူးခုံးယက်သည် မြင်းပေါ်မှ ဆင်းသက်လိုက်ပြီး မြင်းကို စားသောက်ဆိုင်အနီးမှ မြင်းချည်သော တန်းတွင် ချည်နှောင်ထားလိုက်လေသည်။

ညဉ့်နက်နေပြီဖြစ်၍ စားသောက်ဆိုင်သည် ပိတ်သိမ်းနေပြီ ဖြစ်ပါသည်။

ချိုယင်းဝေသည် ရှေ့မှဦးဆောင်၍ ဆိုင်ပိတ်သိမ်းနေပြီဖြစ်သော မိုးနဂါးစားသောက်ဆိုင်အတွင်းသို့ ဝင်ရောက်လိုက်လေသည်။

ဆိုင်တွင်း၌ ထမ်းဖြက်စည်းလှည်းနေသော ဆိုင်လုလင်သည် ဆိုင်တွင်းသို့ ဝင်ရောက်လာသော ချိုယင်းဝေကို အံ့ဩသော မျက်လုံးများဖြင့် ကြည့်လိုက်ပြီး. . .

"ဆရာ. . . အခန်းထဲက အပြင်ကို တစ်ခါမှ ထွက်တာမတွေ့ဘဲနဲ့ ဘယ်လိုလုပ် အပြင်က ပြန်လာတာလဲ"

ဟု စပ်စုလိုက်လေသည်။

ချိုယင်းဝေက ဆိုင်လုလင်ကို ပြုံး၍ပြလိုက်ပြီး ဘာမျှ ပြန်မပြောချေ။

ထို့နောက် သူသည် မိမိ ငှားရမ်းထားသော အပေါ်ထပ်



ရှိ မိမိအခန်းသို့ လှေကားအတိုင်း တက်သွားလေတော့သည်။

သူ၏နောက်မှ စူးခုံးယက်က လိုက်ပါသွားလေသည်။

ချိုယင်းဝေသည် မိမိအခန်းသို့ ရောက်သောအခါ စားပွဲပေါ်မှ မီးအိမ်ကို မီးထွန်းညှိလိုက်ပြီး တလုံးတည်းရှိသော ကုလားထိုင်၌ စူးခုံးယက်ကို နေရာထိုင်ခင်းပေးလိုက်လေသည်။

သူကိုယ်တိုင်ကမူ ခုတင်ပေါ်၌ ထိုင်ချလိုက်ပြီး. . .

"ကဲ. . . ခင်ဗျား စာရေးပေတော့၊ ကျွန်တော် ခဏလှဲ ဆိုက်ဦးမယ်"

ဟု ပြောလိုက်ပြီး ခုတင်ပေါ်၌ လဲလျောင်းလိုက်လေတော့သည်။

စူးခုံးယက်သည် ဖုန်တက်နေသော စားပွဲကို စာရေးရန်အတွက် နေရာကွက်၍ ဖုန်သုတ်လိုက်ပြီး စားပွဲပေါ်၌ ရှိသော စာရေးစက္ကူနှင့် စုတ်တံကို လှမ်းယူလိုက်လေသည်။

ထို့နောက် မင်ခြောက်ခန်းစပြုနေပြီ ဖြစ်သော မင်အိုးထဲသို့ စုတ်တံကို နှစ်လိုက်ပြီးနောက် စတင်၍ ရေးသားလေတော့ သည်။

စာရေးပြီးသောအခါ စူးခုံးယက်သည် ခုတင်ပေါ်၌ လဲလျောင်းနေသော ချိုယင်းဝေထံသို့ လှမ်း၍ပေးလိုက်သည်။

ချိုယင်းဝေသည် စူးခုံးယက် လှမ်း၍ပေးသော စာကို လှမ်းယူလိုက်ပြီး. . .

"ဒီစာပေးပြီးရင် ပြန်စာတောင်းခဲ့ရဦးမလား"

www.burmeseclassic.com

www.burmeseclassic.com



ဟု စူးခုံးယက်ကို လှမ်း၍ မေးလိုက်လေသည်။

စူးခုံးယက်က ဦးခေါင်းကို ခါယမ်းလိုက်ပြီး. . .

"ပြန်စာတောင်းဖို့ မလိုပါဘူး၊ ဒီစာပေးလိုက်ရုံတင်ပါပဲ"

ထို့နောက် စူးခုံးယက်က ပြန်ရန် ထိုင်ရာမှ ထလိုက်လေသည်။

ချိုယင်းဝေက စူးခုံးယက်ကို လှမ်း၍ ကြည့်လိုက်ပြီး

"ညဥ့်လဲ နက်နေပြီ၊ ခင်ဗျား ဒီမှာပဲ အိပ်လိုက်ပါတော့လား"

စူးခုံးယက်သည် အနည်းငယ်မျှ စဥ်းစားလိုက်ပြီး ဦးခေါင်းကို ညိတ်ကာ ချိုယင်းဝေ၏ဖိတ်ခေါ်ချက်ကို လက်ခံလိုက်လေသည်။

ထို့နောက် စူးခုံးယက်သည် ချိုယင်းဝေနှင့်အတူ တည်းခိုခန်း၌ အိပ်လိုက်လေတော့သည်။

* * *



စူးခုံးယက် အိပ်ရာမှ စောစီးစွာ နိုးနေလေသည်။

သူသည် ပြတင်းပေါက်ကို ဖွင့်၍ အပြင်သို့ ကြည့်နေပေသည်။

ထိုစဥ် ချိုယင်းဝေလည်း အိပ်ရာမှ နိုးလာကာ ကျောအစ်ချက်ဆန့်၍ အညောင်းအညာဖြေလိုက်ပြီး ခုတင်ပေါ်မှ ဆင်းလိုက်လေသည်။

ထို့နောက် ရေချိုးခန်းထဲသို့ ဝင်ရောက်ကာ ခြေလက်ချက်နှာ ဆေးကြောလေသည်။

ထို့နောက် ချိုယင်းဝေနှင့် စူးခုံးယက်တို့သည် နံနက်စာကို သူတို့၏အခန်းထဲ၌ မှာယူစားသောက်ကြလေတော့သည်။

နံနက်စာ စားသောက်ရင်း ချိုယင်းဝေသည် စူးခုံးယက်ကို တစ်ချက်လှမ်းကြည့်လိုက်ပြီး. . .

"ခင်ဗျား သိုင်းပညာသင်တာ နှစ်အတော်ကြာပြီလား"

ဟု မေးလိုက်လေသည်။

စူးခုံးယက်က. . .

"သိပ်မကြာသေးပါဘူး၊ ကျွန်တော် သုံးနှစ်သားအရွယ်ကတည်းက ဆရာက မွေးစားပြီး သိုင်းပညာသင်ပေးခဲ့တယ်၊ ဆရာဆုံးတဲ့အထိဆိုတော့ ဆယ့်ကိုးနှစ်လောက်တော့ သင်လိုက်ရတယ်ဆိုပါတော့"

ချိုယင်းဝေက သူ၏မျက်ခုံးကို အထက်သို့ ပင့်တင်လိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ဆယ့်ကိုးနှစ်အထိ ပညာသင်လိုက်ရတယ်ဆိုတော့ နည်းတဲ့နှစ်မှ မဟုတ်တာဘဲ၊ ဒါနဲ့ ခင်ဗျားဆရာရဲ့ ပညာအားလုံးကို ရလိုက်ရဲ့လား"

စူးခုံးယက်က ဦးခေါင်းကို ခါယမ်းပြလိုက်ပြီး . . .

"ကျွန်တော်က ဉာဏ်ထိုင်းတယ်၊ ဒါနဲ့ ခင်ဗျား ဆရာက ဘယ်သူလဲ"

ချီယင်းဝေက စူးခုံးယက်ကို ပြုံး၍ပြလိုက်ပြီး . . .

"ဝမ်းနည်းပါတယ်၊ ကျုပ် ဆရာအကြောင်းကို ပြောပြဖို့ မဖြစ်လို့ပါ"

ချီယင်းဝေ၏ကားကြောင့် စူးခုံးယက်သည် မိမိ၏မျက်နှုံးမွေးများကို အနည်းငယ်ကျုံ့၍ မျက်မှောင်ကြုတ်လိုက်လေသည်။

သူ၏စိတ်ထဲ၌ ချီယင်းဝေ၏စကားကို မကျေမနပ် ဖြစ်မိသော်လည်း ချီယင်းဝေကို ဘာမျှ ထပ်၍ တိုက်တွန်းမေးမြန်းခြင်း မပြုချေ။

သူတို့သည် အတန်ကြာသည့်တိုင်အောင် နံနက်စာကို စားရင်း ရောက်တတ်ရာရာ အကြောင်းများကို ပြောဆိုနေလေသည်။

နံနက်စာ စားပြီးနောက် စူးခုံးယက်သည် ချီယင်းဝေကို နှုတ်ဆက်၍ ထွက်ခွာသွားလေတော့သည်။

* * *



ချီယင်းဝေသည် ကာလျှံမြို့သို့ ထိုနေ့ညနေချိန်တွင် ရောက်ရှိလာသည်။

သူသည် ကာလျှံမြို့သို့ ရောက်သည်နှင့် တရုတ်ဘုန်းတော်ကြီးကျောင်းသို့ အလျင်ဦးစွာ သွားလေသည်။

ဘုန်းတော်ကြီးကျောင်းသည် ကျယ်ဝန်းပြီး အလွန်ခမ်းနားသည်ကို ချီယင်းဝေ တွေ့မြင်လိုက်ရလေသည်။

ချီယင်းဝေသည် တရုတ်ဘုန်းတော်ကြီးကျောင်းသို့ ဝင်ရောက်ပြီး စုဟိုက်ဘုန်းတော်ကြီးထံ ဝင်ရောက်ကာ စူးခုံးယက်၏စာကို ပေးလေသည်။

စုဟိုက်ဘုန်းတော်ကြီးက စာကို ဖတ်ကြည့်လိုက်ပြီးနောက် ချီယင်းဝေကို လှမ်းကြည့်လိုက်လေသည်။

စူးခုံးယက်နှင့် ချီယင်းဝေတို့ မိတ်ဆွေ ဖြစ်သွားကြသဖြင့် ဘုန်းတော်ကြီးက မိမိအလွန်ဝမ်းသာကြောင်း ချီယင်းဝေကို ပြောပြလေသည်။

ထို့နောက် တရုတ်ဘုန်းတော်ကြီးသည် ချီယင်းဝေအား သိုင်းပညာဆိုသည်မှာ မိမိကိုယ်ကို ကာကွယ်ရန်၊ တိုင်းပြည်နှင့် လူမျိုးကိုထိပါးလာပါက အသုံးချရန် ကြိုးနိုင်ငယ်ညှဉ်းသဘောဖြင့် မိမိထက် သိုင်းပညာအဆင့်နိမ့်သူတို့ကို နိုင်ထက်စီးနင်း ပြုလုပ်ရန်မဟုတ်သည်ဖြင့် အတန်ကြာသည့်တိုင်အောင် ဆုံးမစကားများ ပြောနေလေသည်။

ထိုညတွင် ချီယင်းဝေသည် ကာလျှံမြို့တွင်းရှိ တည်းခိုခန်း

www.burmeseclassic.com

www.burmeseclassic.com



၌ မတည်းဘဲ စုဟိုက်ဘုန်းတော်ကြီးကျောင်း၌သာ တစ်ညတာ တည်းခိုလိုက်လေသည်။

* * *

ခုတင်ပေါ်တွင် ချီယင်းဝေသည် ဘယ်ညာလူးလိမ့်၍ နေပေသည်။

သန်းခေါင်ယံအချိန် ရှိနေပြီ ဖြစ်သော်လည်း ချီယင်းဝေ အိပ်ပျော်ခြင်းသို့ မရောက်သေးပါ။

တရုတ်ဘုန်းတော်ကြီးကျောင်းတွင် ဘုရားကျမ်းစာများ ရွတ်ဖတ်နေသဖြင့် ချီယင်းဝေသည် အိပ်မပျော်နိုင်ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် သူသည် မျက်လုံးကို အတင်းမှိတ်ကာ အိပ်ပျော်ရန် ကြိုးစားနေပေသည်။

သို့သော် အိပ်ပျော်ခြင်းသို့ ရောက်ရှိမလာချေ။

ထို့ကြောင့် နောက်ဆုံး၌ ချီယင်းဝေသည် အိပ်ရာမှ ထလိုက်ပြီး ပြတင်းပေါက်သို့ လျှောက်သွားကာ ပြတင်းပေါက်တံခါးကို ဖွင့်လိုက်လေသည်။

ပြတင်းပေါက်တံခါး ပွင့်သွားသည်နှင့် တပြိုင်နက် အေးစိမ့်သော သန်းခေါင်ယံ လေနုကလေးက အခန်းထဲသို့ ချီယင်းဝေကို တိုးဝှေ့ကာ ဝင်ရောက်လာလေတော့သည်။



ချီယင်းဝေကို တိုးဝှေ့တိုက်ခတ်လာသော သန်းခေါင်ယံလေနုအေးကလေးထဲတွင် ပန်းရနံ့များ ရောယှက်၍ ပါရှိလာလေ သည်။

ထို့ကြောင့် ချီယင်းဝေသည် စိတ်ကြည်နူးလာသော အေးမြသော ညဥ့်လေကို အားရပါးရ ရှူလိုက်လေသည်။

ထို့နောက် သူ၏စိတ်ထဲ၌ အပြင်သို့ထွက်ကာ လမ်းလျှောက်ရန် စိတ်ကူးပေါက်လာလေသည်။

ယင်းသို့ စိတ်ကူးပေါက်လာသည်နှင့် တပြိုင်တည်း ချီယင်းဝေသည် ပြတင်းပေါက်အောက်သို့ ခုန်ချလိုက်လေတော့သည်။

အပြင်ဘက်တွင် ချီယင်းဝေသည် အဆောင်နှစ်ခုကို မြင်တွေ့ရလေသည်။

ထိုအဆောင်နှစ်ခုမှာ အရှေ့ဆောင်နှင့် အနောက်ဆောင်ဖြစ်ပြီး မျက်နှာချင်းဆိုင်လျက် ရှိနေပေသည်။

ထိုအရှေ့ဆောင်နှင့် အနောက်ဆောင်တို့ အကြား၌ ကျောက်ကြိုလမ်းတစ်ခု ရှိလေသည်။

အဆောင်များ၏ တဘက်တွင် ကြီးမားသော အုတ်နံရံဖြင့် ခြံရံထားလေသည်။

ချီယင်းဝေသည် ကျောက်ကြိုလမ်းအတိုင်း လမ်းလျှောက်၍ နေပေသည်။

ကျောက်ကြိုလမ်းအတိုင်း ခဏတန်ကြာ လျှောက်မိသောအခါ

www.burmeseclassic.com

www.burmeseclassic.com



လှပသော ပန်းဥယျာဉ်တစ်ခုကို တွေ့လိုက်ရပေသည်။

ထိုပန်းဥယျာဉ်ထဲ၌ အရောင်အသွေး စုံလင်သော အမျိုးအစားစုံလင်သော ပန်းမန်များအပြင် စားပင်သီးပင်များ စိုက်ပျိုးထားသည်ကို ချိုယင်းဝေ တွေ့မြင်ရပေသည်။

သို့ဖြစ်၍ ချိုယင်းဝေသည် စိတ်ကို ကြည်နူးကာ လန်းဆန်းလာလေသည်။

ထိုစဉ် ရုတ်တရက် စူးရှသော အသံတစ်ခုက အေးချမ်းသာယာသောညကို ဖြိုခွင်းလိုက်လေတော့သည်။

* * *



ထိုစူးရှသော အသံက ချိုယင်းဝေကို ရင်ထိတ်စေလေသည်။

ချိုယင်းဝေ၏ ကိုယ်ခန္ဓာတစ်ခုလုံးကိုလည်း ကြက်သီးမွေးညင်းများ ထသွားစေလေသည်။

ချိုယင်းဝေသည် ထိုစူးရှသောအသံ ကြားလိုက်ရသည်နှင့် သူ၏ခြေလှမ်းများ ရပ်တန့်ကာ တဒင်္ဂမျှ ကျောက်ဆစ်ရုပ်ကဲ့သို့ မလှုပ်ရှားဘဲ ရပ်တန့်နေလေသည်။

အတန်ကြာမှ သူသည် စူးရှသောအသံ ပေါ်ထွက်လာရာဘက်သို့ ပြေးလွှားသွားလေတော့သည်။

နှစ်ထပ်အဆောက်အအုံငယ်တစ်ခု အနီးသို့ ရောက်ရှိလာသောအခါ ထိုအဆောက်အအုံ၏ အပေါ်ထပ်မှ အဖြူရောင် လူရိပ်တစ်ခု ခုန်ချသွားသည်ကို ချိုယင်းဝေ တွေ့လိုက်ရလေ တော့သည်။

ထိုသို့ မြင်တွေ့လိုက်ရသည်နှင့် ချိုယင်းဝေသည် သူ၏ခြေလှမ်းများကို ရပ်တန့်လိုက်ပြီး. . .

"ဟေ့. . . ဘယ်သူလဲ"

ဟု လှမ်းမေးလိုက်လေသည်။

သူသည် ထိုသို့ လှမ်း၍ မေးလိုက်ရင်း ထိုလူရိပ်ကို သေချာစွာ ကြည့်လိုက်လေသည်။

ထိုလူသည် ချိုယင်းဝေဘက်သို့ လှည့်၍ မကြည့်ဘဲ ရှေ့သို့ ဆက်၍ ပြေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ချီယင်းဝေသည် ထိုလူ၏နောက်မှ ပြေး၍ လိုက်ရင်း၊ သူ၏ခြေထောက်ကို မြေကြီးပေါ်သို့ တစ်ချက်ဆောင့်ကာ လေထဲ၌ တစ်ပတ်ကျွမ်းထိုးလိုက်ပြီး၊ တဆက်တည်း ထိုလူ၏ နောက်ကျောသို့ လက်ဝါးနှင့် ရိုက်ချလိုက်လေသည်။

ထိုလူသည် ရှေ့သို့ ပြေးနေရာမှ ရပ်တန့်လိုက်ပြီး ရုတ်တရက် နောက်သို့လှည့်ကာ မိမိ၏လက်ဝါးနှစ်ဘက်ဖြင့် ရိုက်ချလာသော ချီယင်းဝေ လက်ဝါးနှစ်ဘက်ကို ပြန်လည်ရိုက်ထုတ်လိုက်လေသည်။

“ဝုန်း”

ဟူသော လက်ဝါးရိုက်ချက် ပေါ်ထွက်လာပြီး နှစ်ယောက်စလုံး နောက်သို့ ခြေလှမ်း သုံးလေးလှမ်းမျှ ပြိုင်တူ နောက်ဆုတ်သွားလေသည်။

ထိုလူ၏ခါးတွင် ဓားတစ်ချောင်း ချိတ်ဆွဲထားသော်လည်း ထိုလူသည် မိမိ၏ဓားကို ထုတ်ရန် စိတ်မကူးဘဲ လျှပ်တပြက် နောက်သို့လှည့်ကာ ထွက်ပြေးသွားလေတော့သည်။

ချီယင်းဝေ ခဏမျှ ငေးကြောင်နေပြီးနောက် ထိုလူ၏ နောက်သို့ လျင်မြန်စွာ ပြေးလိုက်သွားလေတော့သည်။

သို့သော် ထိုလူက သူ့ထက် ပိုမိုလျင်မြန်စွာ ပြေးလွှား၍ နေသောကြောင့် ချီယင်းဝေသည် ထိုလူအား လိုက်၍ မမီတော့ချေ။

မကြာမီ ထိုလူရိပ်သည် ကျောက်တုံးတစ်ခု၏နောက်



င်ရောက် ပျောက်ကွယ်သွားပေတော့သည်။

ထိုကျောက်တုံးနောက်သို့ ချီယင်းဝေ ရောက်ရှိလာသောအခါ ထိုလူငယ်၏ အရိပ်အရောင်ကိုပင် မမြင်တွေ့ရတော့ချေ။

ထို့ကြောင့် ချီယင်းဝေသည် သူ၏ခြေလှမ်းများကို ရပ်တန့်လိုက်ပြီး မိမိ၏ပတ်ဝန်းကျင်ကို လှည့်ပတ်၍ အကဲခတ်ကြည့် လိုက်လေသည်။

ထိုစဉ် ရုတ်တရက် သူ၏နောက်ကျောဘက်မှ လေတိုးသံ အနည်းငယ် ကြားလိုက်ရလေသည်။

တစ်ချိန်တည်းမှာပင် ချီယင်းဝေ၏စိတ်ထဲ၌ မိမိ၏ နောက်ကျောဘက်မှ လက်နက်ပုန်းတစ်ခု ပစ်လွှတ်လာသည်ဟု ခံစားလိုက်ရလေသည်။

ယင်းသို့ ခံစားလိုက်ရသည်နှင့် ချီယင်းဝေ၏ခန္ဓာကိုယ်သည် ယိမ်းနွဲ့လှုပ်ရှားမိလိုက်လေသည်။

ဤသည်မှာ ဖြတ်သန်းလာရသော သိုင်းလောက၏ အတွေ့အကြုံများအရ ချီယင်းဝေ၏ခန္ဓာကိုယ်သည် နှီးကြားနေသောကြောင့် ယခုကဲ့သို့ စိတ်ထဲမှ ခံစားလိုက်ရသည်နှင့် တပြိုင်နက် မိမိ၏ခန္ဓာကိုယ်ကို လှုပ်ရှားကာ ရှောင်တိမ်းလိုက်ခြင်း ဖြစ်သည်။

ချီယင်းဝေ၏ နောက်ကျောမှ ပစ်လွှင့်လာသော အရာသည် လက်နက်ပုန်းမဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ခေါင်မိုးအုတ်ကြွပ် ၂ ချပ်သာ ဖြစ်ပါသည်။

ထိုအိမ်ခေါင်မိုးအုပ်ကြွပ် ၂ ချပ်သည် ချီယင်းဝေ၏ ဦးခေါင်းပေါ် မှ ဖြတ်သန်းကာ မြေပေါ် သို့ ကျရောက်သွားလေတော့သည်။

ချီယင်းဝေက လျင်မြန်စွာ ပတ်ဝန်းကျင်ကို တစ်ချက်လှည့်ပတ်ကြည့်ရှုလိုက်လေသည်။

ယင်းသို့ လှည့်ပတ်ကြည့်ရှုလိုက်သည်နှင့် တပြိုင်နက် ချီယင်းဝေသည် မိမိနှင့် ဝါးနှစ်ရိုက်ခန့် အကွာအဝေးတွင် တရုတ်ဘုန်းတော်ကြီးတစ်ပါး ရပ်တန့်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ချီယင်းဝေက တရုတ်ဘုန်းတော်ကြီးကို မြင်တွေ့လိုက်သောအခါ. . .

"လူတစ်ယောက် ကျောက်တုံးနောက်ကနေ ထွက်ပြေးသွားပြီ၊ မြန်မြန်လိုက်မှ ဖြစ်မယ်"

ဟု ပြောလိုက်လေသည်။

တရုတ်ဘုန်းတော်ကြီးက ချီယင်းဝေကို တစ်ချက်စူးစိုက်ကြည့်ကာ လျင်မြန်သော အဟုန်ဖြင့် လျှောက်လာလေသည်။

ထို့နောက် တဆက်တည်း ရွှေနဂါးခြေသည်းသိုင်းကွက်ဖြင့် ချီယင်းဝေ၏ရင်ဝသို့ တိုက်ခိုက်လိုက်လေတော့သည်။

ချီယင်းဝေက ရှောင်တိမ်းလိုက်ပြီး. . .

"ဘာလို့ တိုက်ခိုက်တာလဲ"



ဟု မေးလိုက်လေသည်။

တရုတ်ဘုန်းတော်ကြီးက မည်သည့်စကားသံမျှ တုံ့ပြန်ပြောဆိုခြင်း မပြုဘဲ ရွှေနဂါးလက်သည်းသိုင်းကွက်ဖြင့် ချီယင်းဝေကို ထပ်မံတိုက်ခိုက်လိုက်ပြန်လေသည်။

ချီယင်းဝေက ရှောင်တိမ်းလိုက်ပြီး တရုတ်ဘုန်းတော်ကြီးအား မျက်မှောင်တချက်ကြုတ်၍ ကြည့်ကာ. . .

"ဘုန်းတော်ကြီးက ဗီကျောင်းကမှ ဟုတ်ရဲ့လား"

ဟု မေးလိုက်လေသည်။

တရုတ်ဘုန်းတော်ကြီးက ဘာမျှပြန်မပြောဘဲ 'ရွှေနဂါးခြင်လယ်ကူး' သိုင်းကွက်ဖြင့် မရပ်မနား ဆက်တိုက် တိုက်ခိုက်လိုက်လေတော့သည်။

တရုတ်ဘုန်းတော်ကြီး၏ အတွင်းအားမှာ တဖြည်းဖြည်း ကြောက်မက်ဖွယ်ကောင်းလာပေသည်။

ချီယင်းဝေသည် ရှောင်တိမ်း၍ နေရာမှ နောက်ဆုံးတရုတ်ဘုန်းတော်ကြီးအား ပြန်လည်တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

ထိုစဉ် ရုတ်တရက် ခေါင်းလောင်းသံများ ပေါ်ထွက်လာသေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



"ဒေါင် . . . ဒေါင် . . . ဒေါင်"

ခေါင်းလောင်းသံများ အဆက်မပြတ် ပေါ်ထွက်လာလေသည်။

တိတ်ဆိတ်သောည ဖြစ်၍ ခေါင်းလောင်းသံမှာ ကြားရသူများအတွက် ထိတ်လန့်တုန်လှုပ်ဖွယ် ကောင်းလှပေသည်။

ခေါင်းလောင်းသံသည် ရပ်နားခြင်းမရှိဘဲ အဆက်မပြတ် ပေါ်ထွက်လာသကဲ့သို့ ချိုယင်းဝေကို တိုက်ခိုက်နေသော ဘုန်းတော်ကြီး၏သိုင်းကွက်များသည် တစ်ကွက်ပြီးတစ်ကွက် ဆက်တိုက်ထွက်ပေါ်ကာ ချိုယင်းဝေအား တရကြမ်း တိုက်ခိုက်နေပေသည်။

တရုတ်ဘုန်းတော်ကြီး၏ သိုင်းကွက်များသည် တစ်ကွက်ထက်တစ်ကွက် ပိုမိုအားပြင်းလာသဖြင့် ချိုယင်းဝေသည် မိမိ အခြေအနေ မဟန်ကြောင်း သဘောပေါက်လာလေတော့သည်။

ထို့ကြောင့် ချိုယင်းဝေသည် တရုတ်ဘုန်းတော်ကြီး၏ သိုင်းကွက်များကို ခုခံကာကွယ်ရင်း နောက်သို့ တဖြည်းဖြည်း ဆုတ်၍သွားလေသည်။

ထို့နောက် သူသည် ခြေထောက်တစ်ချက်ဆောင့်ကာ သစ်ပင်ပေါ်သို့ ခုန်တက်လိုက်လေတော့သည်။

သစ်ပင်ပေါ်သို့ ရောက်သည်နှင့် တပြိုင်တည်း နှစ်ထပ်အဆောက်အအုံ၏ ခေါင်မိုးပေါ်သို့ ဆက်၍ ခုန်တက်လိုက်လေ



တော့သည်။

ခေါင်မိုးပေါ်သို့ ချိုယင်းဝေ၏ခြေထောက်များ မကျရောက်မီမှာပင် ဘောင်ဝှေးကိုယ်စီကိုင်ထားသော တရုတ်ဘုန်းတော်ကြီးလေးပါးက ချိုယင်းဝေကို ဆီးကြို၍ တိုက်ခိုက်လိုက်လေတော့သည်။

ထို့ကြောင့် ချိုယင်းဝေသည် ခေါင်မိုးပေါ်သို့ ရောက်သည်နှင့် ဘုန်းတော်ကြီးလေးပါး၏ တိုက်ခိုက်မှုကို ကပျာကသီ ရှောင်တိမ်းရင်း တဆက်တည်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ထိုစဉ် ချိုယင်းဝေအား စတင်တိုက်ခိုက်ခဲ့သော တရုတ်ဘုန်းတော်ကြီးသည် ခေါင်မိုးပေါ်သို့ ရောက်ရှိလာပြီး ချိုယင်းဝေကို ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

ချိုယင်းဝေသည် မိမိ၏အခြေအနေ မဟန်ကြောင်း သိသဖြင့် ခေါင်မိုးပေါ်မှ ပထမအထပ်သို့ ခုန်ချလိုက်လေတော့သည်။

ထို့နောက် သူသည် ပထမထပ်မှ အောက်သို့ ငုံ့ကြည့်လိုက်ရာ တရုတ်ဘုန်းကြီးကျောင်းအတွင်း၌ တရုတ်ဘုန်းတော်ကြီးများ ရှုတ်ရှုတ်သဲသဲ ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

တရုတ်ဘုန်းတော်ကြီး အချို့သည် မီးပုံးများကိုကိုင်ထားပြီး အချို့သည် ဘောင်ဝှေးများကိုကိုင်ကာ တရုတ်ဘုန်းကြီးကျောင်းအတွင်း၌ ပြေးလွှားနေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလောင်းသံသည် အဆက်မပြတ် ပေါ်ထွက်နေဆဲ ဖြစ်ပါသည်။

ချိုယင်းဝေသည် ထိုကဲ့သို့ ရှုပ်ထွေးသော အခြေအနေမျိုးကို မြင်ရပြီး ရင်ထဲ၌ တုန်လှုပ်လာကာ စိတ်ထဲမှ...

"ဘာတွေ ဖြစ်နေတာလဲ"

ဟု တွေးလိုက်မိလေသည်။

တရုတ်ဘုန်းကြီးကျောင်းထဲ၌ မည်သည့်ကိစ္စများ ဖြစ်နေသည်ကို ချိုယင်းဝေ စဉ်းစား၍မရပါ။

ထိုအချိန်တွင် ချိုယင်းဝေရှိရာ ပထမထပ်သို့ ချိုယင်းဝေအား စတင်တိုက်ခိုက်ခဲ့သော တရုတ်ဘုန်းတော်ကြီး ရောက်ရှိလာလေသည်။

ချိုယင်းဝေသည် ထိုတရုတ်ဘုန်းတော်ကြီးအား မြင်တွေ့လိုက်ရသည်နှင့် မိမိ၏ဓားအား ဆွဲထုတ်လိုက်လေတော့သည်။

ထို့နောက် ဒေါသဖြစ်သော လေသံဖြင့်...

"ဘာဖြစ်နေကြတာလဲ"

ဟု အော်ဟစ်လိုက်လေသည်။

ချိုယင်းဝေသည် မိမိ လက်ထဲ၌ ဓားရှိနေသဖြင့် စိတ်ဓာတ်တက်ကြွလာကာ တရုတ်ဘုန်းတော်ကြီးအား တရကြမ်း ပြန်လည်၍ တိုက်ခိုက်နေသည်။

ချိုယင်းဝေတို့သည် သိုင်းကွက် ခုနစ်ဆယ်ကျော်မျှ အပြန်အလှန် တိုက်ခိုက်ပြီးသောအခါ တရုတ်ဘုန်းတော်ကြီး



သည် နောက်သို့ ခြေလှမ်း အနည်းငယ် ဆုတ်သွားရလေသည်။

ချိုယင်းဝေသည် မိမိက အသာစီးမှ နေရပြီ ဖြစ်သဖြင့် ပိုမိုသွက်လက်ကာ တရုတ်ဘုန်းတော်ကြီးကို ဖိ၍ တိုက်ခိုက်နေပေသည်။

ထိုစဉ် ရုတ်တရက် တရုတ်ဘုန်းတော်ကြီးက အသံကျယ်လောင်စွာ တစ်ချက်အော်ဟစ်လိုက်လေသည်။

ယင်းသို့ အော်ဟစ်လိုက်သောကြောင့် ချိုယင်းဝေသည် ရုတ်တရက် တဒင်္ဂမျှ ငေးကြောင်သွားလေသည်။

သို့ဖြစ်၍ သူ၏ဓားချက်များသည် အနည်းငယ် အားလျော့သွားလေသည်။

တရုတ်ဘုန်းတော်ကြီးသည် ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ ချိုယင်းဝေအား တရကြမ်း ပြန်လည်၍ တိုက်ခိုက်လေတော့သည်။

သို့သော် ချိုယင်းဝေသည် မိမိ၏ဟာကွက်ကို ချက်ချင်း ပြန်လည်ကာကွယ်လိုက်နိုင်သဖြင့် ပြန်လည်၍ အသာစီးမှ တိုက်ခိုက်ရပြန်သည်။

ချိုယင်းဝေသည် ထိုသို့ တိုက်ခိုက်ရင်း...

"ဘာဖြစ်လို့ ကျွန်တော့်ကို တိုက်ခိုက်ချင်ရတာလဲ"

ဟု မေးလိုက်လေသည်။

တရုတ်ဘုန်းတော်ကြီးက...

"အ...အ...အ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ချိုယင်းဝေ၏အမေးကို ဖြေလိုက်လေသည်။

ချိုယင်းဝေသည် နှုတ်ခမ်းတစ်ချက်မဲ့လိုက်ပြီး. . .

"ဘုန်းတော်ကြီးက အ,နေတာကိုး"

ဟု ပြောကာ တရုတ်ဘုန်းတော်ကြီးကို ပိုမိုအားစိုက်၍ တိုက်ခိုက်လိုက်လေသည်။

ထိုစဉ် ရုတ်တရက် ချိုယင်းဝေ၏စိတ်ထဲ၌ မိမိ၏နောက် ကျောဘက်တွင် တစ်စုံတစ်ယောက် ရောက်ရှိနေသည်ဟု ခံစား လိုက်ရပေသည်။

ထို့ကြောင့် သူသည် ရုတ်တရက် နောက်သို့လှည့်ပြီး ကြည့်လိုက်လေသည်။

ယင်းသို့ ကြည့်လိုက်သည်နှင့် သူ၏နောက်တွင် တရုတ် ဘုန်းတော်ကြီးတစ်ပါး ရပ်တန့်နေသည်ကို တွေ့လိုက်ရလေ သည်။

ထိုတရုတ်ဘုန်းတော်ကြီးသည် စုပဟိုက်ဘုန်းတော်ကြီး ပင် ဖြစ်ပါသည်။

* * *



စုပဟိုက်ဘုန်းတော်ကြီးသည် ရပ်တန့်နေ၏။

စုပဟိုက်ဘုန်းတော်ကြီး၏မျက်နှာပေါ်တွင် ဒေါသ ဖြစ် နေဟန် ပေါ်လွင်နေသည်။

ချိုယင်းဝေသည် စုပဟိုက်ဘုန်းတော်ကြီးကို တွေ့လိုက် သည်နှင့် မိမိ၏ဓားကို ရုပ်သိမ်းပြီး လက်နှစ်ဘက်ဆုပ်ကာ ဦး ညွှတ်လိုက်လေသည်။

ပြီးမှ. . .

"ဘုန်းတော်ကြီး လာတာနဲ့ အတော်ပဲ"

ထို့နောက် သူသည် မိမိနှင့် စတင်တိုက်ခိုက်ခဲ့သော တရုတ်ဘုန်းတော်ကြီးကို ညွှန်ပြပြီး. . .

"ဟောဒီ ဘုန်းတော်ကြီးက ကျွန်တော့်ကို အကြောင်း မဲ့ဘဲ တိုက်ခိုက်နေပါတယ်"

ဟု တိုင်ကြားလိုက်လေသည်။

ချိုယင်းဝေနှင့် စတင်တိုက်ခိုက်ခဲ့သော တရုတ်ဘုန်း တော်ကြီးက. . .

"အ. . . အ. . . အ. . . အ"

မျက်နှာရိပ် မျက်နှာကဲဖြင့် ပြောလိုက်လေသည်။

စုပဟိုက်ဘုန်းတော်ကြီးက ဦးညွှတ်ပြရင်း. . .

"စိတ်ချပါ. . . သူ့ကို မလွတ်တမ်း ဖမ်းထားပါ့မယ်"

ချိုယင်းဝေက တရုတ်ဘုန်းတော်ကြီးနှစ်ပါးကို နား မလည်သည့်ဟန်ဖြင့် တစ်လှည့်စီကြည့်လိုက်ရင်း. . .

www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းတော်ကြီးက ဘာသဘောနဲ့ ပြောနေတာလဲ"

စုဟိုက်ဘုန်းတော်ကြီးက ချိုယင်းဝေကို မျက်နှာထား တင်းတင်းဖြင့် ကြည့်ကာ. . .

"မင်းဝန်ခံရင် ကောင်းမယ်ထင်တယ်"

ချိုယင်းဝေက နားမလည်ဟန်ဖြင့်. . .

"ဘာကို ဝန်ခံရမှာလဲ"

စုဟိုက်ဘုန်းတော်ကြီးက. . .

"မင်းငြင်းချင်သေးလို့လား"

ချိုယင်းဝေက ခေါင်းတစ်ချက် ခါယမ်းလိုက်ပြီး. . .

"ကျွန်တော်က ဘာကို ဝန်ခံရမှာလဲ"

စုဟိုက်ဘုန်းတော်ကြီးက. . .

"ဘာဖြစ်လို့ မင်းက မသိချင်ဟန်ဆောင်နေရတာလဲ၊ မင်းခိုးခဲ့တဲ့ ကျမ်းစာကို ပြန်ပေးရင် မင်းကို လျှော့လျှော့ပေါ့ပေါ့ အပြစ်ပေးဖို့ ဘုန်းတော်ကြီး တာဝန်ယူပါတယ်"

ချိုယင်းဝေက ယခုမှ သဘောပေါက်ဟန်ဖြင့်. . .

"လက်စသတ်တော့ ဘုန်းတော်ကြီးတို့ ကျမ်းစာ ပျောက်နေတာကိုး"

စုဟိုက်တရုတ်ဘုန်းတော်ကြီးကား ရယ်ခြင်း၊ ပြုံးခြင်း အလျဉ်း မရှိချေ။

"ဟုတ်တယ်၊ ဘာဖြစ်လို့ မင်းက မသိဟန်ဆောင်နေရ တာလဲ"



"ကျွန်တော်က မသိဟန်ဆောင်တာ မဟုတ်ဘူး။ ဘုန်းတော်ကြီးတို့က လူမှားနေတာ"

စုဟိုက်တရုတ်ဘုန်းတော်ကြီးက ချိုယင်းဝေနှင့် စတင်တိုက်ခိုက်ခဲ့သော တရုတ်ဘုန်းတော်ကြီးကို ညွှန်ပြလိုက်ပြီး. . .

"မင်းကျမ်းစာခိုးတာကိုတော့ ဒီဆရာကိုယ်တိုင် တွေ့တယ်၊ နောက်ပြီး မင်းက တရုတ်ဘုန်းတော်ကြီးတစ်ပါးကိုလည်း သတ်ပစ်လိုက်တယ် မဟုတ်လား"

ချိုယင်းဝေက ဦးခေါင်းကို ဘယ်ညာယမ်းလိုက်သည်။

"ကျွန်တော်ခိုးတာ မဟုတ်ဘူး။ တရုတ်ဘုန်းတော်ကြီးတို့ လူမှားနေတာ"

ထိုစဉ် ချိုယင်းဝေနှင့် စတင်တိုက်ခိုက်ခဲ့သော တရုတ်ဘုန်းတော်ကြီးက တအားအားဖြင့် ဝင်ရောက်ပြောလိုက်လေသည်။

ချိုယင်းဝေ ထိုတရုတ်ဘုန်းတော်ကြီးအား ဒေါသ ဖြစ်သော မျက်လုံးများဖြင့် ငဲ့စောင်း၍ ကြည့်လိုက်ပြီး. . .

"ဟာ. . . ဒီတရုတ်ဘုန်းတော်ကြီး တအားအားနဲ့ ဘာတွေ လျှောက်ပြောနေသလဲ မသိဘူး"

စုဟိုက်တရုတ်ဘုန်းတော်ကြီးက. . .

"ဒီမှာ မင်းက တရုတ်ဘုန်းတော်ကြီးတို့ရဲ့ ဆရာကို စော်ကားပါနဲ့"

ဟု ဟန့်တားပြောဆိုလိုက်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချီယင်းဝေက လက်နှစ်ဘက်ဆုပ်ကာ. . .

"ကျွန်တော် ရှင်းပြပါရစေ"

"ရှင်းပြဖို့ လိုသေးသလား"

"လိုပါတယ်"

စုဟိုက်တရုတ်ဘုန်းတော်ကြီး ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ နားထောင်ရတာပေါ့"

ချီယင်းဝေက သက်ပြင်းတစ်ချက်မှုတ်ထုတ်လိုက်ပြီး

"ကျွန်တော် အိပ်မပျော်လို့ လမ်းဆင်းလျှောက်တယ်၊ အဲဒီအချိန်မှာ စူးရှတဲ့ အသံတစ်သံ ကြားလိုက်ရတယ်"

စုဟိုက်တရုတ်ဘုန်းတော်ကြီးက လက်ကာပြလိုက်ရင်း

"ဒီအချိန်ဟာ အိပ်မပျော်လို့ လမ်းလျှောက်ထွက်ရမယ့် အချိန်မှ မဟုတ်ဘဲ"

"ဒါပေမယ့် ကျွန်တော်က အိပ်မပျော်လို့ လမ်းဆင်းလျှောက်တာပဲ"

"ထားပါတော့၊ အိပ်မပျော်လို့ လမ်းလျှောက်တယ်ပဲ ထားပါတော့"

ချီယင်းဝေက မကျေနပ်ဟန်ဖြင့်. . .

"ကျွန်တော်ပြောတာတွေကို ယုံချင်လည်းယုံ မယုံချင်လည်းနေ၊ ကျွန်တော်ကတော့ ရှင်းပြရမှာပဲ"

"ကောင်းပြီလေ. . . ရှင်းပြပါ"

ချီယင်းဝေက. . .



"ကျွန်တော် အိပ်မပျော်လို့ လမ်းဆင်းလျှောက်နေတုန်း စူးရှတဲ့ အသံတစ်သံကို ကြားလိုက်ရတယ်၊ ဒါနဲ့ အသံကြားတဲ့ နေရာကို ကျွန်တော်လှမ်းကြည့်တော့ ဟောဒီ အဆောက်အအုံ ပေါ်က အဖြူရောင်အင်္ကျီနဲ့ လူတစ်ယောက် ခုန်ချလာတာကို မြင်လိုက်ရတယ်"

"ဒါနဲ့ ကျွန်တော်က ဘယ်သူလဲလို့ လှမ်းမေးတော့ အဲဒီ လူက ထွက်ပြေးတယ်၊ ကျွန်တော် နောက်ကပြေးလိုက်သွား တော့ အဲဒီလူဟာ ကျောက်တုံးနောက်ဘက်ဝင်ပြီး ပျောက်သွား တော့တာပဲ"

ထိုစဉ် ချီယင်းဝေနှင့် စတင်တိုက်ခိုက်ခဲ့သော တရုတ် ဘုန်းတော်ကြီးက. . .

'တအားအား' ဖြင့် ဝင်ရောက်ပြောလိုက်ပြန်လေသည်။

စုဟိုက်ဘုန်းတော်ကြီးက ခေါင်းညိတ်ကာ. . .

"သူရှင်းပြတာကို နားထောင်ပါဦး ကိုယ်တော်"

ပြီးမှ သူသည် ချီယင်းဝေအား လှမ်း၍. . .

"ကဲ. . . ဆက်ပြောပါဦး"

ချီယင်းဝေက တွေးတစ်ချက် မှိုင်ချလိုက်ပြီး. . .

"ကျွန်တော်လဲ အဲဒီလူဝင်သွားတဲ့ ကျောက်တုံးနောက် ဘိုလိုက်ဝင်တော့ အဲဒီလူကို မတွေ့ရတော့ဘူး၊ အဲဒီနားမှာ ကျွန် တော်ရှာနေတုန်းမှာပဲ ဟောဒီဘုန်းတော်ကြီးရောက်လာပြီး ဘာ မပြောညာမပြောနဲ့ တိုက်ခိုက်တော့တာပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် တရုတ်ဘုန်းတော်ကြီးက တအားအားဖြင့် တစ်စုံတစ်ခုအား ပြန်လည်ပြောဆိုလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီးက ခေါင်းတစ်ချက်ညိတ်ပြီး ချိုယင်းဝေကို လှမ်းကြည့်ကာ. . .

"ဘုန်းတော်ကြီးရဲ့ဆရာက မင်းအိမ်ပေါ်က ခုန်ချလာကိုတွေ့တယ်လို့ ပြောပါလား"

ချိုယင်းဝေက ခေါင်းခါယမ်းလိုက်ပြီး. . .

"မဟုတ်ဘူး၊ လူမှားတာဖြစ်လိမ့်မယ်"

ထိုစဉ် တရုတ်ဘုန်းတော်ကြီးက ခြေဟန်လက်ဟန်ဖြင့် ပြောဆိုပြန်လေသည်။

စုဟိုက်ဘုန်းတော်ကြီးက. . .

"ဘုန်းတော်ကြီးရဲ့ ဆရာကပြောတယ်၊ ဘုန်းကြီးတစ်ပါး အသတ်ခံရလို့ အဲဒီလူသတ်သမားကို လိုက်ရှာတော့ မင်းကိုတွေ့တယ်လို့ပြောတယ်"

ချိုယင်းဝေသည် စိတ်တိုလာဟန်ဖြင့်. . .

"ဒီလိုသာဆိုရင်တော့ တရုတ်ဘုန်းတော်ကြီးတို့ကို ရှင်းပြရတာ နောက်ဆယ်နှစ်ကြာလည်း ပြီးမှာမဟုတ်ဘူး"

"မင်းက ရှင်းပြချင်တယ်ဆို"

"ဒါပေါ့ ကိုယ်မလုပ်တဲ့ကိစ္စပဲ၊ ဒါနဲ့နေပါဦး အခုကိစ္စကို အဆုံးအဖြတ်ပေးနိုင်မယ့် ဝါအကြီးဆုံး ဘုန်းတော်ကြီးမရှိဘူးလား"



"ရှိတယ်"

"ဒါဖြင့် ကျွန်တော့်ကို ခေါ်သွားဗျာ၊ ဟိုကျမှပဲရှင်းမယ်"

စုဟိုက်ဘုန်းတော်ကြီး ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ"

ထို့နောက် ချိုယင်းဝေကို ဦးဆောင်၍ ခေါ်သွားလေတော့သည်။

* * *

သူတို့သည် လက်ဝဲဘက်အဆောင်သို့ ရောက်ရှိသောအခါ စုဟိုက်ဘုန်းတော်ကြီးက တံခါးကို တွန်း၍ဖွင့်လိုက်လေသည်။

ထို့နောက် တရုတ်ဘုန်းတော်ကြီးသည် ချိုယင်းဝေကို လှည့်ကြည့်လိုက်ပြီး. . .

"လာ. . . ဘုန်းတော်ကြီးနောက်က လိုက်ခဲ့"

ဟုပြောကာ အဆောင်ထဲသို့ ဝင်ရောက်သွားလေ၏။

ချိုယင်းဝေသည် ဘာမျှပြန်လည်မပြောဘဲ အဆောင်ထဲသို့ဝင်ရောက်ကာ စုဟိုက်ဘုန်းတော်ကြီးနောက်မှ ထက်ကြပ်မကွာလိုက်ပါသွားလေတော့သည်။

အခန်းထဲသို့ ရောက်သောအခါ မျက်ခုံးမွေးများဖြူဖွေးနေသော တရုတ်ဘုန်းတော်ကြီးတစ်ပါး တင်ပျဉ်ခွေလျက်ထိုင်

www.burmeseclassic.com

www.burmeseclassic.com



နေသည်ကို တွေ့လိုက်ရလေသည်။

ချီယင်းဝေက ထိုတရုတ်ဘုန်းတော်ကြီးအား မိမိ၏ လက်နှစ်ဘက်ကိုဆုပ်၍ ဦးညွတ်ကာ ဂါရဝပြုလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ချီယင်းဝေကို တစ်ချက် အကဲခတ်ကြည့်လိုက်လေသည်။

ထိုစဉ် စုဟိုက်ဘုန်းတော်ကြီးက မျက်ခုံးမွေးဖြူဖွေးနေသော တရုတ်ဘုန်းတော်ကြီးအား လက်အုပ်ချီ၍ ချီယင်းဝေ၏ အဖြစ်အပျက်ကို လျှောက်ထားလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးနေသော တရုတ်ဘုန်းတော်ကြီးသည် ဦးခေါင်းကို တညိတ်ညိတ်ဖြင့် စုဟိုက်ဘုန်းတော်ကြီး လျှောက်တင်သမျှကို နားထောင်နေပေသည်။

ထိုစဉ် ချီယင်းဝေနှင့် စတင်တိုက်ခိုက်ခဲ့သော တရုတ်ဘုန်းတော်ကြီးက တအာ. . . အာဖြင့် ဝင်ရောက်လျှောက်ထားပြန်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ထိုတရုတ်ဘုန်းတော်ကြီးအား လက်ကာ၍ဟန့်တားလိုက်ပြီး ချီယင်းဝေဘက်သို့ လှည့်ကာ. . .

"မောင်ရင်က ဘာကိစ္စနဲ့ ဒီနေရာကို ရောက်လာရတာလဲ"

ချီယင်းဝေက. . .

မိမိသည် ဤတရုတ်ဘုန်းတော်ကြီးကျောင်းသို့ စူးခုံးသက်၏စာကို လာရောက်ပေးခြင်းဖြစ်ကြောင်း ရှင်းပြပြောဆိုလိုက်လေသည်။



မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ဦးခေါင်းကို တစ်ချက်ညိတ်လိုက်ပြီး. . .

"ဒါဖြင့် ဘာဖြစ်လို့ မပြန်ရတာလဲ"

ချီယင်းဝေက စုဟိုက်ဘုန်းတော်ကြီးဘက်သို့ ညွှန်ပြကာ

"ဟောဒီ ဘုန်းတော်ကြီးနဲ့ စကားကောင်းနေလို့ ကျွန်တော် ဒီမယ် တည်းခိုရတာပါ"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ခေါင်းကိုတစ်ချက်ညိတ်လျက်. . .

"တည်းခိုတာက ဒီအတွင်းဆောင်ဘက်မှာလား"

"မဟုတ်ပါဘူး၊ ကျွန်တော် အိပ်မပျော်လို့ လမ်းဆင်းလျှောက်ရင်း စူးရှတဲ့ အသံတစ်ချက်ကို ဒီအဆောင်ဘက်က ကြားလိုက်ရလို့ လာကြည့်တာပါ"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .

"မင်းလာလို့ စူးရှတဲ့အသံ ကြားတာလား"

ချီယင်းဝေ အနည်းငယ် စိတ်ပျက်သွားလေသည်။

သူသည် စိတ်ပျက်စွာ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး. . .

"ကျွန်တော် ပြောပြနေတာ ရှင်းရှင်းလေးပဲ၊ ဘာမှရှုပ်ထွေးစရာမရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .

"မင်းပြောတာ ရှင်းပါတယ်၊ ရှင်းအောင် မင်းက ပြောနေတာပဲ၊ ဒါပေမယ့် ဘုန်းတော်ကြီးက ရှုပ်ထွေးအောင် နား လည်မှ ပိုပြီး ရှင်းလာမယ်"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေ ဘာမျှပြန်မပြောတော့ပါ။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက တစ်ချက်ပြုံးလိုက်ပြီး. . .

"ကဲ. . . ဆက်ပြောပါဦး၊ မင်း စူးရှတဲ့အသံကြားပြီး ဘာဖြစ်လဲ"

ချိုယင်းဝေက. . .

"အသံကြားတဲ့နေရာ ရောက်တော့ အဖြူရောင်အင်္ကျီဝတ်ထားတဲ့ လူတစ်ယောက် နှစ်ထပ်အဆောက်အအုံပေါ်က ခုန်ချလာတာ တွေ့ရတယ်"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .

"နောက်ပြီးတော့ ဘာဖြစ်သလဲ"

ချိုယင်းဝေက နှုတ်ခမ်းတစ်ချက် ကိုက်လိုက်ပြီး. . .

"တပည့်တော်လဲ အဲဒီလူနောက်ကို လိုက်သွားတာ၊ နောက်ဆုံးတော့. . ."

ချိုယင်းဝေ၏စကားမဆုံးမီ မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .



"နောက်ဆုံးတော့ အဲဒီလူ ပျောက်သွားကော မဟုတ်လား"

ဟု မေးလိုက်လေသည်။

ချိုယင်းဝေက ဦးခေါင်းကိုညိတ်ပြကာ. . .

"ဟုတ်ပါတယ်"

ဟု ဖြေလိုက်လေသည်။

ထို့နောက် ချိုယင်းဝေက ဆက်လက်၍ ပြောပြလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးသည် ချိုယင်းဝေ၏ စကားများကို အတန်ကြာအောင် စဉ်းစား၍နေပြီးမှ. . .

"ဒါဖြင့် မင်းက ကျမ်းစာမခိုးဘူးပေါ့"

ဟု မေးလိုက်လေသည်။

ချိုယင်းဝေက ဦးခေါင်းကို ညိတ်ကာ. . .

"ဟုတ်ကဲ့. . . မခိုးပါဘူး"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးသည် ဦးခေါင်းကို တဆတ်ဆတ်ညိတ်ရင်း. . .

"ဒါဖြင့် မင်းက ဘာဖြစ်လို့ သက်သေမထူတာလဲ"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်း

www.burmeseclassic.com

www.burmeseclassic.com



တော်ကြီး၏စကားကို သဘောပေါက်ဟန်ဖြင့် ဦးခေါင်းကို တစ်ချက်ညိတ်လိုက်ပြီး သူ၏အင်္ကျီကိုချွတ်ကာ. . .

"မယုံရင် တပည့်တော်ရဲ့ကိုယ်ပေါ် ရှာကြည့်ပါ"

ဟု ပြောလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက စုပဟိုက်ဘုန်း တော်ကြီးကို လှမ်းကြည့်၍ ဦးခေါင်းညိတ်ပြလိုက်လေသည်။ စုပဟိုက်ဘုန်းတော်ကြီးသည် ချီယင်းဝေအနီးသို့ လျှောက်လာပြီး ချီယင်းဝေ၏ခန္ဓာကိုယ် အနံ့အပြားသို့ ရှာဖွေလေတော့သည်။

သို့သော် ချီယင်းဝေ၏ ခန္ဓာကိုယ်ပေါ်၌ မည်သည့်စာရွက်စာတမ်းမျှ ရှာမတွေ့ချေ။

စုပဟိုက်ဘုန်းတော်ကြီးသည် မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးထံသို့လှည့်၍ ပခုံးတစ်ချက်တွန့်ကာ. . .

"ဘာမှ မတွေ့ဘူး"

စုပဟိုက်ဘုန်းတော်ကြီးသည် ထိုသို့ပြောလိုက်ပြီး သူ၏ မျက်လုံးအစုံကိုမှိတ်ကာ တိတ်ဆိတ်ငြိမ်သက်စွာ ရပ်နေလေသည်။

ချီယင်းဝေက မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဆရာတော်ကို လှမ်းပြောလိုက်၏။

"တပည့်တော် ပြောမယ်၊ ဆရာတော် ယုံကြည်ပါ့မလား"



မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက အဆန်ကြာ စဉ်းစားနေပေသည်။

ပြီးမှ စုပဟိုက်ဘုန်းတော်ကြီးတို့အား အပြင်သို့ ခေါ်ထွက်ရန် မျက်ရိပ်ပြလိုက်လေသည်။

စုပဟိုက်ဘုန်းတော်ကြီးနှင့် ချီယင်းဝေအား စတင်တိုက်ခိုက်သော ဘုန်းတော်ကြီးတို့သည် မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးကို တစ်ချက် ဦးညွှတ်၍ ဂါရဝပြုလိုက်ပြီး အခန်းထဲမှ ထွက်ခွာသွားလေသည်။

BURMESE CLASSIC

* * *

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးသည် ဆင်ပျဉ်ခွေထိုင်နေရာမှ ထလိုက်ပြီး ချီယင်းဝေအနီးသို့ လျှောက်လာလေသည်။

ပြီးမှ တရုတ်ဘုန်းတော်ကြီးသည် ချီယင်းဝေ၏ မျက်လုံးများထဲသို့ စူးစိုက်၍ တစ်ချက်ကြည့်ကာ. . .

"အင်း. . . ဒီမှာရှိတဲ့ တရုတ်ဘုန်းတော်ကြီးတွေကို အနိုင်ယူနိုင်တဲ့အတွက် မင်းရဲ့သိုင်းအဆင့်အတန်းက မသေးဘူး"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေသည် ဦးခေါင်းကို ခါယမ်းကာ. . .

"ဒီလောက်လဲ ကျွန်ုပ်တော့်ရဲ့သိုင်းပညာက အဆင့်အ

www.burmeseclassic.com

www.burmeseclassic.com



တန်၊ မမြင့်သေးပါဘူး"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက အ တန်ကြာအောင် တိတ်ဆိတ်နေပြီးမှ. . .

"ဒါနဲ့ မင်းရဲ့ဆရာက ဘယ်သူတုန်း"

ဟု မေးလိုက်လေသည်။

ချီယင်းဝေက မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီး ကိုပြုံးပြရင်း. . .

"အဲဒါ တစ်ခုကို တပည့်တော် မပြောပြနိုင်တာ ခွင့်လွှတ် ပါ"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးသည် မိ မိ၏ဖြူဖွေးသော မျက်ခုံးမွေးကို နဖူးအလယ်သို့စု၍ မျက်မှောင် ကြုတ်လိုက်ပြီး. . .

"ဘာဖြစ်လို့လဲ"

ဟု မေးလိုက်လေသည်။

ချီယင်းဝေက. . .

"တပည့်တော်ရဲ့ဆရာက ဘယ်သူ့ကိုမှ မပြောရဘူးဆို ပြီးမှာကြားထားလို့ပါ"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .

"ဒါဖြင့် မင်းဟာ လူဆိုးလား၊ လူကောင်းလားဆိုတာ ဘယ်လိုလုပ်သိနိုင်မလဲ"

ချီယင်းဝေက တစ်ချက်ပြုံးလိုက်ပြီး. . .



"ဘုန်းတော်ကြီးက တပည့်တော်ရဲ့အပေါ် သံသယရှိ နေတယ်ဆိုရင် ရှောင်လင်ကျောင်းထိုင်ဘုန်းတော်ကြီးကို သွား ပြီးစုံစမ်းနိုင်ပါတယ်"

ချီယင်းဝေ၏စကားကြောင့် မျက်ခုံးမွေးဖြူဖွေးသော တ ရုတ်ဘုန်းတော်ကြီးသည် မျက်ခုံးကို ပင့်တင်လိုက်ရင်း. . .

"ဘာပြောတယ်၊ မင်းအကြောင်းကို သိချင်ရင် ရှောင် လင်ကျောင်းထိုင်ဆရာတော်ကို စုံစမ်းရမယ် ဟုတ်လား"

ချီယင်းဝေက ဦးခေါင်းကိုညိတ်ကာ. . .

"မှန်ပါတယ်၊ ရှောင်လင်ကျောင်းထိုင်ဘုန်းတော်ကြီးက တပည့်တော်ရဲ့အကြောင်းကို ပြောပြပါလိမ့်မယ်"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက မျက် သုံးတစ်ချက်မှေး၍ အနည်းငယ် စဉ်းစားလိုက်ပြီး. . .

"ဒကာလေးနဲ့ ရှောင်လင်ကျောင်းထိုင် ဘုန်းတော်ကြီး နဲ့ တော်တော်လေး ရင်းနှီးသလား"

ဟု မေးလိုက်လေသည်။

ချီယင်းဝေက ဦးခေါင်းကို ထပ်မံညိတ်ပြရင်း. . .

"ရင်းနှီးပါတယ်၊ တပည့်တော်နဲ့ တော်တော်လေးရင်းနှီး ပါတယ်၊ မကြာခဏဆိုသလိုလဲ တပည့်တော် ရှောင်လင်ကျောင်း ကိုရောက်ပါတယ်၊ ကျမ်းစာများကိုလည်း ဆွေးနွေးလေ့လာခဲ့ ဖူးပါတယ်"

မျက်ခုံးမွေးဖြူဖွေးနေသော ဘုန်းတော်ကြီးက ဦးခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ကိုတဆတ်ဆတ်ညိတ်ရင်း...

"ဒါဆိုရင် ဒကာလေးက ရှောင်လင်ကျောင်းရဲ့ ကျမ်းစာကို လေ့လာဖူးတယ်ပေါ့"

ချီယင်းဝေက...

"လေ့လာခဲ့ဖူးပါတယ်"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ခေတ္တမျှစဉ်းစားလိုက်ပြီး...

"အဲဒီလိုလေ့လာတော့ စိတ်ဝင်တစားရှိရဲ့လား"

ချီယင်းဝေက...

"စိတ်ဝင်စားမှု ရှိပါတယ်"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ချီယင်းဝေကို တစ်ချက် စူးစိုက်ကြည့်လိုက်ပြီး...

"ဒါဆို ဘုန်းတော်ကြီးတို့ရဲ့ ကျမ်းစာကိုလဲ စိတ်ဝင်စားလိမ့်မယ်ထင်တယ်"

ချီယင်းဝေသည် မျက်ခုံးမွေးဖြူဖွေးနေသော ဘုန်းတော်ကြီး၏စကားကြောင့် မျက်မှောင်ကြုတ်သွားပြီး...

"ဘုန်းတော်ကြီးက တပည့်တော်ကို ကျမ်းစာခိုးတယ်လို့ စွပ်စွဲလိုက်တာလား"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက လက်ကာပြလိုက်ရင်း...

"ဘုန်းတော်ကြီးက ဒကာလေးကို စွပ်စွဲနေလို့လား"



ချီယင်းဝေက နှုတ်ခမ်းတစ်ချက်တွန့်၍ မဲ့လိုက်ရင်း..

"ဒီကကျမ်းစာကိုလဲ စိတ်မဝင်စားဘူး၊ တပည့်တော် လိမ်ပြောနေတာလဲ မဟုတ်ဘူး"

မျက်ခုံးမွေးဖြူဖွေးနေသော ဘုန်းတော်ကြီးက...

"ကျမ်းစာကို ဒကာလေးခိုးတယ်ဆိုတာ မဟုတ်ဘူးဆိုပါတော့"

ချီယင်းဝေက အနည်းငယ် ဒေါသဖြစ်လာကာ...

"ဆိုပါတော့ မဟုတ်ဘူး၊ ခိုးကိုမခိုးတာ"

ဟု ပြောလိုက်လေသည်။

ထိုစဉ် အခန်းထဲသို့ စုဟိုက်ဘုန်းတော်ကြီး ပြန်လည်ဝင်ရောက်လာလေသည်။

မျက်ခုံးမွေးဖြူဖွေးသော ထရှတ်ဘုန်းတော်ကြီးက စုဟိုက်ဘုန်းတော်ကြီး အခန်းထဲသို့ ဝင်ရောက်လာသည်ကို တစ်ချက်လှမ်းကြည့်လိုက်ပြီး...

"ကိစ္စအထူး ရှိလို့လား"

ဟု လှမ်း၍ မေးလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီးက မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးအား လက်အုပ်ချီ၍ ဂါရဝပြုလိုက်ပြီး...

"အခင်းဖြစ်ပွားတဲ့နေရာကို တပည့်တော် သွားစုံစမ်းခဲ့ပါတယ်"

မျက်ခုံးမွေးဖြူဖွေးသော ထရှတ်ဘုန်းတော်ကြီးက...

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ ထူးခြားချက်ကို မြင်တွေ့ရဲ့လား"

စုဟိုက်ဘုန်းတော်ကြီးက. . .

"အခင်းဖြစ်ပွားတဲ့နေရာတဝိုက်မှာ ခြေရာတွေကတော့ ရှုပ်ထွေးနေပါတယ်၊ အဲဒီခြေရာတွေထဲမှာ ထူးခြားတဲ့ခြေရာနှစ်ခုတွေ့ရပြီး ခြေရာတစ်ခုက ချီယင်းဝေရဲ့ခြေရာဖြစ်မယ်လို့ယူဆရပါတယ်"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .

"ဒါဆို နောက်ခြေရာတစ်ခုက လူစိမ်းတစ်ယောက်ရဲ့ ခြေရာလို့ ယူဆရတယ်ပေါ့ ဟုတ်လား"

စုဟိုက်ဘုန်းတော်ကြီးက. . .

"မှန်ပါတယ်၊ ခြေရာတစ်ခုက လူစိမ်းတစ်ယောက်ရဲ့ ဘဝတ်ဖိနပ်ခြေရာ ဖြစ်ပါတယ်"

ထိုစဉ် ချီယင်းဝေက ဦးခေါင်းကို တစ်ချက်ညိတ်ကာ. .

"မှန်ပါတယ်၊ ခြေရာတစ်ခုက တပည့်တော်ရဲ့ခြေရာ ပါ ကျန်တဲ့ခြေရာတစ်ခုက သူခိုးရဲ့ခြေရာပဲဖြစ်ပါတယ်"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ဦးခေါင်းတစ်ချက်ညိတ်လိုက်ပြီး စုဟိုက်ဘုန်းတော်ကြီးကို လှမ်းကြည့်လိုက်လေသည်။

ပြီးမှ. . .

"စုဟိုက်ဘုန်းတော်ကြီးကကော ဒီကိစ္စအပေါ် ဘယ်လိုထင်နေသလဲ"



စုဟိုက်ဘုန်းတော်ကြီးက လက်အုပ်ချီလျက်. . .

"မှန်ပါ၊ တပည့်တော်အနေနဲ့ ချီယင်းဝေအပေါ် ပိုပြီး သံသယဖြစ်ပါတယ်"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .

"ဘယ်လိုအကြောင်းကြောင့် ချီယင်းဝေအပေါ် ပိုပြီး သံသယဖြစ်ရတာလဲ"

စုဟိုက်ဘုန်းတော်ကြီးက ချီယင်းဝေကို တစ်ချက်ငဲ့ စောင်းကြည့်ကာ. . .

"ကျမ်းစာခိုးတဲ့လူနဲ့ တရုတ်ဘုန်းတော်ကြီးတစ်ပါးကို သတ်သွားတဲ့လူဟာ တစ်ကိုယ်လုံး အဖြူရောင်အင်္ကျီဝတ်ဆင်ထားတဲ့အတွက် အဲဒီလူဟာ ချီယင်းဝေလို့ ယူဆရပါတယ်"

ချီယင်းဝေက စုဟိုက်ဘုန်းတော်ကြီး၏ စကားကြောင့် ဒေါသပွကာ. . .

"အဖြူရောင်အင်္ကျီ ဝတ်ဆင်ထားတိုင်း ကျမ်းစာခိုးတဲ့ လူသတ်သမား ဖြစ်ရမှာလား"

စုဟိုက်ဘုန်းတော်ကြီးက ချီယင်းဝေကို ပြုံး၍ကြည့်လိုက်ပြီး. . .

"ဒကာလေးချီယင်းဝေက နှစ်ထပ်အဆောက်အအုံပေါ်က အဖြူရောင်ဝတ်ဆင်ထားတဲ့ လူတစ်ယောက်ကို မြင်တွေ့ခဲ့တယ်လို့ပြောတယ် မဟုတ်လား"

ချီယင်းဝေက ဦးခေါင်းကို ညိတ်လိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ဒါ လိမ်ပြောတာမှ မဟုတ်ဘဲ၊ အမှန်အတိုင်း ပြောတာပဲ"

စုပဲ့ကိုဘုန်းတော်ကြီးက မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးဘက် လှည့်ကာ. . .

"ဘုန်းတော်ကြီးကို သတ်ခဲ့တဲ့ လူသတ်သမားကလဲ အဖြူရောင်အင်္ကျီ ဝတ်ဆင်ထားတယ်လို့ မြင်တွေ့လိုက်တဲ့ ဘုန်းတော်ကြီးက ပြောပါတယ်"

ချီယင်းဝေက နှုတ်ခမ်းတစ်ချက်တွန့်၍ မဲ့ပြုံးပြုံးလိုက်ပြီး

"ဘာလဲ ဟိုအ,နေတဲ့ ဘုန်းတော်ကြီးကို ပြောတာလား"

စုဟိုက်ဘုန်းတော်ကြီးက ဦးခေါင်းကိုညိတ်ကာ. . .

"ဟုတ်ပါတယ်"

ချီယင်းဝေက တစ်ချက်ရယ်မောလိုက်ပြီး. . .

"အဲဒီဘုန်းတော်ကြီးက တအာ-အာနဲ့ ပြောတာကို ဟုတ်တယ်လို့ ယူလို့ရမလား"

စုဟိုက်ဘုန်းတော်ကြီးက. . .

"ဘာပဲဖြစ်ဖြစ်၊ အဖြူရောင်အင်္ကျီဝတ်ဆင်ထားတဲ့လူ နှစ်ထပ်အဆောက်အအုံပေါ်က ခုန်ချလာတာကို ဒကာကြီးချီယင်းဝေကိုယ်တိုင် မြင်တွေ့လိုက်တာပဲ မဟုတ်လား"

ချီယင်းဝေက ဦးခေါင်းကိုညိတ်ကာ. . .

"ဟုတ်ပါတယ်၊ ဒါအမှန်ပဲ"

စုဟိုက်ဘုန်းတော်ကြီးက အနည်းငယ်ပြုံးလိုက်ပြီး. . .



"နှစ်ထပ်အဆောက်အအုံပေါ်က ခုန်ချတဲ့လူဟာ ဒကာလေးချီယင်းဝေ မဟုတ်ပါဘူးလို့ ထောက်ခံမယ့် ဘုန်းတော်ကြီး တစ်ပါးမှ မတွေ့သေးဘူး"

စုဟိုက်ဘုန်းတော်ကြီး၏ စကားကြောင့် ချီယင်းဝေသည် လွန်စွာဒေါပွကာ. . .

"ဒီကျောင်းက ဘုန်းတော်ကြီးတွေဟာ တစ်ပါးမှ ဦးနှောက်မရှိဘူး"

ဟု ဒေါသဖြင့် ပြောလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီးက မျက်ခုံးမွေးနှစ်ဘက်ကို ပင့်သင်ရင်း. . .

"မြတ်စွာဘုရား. . . ဘုန်းတော်ကြီးတွေကို ဒီလိုမပြောနေလ"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက ဒေါပွပွဖြင့်. . .

"တပည့်တော်ပြောတာ မလွန်ပါဘူး၊ တပည့်တော် ကျမ်း စာခိုးတယ်လို့ ဘယ်အထောက်အထားနဲ့ စွပ်စွဲရတာလဲ"

စုဟိုက်ဘုန်းတော်ကြီးက တစ်ချက်ပြုံးကာ. . .

"ဒါကတော့ ဒကာလေးချီယင်းဝေအနေနဲ့ ကျမ်းစာကို ဒကာကြီး စကာလေးရဲ့အဖော်ကို ပေးလိုက်ရင် မဖြစ်ဘူးလား"

ချီယင်းဝေက. . .

"ဒါကတော့ ဘုန်းတော်ကြီးက စကားကပ်ပြောတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



စုဟိုက်ဘုန်းတော်ကြီးက ပြုံးကာ. . .

"အမှုအခင်းတစ်ခု ဖြစ်ပွားလာပြီဆိုရင် မဖြစ်နိုင်ဘူးဆိုပြီး ဘယ်ကိစ္စမှ ချန်ထားလို့မရဘူး အားလုံးဖြစ်နိုင်တယ်လို့ ယူဆထားမှ တော်ရုံကျတာ"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက နှာခေါင်းတစ်ချက်ရှုံ့၍ မျက်နှာ တစ်ချက်မဲ့ရင်း. . .

"ဒီလိုတွေးပြီး အခုလို ရမ်းစွပ်စွဲနေမယ်ဆိုရင် ထူကောင်းသူကောင်းတွေ ဒုက္ခရောက်မကုန်ဘူးလား"

စုဟိုက်ဘုန်းတော်ကြီးက. . .

"စွပ်စွဲတယ်လို့ ဘုန်းတော်ကြီး မပြောပါဘူး၊ သံသယဖြစ်တယ်လို့ပဲ ပြောခဲ့ပါတယ်"

ချိုယင်းဝေက. . .

"ဒါဖြင့် တပည့်တော်ကို ဘာလို့ဖမ်းထားရတာလဲ"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ဦးခေါင်းကို ခါယမ်းရင်း. . .

"ဒကာလေးကို ဖမ်းတယ်လို့လဲ ဘယ်သူကမှ မပြောသေးပါလား"

ချိုယင်းဝေက. . .

"ဒါဖြင့် ဘာလို့ တပည့်တော်ကို လွှတ်မပေးတာလဲ"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက တစ်



ချက်ပြုံးကာ. . .

"အခုကိစ္စမှာ တရားခံ မပေါ်မချင်း ဒီမှာဆက်ပြီး နေစေချင်တဲ့သဘောပါ၊ ပြီးတော့လဲ တရားခံကို ဖော်ထုတ်ပေးဖို့ ဒကာလေးကို မေတ္တာရပ်ခံပါတယ်"

ချိုယင်းဝေက မိမိ၏မျက်ခုံးမွေးကို နဖူးထက်သို့ ပင့်တင်ရင်း. . .

"ဒီကိစ္စ ဖော်မထုတ်နိုင်မချင်း တပည့်တော် ဒီမှာနေရမှာလား"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ပြုံးကာ. . .

"ဒီကိစ္စကို ဒကာလေးအနေနဲ့ အချိန်တိုတိုနဲ့ ဖော်ထုတ်နိုင်လိမ့်မယ်လို့ ဘုန်းတော်ကြီး ယုံကြည်ပါတယ်"

ချိုယင်းဝေက တစ်ချက် ရယ်မောလိုက်ပြီး. . .

"တကယ်လို့များ ဒီကိစ္စကို ဆယ်နှစ်လောက်ကြာတဲ့အချိန်အထိ တရားခံကို မဖော်ထုတ်နိုင်ရင် တပည့်တော်လဲ ဒီမှာ ဆယ်နှစ်လောက်နေရမယ့် သဘောပေါ့ ဟုတ်လား"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .

"ဒါကတော့ ဒကာလေးအပေါ်မှာ မူတည်နေပါတယ်"

ချိုယင်းဝေက သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်ပြီး

"ဟူး. . . ဒီအတိုင်းသာဆို တပည့်တော်လဲ ဘုန်းကြီးဝတ်ရမယ် ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



စုဟိုက်ဘုန်းတော်ကြီးက. . .

"ဇကာလေးက ဘုန်းကြီးဝတ်ချင်တယ်ဆိုရင် ဘုန်းတော်ကြီးတို့က ကြိုဆိုပါတယ်"

ဟု ပြောလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီး၏ စကားကြောင့် ချီယင်းဝေမှာ ဒေါသထွက်ကာ မည်သည့်စကားမျှ ပြန်လည်၍မပြောဘဲ နှုတ်ခမ်းကို တင်းတင်းစေ့၍ ပါးစပ်ပိတ်ထားလိုက်လေသည်။

အတန်ကြာမှ သက်ပြင်းတစ်ချက်ကို ချကာ. . .

"အခု အခိုးခံရတဲ့ကျမ်းစာက ဘယ်လိုကျမ်းစာမျိုးလဲ"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .

"အကြောအရိုး ပြောင်းလဲတဲ့ ကျမ်းစာပဲ"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက ရုတ်တရက် ရယ်မောလိုက်ပြီး. . .

"ဘုန်းတော်ကြီးတို့က ရယ်စရာပြောနေပြီနဲ့တူတယ်"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက. . .

"ဘုန်းတော်ကြီးတို့ ပြောတဲ့စကားထဲမှာ ရယ်စရာတစ်ခုမှမပါဘူး"

ချီယင်းဝေက. . .

"အကြောအရိုး ပြောင်းလဲတဲ့ ကျမ်းစာလို့ပြောတာ ရယ်စရာပြောတာ မဟုတ်ဘူးလား"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .



"ဒါ ရယ်စရာပြောတာ မဟုတ်ပါဘူး"

ချီယင်းဝေက မြူးကာ. . .

"အကြောအရိုး ပြောင်းလဲတဲ့ကျမ်းစာဟာ ရှောင်လင်ကျောင်းရဲ့မူပိုင်ကျမ်းစာပဲ"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ဦးခေါင်းကိုညိတ်လိုက်ပြီး. . .

"မဟုတ်ဘူးလို့ မပြောပါဘူး၊ ဟုတ်ပါတယ်၊ ဒီမှာရှိတဲ့ကျမ်းက မိတ္တူကူးထားတဲ့ကျမ်းပါ"

ချီယင်းဝေက ဦးခေါင်းကို ခါယမ်းလိုက်ပြီး. . .

"ဘာပဲဖြစ်ဖြစ် ဘုန်းတော်ကြီးတို့ရဲ့ကျမ်းကို တပည့်တော် စိတ်မဝင်စားဘူး"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက. . .

"ထားပါတော့ အခုလောလောဆယ်မှာတော့ စုဟိုက်ဘုန်းတော်ကြီးနဲ့ ဇကာလေးလိုက်သွားလိုက်ပါ"

ချီယင်းဝေက မျက်မှောင်တစ်ချက် ကြုတ်လိုက်ပြီး. . .

"ဘာလဲ တပည့်တော်ကို ချုပ်ထားမလို့လား"

ဟု မေးလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .

"ဒါကတော့ ဇကာလေးအပေါ်မှာ မူတည်နေပါတယ်"

ချီယင်းဝေက တရုတ်ဘုန်းတော်ကြီး၏စကားကို နားမလည်ဟန်ဖြင့်. . .

www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းတော်ကြီးက ဘာကိုဆိုလိုတာလဲ"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက တင် ချက်ပြုံးကာ. . .

"ဒကာလေးက ကိုယ့်သဘောနဲ့ကိုယ် နေမယ်ဆိုရင်တော့ တစ်မျိုးစဉ်းစားပေးရမှာပေါ့"

ချီယင်းဝေက မျက်မှောင် အနည်းငယ် ကြုတ်လိုက်ပြီး

"ဘယ်လိုစဉ်းစားမှာလဲ"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .

"တကယ်လို့ ဒကာလေးက ကိုယ့်သဘောနဲ့ကိုယ် နေမယ်ဆိုရင် ဘုန်းတော်ကြီးတို့က ဒကာလေးကို ချုပ်မထားတော့ဘူး၊ ဒီကျောင်းဝင်းအတွင်းက ထွက်မသွားရင် ပြီးတာပါပဲ"

ချီယင်းဝေက. . .

"နောက်ကော"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .

"ဒကာလေးသွားစရာရှိရင် ဘုန်းတော်ကြီးတို့ ခွင့်ပြုချက်ရမှ သွားလို့ရမယ်၊ ဒကာလေး သဘောတူပါ့မလား"

ချီယင်းဝေသည် အတန်ကြာအောင် စဉ်းစားလိုက်ပြီးမှ သက်ပြင်းတစ်ချက်ချကာ. . .

"ကောင်းပြီလေ၊ တပည့်တော် သဘောတူပါတယ်"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက စုဟိုက်ဘုန်းတော်ကြီးကို တစ်ချက်လှမ်းကြည့်လိုက်ပြီး. . .



"ကဲ. . . ဘုန်းတော်ကြီး၊ သူ့ကိုခေါ်ပြီးသွားတော့ နေရာထိုင်ခင်း စီစဉ်ပေးလိုက်ပါ၊ ပြော်. . . ပြီးတော့လဲ နေ့စဉ်စားသောက်ဖို့အတွက်လည်း စီစဉ်ပေးလိုက်ပါ"

ဟု ပြောလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီး၏ စကား ဆုံးသည်နှင့် တပြိုင်တည်း စုဟိုက်ဘုန်းတော်ကြီးသည် ချီယင်း ဝေကို ဦးဆောင်၍ခေါ်သွားလေတော့သည်။

* * *

ချီယင်းဝေ အိပ်ရာမှနိုးလာသောအခါ နေမွန်းတည့်ချိန် ဖြစ်ပါသည်။

သူသည် ယမန်နေ့ညက စုဟိုက်ဘုန်းတော်ကြီး နေရာချထားပေးသော အခန်းသို့ရောက်သည်နှင့် ခုတင်ပေါ်၌ ခြေပစ်လက်ပစ်လှဲ၍အိပ်လိုက်ရာ ယခုကဲ့သို့ နေမွန်းတည့်ချိန်ရောက်မှ နိုးလာခဲ့ခြင်း ဖြစ်ပါသည်။

ချီယင်းဝေ အိပ်ရာမှ နိုးသည်နှင့်တပြိုင်တည်း မိမိ၏ အခန်းတံခါးကို ခေါက်နေသံကြားနေရလေသည်။

ထို့ကြောင့် ချီယင်းဝေသည် အိပ်ရာမှ လူးလဲထလိုက်ပြီး အခန်းတံခါးကို ဖွင့်ပေးလိုက်လေသည်။

အခန်းတံခါး ပွင့်သွားသည်နှင့် အခန်းတံခါးဝ၌ ကိုရင်

www.burmeseclassic.com



တစ်ပါးသည် စားသောက်ဖွယ်ရာများကိုင်လျက် ရပ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုကိုရင်သည် ချီယင်းဝေကို နှုတ်ဆက်လိုက်ပြီး မိမိလက်ထဲမှ စားသောက်ဖွယ်ရာများကို ချီယင်းဝေထံသို့ လှမ်းပေးလိုက်လေသည်။

ချီယင်းဝေက စားသောက်ဖွယ်ရာများကို လှမ်း၍ယူလိုက်ရင်း ကျေးဇူးတင်စကား ပြောလိုက်လေသည်။

ထို့နောက် သူသည် အခန်းတံခါးကို ပြန်ပိတ်လိုက်ပြီး မျက်နှာပင် မသစ်နိုင်အားဘဲ စားသောက်လိုက်လေတော့သည်။

စားသောက်ပြီးနောက် ချီယင်းဝေသည် ဘုရားခန်းသို့ ထွက်ခွာသွားလေတော့သည်။

* * *

ဘုရားခန်းမှ ထွက်လာပြီးနောက် ချီယင်းဝေသည် မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးထံသို့ ဦးတည်လိုက်လေတော့သည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးအခန်းသို့ ရောက်သောအခါ ချီယင်းဝေသည် အခန်းတံခါးကို တွန်းဖွင့်၍ ဝင်သွားလေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးသည်



ချီယင်းဝေ ဝင်ရောက်လာသည်ကို မြင်တွေ့လိုက်ရသည်နှင့် ချီယင်းဝေအား လှမ်း၍. . .

"ဒကာလေး ကိစ္စထူးရှိလို့လား"

ဟု မေးလိုက်လေသည်။

ချီယင်းဝေက မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးကို လက်အုပ်ချီ၍ ဂါရဝပြုလိုက်ရင်း. . .

"တပည့်တော် အကူအညီတစ်ခု တောင်းချင်လို့ပါ"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .

"ပြောပါ ဒကာလေးကို ဘာကူညီရမှာလဲ"

ချီယင်းဝေက. . .

"ဖြစ်နိုင်မယ်ဆိုရင် တပည့်တော် ကျမ်းစာအုပ်တွေ ထားတဲ့အဆောင်ကို သွားချင်ပါတယ်"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ဦးခေါင်းကို ခါယမ်းလိုက်ပြီး. . .

"သည်းခံပါ ဒကာလေး၊ ဒီအဆောင်ထဲကို ဘယ်သူမှ ဝင်ရဘူးလို့ တားမြစ်ထားပါတယ်"

ချီယင်းဝေက. . .

"တပည့်တော်အနေနဲ့ ကျမ်းစာခိုးတဲ့ သူခိုးဟာ ဒီအဆောင်ထဲကို ဘယ်လိုဝင်တယ်ဆိုတာ လေ့လာချင်လို့ပါ"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ဦးခေါင်းကောလက်ပါ ခါယမ်းပြလိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ဘူးထင်တယ်၊ အပြင်လူကို အဆောင်ထဲ ပေး မဝင်ရဘူး"

ချီယင်းဝေက. . .

"ဒီလိုလုပ်ရင်ကော မရဘူးလား"

မျက်ခုံးမွေးဖြူဖွေးသော ဘရုတ်ဘုန်းတော်ကြီးက. . .

"ဘယ်လို လုပ်ရမှာတုန်း"

ချီယင်းဝေက. . .

"တပည့်တော်နဲ့အတူ ဘုန်းတော်ကြီးကိုယ်တိုင် လိုက် လာခဲ့မယ်ဆိုရင်ကော"

မျက်ခုံးမွေးဖြူဖွေးသော ဘရုတ်ဘုန်းတော်ကြီးသည် အ တန်ကြာအောင် စဉ်းစားလိုက်ပြီးမှ. . .

"အင်း၊ ဒီကိစ္စဟာ လွယ်မလိုနဲ့ ခက်တဲ့ကိစ္စပဲ၊ ဘုန်း တော်ကြီး တိုင်ပင်ပြီးမှ ပြန်ပြောမယ်"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက ဦးခေါင်းကို ညိတ်ပြကာ. . .

"ကောင်းပါပြီ၊ တပည့်တော်ကို သွားခွင့်ပြုပါဦး"

ဟု နှုတ်ဆက်၍ ထိုအခန်းထဲမှ ထွက်ခွာသွားလေတော့ သည်။

* * *



ညနေစောင်းချိန်၌ ချီယင်းဝေအခန်းသို့ ကိုရင်လေး တစ်ပါး ရောက်ရှိလာလေသည်။

ကိုရင်လေးက ချီယင်းဝေကို မျက်ခုံးမွေးဖြူဖွေးသော ဘရုတ်ဘုန်းတော်ကြီးက အခေါ်လွှတ်လိုက်ကြောင်း ပြောကြား လိုက်လေသည်။

ချီယင်းဝေသည် ဦးခေါင်း တစ်ချက်ညိတ်ပြကာ ကိုရင် လေးနောက်သို့ လိုက်ပါသွားလေတော့သည်။

မကြာမီ ချီယင်းဝေသည် အခန်းထဲသို့ ရောက်နှင့်နေ သော မျက်ခုံးမွေးဖြူဖွေးသော ဘရုတ်ဘုန်းတော်ကြီးအား. .

"တပည့်တော်ကို ခေါ်နိုင်းလိုက်တယ်ဆို"

ဟု မေးမြန်းလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ဦးခေါင်းကို ညိတ်ပြကာ. . .

"ဟုတ်ပါတယ်"

ချီယင်းဝေက ပြုံးလျက်. . .

"တပည့်တော်ကို ကျမ်းစာယားတဲ့အဆောင်ကို သွား ခွင့်ပြုမယ် မဟုတ်လား"

ဟု ပြောလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘရုတ်ဘုန်းတော်ကြီးက. . .

"ဒကာလေး ကတိနှစ်ခု ပေးရလိမ့်မယ်"

ချီယင်းဝေက ဦးခေါင်းညိတ်ကာ. . .

www.burmeseclassic.com

www.burmeseclassic.com



"ဘာကတိများလဲ"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ချိုယင်းဝေကို စူးစိုက်ကြည့်ကာ. . . .

"ပထမ ကတိတစ်ခုကတော့ ကိုယ့်သဘောနဲ့ကိုယ် ဘာမှမလုပ်ရဘူး"

ချိုယင်းဝေက ဦးခေါင်းညိတ်ပြရင်း. . .

"တပည့်တော် ကတိပေးပါတယ်"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ဦးခေါင်း တဆတ်ဆတ်ညိတ်ကာ. . .

"ဒုတိယ ကတိကတော့ ကျမ်းစာထားတဲ့ အဆောင်ထဲက အခြေအနေကို ဘယ်သူ့မှ မပြောပြရဘူး"

ချိုယင်းဝေ ခေါင်းညိတ်လိုက်သည်။

"မှန်ပါ့၊ တပည့်တော် ကတိပေးပါတယ်"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးသည် ချိုယင်းဝေထံမှ ကတိဝန်ခံချက်ရသည်နှင့် ထိုင်ရာမှထပြီး. . .

"ကိုင်း ဘုန်းကြီးနောက်လိုက်ခဲ့"

ဟုပြောကာ အခန်းထဲမှ ထွက်သွားလေတော့သည်။

ချိုယင်းဝေသည် တရုတ်ဘုန်းကြီး၏နောက်မှ တိတ်ဆိတ်စွာ လိုက်ပါသွားလေတော့သည်။

* * *



ဤအဆောင်သည် ကျမ်းစာများထားရှိရာ အဆောင်ဖြစ်ပါသည်။

အဆောင်၏ အဝင်တံခါးသည် ကြီးမားထုထဲသော သံတံခါးတစ်ချပ်ဖြစ်ပါသည်။

ထိုတံခါး၏ရှေ့သို့ ချိုယင်းဝေနှင့် မျက်ခုံးမွေးဖြူဖွေးသောဘုန်းတော်ကြီးတို့ ရောက်ရှိလာလေသည်။

ကျမ်းစာများထားရှိရာ အဆောင်၏ တံခါးရှေ့သို့ရောက် သည်နှင့် မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးသည် တံခါးပေါ်မှ သံကွင်းကိုဆွဲ၍ တံခါးခေါက်လိုက်လေသည်။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

ဟူသော တံခါးခေါက်သံဆုံးသည်နှင့် ကြီးမားထုထဲသော အဆောင်တံခါးသည် တဖြည်းဖြည်းချင်း ပွင့်သွားလေတော့သည်။

တံခါးပွင့်သွားသည်နှင့် တရုတ်ဘုန်းတော်ကြီးများသည် ဝဲယာနှစ်ဘက်၌ တန်းစီ၍ရပ်နေသည်ကို ချိုယင်းဝေ မြင်တွေ့လိုက်ရလေသည်။

ထိုတရုတ်ဘုန်းတော်ကြီးများ၏ မျက်လုံးများသည် စူးရှ၍ နားထင်ချိုင့်ဝင်နေသဖြင့် သိုင်းပညာ အဆင့်မြင့်မားသော တရုတ်ဘုန်းတော်ကြီးများ ဖြစ်ရမည်ဟု ချိုယင်းဝေ မှတ်ချက်ချလိုက်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုတရုတ်ဘုန်းတော်ကြီးများသည် မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးကို လက်အုပ်ချီ၍ ကြိုဆိုကြလေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက လက်အုပ်ချီပြီး ဦးညွှတ်ကာ အဆောင်ထဲသို့ လှမ်းဝင်လိုက်လေတော့သည်။

ချီယင်းဝေသည် တိတ်ဆိတ်စွာပင် မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးနောက်သို့ လိုက်ပါသွားလေတော့သည်။

အဆောင်ထဲသို့ ချီယင်းဝေတို့ ရောက်ရှိသည်နှင့်တပြိုင်တည်း ကြီးမားထူထဲသော အဆောင်တံခါးသည် ပြန်လည်ပိတ်သွားလေတော့သည်။

ထိုစဉ် ဝဲယာတစ်ဘက်တစ်ချက်၌ တန်းစီနေသော တရုတ်ဘုန်းတော်ကြီးများထဲမှ တရုတ်ဘုန်းတော်ကြီးတစ်ပါးက ရှေ့သို့ထွက်လာပြီး ချီယင်းဝေ၏ရှေ့ရပ်ကာ. . .

"ဒကာလေးခါးက ဓားကို ဘုန်းတော်ကြီး ခဏသိမ်းထား ပါရစေ"

ချီယင်းဝေက တရုတ်ဘုန်းတော်ကြီးကို တစ်ချက်ကြည့်လိုက်ပြီး ဘာမျှပြန်မပြောဘဲ ခါးမှဓားကို ဖြုတ်ပေးလိုက်လေသည်။

ထို့နောက် ချီယင်းဝေသည် ရှေ့သို့ဆက်လျှောက်သွားကာ ရုပ်ပွားတော်များကို လက်အုပ်ချီ၍ ကန်တော့လိုက်လေ၏။



ထိုအချိန်တွင် ချီယင်းဝေအနီးသို့ အဝါရောင်သင်္ကန်း ဝတ်ဆင်ထားသော တရုတ်ဘုန်းတော်ကြီးတစ်ပါး ချဉ်းကပ်လာလေသည်။

ထိုဘုန်းတော်ကြီးသည် ယမန်နေ့ညက ချီယင်းဝေအားတောင် တိုက်ခိုက်ခဲ့သော တရုတ်ဘုန်းတော်ကြီးပင် ဖြစ်ပါသည်။

ချီယင်းဝေက မိမိ၏အနီးသို့ ချဉ်းကပ်လာသော အဝါရောင်သင်္ကန်းဝတ် တရုတ်ဘုန်းတော်ကြီးကို တစ်ချက်ကြည့်လိုက်ပြီး လက်အုပ်ချီ၍ဦးညွှတ်ကာ. . .

"ဘုန်းတော်ကြီးရဲ့ သိုင်းပညာကတော့ အတော့်ကို ချီးကျူးစရာကောင်းတယ်"

ဟု ပြောလိုက်လေသည်။

အဝါရောင်ဘုန်းတော်ကြီးသည် ယမန်နေ့က ချီယင်းအပေါ် ရန်သူတစ်ဦးကဲ့သို့ ဆက်ဆံကာ တိုက်ခိုက်ခဲ့သော်လည်း ယခုအချိန်၌ အဝါရောင်ဘုန်းတော်ကြီးသည် ပြုံးရွှင်သော မျက်နှာဖြင့် သူ၏လက်မကိုထောင်ကာ တအာအာဖြင့် ရှန်းရှန်းအောင် ပြောနေလေသည်။

ချီယင်းဝေသည် အဝါရောင်ဘုန်းတော်ကြီး၏ တအာအာ ပြောဆိုနေသော စကားများကို အဓိပ္ပါယ်ဖော်၍မရသဖြင့် မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးအား လှမ်းကြည့်လိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက တစ်

www.burmeseclassic.com



ချက်ပြုံးလိုက်ပြီး. . .

"ဦးလေးဘုန်းကြီးက ပြောတယ်၊ ဒကာလေးလို သိုင်းအဆင့်မြင့်တဲ့လူမျိုး တစ်ခါမှ မတွေ့ဖူးသေးဘူးလို့ပြောတယ်"

ချီယင်းဝေက ပြုံးလိုက်ပြီး. . .

"ဦးလေးဘုန်းကြီးက သိုင်းလောကထဲကို မရောက်ဖူးလို့ ဖြစ်ပါလိမ့်မယ်"

ချီယင်းဝေ စကားဆုံးသည်နှင့် ဦးလေးဘုန်းကြီးက ခြေဟန်လက်ဟန်ပြလျက် တအာအာဖြင့် ပြောဆိုလိုက်ပြန်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .

"ဦးလေးဘုန်းကြီးဟာ အသက် ၂၇ နှစ်အရွယ်က သိုင်းလောကထဲကို တစ်ကြိမ်ဝင်ဖူးတယ်၊ အဲဒီနောက် ဘုန်းကြီးကျောင်းထဲကနေပြီး ဘယ်မှမသွားတော့ဘူး"

ဟု ဝင်ရောက်ရှင်းပြလေသည်။

ချီယင်းဝေက ဦးခေါင်းတညိတ်ညိတ်ဖြင့် မျက်ခုံးမွေးဖြူဖွေးနေသော တရုတ်ဘုန်းတော်ကြီး ရှင်းပြသည်ကို နားထောင်နေပေသည်။

ထို့နောက် သူတို့သည် ချီယင်းဝေအား အပေါ်ထပ်သို့ ခေါ်ဆောင်သွားလေတော့သည်။

* * *



အပေါ်ထပ်အဆောင်သည် ကျမ်းစာအုပ်များ ထားရှိရာအဆောင်ဖြစ်ပါသည်။

အခန်းထဲသို့ ချီယင်းဝေ ရောက်သောအခါ ကျမ်းစာအုပ်များသည် ဗီရိုသုံးလေးလုံးခန့်ရှိသည်ကို တွေ့မြင်ရပေသည်။

ချီယင်းဝေသည် အခန်းအလယ်၌ရပ်ကာ အခန်းတစ်ခုလုံးကို လှည့်ပတ်၍ လေ့လာကြည့်ရှုနေပေသည်။

ထိုအခန်းထဲမှ ပြတင်းပေါက်များကို အလုံပိတ်ထားပြီး ပြတင်းပေါက်တိုင်းတွင်လည်း သံတိုင်များ စိုက်ထူထားသည်ကို ချီယင်းဝေ တွေ့မြင်ရလေသည်။

ချီယင်းဝေသည် အခန်းကို အတန်ကြာသည့်တိုင်အောင် လှည့်ပတ် ကြည့်ရှုနေပေသည်။

အတန်ကြာမှ ချီယင်းဝေသည် မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးအား. . .

"မနေ့ညက တာဝန်ကျတဲ့ တရုတ်ဘုန်းတော်ကြီး ရှိလား"

ဟု မေးလိုက်လေသည်။

ထိုစဉ် တရုတ်ဘုန်းတော်ကြီးတစ်ပါးက ရှေ့တစ်လှမ်းတိုး၍ရပ်လိုက်ပြီး. . .

"တာဝန်ကျတဲ့ဘုန်းတော်ကြီး သေဆုံးသွားပါပြီ"

ချီယင်းဝေက ထိုတရုတ်ဘုန်းတော်ကြီးအား စူးစိုက်၍ကြည့်ကာ. . .

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတုန်းက ဘုန်းတော်ကြီး ဘယ်မှာရှိနေလဲ"

တရုတ်ဘုန်းတော်ကြီးက စကြိုလမ်းကို ညွှန်ပြလိုက်ပြီ

"အဲဒီမှာ စကြိုလျှောက်နေတယ်"

ချီယင်းဝေက. . .

"သေဆုံးသွားတဲ့ တရုတ်ဘုန်းတော်ကြီးက ဒီအခန်းထဲ မှာ သေဆုံးသွားတာလား"

တရုတ်ဘုန်းတော်ကြီးက ဦးခေါင်းကို ခါယမ်းလိုက်ပြီ

"မဟုတ်ဘူး"

ချီယင်းဝေက. . .

"ဒါဖြင့် ဘယ်နေရာမှာ သေဆုံးနေတာလဲ"

တရုတ်ဘုန်းတော်ကြီးက အစွန်ဆုံးအခန်းတစ်ခန်းကို ညွှန်ပြလိုက်ပြီး. . .

"အဲဒီအခန်းမှာ တွေ့ခဲ့ရတယ်"

ချီယင်းဝေက ဦးခေါင်းတဆတ်ဆတ်ညိတ်ရင်း. . .

"ဒါနဲ့ ဘုန်းတော်ကြီးက လူသတ်သမားရဲ့မျက်နှာကို တွေ့လိုက်သလား"

တရုတ်ဘုန်းတော်ကြီးက ဦးခေါင်းကို ခါယမ်းလိုက်ပြီ

"စူးရှတဲ့အသံကြားလို့ သွားကြည့်တော့ အဖြူရောင်အ ရိပ်တစ်ခု အောက်ကို ခုန်ချသွားတာကို တွေ့လိုက်ရတယ်"

ချီယင်းဝေက ဦးခေါင်းကိုညိတ်ကာ. . .

"ဒါကြောင့် အဲဒီလူရဲ့မျက်နှာကို မတွေ့လိုက်ရဘူး ဆို ပါတော့"

တရုတ်ဘုန်းတော်ကြီးက ဦးခေါင်းကိုညိတ်လိုက်ပြီး. . .

"ဟုတ်ပါတယ်၊ သူ့မျက်နှာကို မတွေ့လိုက်ရဘူး"

ချီယင်းဝေက. . .

"အဲဒီနောက်ကော"

တရုတ်ဘုန်းတော်ကြီးက. . .

"နောက်တော့ မကြာပါဘူး၊ ဦးလေးဘုန်းကြီး ရောက် လာတာပါပဲ"

ချီယင်းဝေက. . .

"အဲဒီနောက် ဘာဖြစ်သေးလဲ"

တရုတ်ဘုန်းတော်ကြီးက. . .

"ဦးလေးဘုန်းကြီးက အဲဒီလူရဲ့နောက်ကို ဆက်လိုက် သွားခဲ့တယ်"

ချီယင်းဝေသည် မိမိ၏အောက်နှုတ်ခမ်းကို တစ်ချက် ကိုက်၍ စဉ်းစားလိုက်ပြီး. . .

"အခင်းဖြစ်ပွားပြီးတဲ့နောက် ပြတင်းပေါက်တံခါးတွေကို သေသေချာချာ ပြန်စစ်ဆေးခဲ့သေးလား"

တရုတ်ဘုန်းတော်ကြီးက. . .

"စစ်ဆေးခဲ့ပါတယ်၊ ပြတင်းပေါက်တံခါးအားလုံး အလုံ ပိတ်ထားတာကို တွေ့ရပါတယ်"

ချီယင်းဝေက မျက်မှောင်လေးကြုတ်လိုက်ရင်း. . .

www.burmeseclassic.com



"အင်း . . . အံ့ဩစရာပဲ၊ လူသတ်သမားဟာ ဘယ်လို ဝင်လာတယ်လို့ ထင်သလဲ"

တရုတ်ဘုန်းတော်ကြီးက . . .

"ခေါင်မိုးပေါ်က ဆင်းလာတယ်လို့ ထင်တာပဲ"

ချီယင်းဝေသည် အပေါ်ထပ် အဆောင်ရှိ အခန်းများကို ရေတွက်ကြည့်လိုက်ပြီး . . .

"အခု အပေါ်မှာ အခန်းရှစ်ခန်းရှိတယ်"

တရုတ်ဘုန်းကြီးက ဦးခေါင်းကို ညိတ်ပြကာ . . . .

"ဟုတ်ပါတယ် အခန်းရှစ်ခန်းရှိပါတယ်"

ချီယင်းဝေက . . .

"အဲဒီ အခန်းရှစ်ခန်းကို ဘယ်သူတာဝန်ယူရသလဲ"

တရုတ်ဘုန်းတော်ကြီးက . . .

"အပေါ်ထပ်မှာ ဘုန်းတော်ကြီးလေးပါးကို နှစ်ပါးတစ်တွဲစီ တာဝန်ချထားပါတယ်"

ချီယင်းဝေက ခေတ္တမျှ စဉ်းစားလိုက်ပြီး . . .

"ကောင်းပြီ၊ အခန်းတံခါးအားလုံး တပည့်တော်ကြည့်ပါရစေ"

တရုတ်ဘုန်းတော်ကြီးက မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးကို တစ်ချက် လှမ်းကြည့်လိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ဦးခေါင်းကို ညိတ်ပြလိုက်လေသည်။



ထို့ကြောင့် တရုတ်ဘုန်းတော်ကြီးက အခန်းတံခါးများကိုသော့ဖြင့် ဖွင့်ပေးလိုက်လေတော့သည်။

ချီယင်းဝေသည် အစွန်ဆုံးအခန်းကို ဦးစွာ ဝင်ရောက်သွားလေတော့သည်။

အခန်းထဲ၌ မှောင်မည်းနေပေသည်။

တရုတ်ဘုန်းတော်ကြီးက မီးအိမ်ကို ထွန်းညှိလိုက်လေသည်။

ချီယင်းဝေသည် အခန်းထဲသို့ လှည့်ပတ်ကြည့်ရှုလိုက်လေသည်။

ယင်းအခန်းထဲသို့ အလင်းရောင်ရရှိစေရန် ခေါင်မိုးပေါ်၌ ပြတင်းပေါက်ဖောက်ထားသည်ကို ချီယင်းဝေ တွေ့မြင်ရပေသည်။

ထိုပြတင်းပေါက်သည် နှစ်ပေသုံးပေခန့် ကျယ်ဝန်းပြီး ဒြုံးနှစ်ချောင်း တပ်ထားသည်ကို တွေ့မြင်ရပေသည်။

ထိုခေါင်မိုးပေါ်ရှိ ပြတင်းပေါက်မှ အလင်းရောင်မလိုအပ်သောအခါ ပိတ်ထားနိုင်ရန် သံပြားအုပ်ထားသော ပျဉ်ပြားတစ်ချပ်ဖြင့် ကာထားလေသည်။

အကယ်၍ အလင်းရောင်ရလိုလျှင် လက်ယာဘက်မှ ကြိုးကိုဆွဲလိုက်ပါက သံပြားအုပ်ထားသော ပျဉ်ပြားသည် ဘေးသို့ရွေ့လျားသွားပြီး အခန်းတွင်းသို့ ကျရောက်လာမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ အလင်းရောင် မလိုအပ်ပါက ဘယ်ဘက်မှ ကြိုးစကိုဆွဲရမည် ဖြစ်ပါသည်။

ထိုဘယ်ဘက်မှ ကြိုးစကိုဆွဲလိုက်ပါက သံပြားအုပ်ထားသော ပျဉ်ချပ်သည် ပြတင်းပေါက်ပေါ်သို့ ပြန်လည်ရွေ့လျားလာပြီး အလင်းရောင်ရရှိနိုင်တော့မည် မဟုတ်ပေ။

ထိုအခန်းထဲတွင် စာအုပ်စင်များရှိပြီး ထိုစာအုပ်များပေါ်တွင် ကျမ်းစာအုပ်များစွာရှိသည်ကို တွေ့ရလေသည်။

ချိုယင်းဝေသည် အခန်းကို သေချာစွာ လေ့လာကြည့်ရှုနေရာမှ တရုတ်ဘုန်းတော်ကြီးကို လှမ်းကြည့်လိုက်ပြီး. . .

"ဒါနဲ့ စကားမစပ် ဘုန်းတော်ကြီးရဲ့ဘွဲ့က ဘယ်လိုခေါ်ပါသလဲ"

ဟု မေးလိုက်လေသည်။

တရုတ်ဘုန်းတော်ကြီးက. . .

"တုချမ်းလို့ ခေါ်ပါတယ်"

ချိုယင်းဝေက. . .

"ဘုန်းတော်ကြီး ဒီအခန်းထဲကို အခင်းဖြစ်ပွားပြီးမှ ရောက်ခဲ့သေးသလား"

တရုတ်ဘုန်းတော်ကြီးတုချမ်းက ခေါင်းညိတ်ကာ. . .

"ရောက်ခဲ့ပါတယ်၊ အရင်ကလဲ ရောက်ဖူးပါတယ်"

ချိုယင်းဝေက. . .

"ဘုန်းတော်ကြီး ဒီအခန်းကိုရောက်တဲ့အခါ ခေါင်မိုး



ပေါ်က ပြတင်းပေါက် ပိတ်ထားတာ တွေ့ရသလား"

တရုတ်ဘုန်းတော်ကြီးတုချမ်းက. . .

"တစ်ဝက်ပိတ်ထားတာကို တွေ့ရတယ်"

ချိုယင်းဝေက ခေါင်မိုးပေါ်က ပြတင်းပေါက်ကို မော့ကြည့်လိုက်ပြီး. . .

"အရင်တုန်းက အဲဒီပြတင်းပေါက်ကို ဖွင့်ထားသလား"

"အမြဲတမ်းပိတ်ထားတယ်၊ မိုးရွာတဲ့အခါဆိုရင် ဆီစိမ်အဝတ်နဲ့ ကာထားရသေးတယ်"

ချိုယင်းဝေ အနည်းငယ် စဉ်းစားလိုက်ပြီး. . .

"ဒါဆိုရင် ပြတင်းပေါက်ကို ဖွင့်တဲ့အခါကော ရှိသေးရဲ့လား"

တရုတ်ဘုန်းတော်ကြီးတုချမ်းက. . .

"ကျမ်းစာကို လာယူတဲ့အခါကျမှ ဖွင့်တယ်၊ ပြီးတော့ ပြန်ပိတ်ထားတယ်"

ချိုယင်းဝေက သူ၏အောက်နှုတ်ခမ်းကို တစ်ချက်ကိုက်၍. . .

"ဒါဆိုရင် ဘာဖြစ်လို့ ပြတင်းပေါက်မဖွင့်ဘဲ ကျမ်းစာကို ဖယောင်းတိုင်တို့ ဆီမီးခွက်တို့ထွန်းပြီး မယူရတာလဲ"

တရုတ်ဘုန်းတော်ကြီးတုချမ်းက. . .

"ဖယောင်းတိုင်ပဲဖြစ်ဖြစ် ဆီမီးခွက်ပဲဖြစ်ဖြစ် အသုံးပြုတဲ့အခါမှ မီးခိုးရှိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ချိုယင်းဝေက. . .

"အဲဒါနဲ့ ဖယောင်းတိုင်၊ ဆီမီးခွက်သုံးတာနဲ့ သက်ဆိုင်နေလို့လား"

"သက်ဆိုင်တာပေါ့၊ ဆီမီးခွက်ဖြစ်ဖြစ်၊ ဖယောင်းတိုင်ဖြစ်ဖြစ် အသုံးပြုတဲ့အခါ မီးခိုးထွက်လာမယ်၊ အဲဒီမီးခိုးကြောင့် ကျမ်းစာအုပ်တွေ အဝါရောင်သမ်းပြီး ပျက်စီးသွားနိုင်တယ်၊ ဒါကြောင့် ခေါင်မိုးပေါ်က အလင်းရောင်ကိုပဲ အသုံးပြုပါတယ်"

"ဒီလိုဆိုရင် ညဘက်မှာကျမ်းစာကူးယူလို့ ဘယ်ရမလဲ"

"မှန်ပါတယ်၊ ဒါကြောင့် ညဘက်မှာ ကျမ်းစာမကူးရဘူးဆိုတဲ့စည်းကမ်း ထုတ်ပြန်ထားပါတယ်"

ချိုယင်းဝေက ရုတ်တရက် တစ်စုံတစ်ရာကို သတိရဟန်ဖြင့်. . .

"ဪ. . . ဒါထက် ဘုန်းတော်ကြီးကို တပည့်တော်မေးပါရစေ"

"မေးပါ၊ ဘာများပါလိမ့်"

"တခြားတော့မဟုတ်ပါဘူး။ ဘုန်းတော်ကြီးတစ်ပါး အသတ်ခံရတာ ဒီအခန်းထဲမှာဆိုတာ ဟုတ်လား"

"ဟုတ်ပါတယ်၊ ဒီအခန်းမှာပါပဲ"

ချိုယင်းဝေက တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားရင်း. . .



"အသတ်ခံရတဲ့ ဘုန်းတော်ကြီးက ညဘက်မှာ ဒီအခန်းထဲကို ဝင်လာတယ်ဆိုတော့ စည်းကမ်းဖျက်ရာကျမနေဘူးလား"

"ဒီအကြောင်းနဲ့ပတ်သက်ပြီး ဘုန်းတော်ကြီးမှာ ပြောပိုင်ခွင့်မရှိဘူး"

"ဘုန်းတော်ကြီး ပြောပိုင်ခွင့်မရှိရင်လဲ မမေးတော့ပါဘူး ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လို့လဲ"

ချိုယင်းဝေက တစ်ချက်ပြုံးလိုက်ပြီး. . .

"ဒါပေမယ့် အသတ်ခံရတဲ့ဘုန်းတော်ကြီးဟာ ဘာဖြစ်လို့စည်းကမ်းကိုဖျက်ပြီး ဒီအခန်းထဲကို ဝင်ရတာလဲဆိုတာ စိတ်ဝင်စားစရာပဲ"

ဟုပြောလိုက်သည်။ တရုတ်ဘုန်းတော်ကြီးတစ်ချမ်းသည် ဘာမျှတုံ့ပြန်ပြောဆိုခြင်းမရှိဘဲ ငြိမ်ဆိတ်နေလေသည်။

ချိုယင်းဝေက အခန်းကို မျက်လုံးဖြင့် ထပ်မံဝေ့ကြည့်လိုက်ပြီး. . .

"ဘုန်းတော်ကြီး မသေမီ ဘာပြောသွားသေးလဲ"

တရုတ်ဘုန်းတော်ကြီးတစ်ချမ်းက မျက်လုံးတစ်ချက်လှန်၍စဉ်းစားလိုက်ပြီး. . .

"အထွေအထူးတော့ ဘာမှမပြောပါဘူး"

ချိုယင်းဝေက မျက်မှောင်တစ်ချက်ကြုတ်ရင်း. . .

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူသတ်တယ်ဆိုတာ မေးမကြည့်ဘူးလား"

တရုတ်ဘုန်းတော်ကြီးက. . .

"မေးပါတယ်"

ချိုယင်းဝေက တစ်ချက်ပြုံးကာ. . .

"ဒါပေမယ့် ဘာမှမပြောနိုင်ဘူး မဟုတ်လား"

တရုတ်ဘုန်းတော်ကြီးတချမ်းက ခေါင်းညိတ်ကာ. . .

"ပထမတော့ သူက တစ်ခုခုပြောမလို့ ကြံသေးတယ် ပါပေမယ့် ဘာသံမှ ထွက်မလာဘူး"

ချိုယင်းဝေသည် အတန်ကြာအောင် ခေါင်းငုံ့၍စဉ်းစား နေလေသည်။ ထိုစဉ် ရုတ်တရက် သူ၏မျက်လုံးများမှာ ကြမ်း ပြင်ပေါ်မှ သွေးစက်များကို မြင်တွေ့လိုက်ရလေသည်။

းစက်များနှင့်အတူ ထူးဆန်းသော အနီရောင် အစင်းကြောင်းများကိုပါ မြင်တွေ့လိုက်ရလေသည်။

ထိုအနီရောင် အစင်းကြောင်းများကို မြင်တွေ့လိုက် သည်နှင့် ချိုယင်းဝေ ရင်ထဲ လှုပ်ရှားသွားလေတော့သည်။

စာစဉ်(၁)ပြီး၏။

စာစဉ်(၂)ဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

နေလင်းအောင်

# ခေါင်းလောင်းသံနှင့်
# သွေးနီမိတ်

(စာစဉ်-၂)

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊
ပထမအကြိမ် အုပ်ရေ-၂၅၀
တန်ဖိုး ၁၀၀/-ကျပ်

**ထုတ်ဝေသူ**
ဒေါ်ခင်မာရှို၊ (ပန်းဝေဝေ စာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**
ဦးဝင်းကျော်ထွန်း (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။



# စာစဉ်(၂)

ကြမ်းပြင်ပေါ်တွင် အနီရောင်အစင်းကြောင်းများ ရှိနေ
း

ချိုယင်းဝေသည် တရုတ်ဘုန်းတော်ကြီး တချမ်းလက် မီးအိမ်ကို လှမ်းယူပြီး ကြမ်းပြင်ပေါ် ဒူးထောက်ထိုင်လိုက် သည်။

ထို့နောက် ကြမ်းပေါ်မှ သွေးစက်များနှင့် အနီရောင် င်းကြောင်းများကို သေသေချာချာ ကြည့်ရှုစစ်ဆေးမိလ ည်။

ပြီးမှ ချိုယင်းဝေသည် တရုတ်ဘုန်းတော်ကြီး တချမ်းကို ကြည့်လိုက်ပြီး. . .

"ဘုန်းတော်ကြီးရောက်တော့ အသတ်ခံရတဲ့ ဘုန်းကြီး တွေ့ထူသေးလား"

www.burmeseclassic.com

www.burmeseclassic.com



တရုတ်ဘုန်းတော်ကြီး တုချမ်းက ဦးခေါင်းကိုညိတ်ကာ

"ပွေ့ထူလိုက်ပါတယ်၊ ဒါပေမယ့် သူ့ကို ပွေ့မထားဖို့ ပြောတဲ့အတွက် ကြမ်းပေါ်မှာပဲ ပြန်ချထားလိုက်ပါတယ်၊ ပြီးမှ သူ့ကို ဘယ်သူကသတ်တယ်ဆိုတာ မေးကြည့်ခဲ့ပါတယ်"

ချီယင်းဝေက ခေါင်းညိတ်ရင်း. . .

"ဒါပေမယ့် ဘာမှမပြောဘူး မဟုတ်လား"

တရုတ်ဘုန်းတော်ကြီး တုချမ်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ချီယင်းဝေသည် ကြမ်းပြင်ပေါ်မှ အနီရောင်အစင်းကြောင်းများကို ညွှန်ပြလိုက်ပြီး. . .

"ဒီမှာ ကြည့်စမ်းပါဦး"

တရုတ်ဘုန်းတော်ကြီး တုချမ်းသည် ချီယင်းဝေ ညွှန်ပြရာသို့ ငုံ့၍ကြည့်လေသည်။

ချီယင်းဝေက. . .

"ဒီအစင်းကြောင်းတွေကို ဘယ်သူခြစ်ထားတာလဲ"

ဟု မေးလိုက်သည်။

တရုတ်ဘုန်းတော်ကြီးတုချမ်းနှင့် မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးတို့သည် ကြမ်းပြင်ပေါ်သို့ ဒူး ထောက်ထိုင်ချလိုက်ပြီး ချီယင်းဝေ ညွှန်ပြသော အရာများကို သေချာစွာ ကြည့်လိုက်လေသည်။

ထိုအရာများမှာ သွေးစက်များနှင့် အနီရောင်အစင်း



ကြောင်းများ ဖြစ်ပါသည်။

အနီရောင် အစင်းကြောင်းများသည် ခြောက်လက်မ ခန့်ရှည်၍ မြွေကဲ့သို့ ကွေ့ကောက်နေလေသည်။

တရုတ်ဘုန်းတော်ကြီးတုချမ်းသည် ချီယင်းဝေ ညွှန်ပြရာသို့ ငုံ့၍ကြည့်လိုက်လေသည်။

ချီယင်းဝေက. . .

"ဒီအစင်းကြောင်းတွေကို ဘယ်သူခြစ်ထားတာလဲ"

ဟု မေးလိုက်သည်။

တရုတ်ဘုန်းတော်ကြီးတုချမ်းနှင့် မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးတို့သည် ကြမ်းပြင်ပေါ်သို့ ဒူး ထောက်ထိုင်ချလိုက်ပြီး ချီယင်းဝေ ညွှန်ပြသော အရာများကို သေချာစွာ ကြည့်လိုက်လေသည်။

ထိုအရာများမှာ သွေးစက်ကလေးများနှင့် အနီရောင် အစင်းကြောင်းများ ဖြစ်ပါသည်။

အနီရောင် အစင်းကြောင်းများသည် ခြောက်လက်မ ခန့်ရှည်၍ မြွေကဲ့သို့ ကွေ့ကောက်နေလေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးနှင့် တရုတ်ဘုန်းတော်ကြီး တုချမ်းတို့သည် ထိုအနီရောင် အစင်းကြောင်းများကို ငေးကြောင်၍ ကြည့်နေပေသည်။

ချီယင်းဝေက ထိုနီရောင်အစင်းကြောင်းများကို ညွှန်ပြရင်း. . .

"ဒီအစင်းကြောင်းတွေဟာ တစ်စုံတစ်ယောက်က

www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးနဲ့ သွေးကိုတို့ပြီး ရေးခြစ်ထားတာ ဖြစ်ရမယ်"

တရုတ်ဘုန်းတော်ကြီး တုချမ်းက. . .

"ဘယ်သူက ရေးခြစ်ထားတာလဲ"

ဟု မေးလိုက်လေသည်။

ချီယင်းဝေက နှုတ်ခမ်းတစ်ချက်တွန့်လိုက်ပြီး. . .

"အဖြစ်နိုင်ဆုံးကတော့ သေဆုံးတဲ့ ဘုန်းတော်ကြီးက ရေးထားတာ ဖြစ်လိမ့်မယ်"

မျက်ခုံးမွေး ဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက မျက်မှောင်ကြုတ်ရင်း စဉ်းစားမရဟန်ဖြင့်. . .

"သေခါနီးမှာ ဘာကြောင့် ဒီအကြောင်းတွေကို ရေးခြစ်ရတာလဲ"

ဟု ချီယင်းဝေအား မေးလိုက်လေသည်။

ချီယင်းဝေက မိမိ၏ လက်ညှိုးဖြင့် အစင်းကြောင်းများကို ညွှန်ပြလိုက်ပြီး. . .

"ဟောဒီကွေ့ကောက်နေတဲ့ အစင်းကြောင်းတွေဟာ ကျမ်းစာအုပ်နဲ့များ ပတ်သက်နေသလား"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ဦးခေါင်းကို ခါယမ်းပြလိုက်ပြီး. . .

"ဘယ်လိုမှ ပတ်သက်လိမ့်မယ် မထင်ဘူး"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက တရုတ်ဘုန်းတော်ကြီး တုချမ်းကို လှမ်း၍ ကြည့်လိုက်ပြီး. . .



"ဘုန်းတော်ကြီးက တပည့်တော်ကို အကူအညီတစ်ခု ပေးပါ"

ဟု တောင်းခံလိုက်လေသည်။

တရုတ်ဘုန်းတော်ကြီး တုချမ်းက မဆိုင်းမတွဘဲ ဦးခေါင်းကို ညိတ်ကာ. .

"ပြောပါ. . . ဘာကူညီရမှာလဲ"

ချီယင်းဝေက. . .

"တပည့်တော် အကူအညီမတောင်းခံမီ တစ်ခုမေးပါရစေ"

တရုတ်ဘုန်းတော်ကြီး တုချမ်းက ဦးခေါင်းကိုညိတ်ကာ

"မေးပါ"

"ဘုန်းတော်ကြီးက သေဆုံးသွားတဲ့ တရုတ်ဘုန်းတော်ကြီးရဲ့အလောင်းကို တွေ့ခဲ့တယ် မဟုတ်လား"

တရုတ်ဘုန်းတော်ကြီး တုချမ်းက ဦးခေါင်းညိတ်ရင်း

"တွေ့ခဲ့ပါတယ်"

ချီယင်းဝေက တစ်ချက်ပြုံးပြကာ. . .

"ဒါဆိုရင် တပည့်တော်ကို သေဆုံးတဲ့ တရုတ်ဘုန်းတော်ကြီး ကြမ်းပြင်ပေါ်မှာ ဘယ်လိုအနေအထားနဲ့ လဲကျနေတယ်ဆိုတာကို ဘုန်းတော်ကြီးက ပြပေးပါ"

တရုတ်ဘုန်းတော်ကြီး တုချမ်းက မျက်မှောင်ကြုတ်လိုက်ပြီး. . .

"ဒကာလေးက ဘာလုပ်မလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



ချိုယင်းဝေက. . .

"တပည့်တော် လက်တွေ့လေ့လာချင်လို့ပါ"

ဟု ပြောလိုက်လေသည်။

တရုတ်ဘုန်းတော်ကြီး တုချမ်းက မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးထံ တချက်လှမ်းကြည့်လိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ဦးခေါင်းကို ညိတ်ပြလိုက်လေသည်။

ထို့ကြောင့် တရုတ်ဘုန်းတော်ကြီး တုချမ်းသည် ကြမ်းပြင်ပေါ်တွင် လဲလျောင်းရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ် ချိုယင်းဝေက လတ်ကာပြလိုက်ပြီး. . .

"ဖြစ်နိုင်မယ်ဆိုရင် တရုတ်ဘုန်းတော်ကြီး ကုချမ်းက သေဆုံးသွားတဲ့ တရုတ်ဘုန်းတော်ကြီးရဲ့ နေရာမှာ ခဏလှဲပြပေးပါ"

ဟု ပြောလိုက်လေသည်။

တရုတ်ဘုန်းတော်ကြီး တုချမ်းက ချိုယင်းဝေကို ဦးခေါင်းညိတ်ပြလိုက်ပြီး သေဆုံးသွားသည့် တရုတ်ဘုန်းတော်ကြီး လဲကျနေသည့် နေရာတွင် ထပ်တူထပ်မျှ လဲလျောင်းလိုက်လေသည်။

တရုတ်ဘုန်းတော်ကြီး တုချမ်းသည် ကြမ်းပြင်ပေါ်တွင် လဲလျောင်းကာ မိမိ၏ခန္ဓာကိုယ်ကို အနည်းငယ်ကွေးထားလေသည်။



မိမိ၏ညာဘက်လက်ဖြင့် ရင်ဘတ်ကို အုပ်ထားပြီး ဘယ်ဘက်လက်က ဘေးသို့ ချထားလိုက်လေသည်။

ချိုယင်းဝေသည် ကြမ်းပြင်ပေါ်မှာ လဲလျောင်းနေသော တရုတ်ဘုန်းတော်ကြီး တုချမ်းကို ကြည့်ရင်း သူ၏မျက်လုံးများသည် ဝင်းလက်၍ လာပေတော့သည်။

သူသည် မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးအား လှမ်း၍. . .

"ဘုန်းတော်ကြီး ကြည့်စမ်းပါဦး"

ဟု ပြောလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးသည် ချိုယင်းဝေ ညွှန်ပြရာသို့ လှမ်းကြည့်လိုက်လေသည်။

ယင်းသို့ ကြည့်လိုက်သောအခါ လဲလျောင်းနေသော တရုတ်ဘုန်းတော်ကြီး တုချမ်း၏ဘယ်ဘက်လက်သည် ကွေးကောက်နေသော အစင်းကြောင်းများနှင့် အလွန်နီးကပ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ချိုယင်းဝေက တစ်ချက်ပြုံးကာ. . .

"ဟောဒီအစင်းကြောင်းတွေကို ဘုန်းတော်ကြီး မသေဆုံးမီ ရေးခြစ်ခဲ့တာ ဖြစ်လိမ့်မယ်"

ဟု ပြောလိုက်လေသည်။

ထို့နောက် သူသည် တရုတ်ဘုန်းတော်ကြီး တုချမ်းအား ကျေးဇူးတင်စကား ပြောလိုက်ပြီး လဲလျောင်းရာမှ ထခိုင်းလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



တရုတ်ဘုန်းတော်ကြီး တုချမ်းသည် ကြမ်းပြင်ပေါ်မှ ပြန်လည် ထထိုင်လိုက်လေ၏။

ထိုစဉ် မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ဝမ်းသာအားရ လေသံဖြင့်. .

"သူက ဒီအစင်းကြောင်းတွေကို ဘာဖြစ်လို့ ရေးရတာလဲ"

ဟု ချီယင်းဝေကို မေးလိုက်လေသည်။

ချီယင်းဝေက ဦးခေါင်းကို ခါယမ်းပြကာ. . .

"ဒါတော့ တပည့်တော်လဲ မသိသေးဘူး"

ဟု ဖြေလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .

"ဘာပဲဖြစ်ဖြစ် တရားခံကို ဖော်ထုတ်နိုင်ဖို့တော့ အထောက်အကူ ဖြစ်မယ် မဟုတ်လား"

ချီယင်းဝေက ဦးခေါင်းကို ညိတ်ကာ. . .

"အထောက်အကူ ဖြစ်လိမ့်မယ်လို့ တပည့်တော် ယုံကြည်ပါတယ်"

ဟု ပြောလိုက်လေသည်။

ထို့နောက် မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးကို အကူအညီ တောင်းခံသော မျက်လုံးများဖြင့် ကြည့်ပြီး. .

"သြော်. . . ဒါနဲ့ အခု အဲဒီဘုန်းတော်ကြီးရဲ့ အလောင်းကို ဘယ်မှာ ထားသလဲ"

ဟု မေးလိုက်လေသည်။



မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .

"အဆောင်အမှတ် လေးမှာ ထားပါတယ်၊ မနက်ဖြန်ကျမှ မီးသဂြိုဟ်မယ်"

ဟု ဖြေလိုက်လေသည်။

ချီယင်းဝေက ဦးခေါင်းကို ညိတ်ကာ. . .

"ဖြစ်နိုင်မယ်ဆိုရင် တပည့်တော် အဲဒီအလောင်းကို ကြည့်ပါရစေ"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက. . .

"ဒကာလေးက ဘာလုပ်မလို့လဲ"

ဟု ပြန်၍ မေးလိုက်လေသည်။

ချီယင်းဝေက ပြုံးလိုက်ပြီး. . .

"ဘုန်းတော်ကြီးက ခွင့်ပြုမယ်ဆိုရင် တပည့်တော် အလောင်းက ဒဏ်ရာတွေကို ကြည့်ချင်လို့ပါ"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးသည် အတန်ကြာအောင် စဉ်းစားလိုက်ပြီးမှ. . .

"ကောင်းပြီလေ၊ ဒကာလေးကို ဘုန်းတော်ကြီးတစ်ပါးပါးနဲ့ လိုက်ပို့ခိုင်းလိုက်ပါ့မယ်"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက ထိုင်ရာမှ ထလိုက်ပြီး. . .

"ဒါဖြင့် တပည့်တော်တို့ သွားကြရအောင်"

ဟု ပြောလိုက်လေသည်။

ထို့နောက် ချီယင်းဝေတို့သည် အခန်းထဲမှ ပြန်လည်

www.burmeseclassic.com

www.burmeseclassic.com



ထွက်ခွာသွားလေတော့သည်။

* * *

ချိုယင်းဝေသည် အောက်ထပ်သို့ ဆင်းလာရာလမ်း၌ တရုတ်ဘုန်းတော်ကြီး တုချမ်းအား လှမ်း၍. . .

"ဩော်. . . ဒီကိစ္စကို ဘယ်သူ့မှ မပြောပါနဲ့"

ဟု ပြောလိုက်လေသည်။

တရုတ်ဘုန်းတော်ကြီး တုချမ်းက. . .

"စိတ်ချပါ"

ဟု ပြောလိုက်လေသည်။

အဆောင်ထဲမှ ချိုယင်းဝေတို့ ထွက်လာသောအခါ မိုးချုပ်နေပြီ ဖြစ်ပါသည်။

အဆောင်၏အပြင်ဘက်မှ စင်္ကြံပေါ်တွင် စုဟိုက် တရုတ်ဘုန်းတော်ကြီးနှင့် စုတိတ် တရုတ်ဘုန်းတော်ကြီးတို့ လမ်းလျှောက်နေသည်ကို ချိုယင်းဝေ လှမ်းမြင်လိုက်လေသည်။

ချိုယင်းဝေက စုဟိုက် တရုတ်ဘုန်းတော်ကြီးကို တွေ့မြင်လိုက်သကဲ့သို့ စုဟိုက် ဘုန်းတော်ကြီးကလည်း အဆောင်ထဲမှ ထွက်လာသော ချိုယင်းဝေကို လှမ်းမြင်လိုက်လေသည်။

ယင်းသို့ မြင်တွေ့လိုက်သည်နှင့် စုဟိုက် တရုတ်ဘုန်းတော်ကြီးသည် မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးထံ လျှောက်သွားပြီး လက်အုပ်ချီ၍ ဂါရဝပြုလိုက်လေသည်။



ပြီးမှ မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးအား. . .

"သဲလွန်စ ရပြီလား"

ဟု မေးလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ဦးခေါင်းကို ခါယမ်းပြရင်း. . .

"မရသေးပါဘူး။ ဒါနဲ့ ဘုန်းကြီးတို့က ဘာကိစ္စ စောင့်နေကြတာလဲ"

ဟု မေးလိုက်လေသည်။

စုဟိုက် ဘုန်းတော်ကြီးက. . .

"တပည့်တော်တို့လဲ သဲလွန်စရပြီလားဆိုတဲ့ သတင်းကို လာစောင့်နေတာပါ"

ထိုစဉ် ဘုန်းတော်ကြီးစုတိတ်က ချိုယင်းဝေကို ညွှန်ပြရင်း. . .

"ဒကာလေးကို ချုပ်ထားရင် ကောင်းမယ်ထင်တယ်"

ဟု ဝင်ရောက်ပြောလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ဘုန်းတော်ကြီး စုတိတ်ကို မျက်မှောင်ကြုတ်၍ ကြည့်ပြီး. . .

"ချုပ်ထားရအောင် ဒီဒကာလေးက တရားခံမှ မဟုတ်သေးဘဲ"

ဘုန်းတော်ကြီးစုတိတ်က. . .

"ဒါပေမယ့် တရားခံဟာ ဒီကာလေးကလွဲပြီး ဘယ်သူ

www.burmeseclassic.com

www.burmeseclassic.com



ရှိနိုင်ဦးမှာလဲ"

ဟု ပြန်လည်ပြောလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .

"ဘုန်းတော်ကြီးစုတိတ်၊ အဲဒီလို အရမ်းမစွပ်စွဲရဘူးလေ ခု ဒကာလေးဟာ တရားခံအစစ် ဖော်ထုတ်နိုင်ဖို့ ကြိုးစားနေတယ်"

ဟု ပြောလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီး ပြောသော စကားကြောင့် ဘုန်းတော်ကြီးစုတိတ်သည် ဘာမျှပြန် မပြောတော့ဘဲ ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက စုဟိုက် ဘုန်းတော်ကြီးကို လှမ်း၍ ကြည့်လိုက်ပြီး. . .

"စုဟိုက်ဘုန်းတော်ကြီးက ဒီဒကာလေးကို အလောင်းပြင်ထားတဲ့ အဆောင်ကို လိုက်ပို့လိုက်ပါ"

ဟု ပြောလိုက်လေသည်။

စုဟိုက် ဘုန်းတော်ကြီးက မျက်မှောင်တစ်ချက် မသိမသာကြုတ်လိုက်ရင်း. . .

"ဘာဖြစ်လို့လဲ၊ ကိစ္စထူးရှိလို့လား"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .

"ဒကာလေးက ဘုန်းတော်ကြီးရဲ့အလောင်းကို ကြည့်ချင်လို့တဲ့"

စုဟိုက်ဘုန်းတော်ကြီးက မျက်ခုံးမွေး ဖြူဖွေးနေသော



တရုတ်ဘုန်းတော်ကြီးကို အံ့ဩဟန်ဖြင့် တချက်ကြည့်လိုက်ပြီး

"ကြည့်ခွင့်မပြုသင့်ဘူးလို့ တပည့်တော် ထင်ပါတယ်"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက လက်ကာပြရင်း. . .

"ခွင့်ပြုပြီးပြီပဲ၊ ဒကာလေးကို လိုက်ပို့လိုက်ပါ"

ဟု ပြောလိုက်လေသည်။

စုဟိုက် ဘုန်းတော်ကြီးသည် ဘာမျှ ပြန်လည်၍ မပြောတော့ဘဲ ချိုယင်းဝေကို ခေါ်ဆောင်၍ အဆောင်အမှတ် လေးဘက်သို့ ထွက်ခွာသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဤနေရာသည် လူသတ်သမား လက်ချက်ဖြင့် ပျံလွန်တော်မူသော တရုတ်ဘုန်းတော်ကြီး၏ ရုပ်ကလာပ်ထားရှိသော နေရာ ဖြစ်ပါသည်။

အခန်း၏အလယ်တွင် ခုတင်တစ်ခုထားရှိပြီး ထိုခုတင်ပေါ်တွင် တရုတ်ဘုန်းတော်ကြီး၏ ရုပ်ကလာပ်ကို တင်ထားလေသည်။

ခုတင်၏ခေါင်းရင်းဘက်တွင် အမွှေးတိုင်နှင့် ဖယောင်းတိုင်များကို ထွန်းညှိထားလေသည်။

အခန်းထဲသို့ ရောက်သည်နှင့် ချိုယင်းဝေသည် ရုပ်ကလာပ်ထားရှိရာ နေရာသို့ လျှောက်၍သွားလေသည်။

ထို့နောက် သူသည် ရုပ်ကလာပ်ပေါ်မှ လွှမ်းခြုံထားသော ပဝါစကို ဖယ်ရှားလိုက်ပြီး ရုပ်ကလာပ်ကို သေချာစွာ စစ်ဆေးကြည့်ရှုလေတော့သည်။

တရုတ်ဘုန်းတော်ကြီး၏ သေဆုံးပုံမှာ မျက်လုံးနှစ်လုံး ပြူးကျယ်၍ မျက်နှာပေါ်တွင် အံ့သြခြင်း ဒေါသထွက်ခြင်း စသည့် အရိပ်အရောင်များကို တွေ့ရလေသည်။

ဤသို့ဆိုလျှင် တရုတ်ဘုန်းတော်ကြီးသည် မသိကျွမ်းသော လူသတ်သမားနှင့် တွေ့ဆုံခဲ့ရသနည်း။

အံ့သြခြင်း ဒေါသထွက်ခြင်း စသည့် အရိပ်အရောင်များက လူသတ်သမားကို သေဆုံးခဲ့သော တရုတ်ဘုန်းတော်ကြီး သိရှိကြောင်း ဖော်ပြနေသည် မဟုတ်ပါလား။

ချိုယင်းဝေသည် သူ၏မျက်လုံးများကို တရုတ်ဘုန်း



တော်ကြီး၏မျက်နှာပေါ်မှ ရင်ဘတ်ပေါ်သို့ ရွှေ့လျားလိုက်လေသည်။

ထို့နောက် ရင်ဘတ်ပေါ်မှ ဓားဒဏ်ရာကို စစ်ဆေးကြည့်ရှုလိုက်လေသည်။

ဓားဒဏ်ရာသည် တစ်ချက်တည်း ဖြစ်ကြောင်း ချိုယင်းဝေ တွေ့ရှိလိုက်ရသည်။

ထို့နောက် ချိုယင်းဝေသည် သူ၏မျက်လုံးများကို တရုတ်ဘုန်းတော်ကြီး၏ ဘယ်ဘက်လက်သို့ ပြောင်းရွှေ့ကြည့်ရှုလိုက်သည်။

သူသည် တရုတ်ဘုန်းတော်ကြီး၏ ဘယ်ဘက်လက်ကို မ,ယူလိုက်ပြီး အနီးကပ်ကြည့်ရှုစစ်ဆေးလိုက်လေသည်။

သို့ဖြင့် ရေဖြင့် ဆေးကြောထားသောကြောင့် ဘယ်ဘက်လက်တွင် သွေးစများ မတွေ့ရတော့ချေ။

ချိုယင်းဝေက မိမိ၏လှုပ်ရှားမှုကို ဝိုင်းကြည့်နေသော တရုတ်ဘုန်းတော်ကြီးများဘက်သို့ လှည့်ကာ. . .

"ဘယ်သူ ရေချိုးပေးသလဲ"

ဟု မေးလိုက်လေသည်။

ချိုယင်းဝေ၏စကားဆုံးသည်နှင့် တရုတ်ဘုန်းတော်ကြီးများထဲမှ 'တုလိမ်'ဟုခေါ်သော တရုတ်ဘုန်းတော်ကြီးတစ်ပါး ရှေ့သို့ ထွက်လာပြီး. . .

"ဘုန်းတော်ကြီး ရေချိုးပေးလိုက်တာပ"

ချိုယင်းဝေက တုလိမ်ဘုန်းတော်ကြီးကို ထစ်ချက်စူးလိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ပြီး. . .

"ရေချိုးတုန်းက ဘယ်ဘက်လက်ချောင်းထိပ်မှာ သွေးစွန်းနေတာ တွေ့သလား"

ဟု မေးလိုက်သည်။

ချိုယင်းဝေ စကားကြောင့် တုလိမ်ဘုန်းကြီးသည် မျက်နှာတစ်ချက် ပျက်သွားပြီး ဦးခေါင်းကို ခါယမ်းကာ. . .

"ရုတ်တရက်ဆိုတော့ သတိမထားလိုက်မိဘူး"

ထိုစဉ် စုဟိုက်ဘုန်းတော်ကြီးက ချိုယင်းဝေကို မျက်မှောင် တစ်ချက်ကြုတ်ကြည့်လိုက်ပြီး. . .

"နေပါဦး. . . ဒကာလေးက ဘာကြောင့် ဒါတွေ မေးနေရတာလဲ"

ဟု မေးလိုက်လေသည်။

ချိုယင်းဝေက စုဟိုက်ဘုန်းတော်ကြီးကို ပြုံးပြလိုက်ပြီး. .

"ဘာမှ မဟုတ်ပါဘူး။ စကားစပ်မိလို့ မေးတာပါ"

ဟု ဖြေလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီးက ချိုယင်းဝေကို စူးစိုက်၍ ကြည့်လိုက်ပြီး. . .

"ဒကာလေးက ဘာဖြစ်လို့ စကားလိုးလွှဲပြောရတာလဲ"

ချိုယင်းဝေက. . .

"တပည့်တော် စကားလွှဲပြောတယ်လို့ ဘုန်းကြီးက ထင်လို့လား"

စုဟိုက်ဘုန်းတော်ကြီးက. . .



"ဘုန်းကြီး အသက် ၃၆ နှစ်ရှိပြီ သုံးနှစ်အရွယ်ကလေးမှ မဟုတ်ဘဲ"

ချိုယင်းဝေက တချက်ရယ်မောလိုက်ပြီး. . .

"တကယ်လို့ တပည့်တော်မှာ ရည်ရွယ်ချက်ရှိရင်လဲ ဒီကိစ္စပြီးမှ ပြောပြပါ့မယ်"

ဟု ပြောလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီးက နှုတ်ခမ်းမဲ့၍ မထေ့တထေ့ ပြုံးရင်း. . .

"ဒကာလေးသာ လူသတ်သမား မဖြစ်ပါစေနဲ့လို့ ဘုန်းကြီး ဆုတောင်းပါတယ်"

ဟု ခပ်ထေ့ထေ့ကလေး ပြောလိုက်လေသည်။

ချိုယင်းဝေက စုဟိုက်ဘုန်းတော်ကြီးကို ဘာမှ ပြန်လည်ပြောဆိုခြင်း မပြုတော့ဘဲ တရုတ်ဘုန်းတော်ကြီး ရုပ်ကလာပ်မှ ဒဏ်ရာကို တစ်ချက်ပြန်လည် စစ်ဆေးကြည့်လေသည်။

ထိုအခါ ချိုယင်းဝေသည် ဒဏ်ရာ၏ဘေး၌ လက်ချောင်းများ ဖိထားသော အရာကို သတိပြုမိလိုက်လေတော့သည်။

ထိုစဉ် စုဟိုက်ဘုန်းတော်ကြီးက. . .

"ဒကာလေး ကြည့်လို့ပြီးပြီလား"

ဟု မေးလိုက်လေသည်။

ချိုယင်းဝေက ဦးခေါင်းကို တချက်ညိတ်လိုက်ပြီး. . .

"ကြည့်ပြီးပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ တရုတ်ဘုန်းတော်ကြီး၏ ရှပ်ကလာသ်ကို လက်အုပ်ချီ ဦးညွှတ်၍ ဂါရဝပြုလိုက်လေသည်။

ထို့နောက် စုဟိုက်ဘုန်းတော်ကြီးနှင့် ချီယင်းဝေတို့သည် ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

အဆောင်အပြင်သို့ ရောက်သောအခါ သူတို့ထံသို့ တရုတ်ဘုန်းတော်ကြီးတစ်ပါး လျှောက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုတရုတ်ဘုန်းကြီးက ချီယင်းဝေတို့ အနီးသို့ ရောက်သောအခါ. . .

"ဒကာလေးကို ဘုန်းတော်ကြီးက အခေါ်လွှတ်လိုက်ပါတယ်"

စုဟိုက်ဘုန်းတော်ကြီးက ထိုတရုတ်ဘုန်းကြီးကို လှမ်းကြည့်ကာ. . .

"တပည့်တော်ကော မပါဘူးလား"

ဟု မေးလိုက်လေသည်။

ချီယင်းဝေကို လာခေါ်သော ဘုန်းတော်ကြီးက. . .

"ဒကာလေးချီကိုပဲ ခေါ်ခိုင်းလိုက်တာပါ"

စုဟိုက်ဘုန်းတော်ကြီးက ချီယင်းဝေကို လာရောက်ခေါ်နေသော တရုတ်ဘုန်းတော်ကြီးအား အတန်ကြာအောင် စိုက်၍ ကြည့်လိုက်ပြီး နှာခေါင်းတစ်ချက်ရှုံ့ကာ ဘာမျှမပြောဆိုတော့ဘဲ ထိုနေရာမှ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေတော့သည်။



ချီယင်းဝေသည် ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားသော စုဟိုက်ဘုန်းတော်ကြီး နောက်ကျောသို့ ကြည့်ရင်း ရယ်မောစွာ ကျန်ခဲ့လေတော့သည်။

အတန်ကြာမှ မိမိကို လာရောက်ခေါ်နေသော တရုတ်ဘုန်းတော်ကြီးနှင့်အတူ မျက်ခုံးမွေးဖြူဖွေးသော ဘုန်းကြီးထံသို့ လိုက်ပါသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးသည် ချီယင်းဝေ ဝင်ရောက်လာသည်ကို တွေ့မြင်လိုက်သည်နှင့် နှစ်လိုဖွယ်ပြုံးပြကာ. . .

"ဒကာလေး ဘုန်းတော်ကြီးရဲ့ ရှပ်ကလာပ်ကို ကြည့်ခဲ့ပြီးပြီလား"

ဟု မေးလိုက်လေသည်။

ချီယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးသည် ထိုင်ရာမှထလိုက်ပြီး ချီယင်းဝေထံ လျှောက်လာလေသည်။

ချီယင်းဝေ အနီးသို့ ရောက်သောအခါ ရပ်တန့်လိုက်ပြီး

"ဘာများ ထူးထူးခြားခြား တွေ့ခဲ့သလဲ"

ချီယင်းဝေက တစ်စုံတစ်ခုကို စဉ်းနေဟန်ဖြင့် အတော်ကြာအောင် တိတ်ဆိတ်နေပြီးမှ. . .

"တပည့်တော်သိချင်တာလေးတွေ နည်းနည်းမေးပါရစေ"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ဦးခေါင်းကို ညိတ်ပြရင်း. . .

"မေးပါ၊ ဘုန်းကြီးသိသမျှ ဖြေပါ့မယ်"

ချီယင်းဝေက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး. . .

"ပျောက်ဆုံးသွားတဲ့ အကြောအရိုးပြောင်းလဲတဲ့ ရိကျင်ကျင်ကျမ်းမိတ္တူကို ဘယ်အခန်းမှာ ထားသလဲ"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .



"ကျမ်းစာထားတဲ့ အဆောင်ရဲ့ မြောက်ဘက် အစွန်ဆုံးအခန်းမှာ ထားတယ်"

ချီယင်းဝေက ဦးခေါင်းတစ်ချက်ညိတ်ကာ. . .

"အဲဒီ အခန်းကို ဘယ်သူမဆို ဝင်လို့ ရသလား"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ဦးခေါင်းကို ခါယမ်းပြရင်း. . .

"လူတိုင်းဝင်လို့ မရဘူး"

ချီယင်းဝေက. . .

"ဘယ်လိုပုဂ္ဂိုလ်မျိုးမှ ဝင်လို့ရသလဲ"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .

"စုဘွဲ့ရထားတဲ့ ဘုန်းတော်ကြီးတွေသာ ဝင်နိုင်ထွက်နိုင်ခွင့် ရှိတယ်"

ချီယင်းဝေက. . .

"စုဘွဲ့ရထားတဲ့ ဘုန်းတော်ကြီးတွေကလွဲပြီး တခြားဘုန်းကြီးတွေကို အခန်းထဲ လုံးဝ ပေးမဝင်ဘူးပေါ့ ဟုတ်လား"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ဦးခေါင်းကို ခါယမ်းပြကာ. . .

"ဒီလို လုံးဝမဝင်ရဘူးဆိုတဲ့ ကန့်သတ်ချက်မျိုးတော့ မရှိပါဘူး"

ချီယင်းဝေက သူ၏မျက်ခုံးကို ပင့်တင်လိုက်ရင်း. . .

"ဘုန်းတော်ကြီး ဆိုလိုတာက တကယ်လို့ တခြားဘုန်းကြီးတွေ ဝင်ချင်ရင် ဝင်နိုင်တယ်ဆိုတဲ့ သဘောလား"

www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ဦး ခေါင်းညိတ်ကာ. . .

"ဒီသဘောပါပဲ၊ ဒါပေမယ့် ဝင်ချင်တိုင်း ဝင်လို့တော့ မရပါဘူး"

ချီယင်းဝေက မျက်မှောင်တစ်ချက်ကြုတ်လိုက်ပြီး. . .

"ဒါဖြင့် ဘယ်လိုအခြေအနေမှ ဝင်နိုင်သလဲ"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ချီ ယင်းဝေကို တစ်ချက်ကြည့်လိုက်ရင်း. . .

"တခြားဘုန်းတော်ကြီးတွေက အဲဒီအခန်းကို ဝင်ချင် တယ်ဆိုရင် ဦးလေးဘုန်းကြီးကို အရင်တွေ့ရမယ်၊ ဦးလေး ဘုန်းကြီးရဲ့ ခွင့်ပြုချက်ရမှသာ အဲဒီအခန်းကို ဝင်လို့ရမယ်"

ချီယင်းဝေက မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်း တော်ကြီးကို နားလည်ဟန်ဖြင့် ဦးခေါင်းကို တစ်ချက်ညိတ်လိုက် ပြီး. . .

"ဒါဆိုရင် စုဘွဲ့ရထားတဲ့ ဘုန်းတော်ကြီးတွေသာ အချိန် မရွေး ဝင်နိုင်တာပေါ့"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ဦး ခေါင်းကို ညိတ်ကာ. . .

"မှန်ပါတယ်"

ချီယင်းဝေသည် မျက်ခုံးမွေးကိုပင့်၍ တစ်စုံတစ်ရာ စဉ်းစားလိုက်ပြီးမှ. . .

"ဒါနဲ့ ဒီကျောင်းမှာ စုဘွဲ့ရတဲ့ ဘုန်းတော်ကြီး ဘယ်နှ



ပါး ရှိသလဲ"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .

"ဘုန်းတော်ကြီးအပြင် နောက်ထပ် ငါးပါးရှိတယ်"

ချီယင်းဝေက မျက်မှောင်မသိမသာကြုတ်ရင်း. . .

"အဲဒီ ဘုန်းကြီးတွေ ဘယ်သူတွေလဲဆိုတာ တပည့် တော်ကို ပြောမပြနိုင်ဘူးလား"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ချီ ယင်းဝေကို တစ်ချက်စူးစိုက်ကြည့်လိုက်ပြီး. . .

"အခုကိစ္စမှာ စုဘွဲ့ရ ဘုန်းတော်ကြီးတွေနဲ့ ပတ်သက်နေ လို့လား"

ချီယင်းဝေက တစ်ချက်ပြုံးလိုက်ပြီး. . .

"ဘယ်ကိစ္စမဆို အရာရာကို လျှော့တွက်လို့ မရပါဘူး"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .

"ကောင်းပြီလေ၊ အဲဒီ ဘုန်းတော်ကြီးတွေက စုဟိုက်၊ စုတိတ်၊ စုကျိန်၊ စုကျူးနဲ့ စုဟုန်တို့ ဖြစ်ကြတယ်"

ချီယင်းဝေက ဦးခေါင်းတဆတ်ဆတ်ညိတ်ရင်း နား ထောင်နေရာမှ. . .

"တခြားကျောင်းမှာ ရောက်နေတဲ့ စုဘွဲ့ရဘုန်းတော်ကြီး တွေကော မရှိတော့ဘူးလား"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .

"အရင်က စုဘွဲ့ရ ဘုန်းတော်ကြီး ကိုးပါးရှိတယ်၊ တစ် ချို့လဲပျံလွန်တော်မူသွားပြီး တစ်ချို့လဲ တခြားတရုတ်ဘုန်းကြီး

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှာ ကျောင်းထိုင် ဖြစ်နေတယ်၊ တချို့လဲ သာသနာပြုမယ် ဆိုပြီး ထွက်သွားလိုက်တာ ပြန်ရောက်မလာတော့ဘူး"

ချီယင်းဝေက တစ်စုံတစ်ခုအား စဉ်းစားမိဟန်ဖြင့်. . .

"ဒါနဲ့ ရိကျင်ကျင်ကျမ်းစာမိတ္တူ ရှိတယ်ဆိုတာကို သိတဲ့ တရုတ်ဘုန်းကြီး ဘယ်နှစ်ပါး ရှိပါသလဲ"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးကပြော လိုက်သည်။

"ရှောင်လင်ကျောင်းထိုင်အပြင် စုဘွဲ့ရ ဘုန်းတော်ကြီး အားလုံးသိကြတယ်"

ချီယင်ဝေက တစ်ချက်ပြုံးလိုက်ပြီး. . .

"ဒါဆိုရင် စုဘွဲ့ရ ဘုန်းကြီးတွေအားလုံး ရိကျင်ကျင် ကျမ်းစာမိတ္တူအကြောင်း သိတယ်ဆိုပါတော့"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်တော်ကြီးက ဦးခေါင်း ညိတ်ကာ. . .

"ဟုတ်ပါတယ်"

ချီယင်းဝေက. . .

"ဒါဆိုရင် စုဘွဲ့ရ ဘုန်းတော်ကြီးတွေက ရိကျင်ကျင် ကျမ်းစာကို ဖတ်ဖူးကြမှာပေါ့"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ဦးခေါင်း ညိတ်ကာ. . .

"ဖတ်ဖူးကြပါတယ်"

ချီယင်းဝေက တစ်ချက်ပြုံးလိုက်ပြီး. . .



"ဒါဖြင့် စုဘွဲ့ရဘုန်းတော်ကြီးတွေရဲ့ သိုင်းပညာဟာ အတော်အဆင့်မြင့်မှာပဲ"

ဟု ပြောလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက လက်ကာပြ လိုက်ပြီး. . .

"ဘယ်အတတ်ပညာမဆို လုံ့လဝီရိယအပြင် ပါရမီလဲ လိုအပ်တယ်၊ တကယ်လို့ သိုင်းပညာပါရမီ မရှိရင် ဘယ် လောက်ပဲဖတ်ဖတ် တတ်မှာ မဟုတ်ဘူး"

ချီယင်းဝေက ပြုံးလိုက်ပြီး. . .

"ဘုန်းတော်ကြီးတို့ဆီမှာ ရိကျင်ကျင်ကျမ်းစာ မိတ္တူရှိ တယ်ဆိုတာကို အပြင်လူတွေထဲကကော သိကြသလား"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက. . .

"သိလိမ့်မယ် မထင်ဘူး"

ချီယင်းဝေက တစ်ချက်ရယ်မောလိုက်ပြီး. . .

"ဒါဖြင့် ဘုန်းတော်ကြီးတို့ဆီမှာ ရှောင်လင်ကျောင်းရဲ့ ရိကျင်ကျင်ကျမ်းစာ ရှိမှန်း ဘယ်လိုလုပ်ပြီး တပည့်တော် သိမှာ လဲ"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ရယ်မော လိုက်ပြီး. . .

"လောကပေါ်မှာ လျှို့ဝှက်ချက်ဆိုတာ တကယ်တော့ မရှိပါဘူး"

ချီယင်းဝေက မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီး

www.burmeseclassic.com



ကို တစ်ချက်ပြုံးပြလိုက်ပြီး. . .

"ဒီလိုဆိုရင် ဘုန်းတော်ကြီးက ဘာဖြစ်လို့ ဒီမှာရှိတဲ့ ဘုန်းကြီးတွေအပေါ် သံသယမဖြစ်တာလဲ"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ရယ်မောကာ

"ဘာဖြစ်လို့လဲဆိုတော့ ဒီမှာရှိတဲ့ ဘုန်းကြီးတွေဟာ ကျမ်းစာခိုးတဲ့လူလောက် သိုင်းပညာ အဆင့်မမြင့်လို့ဘဲ"

ချီယင်းဝေက သူ၏မျက်ခုံးကို ဟန်ပါပါ ပင့်တင်လိုက်ရင်း. . .

"ဘုန်းတော်ကြီးက အဲဒီကျမ်းစာခိုးတဲ့ လူကို မတွေ့ဖူးဘဲနဲ့ အဲဒီလူရဲ့ သိုင်းပညာဟာ အဆင့်မြင့်တယ်လို့ ပြောနိုင်ရတာလဲ"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက. . .

"ဘာဖြစ်လို့လဲဆိုတော့ အသတ်ခံရတဲ့ ဘုန်းတော်ကြီးရဲ့ သိုင်းပညာဟာ အလွန်ပဲ အဆင့်မြင့်ပါတယ်၊ ဒါကြောင့်. . ."

ချီယင်းဝေက လက်ကာပြလိုက်ပြီး. . .

"ဒါကြောင့် ဘုန်းတော်ကြီးက ကျမ်းစာခိုးတဲ့လူဟာ သိုင်းပညာဟာ အဆင့်မြင့်တယ်လို့ ပြောချင်တာပေါ့ ဟုတ်လား"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ဦးခေါင်းကို ညိတ်လိုက်ပြီး. . .

"အဲဒီလို ခန့်မှန်းတာ မှားလို့လား"

ချီယင်းဝေက သူ၏နှုတ်ခမ်းကို တစ်ချက်တွန့်၍ ပြုံးလိုက်ရင်း. . .



"ဘုန်းတော်ကြီးနဲ့ ဦးလေးဘုန်းတော်ကြီး ဘယ်သူက သိုင်းပညာ သာသလဲ"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက အနည်းငယ် စဉ်းစားလိုက်ပြီး. . .

"ဘုန်းကြီးက နည်းနည်းပိုသာမယ် ထင်တယ်"

ချီယင်းဝေက ဦးခေါင်းကိုညိတ်လိုက်ပြီး. . .

"ဒါကြောင့် ဘုန်းတော်ကြီးက ကျမ်းစာခိုးတဲ့လူဟာ အပြင်လူဖြစ်ရမယ်လို့ ယူဆထားတာပေါ့ ဟုတ်လား"

ဟု မေးလိုက်လေ၏။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက မျက်မှောင် မသိမသာကြုတ်ရင်း. . .

"အဲဒီလို ယူဆတာ မမှားဘူးလို့ထင်တယ်"

ချီယင်းဝေက ဦးခေါင်းကိုညိတ်လိုက်ပြီး. . .

"မမှားပါဘူး၊ ဒါပေမယ့်"

သူသည် စကားကို ဆက်မပြောဘဲ ရပ်တန့်ထားလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက. . .

"ဒါပေမယ့် ဘာဖြစ်သလဲ"

ချီယင်းဝေက ဦးခေါင်းကိုခါယမ်းလျက်. . .

"ဘာမှတော့ မဖြစ်ပါဘူး၊ ဒါပေမယ့် အဲဒီလိုယူဆထားတဲ့အတွက် ဒီမှာရှိတဲ့ ဘုန်းတော်ကြီးတွေအပေါ် သံသယမဖြစ်တော့ဘူးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက. . .

"ဘာလဲ၊ ဒကာလေးက ဒီမှာရှိတဲ့ ဘုန်းတော်ကြီးတွေအပေါ် သံသယဖြစ်နေလို့လား"

ချိုယင်းဝေက ဦးခေါင်းကို ခါယမ်းပြရင်း. . .

"သံသယမဖြစ်ပါဘူး၊ ဒါပေမယ့် ကိစ္စတစ်ခု ဖြစ်ပွားလာပြီဆိုရင်တော့ ဘာပဲဖြစ်ဖြစ် ဘက်စုံကကြည့်ပြီး ဖြစ်နိုင်တာတွေကို စဉ်းစားရလိမ့်မယ်"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ဦးခေါင်းညိတ်ကာ. . .

"ဒကာလေးပြောတာ မှန်ပါတယ်၊ဒါနဲ့ ဒကာလေး ရှုပ်ကလာပ်ကို သွားပြီးစစ်ဆေးတော့ ထူးထူးခြားခြား ဘာတွေ့ရသလဲ"

ချိုယင်းဝေက ဦးခေါင်းကို ခါယမ်းပြလိုက်ပြီး. . .

"ဘာရယ်လို့တော့ တိတိကျကျ မပြောနိုင်ပါဘူး၊ ဒါပေမယ့် လူသတ်သမားနဲ့ ပတ်သက်နေတာတော့ အမှန်ပဲ"

ချိုယင်းဝေ၏စကားဆုံးသည်နှင့် မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးသည် မျက်နှာတစ်ချက် ကွက်ခနဲပျက်သွားပြီး. . .

"ဘယ်လိုပတ်သက်နေသလဲ"

ဟု မေးလိုက်လေသည်။

ချိုယင်းဝေက. . .

"အသတ်ခံရတဲ့ ဘုန်းတော်ကြီးဟာ သေခါနီးမှာ လူ



သတ်သမားရဲ့နာမည်ကို ရေးမလို့ ကြိုးစားရင်း သေသွားတာနဲ့တူတယ်"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ချိုယင်းဝေကို တစ်ချက်စိုက်ကြည့်လိုက်ပြီး. . .

"ဒကာလေးက အစင်းကြောင်းတွေဟာ နာမည်တစ်ခုလို့ ယူဆနေလို့လား"

ချိုယင်းဝေက. . .

"မဖြစ်ဘူးလို့ ဘယ်သူပြောနိုင်မှာလဲ"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .

"ဒါပေမယ့် အဲဒီအစင်းကြောင်းတွေဟာ နာမည်တစ်ခုရေးတာနဲ့ မတူဘူး၊ ဒကာလေးထင်တာ ဟုတ်နိုင်ပါ့မလား"

ချိုယင်းဝေက ပြုံးလိုက်ပြီး. . .

"ရေးတုန်းက နာမည်ကိုကြိုးစားပြီး ရေးတာဖြစ်လိမ့်မယ်၊ ဒါပေမယ့် အခြေအနေကြောင့် အားမတန်မာန်လျှော့ပြီး နာမည်ကို မရေးနိုင်တော့ဘဲ အစင်းကြောင်းတွေ ဖြစ်သွားဟန်တူတယ်"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးသည် အတန်ကြာအောင် တိတ်ဆိတ်စွာ စဉ်းစားနေပြီးမှ. . .

"အင်း. . . မင်းရဲ့အတွေးအခေါ်ဟာ မှန်ကန်တိကျသိမ့်မယ်လို့ ဘုန်းတော်ကြီး ယူဆပါတယ်"

ချိုယင်းဝေက ဦးခေါင်းကို တစ်ချက်ညိတ်လိုက်ပြီး. . .

"ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် တပည့်တော်လူဆ

www.burmeseclassic.com

www.burmeseclassic.com



ချက်ဟာ လုံးဝဥဿုံမှန်လိမ့်မယ်လို့ တပည့်တော်လဲ မပြော ဘူး"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .

"မင်းရဲ့အတွေးအခေါ်ကိုကြားမှ ဘုန်းကြီးလဲ သတိ လာတယ်"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေသည် မျက်ခုံးမွေးဖြူဖွေးနေသော တ ဘုန်းတော်ကြီး၏ စကားကြောင့် မျက်မှောင်အနည်းငယ်ကြု ကာ. . .

"ဘာများပါလိမ့်"

ဟု မေးလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးနေသော တရုတ်ဘုန်းတော်ကြီး မျက်မှောင်အနည်းငယ်ကြုတ်ကာ. . .

"အသတ်ခံရတဲ့ တရုတ်ဘုန်းတော်ကြီးက ကန့်လန့် မျဉ်းတစ်ကြောင်းကို ဆွဲချင်တာနဲ့တူတယ်၊ အမှန်က တည့်တ မတ်မတ် ဆွဲဖို့ပါပဲ၊ ဒါပေမယ့် စိတ်သွားတိုင်း နောက်က မလို နိုင်ဘဲ မျဉ်းကောက်သွားတာ ဖြစ်ရမယ်၊ နောက်ထပ် ကြောင်းဆွဲတော့လဲ ဒီလိုပဲ ပြန်ကောက်သွားတယ်နဲ့တူတ ဒါကြောင့် သူဟာ မျဉ်းဖြောင့်နှစ်ကြောင်းသာ ဆွဲနိုင်ပြီး သေ သွားလိမ့်မယ်"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီး၏စ ကြောင့် ချီယင်းဝေသည် မျက်မှောင်ကြုတ်ကာ အတန်



အောင် မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးအား စူးစိုက်၍ ကြည့်နေလေသည်။

အတန်ကြာမှ. . .

"ဘုန်းတော်ကြီး ပြောတဲ့အတိုင်းဆိုရင် မျဉ်းဖြောင့်ဟာ အဓိပ္ပါယ်ရှိရမယ်၊ မျဉ်းဖြောင့်က ဘာကို ကိုယ်စားပြုလဲ၊ ဘယ်လိုအဓိပ္ပါယ်ရသလဲ၊ ကန့်လန့်ဖြတ် မျဉ်းကြောင်းနှစ်ကြောင်းက ဘာကို ညွှန်ပြသလဲ၊ တကယ်လို့ မျဉ်းကြောင်းသုံးလေးကြောင်း ဆက်ဆွဲရင် ဘယ်လိုအဓိပ္ပါယ် ရှိမလဲ၊ အဲဒီအကြောင်းအရာတွေနဲ့ ပတ်သက်လို့ ဘုန်းတော်ကြီးက သိသလား"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်က ချီယင်းဝေကို တစ်ချက်ကြည့်လိုက်ပြီး. . .

"ဘုန်းကြီးစိတ်ထဲမှာ ထင်တဲ့အတိုင်း တွေးပြီး ပြောတာပါ၊ ဟုတ်ချင်မှလဲ ဟုတ်မှာပါ"

ချီယင်းဝေက သက်ပြင်းတစ်ချက်ချလိုက်ပြီး. . .

"အင်း. . . အခု ရထားတဲ့ သဲလွန်စက ပိုပြီး ရှုပ်ထွေးလာပါလား"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက တစ်ချက်ပြုံးလိုက်ပြီး. . .

"သိပ်လဲ စိတ်မပူပါနဲ့ ဒကာလေး၊ တဖြည်းဖြည်း စုံစမ်းရင် အဖြေပေါ်လာမှာ"

ချီယင်းဝေက တစ်ချက်ရယ်မောလိုက်ပြီး. . .

"မစုံစမ်းဘဲ နေလို့တော့ မဖြစ်ဘူး၊ တပည့်တော်က စုံ

www.burmeseclassic.com

www.burmeseclassic.com



စမ်းနေမှာပဲ၊ ဒီလိုမှ ဒီကျောင်းမှာ အချိန်တွေ အများကြီးနေပြီး ခေါင်းတုံးမတုံးရဘဲ ဘုန်းကြီး ဖြစ်သွားအုံးမယ်"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ချီ ယင်းဝေ၏စကားကို သဘောကျဟန်ဖြင့် ပြုံးလိုက်ပြီး. . .

"ကဲ. . . ညဥ့်နက်လှပြီ၊ ဒကာလေး ပြန်တော့ ပြော စရာရှိသေးရင်လဲ မနက်ကျပဲ ပြောတာပေါ့"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်း တော်ကြီးကို လက်အုပ်ချီ၍ ကန်တော့ပြီး အခန်းထဲမှ ထွက် သွားလေသည်။

သို့သော် သူ၏ခြေလှမ်းများသည် အခန်းတံခါးဝ၌ ရှေ့ တရက် ရပ်တန့်သွားပြီး တစ်စုံတစ်ခုကို သတိရဟန်ဖြင့် မျက် မွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးထံ ပြန်လည်လျှောက်လေ ကာ. . .

"ဘုန်းတော်ကြီးကို တစ်ခုပြောပါရစေ"

ဟု ပြောလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ခေါင်းညိတ်ပြီး. . .

"ဘာများလဲ"

ဟု မေးလိုက်လေသည်။

ချီယင်းဝေက. . .

"မနေ့က ဖြစ်ပျက်တဲ့ ကိစ္စတွေရယ်၊ ဘုန်းတော်ကြီး



တပည့်တော်ဆွေးနွေးတဲ့ အကြောင်းအရာတွေရယ်ကို ဘယ်သူ့ မှ မပြောပါနဲ့"

ဟု တောင်းပန်လိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .

"ဒီမြို့ ဘုန်းကြီးတွေကို မပြောလို့ရပေမယ့် ဦးလေး ဘုန်းကြီးနဲ့ စုဟိုက်ဘုန်းတော်ကြီးတို့ကို မပြောလို့ မဖြစ်ဘူး ထင် တယ်"

ချီယင်းဝေက မိမိလက်ချောင်းကလေး သုံးချောင်းကို ထောင်၍ ပြလိုက်ပြီး. . .

"တပည့်တော်ကို ၃ ရက်အချိန်ပေးပါ၊ ၃ ရက်ပြည့်ပြီး နောင်တော့ ပြောပြနိုင်ပါတယ်"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးသည် အတန်ကြာအောင် စဉ်းစားနေပြီးမှ. . .

"ကောင်းပြီလေ၊ ဘုန်းကြီးကတိပေးပါတယ်"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်း တော်ကြီး၏ကတိစကားကို ဦးခေါင်းတစ်ချက်ညိတ်လိုက်ပြီး. . .

"တပည့်တော်ကို ခွင့်ပြုပါဦး"

ဟု ပြောကာ အခန်းထဲမှ ထွက်ခွာသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ခုတင်ပေါ်၌ ချီယင်းဝေတစ်ယောက် လှူးလိမ့်၍ နေေ
သည်။

သူသည် အိပ်ပျော်ရန် ကြိုးစားနေလေသည်။

သို့သော် သူသည် အိပ်ပျော်ခြင်း မရှိပါ။

သူ၏ဦးခေါင်းထဲ၌ မေးခွန်းပေါင်းများစွာ ဖြစ်ပေါ်ေ
ကာ ထိုမေးခွန်းများက ချီယင်းဝေ၏အိပ်မပျော်ခြင်းကို နှိုးဆွေ
ပေသည်။

ချီယင်းဝေသည် ခုတင်ပေါ်တွင် လူးလိမ့်နေရင်း သူ၏
ဦးနှောက်ထဲမှ သံသယများကို တစ်ခုချင်း ပြန်လည်ဆန်းစစ်၍
နေမိလေသည်။

နောက်ဆုံး၌ သူသည် ကိစ္စရပ်တစ်ခုလုံးအပေါ် အရေး
၆ ချက်ဖြင့် ခြုံငုံရရှိလိုက်လေသည်။



၁။ ကျမ်းစာခိုးသူသည် ဤတရုတ်ဘုန်းကြီးကျောင်းထဲ၌
ရှိကျင်ကျင်ကျမ်းစာမိတ္တူ ရှိနေသည်ကို မည်သို့သိနေသနည်း။

၂။ အသတ်ခံရသော ဘုန်းတော်ကြီးတုဟူးသည်
အဘယ်ကြောင့် ဤအခန်းထဲ၌ သေရသနည်း။

ထို့အပြင် အဘယ်ကြောင့် စည်းကမ်းဖောက်ပြီး ထို
အခန်းထဲ ဝင်ရောက်နေရသနည်း။

၃။ ဘုန်းတော်ကြီးတုဟူးသည် သေဆုံးခါနီး လက်
ချောင်းများနှင့် ရေးခြစ်ထားသော အစင်းကြောင်းများသည် မည်
သည့်အဓိပ္ပါယ်ကို ဆောင်နေပါသနည်း။

၄။ စုဟိုက်ဘုန်းတော်ကြီးသည် စကားပြောရာတွင်
အဘယ်ကြောင့် အမြဲတမ်း ဖုံးကွယ်၍ ပြောနေရသနည်း။

၅။ စုဟိုက်ဘုန်းတော်ကြီး၏ သဘောထားမှာ
အပြောင်း အလဲ အလွန်မြန်သည်။

အဘယ်ကြောင့် သူ၏သဘောထားများကို ယခုကဲ့သို့
လျှင်မြန်စွာ ပြောင်းလဲနေရသနည်း။

၆။ စူးခုံးယက်သည် မိမိနှင့် သိကျွမ်းခြင်းမရှိဘဲ မိမိနှင့်
သိပ်တိုက်တွေ့ရသူ ဖြစ်သည်။

သို့သော် စူးခုံးယက်က အဘယ်ကြောင့် မိမိကို ကယ်
ထုတ်ရသနည်း။

ဤသို့ဆိုလျှင် သူက မိမိအား စာပို့နိုင်းလိုက်ခြင်းသည်
ထောင်ချောက်တစ်ခု ဖြစ်နေမည်လော။

ထောင်ချောက်တစ်ခု မဖြစ်နိုင်ဟု မည်သူမျှ မပြောနိုင်။

www.burmeseclassic.com

www.burmeseclassic.com



ချိုယင်းဝေသည် ထိုသို့ စဉ်းစားလိုက်မိသည်နှင့် တင်ပြိုင်နက် ထိတ်လန့်တုန်လှုပ် သွားလေတော့သည်။

ဤအတိုင်းသာမှန်လျှင် ချိုယင်းဝေသည် မိမိအဒို့ အလွန် အန္တရာယ်များသည်မှာ သေချာလှပေသည်။

ထို့အပြင် အဖြူရောင်ဝတ်ထားသောလူသည် စူးနုံး ယက်ကိုယ်တိုင်ပင် ဖြစ်နေမည်လော။

စူးခုံးယက်သည် ဓားသမား ဖြစ်သည်။

တရုတ်ဘုန်းတော်ကြီး တုဟူး၏ခန္ဓာကိုယ်ပေါ်၌လည်း ဓားဒဏ်ရာ တွေ့ရသည်။

ချိုယင်းဝေသည် ထိုသို့ စဉ်းစားရင်း အိပ်၍ မပျော်တော့ချေ။

ထို့ကြောင့် ချိုယင်းဝေသည် ခုတင်ပေါ်မှ ဆင်းကာ မိမိ၏ဖိနပ်ကို စီးလိုက်လေသည်။

ထို့နောက် အခန်းတံခါးကို ဖွင့်၍ အပြင်သို့ ထွက်ပြီး စုဟိုက်ဘုန်းတော်ကြီးရှိရာ ရောက်သွားလေသည်။

* * *



ဤအဆောင်သည် စုဟိုက်ဘုန်းတော်ကြီး၏အဆောင် ဖြစ်ပါသည်။

ချိုယင်းဝေသည် အခန်းတံခါးရှေ့၌ ရပ်တန့်လိုက်ပြီး အခန်းတံခါးကို ခေါက်လိုက်လေသည်။

သို့သော် မည်သည့်အသံမျှ အဆောင်ထဲမှ ထွက်ပေါ်လာခြင်း မရှိပါ။

တတိယအကြိမ် တံခါးခေါက်ပြီးသောအခါ ချိုယင်းဝေသည် မိမိ၏နားကို တံခါးရွက်၌ ကပ်၍ နားထောင်လိုက်လေသည်။

သို့သော် အခန်းထဲမှ မည်သည့်အသံမျှ မကြားရချေ။

ချိုယင်းဝေသည် အတန်ကြာအောင် တံခါးခေါက်၍ စောင့်နေသော်လည်း အခန်းထဲမှ မည်သည့်တုံ့ပြန်သံကိုမျှ မကြားရသောအခါ သက်ပြင်းတစ်ချက်မှုတ်ထုတ်လိုက်ပြီး ထိုနေရာမှ ထွက်ခွာရန် ဆုံးဖြတ်လိုက်လေသည်။

ထို့နောက် သူ၏ခြေလှမ်းများသည် ဘုန်းတော်ကြီးတုဟူး၏ ရုပ်ကလာပ်ထားရှိရာ အခန်းသို့ ဦးတည်လျှောက်သွားလေတော့သည်။

သူသည် ဘုန်းတော်ကြီးတုဟူး အလောင်းထားရာ အခန်းသို့ ရောက်သောအခါ ရုတ်တရက် အခန်းတွင်းသို့ မဝင်ဘဲ မှောင်ရိပ်တွင် ရပ်ကာ ဘုန်းတော်ကြီးတုဟူး အလောင်းရှိရာ အခန်းထဲသို့ လှမ်းကြည့်ရှုလိုက်လေသည်။

အလောင်းထားရာ အခန်းထဲ၌လည်း ကောင်း၊

www.burmeseclassic.com



အလောင်းထားရာအခန်းသို့ သွားရာ စင်္ကြံလမ်း၌လည်းကောင်း သက်ရှိအရိပ်အရောင် မမြင်ရချေ။

အလောင်းထားရာအခန်းထဲတွင် မီးထွန်းထားသော ဖယောင်းတိုင်များ အနည်းငယ်သာ ကျန်တော့ပေသည်။

ချိုယင်းဝေသည် အခန်းထဲသို့ ချောင်း၍ ကြည့်လိုက်လေသည်။

ယင်းသို့ ကြည့်လိုက်သည်နှင့် တပြိုင်တည်း ချိုယင်းဝေ၏မျက်လုံးများသည် တုံ့အားသင့်ဟန်ဖြင့် ပြူးကျယ်၍ သွားလေတော့သည်။

အကြောင်းမှာ ဘုန်းတော်ကြီးတုပဟူး၏အလောင်း ပျောက်ဆုံးနေသောကြောင့်ပင် ဖြစ်ပါသည်။

ထိုစဉ် ရုတ်တရက် အခန်းထဲမှ ဖယောင်းတိုင်များ မီးငြိမ်းသွားလေတော့သည်။

ဖယောင်းတိုင်များ မီးငြိမ်းသွားသဖြင့် အခန်းတစ်ခုလုံးကို အမှောင်ထုက ဖုံးလွှမ်းသွားလေသည်။

ချိုယင်းဝေသည် အံ့အားသင့်နေရာမှ အခန်းတွင်းသို့ လှမ်းဝင်လိုက်ပြီး အမှောင်ထုထဲတွင် အချိန်အနည်းငယ်မျှ ရပ်တန့်နေပေသည်။

ပြီးမှ ချိုယင်းဝေသည် သူ၏အိတ်ထဲမှ မီးခြစ်ကို ထုတ်၍ မီးခြစ်လိုက်လေသည်။

ရှဲ ဟူသော အသံနှင့်အတူ ဝါကျင့်ကျင့်မီးတောက် ပေါ်ထွက်လာလေသည်။



ချိုယင်းဝေသည် မီးခြစ်ဆံ၌ တောက်လောင်နေသော မီးတောက်၏အလင်းရောင်ဖြင့် အခန်းတစ်ခုလုံးသို့ လှည့်ပတ်ကြည့်ရှုလိုက်လေသည်။

သို့သော် ဘုန်းတော်ကြီးတုပဟူး၏ အလောင်းကို မတွေ့ရတော့ပါ။

ဤသို့ဆိုလျှင် ဘုန်းတော်ကြီးတုပဟူး၏အလောင်း ဘယ်ရောက်သွားသနည်း။

အလောင်းက မိမိဘာသာထ၍ လမ်းလျှောက်သွားနိုင်မည် မဟုတ်ပါ။

သို့ဖြစ်၍ အလောင်းကို တစ်စုံတစ်ယောက်က ခိုးယူသွားပေလိမ့်မည်။

ထိုသို့ဆိုလျှင် အလောင်းကို မည်သူခိုးယူသွားသနည်း။

ချိုယင်းဝေသည် ထိုသို့ စဉ်းစားနေရာမှ သူ၏ဦးနှောက်ထဲသို့ အတွေးတစ်ခု ဝင်ရောက်လာလေသည်။

ထိုအတွေးမှာ လူသတ်သမားသည် အလောင်းပေါ်မှ သဲလွန်စများကို တွေ့ရှိသွားမည်စိုး၍ အလောင်းအား ခိုးယူခြင်းပင် ဖြစ်ရမည်ဟူသော အတွေးပင် ဖြစ်ပါသည်။

ထိုသို့ တွေးမိသည်နှင့် တပြိုင်တည်း ချိုယင်းဝေသည် မိမိနောက်ကျ၍ ရောက်ခဲ့သည်ကို နောင်တရကာ မိမိကိုယ်ကို မိမိ တီးတိုးကျိန်ဆဲလိုက်လေသည်။

ထိုစဉ် ရုတ်တရက် မိမိ၏နောက်မှ ခြေသံတစ်သံ ကြားလိုက်ရလေသည်။

www.burmeseclassic.com



ထို့ကြောင့် ချိုယင်းဝေသည် အခန်းထောင့်သို့ တစ်ပတ် ကျွမ်းထိုး၍ နေရာရွှေ့လိုက်လေသည်။

ထို့ကြောင့် သူ၏လက်ထဲမှ မီးခြစ်ဆံမှ မီးတောက်သည် လည်း ငြိမ်းသွားလေတော့သည်။

သို့ဖြစ်၍ အခန်းထဲမှ အမှောင်ထုသည် ပြန်လည်၍ လွှမ်းမိုးသွားသည်။

ချိုယင်းဝေသည် ခြေသံကြားရာဘက်သို့ တစ်ချက်ငေး၍ ကြည့်လိုက်လေသည်။

အဆောင်အပြင်၌ မီးခိုးရောင်အရိပ်တစ်ရိပ် ငြိမ်သက်စွာ ရပ်နေသည်ကို မှုန်ဝါးသော လရောင်အောက်တွင် မြင်တွေ့ လိုက်ရလေသည်။

ချိုယင်းဝေသည် မျက်မှောင်တစ်ချက်ကြုတ်လိုက်ပြီး

"ဘယ်သူလဲ"

ဟု မေးလိုက်လေသည်။

မီးခိုးရောင်အရိပ်ထဲမှ. . .

"ဒကာလေး ဘာလာလုပ်တာလဲ"

ဟူသော အသံကို ချိုယင်းဝေ ကြားလိုက်ရလေသည်။

ထိုအသံသည် စုဟိုက်ဘုန်းတော်ကြီး၏အသံ ဖြစ်နေ သောကြောင့် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး. . .

"ဘုန်းတော်ကြီးက ညအချိန်မတော် ဘာလာလုပ်တာ လဲ"

ဟု ပြန်၍ မေးလိုက်လေသည်။



ချိုယင်းဝေ၏ အမေးစကားကြောင့် စုဟိုက်ဘုန်းတော် ကြီးသည် ဒေါသထွက်ကာ. . .

"ဟ. . . ငါက ကျောင်းထိုင်ကွ၊ ဘယ်နေရာမဆို အချိန် ရွေးသွားနိုင်တယ်၊ မင်းကသာ ဒီကို ဘာလာလုပ်တာလဲ"

ချိုယင်းဝေက. . .

"တပည့်တော်က ဘုန်းတော်ကြီး တုဟူးကို လာကြည့် တာပါ"

စုဟိုက်ဘုန်းတော်ကြီးက သံသယအငွေ့အသက် ပါဝင် သော လေသံဖြင့်. . .

"ဒကာလေးက ဘာဖြစ်လို့ လိမ်ရတာလဲ"

ချိုယင်းဝေက. . .

"တပည့်တော် လိမ်တယ်ဆိုတာ ဘုန်းတော်ကြီးက ဘယ်အထောက်အထားနဲ့ ပြောတာလဲ"

စုဟိုက်ဘုန်းတော်ကြီးက ဒေါသထွက်ကာ. . .

"ဒကာလေးက တုဟူးအလောင်းကို ဘာကြည့်စရာ ရှိ သို့လဲ"

ချိုယင်းဝေက. . .

"ရှိတာပေါ့၊ ဘယ်သူက သူ့ကို သတ်တယ်ဆိုတာ သူက ပြောပြလိမ့်မယ်"

စုဟိုက်ဘုန်းတော်ကြီးက. . .

"အလကား အဓိပ္ပါယ် မရှိတဲ့စကား၊ သေတဲ့လူက သူ့ ကို ဘယ်သူက သတ်တယ်ဆိုတာ မင်းကို ပြောပြနိုင်လို့လား"

www.burmeseclassic.com

www.burmeseclassic.com



ချိုယင်းဝေက. . .

"ပြောပြနိုင်ပါတယ်"

စုဟိုက်ဘုန်းတော်ကြီးက. . .

"သေတဲ့လူ စကားပြောနိုင်တယ်ဆိုတာ ကျုပ်တစ်သက်မှာ တစ်ခါမှ မကြားဖူးဘူး"

ချိုယင်းဝေက. . .

"သေတဲ့လူ စကားပြောနိုင်တယ်လို့ တပည့်တော် မပြော ပါဘူး"

စုဟိုက်ဘုန်းတော်ကြီးက မျက်မှောင်ကြုတ်ကာ. . .

"ဒါဖြင့် ဘာဖြစ်လို့ ဘယ်သူက သူ့ကို သတ်တယ်ဆိုတာ သူက ပြောပြလိမ့်မယ်လို့ မင်းက ပြောရတာလဲ"

ချိုယင်းဝေက အနည်းငယ်ပြုံးလိုက်ပြီး. . .

"ဟုတ်ပါတယ်၊ ဘယ်သူက သူ့ကို သတ်တယ်ဆိုတာ သူက ပြောပြလိမ့်မယ်လို့ပဲ တပည့်တော် ပြောပါတယ်၊ သေတဲ့လူက စကားပြောနိုင်တယ်လို့ တပည့်တော် မပြောပါဘူး"

စုဟိုက်ဘုန်းတော်ကြီးက ဒေါပွကာ. . .

"မင်း ဘာတွေ ပြောနေတာလဲ၊ ကျုပ်ကျေနပ်အောင် ရှင်းမပြနိုင်ရင်တော့ မင်းမလွယ်ဘူး"

ချိုယင်းဝေက တစ်ချက်ပြုံးလိုက်ပြီး. . .

"အလောင်းကို စေ့စေ့စပ်စပ်ကြည့်နိုင်ရင် ဘယ်သူသတ်တယ်ဆိုတဲ့ သဲလွန်စ ရှာတွေ့နိုင်ပါလိမ့်မယ်၊ ဒါကြောင့်



တပည့်တော်က သဲလွန်စများ ရလိုရငြား အလောင်းကို ကြည့်ဖို့ တစ်ခေါက် ထပ်လာတာပါ"

ချိုယင်းဝေသည် ယင်းသို့ ပြောလိုက်ပြီး အခန်းအပြင်သို့ ထွက်လိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီး၏ဘေးမှ ဖြတ်လျက် ထွက်ခွာသွားလေတော့သည်။

သို့သော် သူ၏ခြေလှမ်းများသည် ရုတ်တရက် ရပ်တန့်သွားလေတော့သည်။

အဘယ်ကြောင့်ဆိုသော် စုဟိုက်ဘုန်းတော်ကြီးသည် ချိုယင်းဝေ၏ ရှေ့မှပိတ်၍ ရပ်နေသောကြောင့် ဖြစ်ပါသည်။

ချိုယင်းဝေက မိမိ၏ရှေ့တွင် ရပ်လာသော စုဟိုက်ဘုန်းတော်ကြီးကို စူးစိုက်၍ တစ်ချက်ကြည့်လိုက်လေသည်။

ထို့နောက် သူသည် ဘာတစ်ခွန်းမျှ မပြောဘဲ စုဟိုက်ဘုန်းတော်ကြီးကို ကွေ့ဝိုက်ရှောင်တိမ်း၍ သွားရန် ခြေလှမ်းပြင်လိုက်လေသည်။

သို့သော် စုဟိုက်ဘုန်းတော်ကြီးသည် ချိုယင်းဝေ ရှောင်တိမ်းရာဘက်သို့ လိုက်၍ ပိတ်ဆို့ရင်း. . .

"ဒကာလေး ဘယ်သွားမလို့လဲ"

ချိုယင်းဝေက သူ၏ပခုံးနှစ်ဘက်ကို ဟန်ပါပါတွန့်လိုက်ပြီး စုဟိုက်ဘုန်းကြီး၏အမေးကို မဖြေဘဲ. . .

"ဘုန်းတော်ကြီးက ဘာဖြစ်လို့ တပည့်တော်ကို တားနေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



စုပဟိုက်ဘုန်းတော်ကြီးက. . .

"ဒီကျောင်းဝင်းထဲမှာ မင်းသွားချင်တိုင်း သွားလို့မရဘူး"

ချိုယင်းဝေက နှုတ်ခမ်းတွန့်၍ ပြုံးကာ. . .

"ဟော. . . ဘုန်းတော်ကြီး မေ့နေပြီနဲ့တူတယ်"

စုပဟိုက်ဘုန်းတော်ကြီးက ချိုယင်းဝေကို မျက်မှောင်ကြုတ်၍ ကြည့်ကာ. . .

"ငါ့မှတ်ဉာဏ်ဟာ ငါကလေးဘဝကစပြီး အခုအချိန်အထိ မှတ်မိနေသေးတယ်"

ချိုယင်းဝေက တစ်ချက်ရယ်မောလိုက်ပြီး. . .

"ဒါပေမယ့် မနေ့ညက စကားကိုတော့ မေ့နေတယ် မဟုတ်လား"

စုပဟိုက်ဘုန်းတော်ကြီးသည် ချိုယင်းဝေ၏စကားကြောင့် ဒေါသထွက်ကာ. . .

"မင်းဝေ့လည်ချောင်ပတ် လုပ်မနေနဲ့၊ မနေ့ညက ဘာစကားပြောလို့ ငါက မေ့နေရမှာလဲ"

ချိုယင်းဝေက မထေ့တထေ့ကလေး ပြုံးရင်း. . .

"အခုပဲ မေ့နေပြီ၊ ကဲပါလေ တပည့်တော်ကပဲ အစဖြန်ဖော်ပေးပါ့မယ်"

ဟု ပြောလိုက်လေသည်။

စုပဟိုက်ဘုန်းတော်ကြီးက. . .

"မင်း ဘာလိမ်ဦးမလို့လဲ"

ချိုယင်းဝေက သူ၏မျက်ခုံးမွေးတစ်ဘက်ကို ပင့်တင်



လိုက်ပြီး. . .

"ဘုန်းတော်ကြီးတို့က တပည့်တော်ကို ဒီကျောင်းဝင်းထဲက မထွက်ရဘူးလို့ ပြောခဲ့တယ် မဟုတ်လား"

စုပဟိုက်ဘုန်းတော်ကြီးက ဦးခေါင်းညိတ်ကာ. . .

"ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်လဲ"

ချိုယင်းဝေက တစ်ချက်ပြုံးလိုက်ပြီး. . .

"အခု တပည့်တော် ကျောင်းဝင်းထဲက ထွက်လို့ တားနေ ရတာလား"

စုပဟိုက်ဘုန်းတော်ကြီးက. . .

"ကျောင်းဝင်းထဲက မထွက်ပေမယ့် ဒီကျောင်းမှာ အပြင်လူ မဝင်ရတဲ့ နေရာတွေ အများကြီး ရှိတယ်"

ချိုယင်းဝေက ဦးခေါင်းကို ခါယမ်းလိုက်ပြီး. . .

"တပည့်တော်ကို အဲဒီနေရာတွေ မသွားရဘူးလို့ ကန့်သတ်ချက် မပြောခဲ့ဘူး၊ ပြီးတော့ နေ့ညဆိုပြီး အချိန်ကိုလည်း ကန့်သတ်မထားဘူး"

စုပဟိုက်ဘုန်းတော်ကြီးက ဒေါပွလာကာ. . .

"မင်းသွားချင်တာသွားလို့ ဘယ်ဖြစ်ပါ့မလဲကွ"

ဟု ပြောလိုက်လေသည်။ ချိုယင်းဝေက. . .

"အခု တပည့်တော်က သွားချင်တာ သွားနေလို့လား"

စုပဟိုက်ဘုန်းတော်ကြီးက. . .

"မင်းသွားချင်တာ မသွားဘူးလို့ ငါဘယ်လိုလုပ် သိမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ချိုယင်းဝေက...

"အခု တပည့်တော်က ဘုန်းတော်ကြီးတုဟူးကို သွား
မလို့"

စုဟိုက်ဘုန်းတော်ကြီးက ရုတ်တရက်...

"မင်းက ဘာမဟုတ်တရုတ်တွေ ပြောဦးမလို့လဲ"

ချိုယင်းဝေက ဦးခေါင်းကို ဘယ်ညာခါယမ်းလိုက်ပြီး

"အင်း... ဘုန်းကြီးတွေက ကျမ်းစာ ရွတ်ဖို့ကလွဲ
ဘာမှ နားမလည်ပါလား"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက နှုတ်ခမ်းတစ်ချက်မဲ့၍...

"မနေ့ညက လူသတ်သမားဟာ အလောင်းပေါ်မှာ
လွန်စ ကျန်တာကို သိလို့ အလောင်းကို ခိုးသွားပြီ၊ အဲဒါ ဘုန်း
တော်ကြီး သိရဲ့လား"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေ၏စကားကို ကြားသောအခါ အံ့သြခြင်း မ
သည့်အပြင် အူလှိုက်သည်းလှိုက် ရယ်မောလိုက်လေ
သည်။

ချိုယင်းဝေသည် မိမိမိ၏စကားကို စုဟိုက်ဘုန်းတော်
ကြီး အံ့သြဟန်ပြဘဲ အူလှိုက်သည်းလှိုက် ရယ်မောလိုက်သ
ရုတ်တရက် ငေးကြောင်သွားလေတော့သည်။

သူသည် ငေးကြောင်နေရာမှ ရုတ်တရက်ဒေါပွသွား
ကာ...



"ဘုန်းတော်ကြီးက ဘာရယ်နေတာလဲ"

ဟု မေးလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီးက ရယ်မောနေရာမှ...

"နားမလည်တာက မင်းပဲ၊ ဘုန်းတော်ကြီးတွေက မင်း
ထင်သလို မဟုတ်ဘူး ဉာဏ်ရှိတယ်"

ချိုယင်းဝေက ဒေါပွပွဖြင့်...

"ဒါဖြင့် ဘုန်းတော်ကြီးတုဟူးအလောင်း ဘယ်သူ ခိုး
သွားသလဲ"

ဟု မေးလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီးက...

"ဘယ်သူမှ မခိုးပါဘူး"

ချိုယင်းဝေက...

"ဒါဖြင့် ဘယ်ရောက်သွားသလဲ"

စုဟိုက်ဘုန်းတော်ကြီးက...

"ဘယ်မှ မရောက်ပါဘူး ရှိပါတယ်"

ချိုယင်းဝေက...

"ဒါဖြင့် ဘယ်မှာလဲ"

စုဟိုက်ဘုန်းတော်ကြီးက...

"သူရှိတဲ့နေရာကို မင်းမသွားနိုင်ပါဘူး"

ချိုယင်းဝေက...

"ပြောသာပြောပါ၊ တပည့်တော် ရောက်အောင်သွား
မယ်"

www.burmeseclassic.com

www.burmeseclassic.com



စုပဟိုက်ဘုန်းတော်ကြီးက. . .

"မင်း တုပ္ပူးဘုန်းကြီးဆီကို ဘယ်လိုမှ ရောက်အောင် မသွားနိုင်ပါဘူး"

ချိုယင်းဝေက မျက်မှောင် တစ်ချက်ကြုတ်လိုက်ပြီး. . .

"ဘာဖြစ်လို့လဲ"

စုပဟိုက်ဘုန်းတော်ကြီးက. . .

"မီးသဂြိုဟ်လိုက်လို့ပဲ"

ယင်းစကားကြောင့် ချိုယင်းဝေ၏မျက်လုံးထဲ၌ မယုံကြည်နိုင်အောင် အံ့ဩသော အရိပ်အရောင်များ ပေါ်ထွက်လာလေသည်။

အတန်ကြာမှ သူသည် စုပဟိုက်ဘုန်းတော်ကြီးအား. . .

"ဘုန်းတော်ကြီးတို့က ညဘက်မှ မီးသဂြိုဟ်ရသလား"

ဟု မေးလိုက်လေသည်။

စုပဟိုက်ဘုန်းတော်ကြီးက. . .

"ညဘက် မီးမသဂြိုဟ်ရဘူးလို့ ဘယ်သူက ပြောလဲ"

ချိုယင်းဝေက အတန်ကြာအောင် တိတ်ဆိတ်၍ ငြိမ်သက်နေပေသည်။

အတန်ကြာမှ ချိုယင်းဝေသည် စုပဟိုက်ဘုန်းတော်ကြီးကို တစ်ချက်ကြည့်ကာ. . .

"ဪ. . . ဘုန်းတော်ကြီးက မီးသဂြိုဟ်တာ သွားကြည့်တာကိုး"

စုပဟိုက်ဘုန်းတော်ကြီးက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး



"ကျုပ်တာဝန်ယူ သဂြိုဟ်လိုက်တာပဲ၊ ကဲ. . . မင်းအခန်း မင်းမြန်မြန်ပြန်တော့"

ဟု ပြောလိုက်လေသည်။

သို့သော် ချိုယင်းဝေသည် လှုပ်ရှားမှု မရှိဘဲ ငြိမ်သက်စွာ ရပ်နေပေသည်။

အတန်ကြာမှ သူသည် စုပဟိုက်ဘုန်းတော်ကြီးကို တစ်ချက်စူးစိုက်ကြည့်လိုက်ပြီး. . .

"တပည့်တော် တစ်ခုမေးချင်တယ်"

ဟု ပြောလိုက်လေသည်။

စုပဟိုက်ဘုန်းတော်ကြီးက. . .

"မင်းက ဘာသိချင်လို့လဲ"

ချိုယင်းဝေက. . .

"စူးခုံးယက် ပေးတဲ့စာထဲမှာ ဘာတွေ ရေးထားသလဲဆိုတာ သိချင်လို့ပါ"

စုပဟိုက်ဘုန်းတော်ကြီးက မျက်ခုံးမွေးကို ပင့်တင်၍. .

"သူများအကြောင်းကို မစပ်စုရဘူးဆိုတာ မင်းနားလည်ဘူးလား"

ချိုယင်းဝေက မိမိ၏ဦးခေါင်းကို ညိတ်ပြလိုက်ပြီး. . .

"နားလည်ပါတယ်၊ ဒါပေမယ့် အကြောင်းရှိလို့ပါ"

စုပဟိုက်ဘုန်းတော်ကြီးက. . .

"ဘာအကြောင်းလဲ"

ချိုယင်းဝေက အနည်းငယ်ပြုံးလိုက်ပြီး. .

www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော်က စာဖတ်ပြီးမှ ဘာအကြောင်းကြောင့်ဆိုတာ ပြောပြပါ့မယ်"

စုဟိုက်ဘုန်းတော်ကြီးသည် ချီယင်းဝေကို အတန်ကြာအောင် စိုက်ကြည့်လိုက်ပြီး. . .

"စာကို မင်းဖတ်ဖို့ မလိုဘူး အခု မင်းလုပ်ရမှာက မင်းအခန်းကို မြန်မြန်ပြန်ပြီး အိပ်ဖို့ပဲ"

ချီယင်းဝေက. . .

"အိပ်မပျော်လို့ လမ်းလျှောက်မယ်ဆိုရင်ကော"

စုဟိုက်ဘုန်းတော်ကြီးက. . .

"ဘာပဲဖြစ်ဖြစ် ဒီအဆောင်ထဲကို ပြန်ဝင်ရင် မင်းကိုအရေးယူရလိမ့်မယ်"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက မျက်မှောင်တစ်ချက်ကြုတ်ပြီး စုဟိုက်ဘုန်းတော်ကြီးအား. . .

"တပည့်တော် တစ်ခုလောက် မေးပါရစေ"

စုဟိုက်ဘုန်းတော်ကြီးက. . .

"မေးပါ"

ချီယင်းဝေက ဦးခေါင်းတစ်ချက်ဆတ်ညိတ်လိုက်ပြီး

"ဘုန်းတော်ကြီးက ဘာဖြစ်လို့ တပည့်တော်ကို အစေအရာရာ ဟန့်တားနေရတာလဲ"

ဟု မေးလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီးသည် ရုတ်တရက် ဘာမှပြန်လည်



ပြောဆိုခြင်း မရှိဘဲ ပါးစပ်ပိတ်သွားလေသည်။

ချီယင်းဝေသည် စုဟိုက်ဘုန်းတော်ကြီးကို ကြည့်ရင်း တစ်ချက်ရယ်မောကာ. . .

"အင်း. . . တပည့်တော်ကတော့ သံသယ ဖြစ်နေပြီ"

ဟု ညည်းညည်းညျူညျူကလေး ပြောလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီးက မျက်မှောင်ကြုတ်၍ အတန်ကြာသည့်တိုင်အောင် ချီယင်းဝေကို စူးစိုက်၍ ကြည့်နေပြီးမှ

"ဘာကို သံသယ ဖြစ်တာလဲ"

ဟု မေးလိုက်လေသည်။

ချီယင်းဝေသည် စုဟိုက်ဘုန်းတော်ကြီး၏စကားကို မည်သို့မျှ ကျုံပြန်ခြင်း မပြုဘဲ တဟားဟားနှင့် ရယ်မောနေလေသည်။

သူသည် ထိုသို့ တဟားဟား ရယ်မောရင်း စုဟိုက်ဘုန်းတော်ကြီးကို ကျောခိုင်း၍ ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

စုဟိုက်ဘုန်းတော်ကြီးသည် ချီယင်းဝေ၏နောက်ကျောကို စူးစိုက်၍ ကြည့်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

ချီယင်းဝေ၏နောက်ကျောသို့ စူးစိုက်ကြည့်နေသော စုဟိုက်ဘုန်းတော်ကြီး၏ မျက်လုံးများသည် ရုတ်တရက် ဝင်းလက်သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



"ခေါင်. . . ခေါင်. . . ခေါင်"

ခေါင်းလောင်းသံ ဆူညံစွာ ပေါ်ထွက်လာသည်။

ဆူညံသော ခေါင်းလောင်းသံကြောင့် ချီယင်းဝေ အိပ်ရာမှ နိုးလာလေသည်။

နံနက်ခင်း၏နေရောင်ခြည်သည် ပြတင်းပေါက်မှ ဖြတ်သန်းကာ ချီယင်းဝေ၏ခန္ဓာကိုယ်ပေါ်သို့ ကျရောက်နေပေသည်။

ချီယင်းဝေသည် အိပ်ရာမှ ထလိုက်ပြီး ပြတင်းပေါက်မှ အပြင်သို့ ကြည့်လိုက်လေသည်။

ခေါင်းလောင်းသံ မြည်နေဆဲ ဖြစ်ပါသည်။



ကျောင်းဝင်းအတွင်း၌ တရုတ်ဘုန်းတော်ကြီးများ ပြေးလွှားနေသည်ကို ချီယင်းဝေ မြင်တွေ့လိုက်ရပေသည်။

ထို့ကြောင့် ချီယင်းဝေသည် မျက်မှောင်တစ်ချက် ကြုတ်လိုက်ပြီး ပြေးလွှားနေသော တရုတ်ဘုန်းတော်ကြီးများကို စူးစိုက်ကြည့်နေလေသည်။

ပြီးမှ သူသည် အခန်းတံခါးကိုဖွင့်၍ အပြင်သို့ ထွက်လိုက်ပြီး လိုက်သွားလေတော့သည်။

တရုတ်ဘုန်းတော်ကြီးများသည် ဘုရားခန်းသို့ အသီးသီး သွားနေကြလေသည်။

ချီယင်းဝေလည်း တရုတ်ဘုန်းတော်ကြီးများ၏ နောက်လိုက်ကာ ဘုရားခန်းသို့ ရောက်ရှိသွားလေတော့သည်။

ထိုအခန်းသို့ ရောက်သောအခါ အခန်းဝတွင် စောင့်ကြပ်နေသော တရုတ်ဘုန်းတော်ကြီးက ချီယင်းဝေကို ဟန့်တားလိုက်လေသည်။

ချီယင်းဝေသည် မိမိကို ဟန့်တားသော တရုတ်ဘုန်းတော်ကြီးကို မော့၍ တစ်ချက်ကြည့်လိုက်လေသည်။

ထိုတရုတ်ဘုန်းတော်ကြီးက သိမ်မွေ့စွာ တစ်ချက်ပြုံးလိုက်ပြီး. . .

"အစည်းအဝေးကို အပြင်လူ မတက်ရပါဘူး"

ဟု ယဉ်ကျေးစွာ တားမြစ်လိုက်လေသည်။

ချီယင်းဝေက ထိုတရုတ်ဘုန်းတော်ကြီးကို မိမိပခုံးနှစ်ဘက်တွန့်၍ ပြုံးပြလိုက်ပြီး ယိုနေရာမှ လှည့်၍ ထွက်လာလေ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

ထို့နောက် သူသည် အဆောင်၏ အနောက်ဘက်သို့ ဘေးမှပတ်၍ သွားလေတော့သည်။

အနောက်ဘက်သို့ ရောက်သောအခါ တရုတ်ဘုန်းတော်ကြီးအိုတစ်ပါးကို ချီယင်းဝေ မြင်တွေ့လိုက်ရလေသည်။

ထို့ကြောင့် ထိုတရုတ်ဘုန်းတော်ကြီး၏အနီးသို့ ချဉ်းကပ်သွားပြီး တရုတ်ဘုန်းတော်ကြီးအား ပြုံး၍နှုတ်ဆက်ကာ

"အစည်းအဝေး မတက်ဘူးလား"

ဟု မေးလိုက်လေသည်။

ထိုတရုတ်ဘုန်းတော်ကြီးက ချီယင်းဝေကို ဦးခေါင်းယမ်း၍ ပြလိုက်လေသည်။

ချီယင်းဝေသည် သူ၏မျက်ခုံးမွေးကို ပင့်တင်ရင်း...

"ဘာဖြစ်လို့ မတတ်တာလဲ"

ဟု မေးလိုက်လေသည်။

တရုတ်ဘုန်းတော်ကြီးက သူ၏နားကို လက်ညှိုးဖြင့် ညွှန်ပြလိုက်လေသည်။

ထို့ကြောင့် ချီယင်းဝေသည် ထိုတရုတ်ဘုန်းတော်ကြီးမှာ နားထိုင်းနေမှန်း သိလိုက်ရလေသည်။

သို့ဖြစ်၍ ချီယင်းဝေသည် တရုတ်ဘုန်းတော်ကြီးအား စာရေး၍ပြရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ် တရုတ်ဘုန်းတော်ကြီးက...

"ဒကာလေး စကားပြောချင်ရင် ကျယ်ကျယ်ပြော"



ဟု ပြောလိုက်လေသည်။

ထို့ကြောင့် ချီယင်းဝေသည် တရုတ်ဘုန်းတော်ကြီး၏အနီးသို့ ပို၍နီးအောင် ချဉ်းကပ်လိုက်ပြီး...

"အစည်းအဝေး မတက်ဘူးလား"

ဟု အနည်းငယ်အသံမြှင့်၍ မေးလိုက်လေသည်။

တရုတ်ဘုန်းတော်ကြီးက ဦးခေါင်းကို ညိတ်ပြလိုက်ပြီးသော်...

"တက်စရာ မလိုဘူး"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက တရုတ်ဘုန်းတော်ကြီး၏ နားနားသို့ ကပ်ကာ...

"ဘာဖြစ်လို့လဲ"

တရုတ်ဘုန်းတော်ကြီးက...

"ခေါင်းလောင်းဆွဲတဲ့ တာဝန်ယူထားလို့"

ချီယင်းဝေက မျက်ခုံးပင့်တင်လိုက်ပြီး...

"ဟုတ်လား ဘယ်လောက်ကြာပြီလဲ"

တရုတ်ဘုန်းတော်ကြီးက...

"၃၅ နှစ်ရှိပြီ"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေသည် အံ့ဩဟန်ဖြင့်...

"၃၅ နှစ်တောင်ရှိပြီ ဟုတ်လား"

တရုတ်ဘုန်းတော်ကြီးက ဦးခေါင်းကို ညိတ်ကာ...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဒါကြောင့် နားအခုလို ထိုင်းသွားရတာ ပေါ့"

ချိုယင်းဝေက ဦးခေါင်းတစ်ချက်ညိတ်ရင်း. . .

"ဒါနဲ့ ဘုန်းကြီး အသက်ဘယ်လောက် ရှိပြီလဲ"

တရုတ်ဘုန်းတော်ကြီးက. . .

"၅၆ နှစ်ရှိပြီ"

ချိုယင်းဝေက. . .

"ဒါနဲ့ ဘုန်းကြီးရဲ့ဘွဲ့က ဘယ်လို ခေါ်ပါသလဲ"

ဟု ထပ်၍ မေးလိုက်ပြန်လေသည်။

တရုတ်ဘုန်းတော်ကြီးက ချိုယင်းဝေကို တစ်ချက်ပြုံး လိုက်ပြီး. . .

"အားလုံးက ကျုပ်ကို နားထိုင်းဘုန်းကြီးလို့ ခေါ်တယ် ဒကာလေးကတော့ ဘယ်သူတုံး"

ချိုယင်းဝေက. . .

"တပည့်တော်နာမည် ချိုယင်းဝေပါ"

နားထိုင်းတရုတ်ဘုန်းတော်ကြီးက ဦးခေါင်းတဆတ် ဆတ်ညိတ်ရင်း. . .

"ကောင်းလေစွ ကောင်းလေစွ"

ဟု ပြောကာ သူ၏အဆောင်ထဲသို့ ဝင်သွားလေသည်

ချိုယင်းဝေက တရုတ်ဘုန်းတော်ကြီးအား လှမ်း၍. . .

"အစောကြီး ရှိသေးတယ် အိပ်တော့ မလို့လား"

နားထိုင်းတရုတ်ဘုန်းတော်ကြီးက ဦးခေါင်းကို ညိတ်၍ လိုက်ပြီး. . .



"ဒါအကောင်းဆုံးပဲ"

ဟု ပြောကာ အခန်းတံခါးကို ပိတ်လိုက်လေသည်။

ချိုယင်းဝေသည် ပိတ်သွားသော အခန်းတံခါးကို ကြည့်ကာ ပခုံးနှစ်ဘက်ကို ဟန်ပါပါ တွန့်လိုက်လေတော့သည်။

ချိုယင်းဝေသည် ထိုနေရာမှ လှည့်ထွက်ကာ ရင်ပြင်ပေါ်သို့ လျှောက်သွားလေတော့သည်။

ရင်ပြင်တော်ပေါ်သို့ ရောက်သွားသောအခါ အရှေ့ဘက်မုခ်ဦးလှေကားထိပ်မှ အောက်ဘက်သို့ လှမ်းကြည့်လိုက်လေသည်။

လှေကား၏အဆုံး၌ စည်ကားသော ဈေးတန်းတစ်ခုကို မြင်တွေ့လိုက်ရလေသည်။

ထိုဈေးတန်းသည် ကြီးမားသော ဈေးတန်းတစ်ခု မဟုတ်သော်လည်း စာအုပ်ဆိုင်များ၊ ခေါက်ဆွဲဆိုင်များ၊ ပန်းချီကား အနုပညာ ပစ္စည်းရောင်းသော ဆိုင်များ၊ ဗေဒင်ဆရာများ၊ ရှေးဆေးရောင်းသော ဆိုင်များ၊ အထည်အလိပ်ရောင်းသော ဆိုင်များ၊ ကုန်စုံ ကုန်ခြောက်ရောင်းသော ဆိုင်များ စသည်ဖြင့် ပြည့်လင်လှပေသည်။

ထို့ပြင် ယခုအချိန်သည် နံနက်ခင်းဖြစ်၍ ဈေးဝယ်သူများဖြင့် အထူးစည်ကားနေလေသည်။

ချိုယင်းဝေသည် လှေကားမှ ဆင်းသက်လာပြီး ဈေးတန်းအတွင်းသို့ ဝင်ရောက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ရုတ်တရက် ဈေးသွားဈေးလာများထဲမှ မျက်လုံးတစ်စုံက မိမိကို ကြည့်နေကြောင်း ချိုယင်းဝေ သတိပြုမိလိုက်လေသည်။

သို့သော် ထိုမျက်လုံးတစ်စုံသည် ချက်ချင်းပင် ပျောက်ကွယ်သွားပေသည်။

ချိုယင်းဝေ၏စိတ်ထဲ၌ အနည်းငယ် လှုပ်ရှားသွားပြီး ထိုမျက်လုံးတစ်စုံကို ပြန်လည်ရှာဖွေကြည့်နေလေသည်။

သို့သော် ပျားပန်းခပ်မျှ လှုပ်ရှားနေသော ဈေးသွားဈေးလာများထဲတွင် ချိုယင်းဝေသည် ရှာဖွေ၍ မတွေ့ရတော့ချေ။

ချိုယင်းဝေသည် အတန်ကြာအောင် ရှာဖွေသော်လည်း ထိုမျက်လုံးတစ်စုံကို ထပ်မံ၍ မတွေ့ရတော့ချေ။

ထို့ကြောင့် ချိုယင်းဝေသည် စာအုပ်ဆိုင်၏အနီး၌ ရပ်တန့်လိုက်ပြီး သက်ပြင်းတစ်ချက် ချလိုက်လေသည်။

ဤဈေးတန်းအတွင်း၌ သူမြင်တွေ့လိုက်ရသော မျက်လုံးတစ်စုံသည် သူတွေ့မြင်ဖူးသော မျက်လုံးတစ်စုံပင် ဖြစ်သည်။

ဤသို့ဆိုလျှင် ဤဈေးတန်းအတွင်း၌ ရန်သူလား၊မိတ်ဆွေလား ချိုယင်းဝေ မဆုံးဖြတ်တတ်ပါ။

ချိုယင်းဝေသည် စာအုပ်ဆိုင်ရှေ့၌ အတန်ကြာအောင် ရပ်နေရာမှ ဈေးသွားဈေးလာများထဲ၌ မျက်လုံးတစ်စုံကို ထပ်မံရှာဖွေလိုက်ပြန်လေသည်။

ဤတစ်ကြိမ်တွင် ချိုယင်းဝေသည် သူရှာဖွေနေသော မျက်လုံးတစ်စုံကို ပန်းများရောင်းသော ဆိုင်ရှေ့၌ တွေ့လိုက်ရ



လေသည်။

ထို့ကြောင့် ချိုယင်းဝေသည် ဈေးသွားဈေးလာများကို တိုးဝှေ့၍ ပန်းများရောင်းသော ဆိုင်ရှေ့သို့ လျင်မြန်စွာ လျှောက်သွားမိပေသည်။

ပန်းများရောင်းသော ဆိုင်ရှေ့သို့ ရောက်သောအခါ ချိုယင်းဝေသည် သူရှာဖွေနေသော မျက်လုံးတစ်စုံကို တွေ့လိုက်ရလေသည်။

ထိုမျက်လုံးပိုင်ရှင်သည် အဝါရောင်ဝတ်စုံကို ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက်ပင် ဖြစ်သည်။

ထိုမိန်းကလေးသည် ပျိုမျစ်နုနယ်ပြီး ကိုယ်ခန္ဓာအချိုးအဆစ် ပြေပြစ်ကာ ချောမောလှပသော မိန်းကလေးတစ်ဦးပင်ဖြစ်ပါသည်။

သူမ၏လက်ထဲ၌ ပန်းခြင်းတောင်းတစ်လုံးကိုင်ထားပြီး သူမ၏ဘေး၌ အိမ်ဖော်ဖြစ်ဟန်တူသော မိန်းကလေးတစ်ဦး ရပ်နေလေသည်။

ချိုယင်းဝေသည် ထိုမိန်းကလေးအား မြင်တွေ့ဖူးသော်လည်း မည်သူမည်ဝါ ဖြစ်မှန်း မမှတ်မိချေ။

မိန်းကလေး၏မျက်လုံးများသည် မိမိအား ငေးစိုက်၍ကြည့်နေသော ချိုယင်းဝေ၏မျက်လုံးများနှင့် ဆုံတွေ့လိုက်သောအခါ မိန်းကလေးသည် မျက်လွှာကိုချ၍ ဦးခေါင်းကို ငုံ့လိုက်လေသည်။

သူမ၏မျက်နှာသည် ရှက်သွေးများ ဖြန်းသွားသည့်

www.burmeseclassic.com

www.burmeseclassic.com



အလား ပန်းနုရောင်သို့ ပြောင်းလဲသွားလေသည်။

ထိုစဉ် အိမ်ဖော်ဖြစ်သူက မိန်းကလေး၏လက်ကို ဆွဲ၍

"မမ၊ ဟိုဘက်မှာ ငါးတွေရှိတယ် သွားကြည့်ရအောင်"

ဟု ပြောလိုက်လေသည်။

သို့သော် မိန်းကလေးသည် မင်တက်မိနေသည့်အလား တုံ့ပြန်လှုပ်ရှားမှု မရှိသဖြင့် အိမ်ဖော်မိန်းကလေးသည် ထိုမိန်းကလေးကို လှည့်၍ကြည့်လိုက်လေသည်။

ယင်းသို့ ကြည့်လိုက်သည်နှင့် မိန်းကလေး၏မျက်နှာ ရှက်သွေးဟန်ဖြင့် ဦးခေါင်းငုံ့ထားသည်ကို မြင်တွေ့လိုက်ရပေသည်။

ထိုစဉ် မိန်းကလေးသည် ချိုယင်းဝေကို တစ်ချက်မိုး၍ ကြည့်လိုက်လေသည်။

အိမ်ဖော်မိန်းကလေးကလည်း မိန်းကလေး ကြည့်ရာဘက်သို့ လိုက်၍ ကြည့်လိုက်လေသည်။

ယင်းသို့ ကြည့်လိုက်သောအခါ မိန်းကလေးကို ငေးစိုက်ကြည့်နေသော ချိုယင်းဝေကို အိမ်ဖော်မိန်းကလေးက တွေ့မြင်လိုက်ရလေသည်။

ထို့ကြောင့် အိမ်ဖော်မိန်းကလေးက ပြုံးကာ...

"ဟော... အစ်ကိုကြီးချိုပါလား၊ ဘယ်ကလာသလဲ"

ဟု လှမ်း၍ နှုတ်ဆက်စကား ပြောလိုက်လေသည်။

ချိုယင်းဝေသည် အိမ်ဖော်မိန်းကလေး၏ နှုတ်ဆက်သံကြားမှ သတိပြန်လည် ဝင်ရောက်လာပြီး အိမ်ဖော်မိန်းကလေးကို ပြန်လည်၍ ပြုံးပြလိုက်လေသည်။



ယခုအခါမှ ချိုယင်းဝေသည် အဝါရောင်ဝတ်ဆင်ထားသော မိန်းကလေးသည် တိမ်းရှိုလေး၏ညီမ တိမ်ဝေ့ကျူး ဖြစ်သည်ကို အမှတ်ရလာလေသည်။

ထို့ကြောင့် ချိုယင်းဝေသည် တိမ်ဝေ့ကျူး၏ အနီးသို့ လျှောက်လာပြီး...

"ဈေးဝယ်လာတာလား"

ဟု နှုတ်ဆက်စကား ပြောလိုက်လေသည်။

တိမ်းဝေ့ကျူးက...

"ဟုတ်ကဲ့"

ဟု ဦးခေါင်းကိုငုံ့၍ ဖြေကြားလိုက်လေသည်။

ချိုယင်းဝေက သူမ၏လက်ထဲမှ ခြင်းတောင်းထဲသို့ တစ်ချက်လှမ်းကြည့်လိုက်ပြီး...

"တော်တော်စုံပါလား"

တိမ်းဝေ့ကျူးက...

"ဟုတ်ကဲ့"

ဟု ဖြေလိုက်လေသည်။

ချိုယင်းဝေက ခြင်းတောင်းထဲမှ ပန်းများကို လက်ဖြင့် အသာအယာတို့လိုက်ပြီး...

"သိပ်လှတဲ့ ပန်းတွေပါလား၊ ဘယ်လိုဝယ်ရသလဲ"

ဟု ပြောလိုက်လေသည်။

ဤအကြိမ်၌ တိမ်းဝေ့ကျူးအစား အိမ်ဖော်မိန်းကလေးက ဝင်ရောက်၍...

www.burmeseclassic.com



"အစ်ကိုကြီးချိုက ပန်းတွေကို ခြင်းထဲမှာ တွေ့တာ တောင် လှတယ်ဆိုရင် မမလေး ခေါင်းပေါ်မှာသာတွေ့ရင် ပိုလှမှာ"

ဟု ပြောလိုက်လေသည်။

ထိုစကားကြောင့် တိမ်းဝေ့ကျူး၏မျက်နှာသည် ပန်းနှရောင်သမ်းသွားပြီး အိမ်ဖော်၏လက်မောင်းကို မသိမသာ ဆိတ်လိုက်လေသည်။

အိမ်ဖော်က မျက်နှာရှုံ့မဲ့ပြီး. . .

"အား"

ဟု အသံထွက်၍ အော်လိုက်လေသည်။

ယင်းသို့ အော်လိုက်သဖြင့် ချိုယင်းဝေ၏မျက်နှာသည် ပြုံး၍သွားပြီး တိမ်းဝေ့ကျူးသည် ခေါင်းကိုငုံ၍ ပြုံးလိုက်မိလေတော့သည်။

ချိုယင်းဝေသည် တိမ်းဝေ့ကျူး ရှက်သွားသည်ကို သိသဖြင့်. . .

"ဒါနဲ့ ညီမရဲ့အစ်ကိုကော အိမ်မှာ ရှိရဲ့လား"

ဟု စကားကို လွှဲပြောင်းပြောလိုက်လေသည်။

တိမ်းဝေ့ကျူးသည် ဦးခေါင်းကို ညိတ်လိုက်ပြီး. . .

"ဟုတ်ကဲ့ အိမ်မှာရှိပါတယ်"

ချိုယင်းဝေက. . .

"ဘာလုပ်နေလဲ"

တိမ်းဝေ့ကျူးက. . .



"စာမေးပွဲဖြေဖို့ စာကျက်နေပါတယ်"

ချိုယင်းဝေက ပြုံးလိုက်ရင်း. . .

"ဒါနဲ့ ဟန်တိအိဆိုတဲ့လူကော လာသေးသလား"

တိမ်းဝေ့ကျူးက. . .

"ဘယ်သူလဲ"

ဟု ပြန်လည်၍ မေးလိုက်လေသည်။

ချိုယင်းဝေက. . .

"ဟိုတလောက ညီမတို့အိမ်မှာ အစ်ကိုတို့နဲ့အတူ ထမင်း စားတဲ့ မင်းသားလေးဟန်တိအိလေ၊ မမှတ်မိဘူးလား"

တိမ်းဝေ့ကျူးက အနည်းငယ်စဉ်းစားလိုက်ပြီး. . .

"သြော်. . . ဟိုအသားမည်းမည်းနဲ့ မင်းသားလေးဆိုတဲ့ လူလား"

ချိုယင်းဝေ ဦးခေါင်းညိတ်ပြလိုက်ပြီး. . .

"ဟုတ်တယ်"

တိမ်းဝေ့ကျူးက. . .

"အဲဒီလူ နှစ်ခါရောက်တယ်"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက. . .

"ခင်ဗျားကို တွေ့တာနဲ့ အတော်ပဲ၊ ကျွန်တော်အကူအညီတစ်ခု တောင်းမလို့"

တိမ်းဝေ့ကျူးက. . .

"ကျွန်မ ဘာကူညီရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြန်လည်၍ မေးလိုက်လေသည်။

ချိုယင်းဝေက. . .

"ကျွန်တော် ခင်ဗျား အစ်ကိုနဲ့ တွေ့ချင်တယ်"

တိမ်းဝေ့ကျူးက တစ်ချက်ပြုံးကာ. . .

"ဒီကိစ္စများ ရှင်က ကျွန်မကို အကူအညီတောင်း သလား၊ အချိန်မရွေး ရှင်လာလည်လို့ရသားပဲ"

ချိုယင်းဝေက ဦးခေါင်းကို ခါယမ်းလိုက်ပြီး လေသံ တိုးဖြင့်. . .

"အခု ကျွန်တော် ဒီကျောင်းထဲက ထွက်လို့ မရဘူး"

တိမ်းဝေ့ကျူးက ပြုံးကာ. . .

"ဘာခဲယဉ်းတာလိုက်လို့လဲရှင်၊ ထွက်လို့ရတဲ့အချိန် ခဲ့ပေါ့"

ချိုယင်းဝေက ဦးခေါင်းကို ခါယမ်းကာ. . .

"ပြဿနာတစ်ခု ရှင်းပြီးမှ ကျွန်တော် ဒီကျောင်းထဲက ထွက်ခွင့်ရမယ်၊ ဒါကြောင့် ခင်ဗျား အစ်ကိုကိုပဲ လွှတ်လိုက်"

တိမ်းဝေ့ကျူးသည် မသိမသာ မျက်မှောင်တစ်ချက် ကြုတ်လိုက်ပြီး တစ်စုံတစ်ခုမေးရန် ဟန်ပြင်လိုက်လေသည်။

သို့သော် သူမသည် မမေးတော့ဘဲ ဦးခေါင်းကို ညိတ် ကာ. . .

"ကောင်းပြီလေ. . . ကျွန်မပြောပြလိုက်ပါ့မယ်"

ချိုယင်းဝေက. . .

"တကယ်လို့ သူလာခဲ့ရင် ကျောင်းထဲကို မဝင်ပါ



နဲ့တော့ ကျွန်တော့်ကိုလဲ မမေးပါနဲ့"

တိမ်းဝေ့ကျူးက. . .

"ဒါဖြင့် သူက ရှင့်ကို ဘယ်လိုတွေ့နိုင်မှာလဲ"

ချိုယင်းဝေက အုတ်နံရံ အနီးရှိ သစ်ပင်တစ်ပင်ကို ညွှန် ပြလိုက်ပြီး. . .

"အဲဒီ သစ်ပင်အောက်မှာ စောင့်နေပါလို့ ပြောပေးပါ"

တိမ်းဝေ့ကျူးက. . .

"ကောင်းပြီလေ၊ ကျွန်မ သေသေချာချာ ပြောပြလိုက်ပါ့ မယ်"

ချိုယင်းဝေက. . .

"ဟုတ်ကဲ့. . . ကျေးဇူးတင်ပါတယ်၊ ကဲ. . . ကျွန်တော် သွားလိုက်ပါဦးမယ်'

သူသည် ထိုသို့ နှုတ်ဆက်ကာ ပြောလိုက်ပြီး နောက်သို့ လှည့်၍ ထွက်ခွာသွားလေတော့သည်။

သို့သော် တိမ်းဝေ့ကျူးက. . .

"အစ်ကိုကြီး ခဏနေပါဦး"

ဟု လှမ်းတားလိုက်သဖြင့် ချိုယင်းဝေသည် သူ၏ခြေ လှမ်းများကို ရပ်တန့်လိုက်ပြီး တိမ်းဝေ့ကျူးထံ ပြန်လည်လျှောက် လာလေသည်။

တိမ်ဝေ့ကျူးအနီးသို့ ရောက်သောအခါ. . .

"ကိစ္စရှိလို့လား"

ဟု မေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



တိမ်းဝေ့ကျူးက ချိုယင်းဝေကို ဘစ်ချက်ကြည့်လိုက်ပြီး

"ရှင့်မှာ အခက်အခဲ ရှိနေလို့လား၊ ကျွန်မရော ဘာကူ
ညီရမလဲ"

ချိုယင်းဝေက ပြုံးလိုက်ပြီး. . .

"တခြား ဘာအကူအညီမှ မလိုပါဘူး
ညီမရဲ့အစ်ကိုသာ ဆက်ဆက်ပြောဖြစ်အောင် ပြောလိုက်ပါ"

ဟု ပြောလိုက်လေသည်။

တိမ်းဝေ့ကျူးက. . .

"တကယ်လို့ ကျွန်မအစ်ကိုက သူ့ကို ဘာကိစ္စနဲ့ ရှင်
တွေ့ချင်တာလဲ မေးရင် ကျွန်မ ဘယ်လိုပြောရမလဲ"

ချိုယင်းဝေက. . .

"ဘာကိစ္စဆိုတာ သူရောက်လာမှပဲ ကျွန်တော်ပြော
မယ်ဆိုတာ ပြောလိုက်ပါ"

ဟု ပြောလိုက်လေသည်။

တိမ်းဝေ့ကျူးက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး. . .

"စိတ်ချပါ၊ ကျွန်မ အစ်ကိုကို ဆက်ဆက်ပြောဖြစ်
အောင် ပြောပေးပါ့မယ်၊ ကျွန်မတို့ကို ခွင့်ပြုပါဦး"

ဟု ပြောကာ ထိုနေရာမှ လှည့်ထွက်သွားလေတော့
သည်။

ချိုယင်းဝေသည် တိမ်းဝေ့ကျူး၏နောက်ကျောကို ငေး
မောကြည့်ရှုရင်း ကျန်ရစ်ခဲ့လေတော့သည်။

* * *



တိမ်းဝေ့ကျူးသည် ဈေးတန်းထဲ၌ လမ်းလျှောက်နေ
သော်လည်း သူမ၏ဦးခေါင်းသည် မကြာခဏ နောက်သို့ လှည့်
ကြည့်နေပေသည်။

သူမ၏ဘေးမှ အိမ်ဖော်မကလေးသည် ပြုံးစိစိဖြင့် သူမ
ကို ကြည့်နေလေသည်။

အတန်ကြာမှ အိမ်ဖော်မိန်းကလေးက. . .

"မမ အခု ဘယ်သွားမှာလဲ"

ဟု မေးလိုက်လေသည်။ တိမ်းဝေ့ကျူးက အိမ်ဖော်မိန်း
ကလေး၏စကားကို မကြားလိုက်ဟန်ဖြင့် အိမ်ဖော်မိန်းကလေး
အား မျက်လုံးပြူး၍ ကြည့်ကာ. . .

"ဘာ. . . ဘာပြောတယ်"

ဟု ပြန်လည် မေးလိုက်လေသည်။

အိမ်ဖော်မိန်းကလေးက ပြုံးစိစိမျက်နှာဖြင့်. . .

"မမ အခု ဘယ်သွားမလဲလို့ မေးတာပါ"

တိမ်ဝေ့ကျူးက ဦးခေါင်းကို ညိတ်ကာ. . .

"အိမ်ပြန်မယ်လေ"

အိမ်ဖော်မိန်းကလေးက. . .

"အိမ်ပြန်လို့ မဖြစ်သေးဘူး ထင်တယ်"

တိမ်းဝေ့ကျူးက မျက်မှောင်ကလေးတစ်ချက် ကြုတ်
လိုက်ပြီး. . .

"ဘာဖြစ်လို့လဲ"

အိမ်ဖော်မိန်းကလေးက ပြုံးစိစိမျက်နှာဖြင့်. . .

www.burmeseclassic.com

www.burmeseclassic.com



"အရေးကြီးတဲ့ကိစ္စ လုပ်ရဦးမယ်လေ"

တိမ်းဝေ့ကျူးက နားမလည်ဟန်ဖြင့်. . .

"ဘာကိစ္စ ရှိလို့လဲ"

အိမ်ဖော်မိန်းကလေးက. . .

"ဗေဒင်ဆရာဆီ သွားဖို့လေ"

"ဗေဒင်ဆရာဆီသွားပြီး ငါက ဘာလုပ်ရမှာလဲ"

အိမ်ဖော်မိန်းကလေး အာစ်ချက်ပြုံးလိုက်ရင်း. . .

"ဗေဒင်မေးဖို့ပေါ့"

တိမ်းဝေ့ကျူးက. . .

"ငါက ဘာမေးရမှာလဲ"

အိမ်ဖော်မိန်းကလေးက. . .

"ဖူးစာကံဆုံနိုင်မလားလို့ မေးဖို့လေ"

ဟု ပြောလိုက်လေသည်။

တိမ်းဝေ့ကျူးသည် ယခုမှ အိမ်ဖော်မိန်းကလေး၏ ဆိုလိုရင်း အဓိပ္ပါယ်ကို နားလည်သဘောပေါက်သွားပြီး အိမ်ဖော်မိန်းကလေး၏လက်မောင်းကို ခပ်ဖွဖွဆိတ်ဆွဲလိုက်ရင်း ရှက်ရွံ့သော လေသံဖြင့်. . .

"သွား သေချင်လို့လား"

ဟု ပြောလိုက်လေသည်။ အိမ်ဖော်မိန်းကလေးသည် တိမ်းဝေ့ကျူးက ရှက်ယမ်း ယမ်းလိုက်သည်ကို သဘောကျစွာ တဟားဟား ရယ်မောလိုက်လေသည်။

* * *



လှေကားအတိုင်း ချီယင်းဝေ ရင်ပြင်ပေါ်သို့ ပြန်လည်တက်လာလေသည်။

ထို့နောက် သူသည် ဘုရားခန်းမဆောင်ရှေ့မှ ဖြတ်ကျော်၍ မိမိအဆောင်သို့ လျှောက်သွားလေသည်။

သူသည် မိမိအခန်းသို့ ပြန်၍ အနားယူကာ တိမ်းရှီလေးနှင့် တွေ့သည့်အထိ အနားယူရင်း စဉ်းစားနေပေသည်။

သူသည် စကြံလမ်းအတိုင်း လျှောက်လာရာ ဥယျာဉ်အနီးသို့ ရောက်ရှိလာလေသည်။

ထိုအချိန်တွင် နံနက်ခင်း၏လေသည် ဥယျာဉ်မှ ဖြတ်၍တိုက်ခတ်ကာ ချီယင်းဝေကို လာရောက်ထိတွေ့လေသည်။

ထိုစဉ် ရုတ်တရက် ချီယင်းဝေသည် သူ၏ခြေလှမ်းများကို ရပ်တန့်လိုက်လေသည်။

အကြောင်းမှာ ဥယျာဉ်မှ ဖြတ်၍ တိုက်ခတ်လာသော လေထဲ၌ သွေးညှီနံ့ပါလာသည်ကို ခံစားလိုက်ရသောကြောင့် ဖြစ်ပါသည်။

ယင်းသို့ ခံစားလိုက်ရသည်နှင့် တပြိုင်နက် ချီယင်းဝေသည် အနည်းငယ် စိတ်လှုပ်ရှားသွားပြီး ဥယျာဉ်ထဲသို့ ဝေ့၍ကြည့်လိုက်လေသည်။

ထို့နောက် သူသည် ဆုံးဖြတ်ချက်တစ်ခု ချလိုက်ပြီး ဥယျာဉ်ထဲသို့ လှမ်း၍ ဝင်လိုက်လေတော့သည်။

ဥယျာဉ်အတွင်းရှိ အနည်းငယ် ချောင်ကျသော တောင်ပုံတစ်ခု၏နောက်မှ ခြေထောက်နှစ်ချောင်း ပေါ်ထွက်နေသည်

www.burmeseclassic.com

www.burmeseclassic.com



ကို ချီယင်းဝေ မြင်တွေ့လိုက်လေသည်။

ချီယင်းဝေ တောင်တု၏နောက်သို့ ရောက်သောအခါ ထိုခြေထောက်ပိုင်ရှင်သည် မီးခိုးရောင်သင်္ကန်း ဝတ်ဆင်ထား သော တရုတ်ဘုန်းတော်ကြီးတစ်ပါး ဖြစ်နေပြီး မြေပေါ်တွင် မှောက်လျက် သေဆုံးနေသည်ကို တွေ့လိုက်ရလေသည်။

မှောက်လျက်သေဆုံးနေသဖြင့် ထိုတရုတ်ဘုန်းတော် ကြီး၏မျက်နှာကို ချီယင်းဝေ မမြင်တွေ့ရချေ။

ချီယင်းဝေသည် ဘာမျှ စဉ်းစားမနေတော့ဘဲ ထိုနေရာ မှ လှည့်ထွက်ကာ ဘုရားခန်းသို့ ဦးတည်၍ ပြေးလေတော့သည်။

* * *



ဘုရားခန်း၏ တံခါးမကြီးပွင့်ဟသွားပြီး တရုတ်ဘုန်း တော်ကြီးများ အသီးသီး ပြန်လည်ထွက်လာကြပေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးသည် ရှေ့ဆုံးမှ ထွက်လာလေသည်။

ဘုရားခန်း အပြင်သို့ ရောက်သည်နှင့် မျက်ခုံးမွေးဖြူ ဖွေးသော တရုတ်ဘုန်းတော်ကြီး၏ ခြေလှမ်းများသည် ရုတ်တ ရက် ရပ်တန့်သွားလေတော့သည်။

အဘယ်ကြောင့်ဆိုသော် မိမိတို့ ရှိရာ ပြေးလာနေသော ချီယင်းဝေကို မြင်တွေ့လိုက်ရသောကြောင့်ပင် မဟုတ်ပါလော။

ချီယင်းဝေသည် မျက်ခုံးမွေးဖြူသော တရုတ်ဘုန်းတော် ကြီးထံသို့ လျှောက်သွားပြီး တရုတ်ဘုန်းတော်ကြီး၏ရှေ့၌ ရပ် တန့်ကာ လက်အုပ်ချီ၍ ဂါရဝပြုလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ချီ ယင်းဝေကို တစ်ချက်မျှ အကဲခတ်၍ ကြည့်လိုက်ပြီး. . .

"ဒကာလေးက ဘုန်းကြီးကို လာရှာတာလား"

ဟု မေးလိုက်လေသည်။

ချီယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး. . .

"မှန်ပါတယ်"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .

"ကိစ္စအထူး ရှိလို့လား"

ချီယင်းဝေက. . .

"ဘုန်းတော်ကြီးနဲ့ တပည့်တော် စကားအနည်းငယ်

www.burmeseclassic.com

www.burmeseclassic.com



လောက် ပြောချင်လို့ပါ"

ထိုစဉ် စုတိတ်ဘုန်းတော်ကြီးသည် မျက်ခုံးမွေးဖြူဖွေး
သော ဘုန်းတော်ကြီး အနီးသို့ ချဉ်းကပ်လာပြီး. . .

"သူ့စကားကို မယုံပါနဲ့၊ ဒီလူဟာ အင်မတန်ကော
ကျစ်တဲ့လူပါ"

ဟု ဝင်ရောက်ပြောလိုက်လေသည်။

ချိုယင်းဝေက စုတိတ်ဘုန်းတော်ကြီး၏စကားကြော
ဒေါပွသွားပြီး. . .

"ဘုန်းကြီးက တပည့်တော်ကို ဘာအထောက်အထား
ကောက်ကျစ်တယ်လို့ ပြောရတာလဲ"

စုတိတ်ဘုန်းတော်ကြီးက ချိုယင်းဝေတို့ တစ်စုံတစ်
ပြန်လည်ပြောဆိုဟန်ပြင်လိုက်စဉ် မျက်ခုံးမွေးဖြူဖွေးသော
တရုတ်ဘုန်းတော်ကြီးသည် စုတိတ်ဘုန်းတော်ကြီးတို့ တိ
တိတ်နေရန် လက်ကာပြလိုက်ပြီး ချိုယင်းဝေထံသို့ တစ်လှမ်းချင်း
လျှောက် သွားလေတော့သည်။

ချိုယင်းဝေ အနီးသို့ ရောက်သောအခါ မျက်ခုံးမွေးဖြူ
ဖွေးသော တရုတ်ဘုန်းတော်ကြီးသည် ချိုယင်းဝေအား. . .

"ကဲပြော ဘာကိစ္စလဲ"

ချိုယင်းဝေက ဥယျာဉ်ထဲ၌ တရုတ်ဘုန်းတော်ကြီးတ
ပါး အသတ်ခံရကြောင်း ပြောပြလိုက်လေသည်။

ချိုယင်းဝေ၏စကားကြောင့် မျက်ခုံးမွေးဖြူဖွေးသော
ဘုန်းတော်ကြီးသည် မျက်နှာတွက်ကနဲ တစ်ချက်ပျက်သွားပြီ



"ဘယ်မှာလဲ"

ဟု သေချာစေရန် ထပ်၍ မေးလိုက်လေသည်။

ချိုယင်းဝေက. . .

"ဥယျာဉ်ထဲက တောင်ပုတစ်ခုရဲ့နောက်မှာ"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .

"ဒါဖြင့် ဘာလို့ ရပ်နေတာလဲ၊ ထိုသွားကြည့်ရအောင်"

ချိုယင်းဝေက ဦးခေါင်းညိတ်ပြလိုက်ပြီး ရှေ့မှဦးဆောင်
၍ ထွက်သွားလေတော့သည်။

ချိုယင်းဝေသည် မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်း
တော်ကြီး၏ သိုင်းပညာအဆင့်ကို အတဲခတ်လိုသောကြောင့်
မိမိ၏ကိုယ်ဖော့ပညာကို သုံးကာ လျင်မြန်စွာ လျှောက်သွားလေ
တော့သည်။

သို့သော် မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီး
နှင့် ကျန်တရုတ်ဘုန်းတော်ကြီး အားလုံးတို့သည် ချိုယင်းဝေ
နောက်မှ အေးဆေးစွာပင် လိုက်ပါလာလေသည်။

သို့ဖြစ်၍ ချိုယင်းဝေသည် စိတ်ပျက်သွားဟန်ဖြင့် သက်
ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်လေသည်။

ဥယျာဉ်ထဲသို့ ရောက်သောအခါ ချိုယင်းဝေသည်
တောင်ပုတစ်ခုကို ညွှန်ပြလိုက်ရင်း. . .

"အဲဒီ တောင်ပုရဲ့ နောက်မှာပဲ"

ဟု ပြောလိုက်လေသည်။

ထို့နောက် သူတို့အားလုံးသည် တောင်ပု၏နောက်သို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိလာလေတော့သည်။

တောင်တုံ၏နောက်၌ မီးခိုးရောင်သင်္ကန်း ဝတ်ဆင်ထားသော တရုတ်ဘုန်းတော်ကြီးတစ်ပါး မှောက်လျက် သေဆုံးနေသည်ကို တွေ့ရလေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီး အလောင်းကို တစ်ချက်စိုက်ကြည့်လိုက်လေသည်။

"အလောင်းကို လှန်လိုက်ပါ"

ဟု အနီးရှိ တရုတ်ဘုန်းတော်ကြီးတစ်ပါးအား အမိန့်ပေးလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီး၏ အမိန့်ပေးသံ ဆုံးသွားသည်နှင့် အနီးမှ တရုတ်ဘုန်းကြီးတစ်ပါးသည် အလောင်းကို ဆွဲ၍ လှန်လိုက်လေသည်။

ထို့ကြောင့် အလောင်း၏မျက်နှာကို အားလုံး တွေ့မြင်လိုက်ရလေသည်။

ယင်းသို့ တွေ့မြင်လိုက်သည်နှင့် အားလုံး အံ့သြသော အသွင်သဏ္ဌာန်များ ပေါ်ထွက်လာလေသည်။

ချီယင်းဝေကိုယ်တိုင်ပင် အလောင်း၏မျက်နှာကို မြင်လိုက်ရသဖြင့် အံ့သြသွားလေသည်။

အကြောင်းမှာ သေဆုံးနေသော တရုတ်ဘုန်းကြီးသည် ဘုန်းတော်ကြီးတုချမ်းပင် ဖြစ်နေသောကြောင့် ဖြစ်သည်။

ချီယင်းဝေသည် တရုတ်ဘုန်းတော်ကြီးတုချမ်း၏ အလောင်းကို အံ့အားသင့်စွာ ကြည့်နေရာမှ မျက်ခုံးမွေးဖြူဖွေး



သော တရုတ်ဘုန်းတော်ကြီးကို လှည့်၍ ကြည့်လိုက်လေသည်။

ယင်းကို ကြည့်လိုက်သည်နှင့် သူ၏မျက်လုံးတစ်စုံသည် မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီး၏ မျက်လုံးများထဲ၌ သံသယ၏ အရိပ်အငွေ့များ ပါဝင်နေသည်ကို ချီယင်းဝေ မြင်တွေ့လိုက်ရလေသည်။

ထို့အပြင် တရုတ်ဘုန်းတော်ကြီးများ အားလုံး၏ မျက်လုံးများထဲ၌လည်း သံသယမကင်းသည့် အရိပ်အငွေ့များ ရောပြွမ်းနေသည်ကို မြင်တွေ့လိုက်ရလေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးသည် ချီယင်းဝေကို စူးစိုက်၍ ကြည့်လိုက်ပြီး. . .

"ဒီအလောင်းကို ဝကာလေး တွေ့ခဲ့တာလား"

ချီယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး. . .

"ဟုတ်ပါတယ်"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက လေထဲ၌ လက်တစ်ဘက်ဝှေ့ယမ်းပြလိုက်ပြီး. . .

"ဒီနေရာဟာ အတော်ချောင်ကျတဲ့ နေရာတစ်ခုပဲ"

ချီယင်းဝေက ဦးခေါင်းကို ညိတ်ကာ. . .

"ဒါကြောင့်လဲ လူသတ်သမားက ဒီမှာ ဖွက်ထားတာ ဖြစ်မှာပေါ့"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက အနည်းငယ် စဉ်းစားလိုက်ပြီး. . .

"ဒီလောက်ချောင်ကျတဲ့နေရာက အလောင်းကို ဒီတာ

www.burmeseclassic.com

www.burmeseclassic.com



လေး ဘယ်လိုလုပ် လာတွေ့တာလဲ"

ချိုယင်းဝေက . . .

"တပည့်တော် အခန်းကို အပြန်မှာ ဥယျာဉ်နားရောက်တော့ ဥယျာဉ်ထဲက သွေးညှီနံ့ရတယ်လို့ ခံစားလိုက်ရပါတယ်"

စုတိတ်ဘုန်းတော်ကြီးက နှုတ်ခမ်းကို တစ်ချက်မဲ့လိုက်ပြီး . . .

"ဒါဆို ဒကာလေးက အနံ့ခံကောင်းတာပဲ"

ချိုယင်းဝေက စုတိတ်ဘုန်းတော်ကြီး စကားကြောင့် ခေါ်ပွကာ . . .

"ဘုန်းကြီးက ဘာဖြစ်လို့ တပည့်တော်ကို စော်ကားချင်ရတာလဲ"

ဟု မေးလိုက်လေသည်။

စုတိတ်ဘုန်းတော်ကြီးက မထေ့တထေ့ကလေး ပြုံးလိုက်ရင်း . . .

"ဘုန်းကြီးပြောတဲ့ စကားထဲမှာ စော်ကားတဲ့ စကားတစ်လုံးမှ မပါဘူး"

ချိုယင်းဝေက ဒေါပွသော လေသံဖြင့် . . .

"ဒါဖြင့် ဘာလို့ အနံ့ခံကောင်းတယ်လို့ ပြောရတာလဲ"

စုတိတ်ဘုန်းတော်ကြီးက . . .

"ဒီလောက်ချောင်ကျတဲ့ နေရာက သွေးညှီနံ့ကို ဥယျာဉ်ဘေးက ဖြတ်လျှောက်တဲ့ ဒကာလေးက ခံစားလိုက်ရတယ်ဆိုတော့ အနံ့ခံကောင်းတယ်လို့ မချီးမွမ်းဘဲ မနေနိုင်ပါဘူး"



ထိုစဉ် မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက စုတိတ်ဘုန်းတော်ကြီးကို လက်ကာပြလိုက်ရင်း ချိုယင်းဝေအား

"ကဲပါ၊ ဒကာလေးက အဲဒီလို သွေးညှီနံ့ရတာနဲ့ ဥယျာဉ် ထဲ ရောက်လာတယ်ဆိုပါတော့"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး . . .

"မှန်ပါတယ်၊ အဲဒီ နောက်တော့ ဒီတောင်တုနောက်ကွယ်က ခြေထောက် ၂ ချောင်း ပေါ်ထွက်နေတာကို တပည့်တော်မြင်လိုက်ရတယ်"

မျက်ခုံးမွေးဖြူသော တရုတ်ဘုန်းတော်ကြီးက . . .

"နောက်တော့ကော"

ချိုယင်းဝေက . . .

"အလောင်းကို တွေ့တော့ တပည့်တော်လဲ ခြေရာလက်ရာ မပျက်အောင် ဒီအတိုင်းထားပြီး တရုတ်ဘုန်းတော်ကြီးတို့ အခန်းကို လာခဲ့တာပါပဲ"

ချိုယင်းဝေ၏စကားကြောင့် စုတိတ်ဘုန်းတော်ကြီးက ရုတ်တစ်ရက် ရယ်မောလိုက်ပြီး . . .

"အင်း . . . ထူးဆန်းတယ် ထူးဆန်းတယ်"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက စုတိတ်ဘုန်းတော်ကြီးကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီး . . .

"ဘာတူးဆန်းတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်လေသည်။

စုတိတ်ဘုန်းတော်ကြီးက. . .

"ဩော်. . . ထူးထူးဆန်းဆန်း ဒကာလေးတစ်ယောက်တည်း ဒီအလောင်းကို လာတွေ့လို့ပါ"

ချီယင်းဝေက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး. . .

"ဘုန်းတော်ကြီးက တပည့်တော် သတ်တယ်လို့ ထင်လို့လား"

ဟု တဲ့တိုးမေးလိုက်လေသည်။

စုတိတ်ဘုန်းတော်ကြီးက ချီယင်းဝေကို မျက်လုံးပြူး၍ ပြန်ကြည့်လိုက်ပြီး. . .

"ဘာလဲ ဒကာလေး မသတ်ရင် ကျုပ်သတ်တယ်လို့ ပြောဦးမလို့လား"

ချီယင်းဝေက မျက်မှောင်ကြုတ်ကာ. . .

"ကျုပ် မသတ်ဘူး"

ဟု အော်လိုက်လေသည်။

စုတိတ်ဘုန်းတော်ကြီးက. . .

"အကြောင်းအကျိုးဆိုတာ ဆက်စပ်မှုရှိတယ်၊ ဘယ်အရာမှ အကြောင်းတရားမပါဘဲ အကျိုးတရား ဖြစ်မလာဘူး"

ချီယင်းဝေက နှုတ်ခမ်းကို တချက်ကိုက်ကာ. . .

"တပည့်တော်က ဘာဖြစ်လို့ သူ့ကို သတ်ရမှာလဲ"

စုတိတ်ဘုန်းတော်ကြီးက နှုတ်ခမ်းကို တစ်ချက်မဲ့၍ ပြလိုက်ပြီး. . .



"တကယ်လို့သာ ဘုန်းတော်ကြီးတုချမ်းကို မနေ့က ဒကာလေး မစစ်ဆေးခဲ့ရင် သူ အခုလို ဒီလို ဖြစ်မှာ မဟုတ်ဘူး"

ချီယင်းဝေက. . .

"တပည့်တော် စစ်ဆေးတာနဲ့ ဘုန်းတော်ကြီးတုချမ်း အသတ်ခံရတာ ဘာဆိုင်လို့လဲ"

စုတိတ်ဘုန်းတော်ကြီးက. . .

"တကယ်လို့ တုချမ်းက မင်းဟာ လူသတ်သမား ဖြစ်ကြောင်း သိနေတာကို မင်းက သိသွားပြီး နှုတ်ပိတ်လိုက်တာကော မဖြစ်နိုင်ဘူးလား"

ဟု မေးလိုက်လေသည်။

ချီယင်းဝေသည် ဘာမျှမပြောဘဲ သူ၏နှုတ်ခမ်းကို ကိုက် ၍ အတန်ကြာအောင် တိတ်ဆိတ်နေပေသည်။

ထိုစဉ် စုတိတ်ဘုန်းတော်ကြီးက. . .

"ဒီလောကမှာ တစ်စုံတစ်ခုကို လိမ်လည်မိပြီဆိုတာနဲ့ အဲဒီ အလိမ်မပေါ်အောင် ထပ်ပြီး လိမ်ရတော့တာပဲ"

ချီယင်းဝေက နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်ပြီး. . .

"ကျုပ် မသတ်ဘူး၊ တုချမ်းကိုလဲ မသတ်ဘူး၊ ကျုပ် ဘယ်သူ့ကိုမှ မသတ်ဘူး၊ ကျုပ်ကျိန်ပြောရဲတယ်"

ဟု ပြောလိုက်ပြီး မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးထံသို့ ကြည့်လိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီး၏ မျက်နှာပေါ်၌ မည်သည့်အပြောင်းအလဲမျှ မရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးသည် တစ်စုံတစ်ခုအား စဉ်းစားနေဟန်ဖြင့် ငြိမ်သက်နေလေသည်။

ချိုယင်းဝေက မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးအား. . .

"တပည့်တော် မသတ်ဘူး၊ ဘုန်းတော်ကြီး ကြည့်ပေးပါဦး"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးသည် ချိုယင်းဝေအား တည်ငြိမ်အေးစက်စွာ တစ်ချက်ကြည့်လိုက်ပြီး. . .

"ဒကာလေးရဲ့ ပထမအမှုကလဲ မပြီးပြတ်သေးဘူး။ တော့ ဘုန်းကြီးက ဒကာလေးအတွက် ဘယ်လိုပြောပေးရမှာလဲ"

ချိုယင်းဝေက ဦးခေါင်းကို ခါယမ်းကာ. . .

"ပထမအမှုကို ဖော်ထုတ်လို့ရမှတော့ ဘုန်းတော်ကြီးတို့ချမ်း ဘယ်လိုလုပ် သေတော့မှာလဲ"

မျက်ခုံးမွေးဖြူ တရုတ်ဘုန်းတော်ကြီးက. . .

"ဒါပေမယ့် ပထမအမှုက မပြီးသေးလို့ တုချမ်းသေတာပေါ့"

ချိုယင်းဝေက စိတ်ပျက်စွာ ခေါင်းတစ်ချက်ခါယမ်းလိုက်ပြီး. . .

"ဘုန်းတော်ကြီးက တပည့်တော်ကို မယုံလို့လား"

မျက်ခုံးမွေးဖြူ တရုတ်ဘုန်းတော်ကြီးက. . .

"ကျီးကန်းတစ်ကောင်ဟာ ဖြူတယ်လို့ ပြောချင်ရင်



အဖြူရောင်ရှိတဲ့ ကျီးကန်းအားလုံးကို အထောက်အထားပြပြီးမှ ကျီးကန်းဖြူတယ်လို့ ပြောနိုင်တယ်၊ ဒီလိုပဲ ဒကာလေး မသတ်ဘူးဆိုတာ ဘယ်အထောက်အထားနဲ့ ယူရမှာလဲ"

ချိုယင်းဝေသည် စိတ်ပျက်လက်ပျက်ဖြင့် တောင်တုအနီး ကျောက်တုံးတစ်တုံးပေါ်သို့ ထိုင်ချလိုက်လေသည်။

ပြီးမှ ထိုင်ရာမှ ရုတ်တရက် ထလိုက်ပြီး. . .

"ကောင်းပြီ၊ ဒါဆိုရင် တပည့်တော်သတ်တယ်လို့ ဘယ်အထောက်အထားနဲ့ ယုံသလဲ"

ထိုစဉ် စုဟိုက်ဘုန်းတော်ကြီးက. . .

"ဒကာလေးကို ကျုပ် စွပ်စွဲနေတာ မဟုတ်ဘူး"

"ဒါဖြင့်ရင် တပည့်တော် မသတ်ဘူးဆိုတာ ဘာဖြစ်လို့ လက်မခံကြတာလဲ"

စုဟိုက်ဘုန်းတော်ကြီးက. . .

"ဒကာလေး မသတ်ဘူးဆိုတာ လက်ခံနိုင်ဖို့ ဘာမှ အထောက်အထား မရှိသေးဘဲ၊ အလောင်းကို သေသေချာချာ စစ်ဆေးပါအုံးမယ်"

ချိုယင်းဝေက ဘာမျှပြန်မပြောတော့ဘဲ တောင်တုအနီး ကျောက်တုံးပေါ်သို့ ပြန်လည်၍ ခြေပစ်လက်ပစ် ထိုင်ချလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီးသည် အလောင်းပေါ်မှ သင်္ကန်းကို ဖယ်ရှားလိုက်ပြီး တရုတ်ဘုန်းတော်ကြီးတစ်ပါးအား ရေတစ်ခွက် ခပ်ခိုင်းလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အလောင်းပေါ်ရှိ ဒဏ်ရာမှ သွေးများသည် ခဲ၍နေသည်။ မကြာမီ ရေသွားခပ်သော တရုတ်ဘုန်းကြီး ပြန်လည်ရောက်ရှိလာလေသည်။

ထို့နောက် ထိုတရုတ်ဘုန်းကြီးသည် ဘုန်းတော်ကြီးတချမ်း ခန္ဓာကိုယ်ပေါ်မှ သွေးများကို ဆေးကြောလိုက်လေသည်။

သွေးများ ဆေးကြောပြီးသောအခါ စုဟိုက်ဘုန်းတော်ကြီးသည် ဘုန်းတော်ကြီးတချမ်း ခန္ဓာကိုယ်ပေါ်မှ ဒဏ်ရာကို ငုံ့၍ ကြည့်လိုက်လေသည်။

ဒဏ်ရာမှာ ဓားဒဏ်ရာ ဖြစ်ပါသည်။

တရုတ်ဘုန်းတော်ကြီးတုဟူး၏ ခန္ဓာကိုယ်ပေါ်တွင် တွေ့ရသော ဓားဒဏ်ရာနှင့် တစ်ပုံစံတည်း ဖြစ်နေလေသည်။

စုတိတ်ဘုန်းတော်ကြီးက အလောင်းဘေး၌ ဒူးထောက်ထိုင်ကာ ဒဏ်ရာကို သေချာစွာကြည့်လိုက်ပြီး ကျောက်တုံးပေါ်တွင် ခြေပစ်လက်ပစ်ထိုင်နေသော ချီယင်းဝေထံသို့ လှမ်း၍ ကြည့်လိုက်လေသည်။

ပြီးမှ စုတိတ်ဘုန်းတော်ကြီးသည် မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးကို မော့၍ ကြည့်လိုက်ပြီး...

"တချမ်းရဲ့ဓားဒဏ်ရာနဲ့ တုဟူးရဲ့ဓားဒဏ်ရာဟာ တစ်ပုံစံတည်း ဖြစ်နေပါတယ်၊ ဒါကြောင့် လူသတ်သမားဟာ တစ်ယောက်တည်း ဖြစ်ပါတယ်"

ဟု ပြောလိုက်လေသည်။

ထိုအချိန်တွင်...



စုဟိုက်ဘုန်းတော်ကြီးသည် ရှေ့သို့ ထွက်လာပြီး ကျောက်တုံးပေါ်တွင် ထိုင်နေသော ချီယင်းဝေကို လှမ်းကြည့်ကာ...

"ဒကာလေး ဘာငြင်းချင်သေးလဲ"

ဟု လှမ်း၍ မေးလိုက်လေသည်။

ချီယင်းဝေက ပျင်းရိလေးတွဲ့စွာဖြင့် ထိုင်ရာမှထလိုက်ပြီး...

"တပည့်တော်က ဘာငြင်းရမှာလဲ"

ဟု ပြန်မေးလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီးက...

"ဒကာလေး သတ်တာ မဟုတ်ဘူးလို့ မငြင်းတော့ဘူးလား"

ချီယင်းဝေက ဦးခေါင်းကို တဆတ်ဆတ်ညိတ်ရင်း...

"တပည့်တော်သတ်တယ်ဆိုတဲ့ အထောက်အထား ရှိလို့လား"

ဟု ပြန်၍ မေးလိုက်လေသည်။

စုဟုန်ဘုန်းတော်ကြီးက တစ်စုံတစ်ခုအား ပြန်လည်ပြောရန် ဟန်ပြင်လိုက်စဉ် စုတိတ်ဘုန်းတော်ကြီးက ဝင်ရောက်ပြီး...

"တုဟူး သေတာကတော့ ထားလိုက်ပါတော့"

ချီယင်းဝေက စုတိတ်၏စကားမဆုံးမီ လက်ကာပြလိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းတော်ကြီးက တုပှားသေတာ ထားလိုက်ပါတော့ ဆိုတော့ တချမ်းသေတာ တပည့်တော် သတ်တာလို့ ပြောချင်သလား"

စုတိတ်ဘုန်းတော်ကြီးက တစ်ချက်မဲ့ပြုံးပြုံးလိုက်ပြီး

"ဒီအကြောင်းကို ပြောဖို့တောင် လိုမယ် မထင်ဘူး"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက. . .

"ဘာဖြစ်လို့လဲ"

ဟု ပြန်၍ မေးလိုက်လေသည်။

စုတိတ်ဘုန်းတော်ကြီးက. . .

"တချမ်း အသတ်ခံရတဲ့အချိန်မှာ ကျုပ်တို့အားလုံး အစည်းအဝေးထဲမှာ ရှိနေတယ်"

ချီယင်းဝေက. . .

"အဲဒါနဲ့ပဲ တပည့်တော်က လူသတ်ကောင် ဖြစ်ရော လား"

စုဟုန်ဘုန်းတော်ကြီးက ရယ်မောလိုက်ပြီး. . .

"တချမ်းကို သတ်တဲ့လူဟာ အစည်းအဝေးထဲမှာ မရှိတဲ့ လူပဲ ဖြစ်ရမှာပေါ့"

စုတိတ်ဘုန်းတော်ကြီးက စုဟုန်ဘုန်းတော်ကြီး၏စကား ကို ထောက်ခံသည့်ဟန်ဖြင့် ဦးခေါင်းကို ညိတ်ရင်း. . .

"ဟုတ်တယ်၊ ဒကာလေးကလွဲပြီး ကျုပ်တို့အားလုံး အစည်းအဝေးထဲမှာ ရှိနေတယ်"



ချီယင်းဝေက ရုတ်တရက် ရယ်မောလိုက်ပြီး. . .

"အစည်းအဝေး မတက်တဲ့ ဘုန်းကြီး မရှိတော့ဘူးလား"

စုတိတ်ဘုန်းတော်ကြီးက. . .

"အစည်းအဝေးမတက်တဲ့ ဘုန်းတော်ကြီး ရှိတယ်လို့ ဒကာလေးက ပြောချင်သေးလို့လား"

ချီယင်းဝေက ဦးခေါင်းကို ညိတ်လိုက်ပြီး သူ၏လက်ကို ဝှေ့ယမ်းပြကာ. . .

"ဟောဒီကျောင်းထဲမှာ အစည်းအဝေး မတက်တဲ့ ဘုန်း တော်ကြီး ရှိတယ်"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေ၏စကားကြောင့် စုဟိုက်ဘုန်းတော်ကြီးသည် မျက်မှောင်တစ်ချက်ကြုတ်လိုက်ပြီး. . .

"ဒကာလေး ဘယ်လိုလုပ်သိသလဲ၊ အဲဒီဘုန်းကြီးက ဘယ်ဘုန်းကြီးလဲ"

ချီယင်းဝေက တစ်ချက်ပြုံးလိုက်ပြီး သူ၏လက်ကို ခေါင်း လောင်းထိုးသကဲ့သို့ ပြုလုပ်ပြကာ. . .

"ခေါင်းလောင်းထိုးတဲ့ ဘုန်းကြီးလေ"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေ စကားကြောင့် စုဟိုက်ဘုန်းတော်ကြီးသည် သဘောကျစွာ ရယ်မောလိုက်ပြီး. . .

"ဒကာလေးက နားထိုင်းဘုန်းကြီးကို ပြောတာ ထင် တယ်"

www.burmeseclassic.com

www.burmeseclassic.com



ချီယင်းဝေက ဦးခေါင်းညိတ်ပြကာ. . .

"ဟုတ်ပါတယ်"

စုဟိုက်ဘုန်းတော်ကြီးက. . .

"သူက ခေဒနာရှင်ပဲ၊ သူ့အနေနဲ့ ဘယ်နည်းနဲ့မှ တုချမ်းကို မသတ်နိုင်ဘူး"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက ပြုံးလိုက်ပြီး. . .

"တပည့်တော်က ဘုန်းတော်ကြီးတုချမ်းကို နားထိုင်ဘုန်းကြီးက သတ်တယ်လို့ မပြောသေးပါဘူး"

စုဟိုက်ဘုန်းတော်ကြီးက. . .

"ဒါဖြင့် ဘာဖြစ်လို့ နားထိုင်ဘုန်းတော်ကြီးအကြောင်း ပြောရတာလဲ"

ချီယင်းဝေက. . .

"တပည့်တော်ကလွဲပြီး အစည်းအဝေးမတက်တဲ့ ဘုန်းတော်ကြီး ရှိသေးတယ်ဆိုတာ ပြောပြတာပါ၊ ဒါကြောင့် တုချမ်းကို သတ်တဲ့လူဟာ အစည်းအဝေးမှာ မရှိတဲ့ လူပဲ ဖြစ်ရမယ်ဆိုရင်တော့ နားထိုင်ဘုန်းကြီးဟာလဲ ဘုန်းတော်ကြီးတုချမ်းကို သတ်တဲ့လူ ဖြစ်လာနိုင်တာပေါ့"

စုဟိုက်ဘုန်းတော်ကြီးက. . .

"ဒါနဲ့ နေပါဦး၊ အလောင်းမတွေ့ခင်တုန်းက ဒကာလေး ဘယ်မှာ ရှိနေသလဲ"

ချီယင်းဝေက. . .



"ကျောင်းထဲမှာ တစ်ချိန်လုံးရှိနေတယ်၊ နားထိုင်ဘုန်းကြီးနဲ့တောင် စကားပြောနေသေးတယ်၊ တခြား ဘယ်ဘုန်းကြီးနဲ့မှတော့ မတွေ့ခဲ့ဘူး"

ဟု ပြောလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီးသည် ချီယင်းဝေကို တစ်ချက်လှမ်းကြည့်လိုက်ပြီး ဦးခေါင်းကို တစ်ချက်ညိတ်ကာ. . .

"အင်း. . . ဒါဆိုရင်တော့ နားထိုင်ဘုန်းကြီးကို မေးကြည့်ရမှာပဲ"

ချီယင်းဝေက မျက်မှောင်ကြုတ်ကာ. . .

"မေးကြည့်ပါ၊ တပည့်တော် လိမ်ညာ မပြောပါဘူး"

ထိုစဉ် မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ချောင်းတစ်ချက်ဟန့်လိုက်ပြီး. . .

"ကဲ. . . တုချမ်းရဲ့အလောင်းကို သင်္ဂြိုဟ်ဖို့ အဆောင်ကို သယ်ခဲ့ကြ"

ဟု ပြောလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီး၏စကားဆုံးသည်နှင့် တရုတ်ဘုန်းကြီးများသည် ဘုန်းတော်ကြီးတုချမ်း၏ အလောင်းကို သယ်မရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်. . .

ရုတ်တရက်. . .

ချီယင်းဝေက. . .

"ခဏနေပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဟန့်တားလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီးက ချိုယင်းဝေကို လှည့်၍ ကြည့်လိုက်ပြီး. . .

"ဘာလုပ်မလို့လဲ"

ချိုယင်းဝေက. . .

"ဘုန်းတော်ကြီးတို့ချမ်းရဲ့ အလောင်းကို တပည့်တော် တဆိတ်ကြည့်ပါရစေ"

ဟု ပြောလိုက်ရှာသည်။

စုတိတ်ဘုန်းတော်ကြီးက နှုတ်ခမ်းတစ်ချက်မဲ့လိုက်ပြီး

"အဲဒီလို ကြည့်တော့ ပြန်ရှင်လာမှာလား"

ချိုယင်းဝေက. . .

"ဘာပဲဖြစ်ဖြစ် လူသတ်သမားရဲ့ သဲလွန်စတော့ ရှာပေါ့"

စုတိတ်ဘုန်းတော်ကြီးက မထေ့တထေ့ကလေး တစ်ချက်ပြုံးလိုက်ပြီး. . .

"သဲလွန်စရှာဖို့ လိုဦးမလား"

ချိုယင်းဝေက ဦးခေါင်းကိုညိတ်ကာ. . .

"ဘာပဲဖြစ်ဖြစ် အနည်းနဲ့ အများတော့ လိုမှာပေါ့"

စုတိတ်ဘုန်းတော်ကြီးက သက်ပြင်းတစ်ချက် မှုတ်ထုတ်ကာ. . .

"အင်း. . . ဒါဆို ကျုပ်တို့ထဲက နောက်တစ်ယောက်တော့ အသတ်ခံရဖို့ သေချာနေပြီ"



ဟု ခပ်ငေါ့ငေါ့ ပြောလိုက်လေသည်။

ချိုယင်းဝေသည် စုတိတ်တရုတ်ဘုန်းတော်ကြီး၏ စကားကြောင့် ဒေါပွသွားသော်လည်း မိမိ၏စိတ်ကို ထိန်းချုပ်ကာ စုတိတ်ဘုန်းတော်ကြီးကို တစ်ချက်မျှ ကြည့်လိုက်လေသည်။

ထို့နောက် သူသည် ဘာမျှ ပြန်လည်၍ မပြောတော့ဘဲ တရုတ်ဘုန်းတော်ကြီးတို့ချမ်း၏ အလောင်းအနီး၌ ဒူးထောက်ထိုင်လိုက်လေသည်။

ပြီးမှ. . .

သူသည် အလောင်းပေါ်မှ ဒဏ်ရာကို တစ်ချက်ကြည့်လိုက်သည်။

ယင်းသို့ ကြည့်လိုက်ပြီး သူ၏မျက်ခုံးမွေးကို ကြုတ်၍ တစ်ချက်စဉ်းစားလိုက်သည်။

ထို့နောက် အလောင်း၏ အနီးပတ်ဝန်းကျင်ကို တစ်ချက် အကဲခတ်ကြည့်လိုက်သည်။

ပြီးမှ. . .

သူသည် ဒူးထောက်ထိုင်နေရာမှ ပြန်လည်ထလိုက်ပြီး မျက်ခုံးမွေး ဖြူဖွေးသော ဘုန်းတော်ကြီးထံ တစ်ချက်လှမ်းကြည့်ကာ. . .

"ဘုန်းတော်ကြီးတို့ချမ်းရဲ့ ဒဏ်ရာက သွေးတွေဟာ ခြောက်သွေ့နေတဲ့အတွက် အချိန်အတော်ကြာကြာက အသတ်ခံရတာ ဖြစ်မယ်"

စုဟုန် ဘုန်းတော်ကြီးက ခေါင်းညိတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အနည်းဆုံး တစ်နာရာရီကျော်ကျော်လောက် ရှိပြီ"

ချိုယင်းဝေက ခေါင်းခါယမ်းလိုက်၏။

"တစ်နာရီမကဘူး၊ အနည်းဆုံး ၂ နာရီကျော်ကျော်ကြာပြီလို့ ခန့်မှန်းရတယ်"

သူသည် ယင်းသို့ ပြောလိုက်ပြီးနောက် တစ်စုံတစ်ရာအား စဉ်းစားမိပြီး လက်ဖျစ်တစ်ချက်တီးကာ. . .

"ဒီဒဏ်ရာက သွေးတွေ ခြောက်နေတာကို ကြည့်ရင် ဘုန်းတော်ကြီးတချမ်းဟာ လွန်ခဲ့တဲ့ ၂ နာရီကျော်ကျော်က အသတ်ခံခဲ့ရတာ ဖြစ်ရမယ်၊ အဲဒီတော့. . ."

ချိုယင်းဝေကို သူ၏စကားကို ဆက်၍ပြောဘဲ တစ်ဝက်တစ်ပျက်နှင့် ရပ်တန့်ကာ ဘုန်းတော်ကြီးများကို တစ်ချက်ဝေ့၍ ကြည့်လိုက်လေသည်။

စုပိုက်ဘုန်းတော်ကြီးက ချိုယင်းဝေကို မျက်မှောင်ကြုတ်၍ ပြန်လည်ကြည့်လိုက်ပြီး. . .

"ဒီတော့ ဘာဖြစ်သလဲ"

ချိုယင်းဝေက နှုတ်ခမ်းတွန့်၍ အနည်းငယ်ပြုံးလိုက်ပြီး

"ဒီတော့ တပည့်တော်ဟာ လူသတ်ကောင် မဟုတ်နိုင်တော့ဘူး"

စုတိတ်ဘုန်းတော်ကြီးက. . .

"ဒကာလေး လူသတ်ကောင် မဟုတ်နိုင်ဘူးလို့ ဘာဖြစ်လို့ ပြောနိုင်ရတာလဲ"

ဟု ဝင်ရောက်၍ ပြောလိုက်လေသည်။



ချိုယင်းဝေက. . .

"လွန်ခဲ့တဲ့ ၂ နာရီလောက်တုန်းက ဘုန်းတော်ကြီးတို့ အစည်းအဝေး မစသေးဘူး၊ ဒါကြောင့် လူသတ်သမားဟာ ဘုန်းတော်ကြီးတို့ထဲကပဲ ဖြစ်ရမယ်"

ချိုယင်းဝေ၏စကားကြောင့် မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးသာမက ကျန်တရုတ်ဘုန်းတော်ကြီးအားလုံးတို့သည် မျက်စိမျက်နှာ ပျက်သွားကြလေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးသည် ချိုယင်းဝေကို စူးစိုက်၍ ကြည့်လိုက်ပြီး. . .

"ဒကာလေး စကားကို အရမ်းမပြောပါနဲ့"

ချိုယင်းဝေက. . .

"တပည့်တော် ဖြစ်နိုင်တာကို ပြောတာပါ၊ ဖြစ်တယ်လို့ မပြောပါဘူး"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက. . .

"ဒကာလေးရဲ့ စကားက ဘုန်းတော်ကြီးတွေကို စွပ်စွဲရာရောက်မနေဘူးလား"

ချိုယင်းဝေက. . .

"တပည့်တော်က ဘုန်းတော်ကြီးတို့ကို စွပ်စွဲနေတယ်လို့ ယူဆလို့လား"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက. . .

"အထောက်အထားမရှိဘဲ စွပ်စွဲတဲ့သဘော သက်ရောက်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



ချီယင်းဝေက. . .

"ဘုန်းတော်ကြီးတို့က တပည့်တော်အပေါ် အထောက်အထားမရှိဘဲ သံသယဖြစ်နေတာကို ဘယ်လိုရှင်းမလဲ"

ထိုစဉ် စုတိတ်ဘုန်းတော်ကြီးက တစ်စုံတစ်ခု ဝင်ရောက် ပြောဆိုရန် ဟန်ပြင်လိုက်လေသည်။

သို့သော် မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ဟန့်တားလိုက်ပြီး. . .

"သံသယဆိုတဲ့စကားနဲ့ စွပ်စွဲတယ်ဆိုတဲ့စကားဟာ အဓိပ္ပါယ်ကွာပါတယ်၊ စွပ်စွဲတယ်ဆိုတာက အထောက်အထားနဲ့ ပြောရပါတယ်၊ သံသယဖြစ်တယ်ဆိုတာကတော့ အထောက်အထား ခိုင်မာမှုမရှိခင်မှာ ယူဆရတယ်ဆိုတဲ့သဘောလောက်ပဲ သက်ရောက်ပါတယ်၊ ဘာပဲဖြစ်ဖြစ် ဘုန်းတော်ကြီးတို့က ဒီကိစ္စကို သံသယကင်းရှင်းသွားအောင် ဒကာလေးက အစွမ်းကုန်ကူညီမှ ဖြစ်မယ်"

ချီယင်းဝေက ဘာမျှ ပြန်လည်တုံ့ပြန်ပြောဆိုခြင်း မရှိပါ။

သူသည် အလောင်းကို ညွှန်ပြလိုက်ပြီး. . .

"ဘုန်းတော်ကြီးတုချမ်းဟာ ဒီနေရာမှာ အသတ်ခံခဲ့ရတာ မဟုတ်ဘူး"

ဟု ပြောလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီးက ချီယင်းဝေကို တစ်ချက်လှမ်းကြည့်လိုက်ပြီး. . .



"တုချမ်းဟာ ဒီနေရာမှာ အသတ်ခံခဲ့ရတာ မဟုတ်ဘူးဟုတ်လား"

ချီယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး. . .

"ဟုတ်တယ်၊ ဘုန်းတော်ကြီးတုချမ်းဟာ တစ်နေရာမှာ အသတ်ခံရပြီး ဒီနေရာမှာ လာထားတာ ဖြစ်ရမယ်"

စုဟိုက်ဘုန်းတော်ကြီးက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး ချီယင်းဝေကို သင်္ကာရန့်မကင်းသော မျက်လုံးများဖြင့် ကြည့်တာ. . .

"ဒကာလေးက ဘာဖြစ်လို့ ဒီလိုပြောနိုင်ရတာလဲ"

ချီယင်းဝေသည် တုချမ်းအလောင်း၏ ပတ်ဝန်းကျင်ကို ညွှန်ပြလိုက်ရင်း. . .

"ဒီနေရာမှာ ရုန်းရင်းဆန်ခတ်ဖြစ်တဲ့ လက္ခဏာ မတွေ့ရဘူး။ ပြီးတော့ ဒီနေရာဟာ သန့်ရှင်းနေတယ်၊ သွေးစသွေးနတွေလဲ မတွေ့ရဘူး"

ဟု ပြောလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီးက. . .

"ဒါဆိုရင် တုချမ်းကို ဘယ်မှာသတ်တာ ဖြစ်နိုင်မလဲ"

ချီယင်းဝေက မိမိ၏လက်ကို ဝှေ့ယမ်းပြလိုက်ပြီး. . .

"ဟောဒီ ကျောင်းဝင်းထဲကလွဲလို့ ဘယ်နေရာမှာ ဖြစ်နိုင် ဦးမလဲ"

ဟု ပြန်လည် ပြောလိုက်လေသည်။

ထိုစဉ် မျက်ခုံးမွေးဖြူဖွေးသော ဆရာတော်က ဦးခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ကို ညိတ်လိုက်ပြီး. . .

"အင်း. . ဒါဆို ကျုပ်တို့ အဲဒီနေရာကို ရှာဖို့လိုပြီ"

ဟု ပြောလိုက်လေသည်။

ထို့နောက်. . .

သူတို့သည် တချမ်း အသတ်ခံခဲ့ရသော နေရာကို ရှာဖွေရန် ထိုနေရာမှ ထွက်ခွာသွားကြလေတော့သည်။

* * *



ချီယင်းဝေ အပါအဝင် တရုတ်ဘုန်းတော်ကြီးများသည် တချမ်း အသတ်ခံရသောနေရာကို လိုက်လံရှာဖွေနေလေသည်။

သူတို့သည် ကျောင်းဝင်းအတွင်းရှိ နေရာအနှံ့ ပိုက်စိပ်တိုက်၍ ရှာဖွေနေကြလေသည်။

သို့သော် အတန်ကြာသည့်တိုင်အောင် ထိုနေရာကို ရှာဖွေ၍ မတွေ့ရှိကြသေးချေ။

နောက်ဆုံး၌ သူတို့သည် တရုတ်ဘုန်းကြီးကျောင်း အနောက်ဘက်သို့ ရောက်ရှိလာကြလေတော့သည်။

ထိုအချိန်တွင် စုတိတ်ဘုန်းတော်ကြီးသည် စိတ်ပျက်သော လေသံဖြင့်. . .

www.burmeseclassic.com

www.burmeseclassic.com



"ရှေ့ဆက်သွားရင် အိမ်သာတွင်းဘက် ရောက်သွားပြီ
အင်း. . . ကောက်ရိုးပုံထဲ ကျသွားတဲ့အပ်ကို ရှာရသလို
လား"

ဟု ညည်းညည်းညူညူ ပြောလိုက်လေသည်။

ချိုယင်းဝေက တချက်ပြုံးလိုက်ပြီး. .

"စိတ်မပျက်ပါနဲ့ တွေ့မှာပါ"

ဟု ပြောလိုက်လေသည်။

စုတိတ်ဘုန်းတော်ကြီးက. . .

"ဒီကျောင်းဝင်းက အကျယ်ကြီးပဲ၊ ချောင်ကြိုချောင်ကြားမကျန် ရှာရတဲ့အလုပ်ကို လွယ်တယ်လို့ ဒကာလေးက လို့လား"

ချိုယင်းဝေ နှာခေါင်းတစ်ချက် ရှုံ့လိုက်ရင်း. . .

"အဲထောက်အထား မရှိဘဲ လူတစ်ယောက်ကို သံသယဖြစ်တယ်ဆိုတာလောက်တော့ ဘယ်လွယ်ပါ့မလဲ"

ဟု ခပ်ငေါ့ငေါ့ ပြောလိုက်လေသည်။

စုတိတ်တရုတ်ဘုန်းတော်ကြီးသည် ချိုယင်းဝေ၏စကားကြောင့် ဒေါသွသွားပြီး တစ်စုံတစ်ရာအား ပြန်လည်ပြောဆိုရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ် ရှုတ်တရက်. . .

"ဒီမှာ တွေ့ပြီ"

ဟူသော အသံ ထွက်ပေါ်လာလေသည်။

ထိုအသံကြောင့် စုတိတ်ဘုန်းတော်ကြီးသည် အား



ခပြောတော့ဘဲ အသံကြားရာဘက်သို့ လှမ်းကြည့်လိုက်လေသည်။

ယင်းသို့ လှမ်းကြည့်လိုက်သောအခါ တရုတ်ဘုန်းတော်ကြီးတစ်ပါးက အိမ်သာတွင်းရှေ့ မြေကွက်လပ်ပေါ်သို့ လက်ညှိုးညွှန်ပြရင်း အော်ပြောနေသည်ကို စုတိတ်ဘုန်းတော်ကြီး မြင်တွေ့လိုက်ရလေသည်။

ထို့ကြောင့် စုတိတ်ဘုန်းတော်ကြီးသည် ထိုနေရာသို့ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေသည်။

ချိုယင်းဝေသည် တုံ့ဆိုင်းခြင်း မရှိဘဲ စုတိတ် နောက်မှ လိုက်ပါသွားလေသည်။

မရှေးမနှောင်းမှာပင် ထိုနေရာသို့ မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးနှင့် အခြားတရုတ်ဘုန်းတော်ကြီးများ ရောက်ရှိလာလေတော့သည်။

အိမ်သာတွင်းရှေ့ မြေကွက်လပ်ပေါ်တွင် သွေးစများကို သူတို့ မြင်တွေ့လိုက်ရလေသည်။

ချိုယင်းဝေသည် သွေးစသွေးနများ တွေ့ရသော နေရာတဝိုက်ကို စေ့စပ်သေချာစွာ စစ်ဆေးကြည့်ရှုလိုက်လေသည်။

သို့သော် မည်သည့် သဲလွန်စကိုမျှ ရှာဖွေတွေ့ရှိခြင်း မရှိချေ။

စုဟိုက်ဘုန်းတော်ကြီးက. . .

"ထူးထူးခြားခြား ဘာများတွေ့လဲ"

ဟု ချိုယင်းဝေကို မေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချီယင်းဝေသည် မုဆိုးဒူးယောက်ထိုင်၍ သွေးစသွေးများ တွေ့ရရာ နေရာတဝိုက်ကို ကြည့်ရှုနေရာမှ စုဟိုက်ဘုန်းတော်ကြီးကို မော့၍ ကြည့်လိုက်ပြီး ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းပြလိုက်လေသည်။

ထို့နောက် သူသည် စိတ်ပျက်စွာ ထိုင်ရာမှ ထလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီးသည် စိတ်ပျက်စွာ ထလာသော ချီယင်းဝေကို အကဲခတ်၍ ကြည့်နေရာမှ. . .

"သြော်. . . ဒါနဲ့ ဒကာလေးရဲ့ဓား ဘယ်မှာထားခဲ့လဲ"

ချီယင်းဝေက. . .

"တပည့်တော် အိပ်ခန်းထဲမှာပါ။ ဘာဖြစ်လို့လဲ"

စုဟိုက်ဘုန်းတော်ကြီးက. . .

"ဒကာလေးရဲ့ဓားကို စစ်ဆေးကြည့်ချင်လို့ပါ"

ချီယင်းဝေက တစ်ချက်ပြုံးလိုက်ပြီး. . .

"အချိန်မရွေး စစ်ဆေးနိုင်ပါတယ်"

စုဟိုက်ဘုန်းတော်ကြီးက. . .

"ဒါဖြင့် ဒကာလေးရဲ့ဓားကို စစ်ဆေးကြည့်ရအောင်"

ဟု ပြောလိုက်လေသည်။

ထို့နောက် မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီး၊ စုဟိုက်ဘုန်းတော်ကြီးနှင့် အခြားတရုတ်ဘုန်းတော်ကြီး လေးပါးတို့သည် ချီယင်းဝေနှင့်အတူ ထွက်ခွာသွားလေတော့သည်။

* * *



ချီယင်းဝေသည် မိမိအခန်းသို့ ရောက်သောအခါ ခုတင်ပေါ်မှ မိမိဓားကို ယူ၍ စုဟိုက်ဘုန်းတော်ကြီးထံသို့ လှမ်းပေးလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီးသည် မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးအား တစ်ချက်လှမ်း၍ ကြည့်လိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ဦးခေါင်းကို ညိတ်၍ ပြလိုက်လေသည်။

ထိုအခါမှ စုဟိုက်ဘုန်းတော်ကြီးသည် ချီယင်းဝေ ကမ်းပေးလာသော ဓားကို ယူလိုက်လေသည်။

ချီယင်းဝေက ယုံကြည်မှုပြည့်ဝသော မျက်နှာထားဖြင့် စုဟိုက်ဘုန်းတော်ကြီးအား. . .

"ကြည့်ပါ. . . ကြိုက်သလို စစ်ဆေးကြည့်ပါ"

ဟု ပြောလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီးက ဘာမျှပြန်လည်မပြောဘဲ ချီယင်းဝေ၏ဓားကို ဓားအိမ်ထဲမှ ဖြည်းညင်းစွာ ဆွဲထုတ်လိုက်လေသည်။

အခန်းထဲရှိ လူအားလုံး၏မျက်လုံးအစုံတို့သည် တဖြည်းဖြည်း ဓားအိမ်အတွင်းမှ ထွက်ပေါ်လာသော ချီယင်းဝေ၏ဓားကို စိတ်ဝင်စားစွာ စူးစိုက်ကြည့်နေကြလေသည်။

သူတို့၏မျက်လုံးများထဲမှ အံ့ဩမှု အရိပ်ငွေ့တို့သည် သံသယ အရိပ်အရောင်သို့ ပြောင်းလဲသွားလေတော့သည်။

ချီယင်းဝေသည် အတန်ကြာ မင်တက်မိနေရာမှ တစ်

www.burmeseclassic.com

www.burmeseclassic.com



ထစ်ငေါ့ငေါ့ဖြင့်. . .

"ဒါ. . . ဒါ. . . ဒါ သက်သက် ထောင်ချောက်ဆင်တာ"

ဟု အော်ဟစ်လိုက်လေသည်။

သူ၏အသံသည် အခန်းတစ်ခုလုံး ပွင့်ထွက်သွားမတတ် ကျယ်လောင်သွားလေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက သူ၏ မျက်လုံးများကို အတန်ငယ်မှေး၍ တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားနေပေသည်။

ချီယင်းဝေက မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးအား လက်အုပ်ချီလိုက်ပြီး. . .

"ကျုပ်လဲ ဒါဟာ ကြီးမားတဲ့ ထောင်ချောက်တစ်ခုလို့ ယူဆမိတယ်"

ချီယင်းဝေသည် တရုတ်ဘုန်းတော်ကြီး၏စကားကို ကြားရသောအခါ အနည်းငယ် စိတ်သက်သာရာ ရသွားပြီး. . .

"ဟုတ်ပါတယ် တပည့်တော်ကို သက်သက်ထောင်ချောက်ဆင်ထားတာပဲ"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ချီယင်းဝေကို စူးစိုက်၍ တစ်ချက်ကြည့်လိုက်ပြီး. . .

"ဒကာလေးကို ကျုပ် မေးခွန်းတစ်ခု မေးချင်တယ်"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက. . .



"မေးပါ"

ဟု ပြောလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက တည်ငြိမ်သော လေသံဖြင့်. . .

"ဒကာလေး အဲဒီလို ဘာဖြစ်လို့ လုပ်ရတာလဲ"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီး၏စကားကို နားမလည်ဟန်ဖြင့် ချီယင်းဝေသည် မျက်လုံးပြူးကာ. . .

"ဘုန်းတော်ကြီးက ဘာကို ဆိုလိုတာလဲ"

ဟု မေးလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ချီယင်းဝေကို စူးစိုက်၍ ကြည့်ကာ. . .

"ဒကာလေး အသိဆုံး ဖြစ်ပါလိမ့်မယ်"

ချီယင်းဝေက. . .

"ဘုန်းတော်ကြီးကလဲ တပည့်တော်အပေါ် သံသယရှိလာပြီပေါ့ ဟုတ်လား"

ဟု မေးလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ဦးခေါင်းကို ညိတ်ကာ. . .

"ဒကာလေးအပေါ် သံသယ ဖြစ်တာတော့ အမှန်ပဲ၊ ဒါပေမယ့် အထောက်အထား အခြေအမြစ်မရှိဘဲ လူတစ်ယောက်အပေါ် သံသယ မဖြစ်သင့်ဘူးထင်လို့ အရာရာကို ချင့်ချိန်နေခဲ့တာ"

www.burmeseclassic.com

www.burmeseclassic.com



ချိုယင်းဝေက စိတ်ပျက်စွာ သက်ပြင်းတစ်ချက်ချလိုက်ပြီး. . .

"ဆရာတော်က ဘယ်လို ဖြစ်ပြီး တပည့်တော်အပေါ် သဘောထား ပြောင်းလဲသွားရတာလဲ"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .

"အခု ဒကာလေးအပေါ် သံသယ ဖြစ်နိုင်လောက်အောင် အထောက်အထားတွေ ရပြီလေ"

ချိုယင်းဝေက ဦးခေါင်းကို ခါယမ်းလိုက်ပြီး. . .

"တပည့်တော်ရဲ့ဓားမှာ သွေးစွန်းနေတာနဲ့ တပည့်တော် သတ်တယ်လို့ ယူဆလို့ ရသလား၊ တစ်စုံတစ်ယောက်က တပည့်တော်ရဲ့ဓားကို ယူပြီး အသုံးပြုတာကော မဖြစ်နိုင်ဘူးလား"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .

"ဖြစ်နိုင်ပါတယ်"

ချိုယင်းဝေက. . .

"ဒါဖြင့်ရင် အဲဒီ၊အထောက်အထားဟာ ခိုင်လုံမှု ဘယ်ရှိပါ့မလဲ"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .

"အထောက်အထား မခိုင်လုံလို့ သံသယ ဖြစ်တယ်လို့ ပြောတာပေါ့၊ အထောက်အထား ခိုင်လုံမှတော့ ဒကာလေး သတ်တယ်လို့ စွပ်စွဲတော့မှာပေါ့"

ချိုယင်းဝေသည် ဘာမှပြန်မပြောတော့ဘဲ ခုတင်ပေါ်သို့ ထိုင်ချလိုက်လေသည်။



မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း သက်ပြင်း တချက်ချကာ. . .

"ကျုပ်တို့ စုဟိုက် ဘုန်းတော်ကြီးကျောင်းဟာ အစက ငြိမ်းငြိမ်းချမ်းချမ်း ရှိခဲ့တယ်၊ ဒကာလေး ရောက်တဲ့နေ့ကစပြီး လူသတ်မှု တစ်ခုပြီးတစ်ခု ဖြစ်လာတယ်၊ ဒီတော့ ကျုပ် ဒကာလေးကို ဘယ်လိုလုပ်ပြီး ယုံကြည်ရတော့မလဲ"

ချိုယင်းဝေက မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီး၏ စကားကို ကြားသည်နှင့်တပြိုင်နက် တစ်စုံတစ်ခုကို သတိရလာပြီး မိမိလက်ဝါးဖြင့် ခုတင်ကို တစ်ချက်ပုတ်ကာ. . .

"ဟုတ်ပြီ သင်းပဲ ဖြစ်ရမယ်"

ဟု ပြောလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီးက. . .

"ဒကာလေးက ဘယ်သူ့ကို ထင်လို့လဲ"

ချိုယင်းဝေက နှုတ်ခမ်းတွန့်၍ ပြုံးကာ. . .

"စူးခုံးယက်"

ဟု တလုံးချင်း ဖြည်းညင်းစွာ ပြောလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေရာမှ ရပ်တန့်လိုက်ပြီး ချိုယင်းဝေကို ကြည့်ကာ. . .

"ဒကာလေးက စူးခုံးယက်လို့ ဘာကြောင့် ပြောနိုင်ရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီးကလည်း. . .

"ဟုတ်တယ်၊ ဒကာလေးက ဘာဖြစ်လို့ စူးခုံးယက်အပေါ် အပြစ်ဖို့ချင်ရတာလဲ"

ချီယင်းဝေက. . .

"သူက တပည့်တော်ကို မုန်းချင်မုန်းနေမှာ"

စုတိတ်ဘုန်းတော်ကြီးက. . .

"ဒီအကြောင်းနဲ့ပဲ ဒကာလေးက အပြစ်တွေ အားလုံးကို စူးခုံးယက်အပေါ် ပုံချလိုက်တာလား"

ချီယင်းဝေက. . .

"ဒီကျောင်းကို စူးခုံးယက် လွှတ်လို့ ရောက်လာတယ် ဒီကို ရောက်လာတာနဲ့ အခုလို အကျပ်အတည်းမျိုးကိုတွေ့လာတယ်၊ ဒီတော့ ဒီနေရာဟာ စူးခုံးယက် ဆင်ထားတဲ့ ထောင်ချောက်တစ်ခု မဖြစ်နိုင်ဘူးလို့ ဘယ်သူက ပြောနိုင်မှာလဲ"

စုဟိုက်ဘုန်းတော်ကြီးက မဲ့ပြုံးပြုံးလိုက်ပြီး. . .

"ဒကာလေး သူ့ကို စွပ်စွဲတာ ဘယ်ကောင်းမလဲ၊ သူက ဒကာလေးအပေါ် မိတ်ဆွေရင်းလို သဘောထားပါတယ်"

ချီယင်းဝေက ပခုံးနှစ်ဘက်ကို တွန့်ပြလိုက်ပြီး. . .

"အခြေအနေအရ သူက လွဲပြီး တပည့်တော်ကို ချောက်ချမယ့်လူ ရှာမတွေ့ဘူး"

စုတိုက်ဘုန်းတော်ကြီးက. . .

"ဒကာလေးက တကယ်ပဲ အပြစ်မရှိဘူးလား"



ချီယင်းဝေက ဦးခေါင်းကို ညိတ်ကာ. . .

"တပည့်တော် ကျိန်ပြောရဲတယ်"

စုတိတ်ဘုန်းတော်ကြီးက. . .

"ကျိန်ပြောလဲ အပိုပါပဲ"

ဟု ပြောလိုက်ပြီး မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးထံ လှမ်းကြည့်ကာ. . .

"ဆရာတော် သူ့ကို ဘယ်လိုလုပ်ရင် ကောင်းမလဲ"

ဟု မေးလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက အတန်ကြာအောင် တိတ်ဆိတ်စွာ စဉ်းစားနေပြီးမှ ချီယင်းဝေကို တစ်ချက်ကြည့်လိုက်ပြီး. . .

"ဒကာလေး ဒီလူသတ်မှုတွေကို အမှန်တကယ်ပဲ မကျူးလွန်ခဲ့ဘူးလား"

ချီယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက. . .

"ဒါဖြင့် လူသတ်သမားတစ်ယောက် ရှိမှာပေါ့"

ချီယင်းဝေက ဦးခေါင်းကို ထပ်မံညိတ်ပြလိုက်ပြန်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက. . .

"ဒါဖြင့် ကျုပ်တို့က လူသတ်သမားအစစ်ကို ဖော်ထုတ်ရမှာပေါ့"

ချီယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက စုဟုန်ဘုန်းတော်ကြီးဘက်လှည့်ကာ. . .

"ကောင်းပြီ၊ သူ့ကို မြေအောက်အခန်းထဲမှာ ချုပ်ထားလိုက်ပါ"

ဟု အမိန့်ပေးလိုက်လေသည်။

ထိုစကားကြောင့် ချီယင်းဝေသည် ထိုင်ရာမှ ခုန်၍ ထလိုက်ပြီး ဒေါသသံဖြင့်. . .

"ဘာ. . . ဘာလို့ ကျုပ်ကို ချုပ်ထားရမှာလဲ"

ဟု အော်ဟစ်လိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက. . .

"ဒါဟာ လူသတ်သမားအစစ်ကို ဖော်ထုတ်တဲ့အခါမှာ ဒကာလေးက တစ်ခန်းတစ်ကဏ္ဍအနေနဲ့ ကူညီလိုက်တာပါ"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက မျက်နှာရှုံ့မဲ့လိုက်ပြီး. . .

"အချုပ်ခံရတာ ကူညီတာလား"

ဟု မေးလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး. . .

"ဒါမှလဲ လွတ်နေတဲ့ အပြင်လူသတ်သမားကို အလွယ်တကူ ဖမ်းဆီးနိုင်မှာပေါ့"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီး



၏စကားကို နားမလည်ဟန်ဖြင့် မျက်မှောင်တစ်ချက်ကြုတ်လိုက်ပြီး. . .

"တပည့်တော်ကို ချုပ်ထားတာနဲ့ လူသတ်သမားကို အလွယ်တကူ ဖမ်းနိုင်ရောလား"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက မိမိ၏လက်ကို နောက်ပစ်လိုက်ပြီး ဦးခေါင်းကို အနည်းငယ်မော့ကာ

"အခု ဖြစ်ပွားတဲ့ လူသတ်မှုတွေမှာ ဒကာလေးက သတ်ဘူးလို့ ပြောတော့ သတ်တဲ့လူတစ်ယောက် ရှိရမှာပေါ့"

ချီယင်းဝေက ဦးခေါင်းကို ညိတ်လိုက်ပြီး. . .

"ဟုတ်ပါတယ်"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .

"ဒီတော့ တကယ်လို့သာ ဒကာလေးကို ချုပ်ထားလိုက်ရင် နောက်ထပ် လူသတ်မှုဖြစ်ပွားလာတဲ့အခါ ဒကာလေးသတ်တာ မဟုတ်ဘူးလို့ ကျုပ်တို့ယုံကြည်ရပြီ၊ ပြီးတော့ လူသတ်သမားကို ဖော်ထုတ်ဖို့လဲ ပိုပြီးလွယ်ကူသွားလိမ့်မယ်"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက မျက်နှာတစ်ချက် ရှုံ့မဲ့လိုက်ပြီး. . .

"နောက်ထပ် လူသတ်မှုမဖြစ်တော့ဘူးဆိုရင် လူသတ်သမားကို ဘယ်လိုမိတော့မှာလဲ"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .

"လူသတ်သမားကို မိထားမှတော့ နောက်ထပ် လူသတ်မှုဘယ်ပေါ်လာပါတော့မလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီး၏စကားကြောင့် ချိုယင်းဝေ မျက်လုံးပြူးသွားပြီး...

"နောက်ထပ် လူသတ်မှုမဖြစ်တော့ဘူးဆိုရင် တပည့်တော်က လူသတ်သမားဖြစ်သွားပြီပေါ့ ဟုတ်လား"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ဘာမျှ မပြောတော့ချေ။

ချိုယင်းဝေက မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးကို အတန်ကြာအောင် စူးစိုက်ကြည့်လိုက်ပြီး...

"ဘုန်းတော်ကြီး သေသေချာချာ စဉ်းစားမိရဲ့လား"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ဖြူဖွေးသောမျက်ခုံးမွေးကို ပင့်တင်ရင်း...

"ဘာကိုလဲ"

ချိုယင်းဝေက...

"အခုဟာက ထောင်ချောက်တစ်ခုဆိုတာလေ"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက တစ်ချက်ပြုံးလိုက်ပြီး...

"စိတ်မပူပါနဲ့၊ လူသတ်သမားအစစ် တွေ့တဲ့အခါ ဒကာလေးလွတ်မှာပါ"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေသည် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး လက်မြှောက်အရှုံးပေးဟန်ဖြင့် သူ၏လက်နှစ်ဘက်ကို မြှောက်



ကာ ဦးခေါင်းကို ခါယမ်းနေလေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက...

"ဒကာလေး စိတ်ချနေပါ။ လူသတ်သမား ဖော်ထုတ်ဖို့ ကျုပ်မှာ အစီအစဉ်တွေရှိပါတယ်"

ဟု ပြောလိုက်လေသည်။

ထိုစဉ် စုဟိုက်ဘုန်းတော်ကြီးက ချိုယင်းဝေအနီးသို့ ချဉ်းကပ်လာပြီး ရုတ်တရက် သူ၏လက်ကို လှုပ်ရှားလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီး လှုပ်ရှားမှုသည် အလွန်လျင်မြန်လှပေသည်။

သူ၏လှုပ်ရှားမှုသည် လျင်မြန်သည့်အပြင် တိတိကျကျသည်းရှိသည်။

ထို့ကြောင့် ချိုယင်းဝေ မင်တက်မိနေစဉ်အတွင်းမှာပင် စုဟိုက်ဘုန်းတော်ကြီး၏ လက်ချောင်းများသည် ချိုယင်းဝေ၏ မေ့ကြောနေရာသို့ ကျရောက်သွားလေတော့သည်။

သို့ဖြစ်၍ ချိုယင်းဝေသည် ကြမ်းပြင်ပေါ်သို့ လဲကျမေ့မြောသွားလေတော့သည်။

ထိုစဉ်...

ဘုန်းတော်ကြီးတုကျိန်းသည် အခန်းထဲသို့ ရေးကြီးသုတ်ပျာ ဝင်ရောက်လာပြီး မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးအား...

"ဒုက္ခပဲ၊ အပြင်မှာ ပြဿနာဖြစ်နေပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လေတော့သည်။

တရုတ်ဘုန်းတော်ကြီး တုက်ကျိန်း၏စကားကြောင့် မှုတ်နှံ မွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီး အပါအဝင် အခန်းထဲမှ တရုတ်ဘုန်းတော်ကြီးအားလုံးသည် မျက်လုံးပြူး၍ သွားလေ တော့သည်။

* * *



ချိုယင်းဝေ သတိရလာသောအခါ ခန္ဓာကိုယ် တစ်ခုလုံး အေးစက်နေသည်ကို ပထမဆုံး သတိပြုမိလိုက်လေသည်။

ထို့နောက် စူးဝါးသောအနံ့ကို ခံစားလိုက်ရလေသည်။

သူသည် မျက်လုံးကို အားယူ၍ ဖွင့်ကြည့်လိုက်သောအခါ သူ၏ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေလေသည်။

အတန်ကြာမှ သူသည် မှောင်ထဲတွင် ကျင့်သားရလာပြီး ပတ်ဝန်းကျင်မှ အရာများကို မြင်ခတွေ့ရလေသည်။

ထိုအချိန်တွင် သူသည် သူနှင့်အတူ လူတစ်ယောက်ရှိနေကြောင်း သတိပြုမိလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူသည် သူနှင့်မျက်နှာချင်းဆိုင်တွင် ထိုင်နေပြီး ၎င်းလူ၏ခန္ဓာကိုယ်မှာ အရိုးပေါ်အရေတင်နေသဖြင့် ကမ္ဘာ့ဗ္ဗာန်း တစ်ခုအလား ထင်မှတ်ရလေသည်။

ချိုယင်းဝေသည် သူ၏ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့၍ကြည့်လိုက်သည်။

ယခု သူရောက်နေသော နေရာမှာ မြေအောက်ခန်း တစ်ခုဖြစ်ပြီး အလွန်ကျဉ်းမြောင်းလှပေသည်။

အလား ၇ ပေခန့်သာရှိသော အခန်းဖြစ်ပါသည်။

ထို့ပြင် အခန်း၏ကြမ်းပြင်၌ စိုထိုင်း၍နေပြီး နံရံများစွာ သန့်ရှင်းမှုမပြုလုပ်သဖြင့် အလွန်စူးရှ ဆိုးရွားသော အနံ့ပေါ် ထွက်နေလေသည်။

ချိုယင်းဝေသည် ထထိုင်လိုက်ပြီး. . .

"ဟေ့. . . ငါ့ကို လွှတ်ပေး"

ဟု အော်ဟစ်လိုက်လေသည်။

ထိုစဉ် ချိုယင်းဝေ၏ရှေ့မှာ ထိုင်နေသောလူက. . .

"ရှူး. . တိုးတိုး မအော်နဲ့"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက ထိုလူ၏စကားကို ဂရုမစိုက်ဘဲ ဆက်၍ အော်မြဲအော်နေလေသည်။

ထိုလူက. . .

"ဟေ့. . . မင်းအသံအက်ကွဲပြီး သေတောင် မင်းအသံကို ကြားမယ့်လူ မရှိဘူး"



ချိုယင်းဝေက ဒေါပွစွာ ထိုလူကို တစ်ချက် လှမ်းကြည့်လိုက်ပြီး. . .

"ကျုပ်ဘာသာကျုပ်အော်တာ ဘာဖြစ်လဲ"

"မင်း ဒီလိုအော်တော့ ငါနားပင်းလိမ့်မယ်"

"မကျေနပ်ရင် ခင်ဗျားလဲ ကျုပ်လိုပြန်အော်ပေါ့"

ထိုလူက. . .

"မင်း လူလည်မလုပ်နဲ့၊ ငါအော်ခဲ့တာ ဆယ်နှစ်ရှိပြီ၊ အသံလည်းချောင်း အက်ကွဲပြီး ခေါင်းတောင်မထူနိုင်ခဲ့ဘူး"

"ဒါကတော့ ခင်ဗျား အသုံးမကျလို့ နေမှာပေါ့"

ချိုယင်းဝေ၏စကားကြောင့် ထိုလူသည် ဒေါပွကာ. . .

"မင်း ငါ့ကို စော်ကားတာလား"

"ခင်ဗျားကို စော်ကားတယ် ထင်လို့လား"

ထိုလူက. . .

"စော်ကားတာမဟုတ်ရင် မင်းစကားက ဘာစကားလဲ"

"လူစကား"

ထိုလူက တစ်ချက်ရယ်မောလိုက်ပြီး. . .

"လူလိုနားမလည်တဲ့လူက ပြောတာ လူစကားလား"

ထိုစကားကြောင့် ချိုယင်းဝေသည် ဒေါသထွက်ကာ. .

"ခင်ဗျား ဘာစော်ကားတာလဲ"

ထိုလူက ရယ်မောရင်း. . .

"မင်းကို စော်ကားတယ်လို့ မင်းထင်လို့လား"

ချိုယင်ဝေသည် ဘာမျှပြန်မပြောတော့ဘဲ ရုတ်တရက်

www.burmeseclassic.com

www.burmeseclassic.com



ထိုလူ၏မျက်နှာကို လက်သီးဖြင့် ထိုးလိုက်လေသည်။

ထိုလူသည် ချီယင်းဝေ၏လက်သီးကို ရှောင်တိမ်းခြင်း မပြုဘဲ ငြိမ်သက်နေသည်။

ထို့ကြောင့် ချီယင်းဝေ၏လက်သီးသည် ထိုလူ၏မျက်နှာကို တည့်မတ်စွာ ထိမိသွားလေသည်။

သို့သော် ထိုလူ၏မျက်နှာပေါ်မှ အပြုံးရိပ်သည် ပျောက်ကွယ်မသွားဘဲ ချီယင်းဝေ၏လက်သာလျှင် နာကျင်သွားလေတော့သည်။

ထိုလူသည် ပြုံးကာ. . .

"မင်းအလှည့် ပြီးပြီလား"

ဟု မေးလိုက်လေသည်။

ချီယင်းဝေက နှုတ်ခမ်း တစ်ချက်ကိုက်လိုက်ပြီး. . .

"မပြီးသေးဘူး"

ဟုပြောကာ ထိုလူ၏မျက်နှာကို ဆက်၍ထိုးလိုက်လေသည်။

ချီယင်းဝေ၏လက်သီးများသည် ထိုလူ၏မျက်နှာပေါ်သို့ မိုးသီးမိုးပေါက်ပမာ ကျရောက်သွားလေတော့သည်။

အတန်ကြာသောအခါ ချီယင်းဝေ၏လက်များ နာကျင်ထုံထိုင်းလာလေတော့သည်။

ထို့ကြောင့် ချီယင်းဝေသည် ဆက်လက်၍ မထိုးတော့ဘဲ ရပ်တန့်လိုက်လေသည်။

ထို့နောက် ချီယင်းဝေသည် ထိုလူကို အံ့သြစွာ ကြည့်



လိုက်မိလေသည်။

ထိုလူ၏မျက်နှာပေါ်မှ အပြုံးရိပ်သည် လုံးဝပျောက်ကွယ်သွားခြင်းမရှိပါ။

ထိုလူသည် တစ်ချက်ရယ်မောကာ. . .

"ငါ့အလှည့်ပဲ"

ဟု ပြောလိုက်လေသည်။

ထိုလူ၏စကားသံ ဆုံးသည်နှင့် ထိုလူ၏လက်သည် လျှပ်စီးပစ်သကဲ့သို့ ချီယင်းဝေ၏မျက်နှာပေါ်သို့ ကျရောက်လာလေတော့သည်။

"ဝုန်း"

ဟူသောအသံနှင့် ချီယင်းဝေ၏ခန္ဓာကိုယ်သည် နံရံသို့ လွင့်စဉ်သွားလေတော့သည်။

ထို့နောက် သူ၏ခန္ဓာကိုယ်သည် နံရံနှင့်ရိုက်မိကာ ရှေ့သို့ လွင့်စဉ်လာလေသည်။

ချီယင်းဝေသည် မြေပေါ်သို့ မှောက်လျက်လဲကျနေရာမှ ထိုလူကို အံ့သြစွာ ငေးကြည့်လိုက်လေသည်။

ထိုလူ၏ဆံပင်သည် ရှည်လျားနေသော်လည်း ကျိုးတိုးကျဲတဲနိုင်လှပေသည်။

ချီယင်းဝေသည် လဲကျနေရာမှ ထလိုက်ပြီး မိမိ၏လက်ကိုမြှောက်ကာ ထိုလူ၏ဦးခေါင်းကို ခုတ်ချလိုက်လေသည်။

သို့သော် ချီယင်းဝေ၏လက်များသည် လမ်းတစ်ဝက်တွင် ရပ်တန့်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှာ ချိုယင်းဝေသည် ထိုလူ၏ ကျိုးတိုးကျဲခဲ ဆံပင်များကြားမှ ငယ်ထိပ်ပေါ်တွင် အမွေးတိုင်ဖြင့် ထိုးထားသောအကွက် ခြောက်ကွက်ကို မြင်တွေ့လိုက်ရသောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် ချိုယင်းဝေသည် ထိုလူ၏ဘေး၌ ဝင်ရောက်ထိုင်လိုက်ပြီး. . .

"ခင်ဗျား တရုတ်ဘုန်းကြီးလား"

ဟု မေးလိုက်လေသည်။

ထိုလူက ဦးခေါင်းညိတ်ကာ. . .

"ဟုတ်တယ်"

ချိုယင်းဝေသည် စိတ်ပျက်စွာဖြင့် နံရံကိုမှီလိုက်ပြီး. . .

"ခုနက ခင်ဗျားအော်ခဲ့တာ ဆယ်နှစ်ရှိပြီလို့ ပြောတယ်"

ထိုလူက ဦးခေါင်းကို ညိတ်လိုက်ပြီး. . .

"ဟုတ်တယ်"

ချိုယင်းဝေက. . .

"ဒါဆို ခင်ဗျား ဒီအထဲရောက်တာ ဆယ်နှစ်ရှိပြီပေါ့"

ထိုလူက. . .

"အင်း. . ဆယ်နှစ်ကျော်ပြီဆိုပါတော့"

ချိုယင်းဝေက သက်ပြင်းတစ်ချက် မှုတ်ထုတ်ကာ. . .

"ခင်ဗျားအော်တော့ ဘာထူးခြားလာသလဲ"

ထိုလူက. . .

"လည်ချောင်းကွဲပြီး အသံဝင်သွားတာပဲ ထူးခြားတယ်"



ချိုယင်းဝေက. . .

"အသံပြန်ကောင်းလာတော့ရော ထပ်မအော်ဘူးလား"

ထိုလူက. . .

"ပထမ နေ့ရော ညရော အော်တယ်၊ အသံဝင်သွားပြီး ပြန်ကောင်းလာတော့လဲ နေ့ရော ညရော ထပ်အော်တယ်၊ ဒါပေမယ့် အခု မင်းနဲ့တွေ့တဲ့အထိ ငါဒီထဲမှာ ရှိနေတာပဲ"

ချိုယင်းဝေက တစ်စုံတစ်ခုအား စဉ်းစားမိကာ. . .

"ဒီကထွက်ဖို့ကော မကြိုးစားဘူးလား"

ထိုလူက. . .

"အမျိုးမျိုးကြိုးစားတယ်၊ အကြောင်းမထူးဘူး"

ချိုယင်းဝေက. . .

"ထမင်းလာပို့တဲ့အချိန်မှာ ဒီထဲက ထွက်ဖို့ မကြိုးစားဘူးလား"

ထိုလူက. . .

"သူတို့က လူမလာဘူး၊ စားစရာကို ပစ်ချပေးတယ်"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေသည် စိတ်ပျက်စွာ လေပူတစ်ချက် မှုတ်ထုတ်လိုက်လေသည်။

ပြီးမှ. . .

"ဒါနဲ့ ဘုန်းတော်ကြီးရဲ့ဘွဲ့က"

ထိုလူသည် ချိုယင်းဝေစကား မဆုံးမီ လက်ကာပြလိုက်ရင်း. . .

www.burmeseclassic.com

www.burmeseclassic.com



"စုစွမ်းပါ"

"စုစွမ်း ဟုတ်လား"

"ကျုပ် လိမ်ပြောနေတယ်လို့ ထင်လို့လား"

ချီယင်းဝေက ခေါင်းခါယမ်းပြလိုက်ပြီး . . .

"မဟုတ်ပါဘူး၊ အံ့ဩနေလို့ပါ"

"ကျုပ်စကားထဲမှာ အံ့ဩစရာပါလို့လား"

"မပါပါဘူး၊ ကျုပ်အံ့ဩတာ ခင်ဗျားဟာ ဆရာတော် စုဟိုက်နဲ့ တစ်တန်းတည်းဖြစ်နေလို့ပါ"

စုစွမ်း ဦးခေါင်းကိုညိတ်ကာ. . .

"ဟုတ်တယ်၊ စုဟိုက်က ပထမ၊ ကျုပ်က ဒုတိယ စုအင်းက စတုတ္ထ"

ချီယင်းဝေသည် မျက်မှောင်တစ်ချက် ကြုတ်လိုက်ပြီး

"ဟုတ်လား၊ ကျုပ် စုအင်းနဲ့စုကူးကို မတွေ့မိပါလား သူတို့ ပျံလွန်တော် မူသွားပြီထင်တယ်"

စုစွမ်းက တစ်ချက်ရယ်မောလိုက်ပြီး. . .

"ကျုပ် ဒီမှာ နှစ်ပေါင်း၂၀ တိတိ ဒုက္ခခံပြီး မသေသေးတာ သူတို့က ဘာဖြစ်လို့သေရမှာလဲ"

ချီယင်းဝေက အနည်းငယ် စဉ်းစားဟန်ဖြင့်. . .

"ကျုပ် တစ်ခုမေးပါရစေ"

"မေးပါ"

ချီယင်းဝေက. . .

"ခင်ဗျားတို့ အချင်းချင်း ညီညွတ်မှုရှိကြရဲ့လား"



"ညီညွတ်ပါတယ်"

ချီယင်းဝေက စကားမပြောဘဲ အတန်ကြာအောင် ငြိမ်သက်နေပေသည်။

သူသည် တစ်စုံတစ်ရာကို စဉ်းစားနေဟန်ဖြင့် ငြိမ်သက်နေပြီးမှ စုစွမ်းကိုလှမ်း၍. . .

"ဒါနဲ့ ခင်ဗျားတို့ကျောင်းမှာ ရှောင်လင်ရဲ့ ရိုကျင်ကျင် လက်ရေးစာမူတစ်ခုရှိတယ်လို့ ကြားတယ်၊ အဲဒီပညာကို ခင်ဗျား တတ်သလား"

ယင်းစကားကြောင့် စုစွမ်းသည် မျက်မှောင်တစ်ချက် ကြုတ်လိုက်ပြီး. . .

"မင်းက ဘာကြောင့်သိရတာလဲ"

ချီယင်းဝေက. . .

"ကျုပ် အခုလိုအချုပ်ခံရတာဟာ အဲဒီကိစ္စကြောင့်ပဲ"

ချီယင်းဝေ၏ စကားဆုံးသည်နှင့် စုစွမ်းသည် ရုတ်တရက် လှုပ်ရှားလိုက်ပြီး ချီယင်းဝေကို ဖမ်းချုပ်လိုက်လေသည်။

ချီယင်းဝေက ကပျာကယာ ရှောင်တိမ်းလိုက်သော်လည်း စုစွမ်း၏လက်မှ ပြေးမလွတ်ဘဲ ဖမ်းချုပ်ခြင်းခံလိုက်ရလေသည်။

ချီယင်းဝေသည် စုစွမ်း၏လက်ထဲမှ ရုန်းကန်ရင်း. . .

"ခင်ဗျား ဘာလုပ်တာလဲ"

ဟု မေးလိုက်လေသည်။

စုစွမ်းက ချီယင်းဝေ၏စကားကို ပြန်လည်ဖြေကြားခြင်း

www.burmeseclassic.com

www.burmeseclassic.com



မပြုဘဲ. . .

"မင်းကို ဘယ်သူလွှတ်လိုက်တာလဲ"

ချီယင်းဝေက ရှန်းကန်နေရင်း. . .

"ကျုပ်ကို ဘယ်သူကလွှတ်ရမှာလဲ၊ ကျုပ်ကို ဖမ်းချုပ်ထားတာ"

စုစွမ်းက ချီယင်းဝေ၏စကားကို ဂရုမစိုက်ဘဲ. . .

"မင်း မှန်မှန်ပြောစမ်း၊ မင်းကို ဘယ်သူက လွှတ်လိုက်တာလဲ၊ စုဟိုက်လား၊ စုတိတ်လား၊ စုတစ်လား"

ချီယင်းဝေက ရှန်းကန်နေသော်လည်း စုစွမ်း၏လက်မှ ရုန်းထွက်၍မရသဖြင့် ဒေါပွကာ. . .

"ကျုပ် အချုပ်ခံနေရတာ"

ဟု အော်ဟစ်လိုက်လေတော့သည်။

စုစွမ်းက. .

"မင်းမလိမ်နဲ့ မင်းကို ဘယ်သူလွှတ်တာလဲ"

ချီယင်းဝေက ဒေါပွပွဖြင့်. . .

"နေပါဦး၊ ခင်ဗျားက ဘာလို့ အတင်းမေးနေရတာလဲ၊ ခင်ဗျားကော ဘာကြောင့် အချုပ်ခံနေရတာလဲ"

စုစွမ်းက ချီယင်းဝေ၏ပါးကို တစ်ချက်ရိုက်လိုက်ပြီး

"ခွေးလေး၊ ငါမေးတာကို ဘာလို့မဖြေတာလဲ"

ဟု အော်ငေါက်လိုက်လေသည်။

ချီယင်းဝေက. . .

"ကျုပ် အချုပ်ခံနေရတာ ဘယ်သူကမှ လွှတ်တာမ



ဟုတ်ဘူးလို့ ခင်ဗျားကို ပြောသားပဲ၊ ခင်ဗျားက လက်မှမခံဘဲ"

ဟုပြန်၍ အော်လိုက်လေသည်။

စုစွမ်းက ချီယင်းဝေကို ချုပ်ထားရာမှ ဆောင့်တွန်း၍ လွှတ်ပေးလိုက်ပြီး. . .

"ကောင်းပြီ၊ မင်းဘာကြောင့် အချုပ်ခံထားရတာဆိုတာ ငါ့ကို ပြောပြစမ်းပါ"

ချီယင်းဝေက ချောင်းတစ်ချက်ဟန့်လိုက်ပြီး မိမိ ဤကျောင်းသို့ ရောက်ရှိလာပုံမှအစ နောက်ဆုံး ဤအချုပ်ခန်းထဲသို့ ရောက်ရှိလာသည်အထိ တစ်လုံးမကျန် ပြောပြလိုက်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



စုစွမ်းက ချိုယင်းဝေ ပြောပြသမျှကို ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်ရင်း ဝင်ရောက်စွက်ဖက်ခြင်း မရှိပါ။

ချိုယင်းဝေ သူ့ပခုံးနှစ်ဘက်ကို တွန့်၍...

"ကျုပ်အဖြစ်ကတော့ ဒါပဲ"

ဟု သူ၏စကားကို အဆုံးသတ်လိုက်လေသည်။

စုစွမ်းက...

"မင်းပြောတာ အမှန်တွေပဲလား"

ဟု ထပ်၍ မေးလိုက်လေသည်။

ချိုယင်းဝေက...

"ကျုပ်က ခင်ဗျားကိုလိမ်လို့ ဘာအကျိုးထူးလာမှာလဲ"

စုစွမ်းသည် အတန်ကြာအောင် စဉ်းစားနေပြီးမှ...

"အင်း...စုတပ်...စုတပ် ဘယ်ဆိုးလို့တုန်း"

ဟု တစ်ကိုယ်တည်းပြောသကဲ့သို့ ရေရွတ်လိုက်လေသည်။

ပြီးမှ သူသည် ချိုယင်းဝေကို တစ်ချက်ကြည့်လိုက်ပြီး

"ဒါနဲ့ စုတပ်က ရိကျင်ကျင် ကျမ်းစာကို တွေ့သွားပြီလား"

ဟု မေးလိုက်လေသည်။

ချိုယင်းဝေက သူ၏ပခုံးနှစ်ဘက်ကို တွန့်ပြကာ...

"ဒါတော့ ကျုပ်မသိဘူး"

ဟု ပြန်ဖြေလိုက်လေသည်။

စုစွမ်းက အတန်ကြာအောင် စဉ်းစားနေရာမှ...



"ဒါနဲ့ ကျုပ် မင်းကို တစ်ခုမေးရဦးမယ်"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး...

"ဟုတ်ကဲ့ မေးပါ"

ဟု ပြောလိုက်လေသည်။

စုစွမ်းက...

"စုတပ်ရဲ့သိုင်းပညာဟာ ကျုပ်ထက်အဆင့်မြင့်သလား"

ဟု မေးလိုက်လေသည်။

ချိုယင်းဝေက အနည်းငယ် စဉ်းစားလိုက်ပြီး...

"စုတပ်ရဲ့သိုင်းပညာ ဘယ်လောက်အဆင့်မြင့်တယ်ဆိုတာ ကျုပ်မသိဘူး၊ သူ့ရဲ့သိုင်းပညာကို တစ်ခါမှ မမြင်ဖူးဘူး၊ ဒါပေမယ့်"

ချိုယင်းဝေသည် သူ၏စကားကို ဆုံးအောင်မပြောဘဲ ရပ်တန့်လိုက်ပြီး စုစွမ်းကို အကဲခတ်၍ တစ်ချက်ကြည့်လိုက်လေသည်။

စုစွမ်းက ချိုယင်းဝေကို မျက်မှောင်ကြုတ်၍ကြည့်ရင်း

"ဒါပေမယ့် ဘာဖြစ်လဲ"

ချိုယင်းဝေက နှုတ်ခမ်းတစ်ချက် ကိုက်လိုက်ပြီး...

"အဝါရောင် ဘရုတ်ဘုန်းတော်ကြီးနဲ့ အဆင့်တူတယ်လို့ ပြောဖူးတယ်"

ချိုယင်းဝေ၏စကားကြောင့်စုစွမ်းသည် မျက်မှောင်

www.burmeseclassic.com

www.burmeseclassic.com



ကြုတ်လိုက်ပြီး. . .

"အဝါရောင် တရုတ်ဘုန်းကြီး ဟုတ်လား"

ဟု မေးလိုက်လေသည်။

ချိုယင်းဝေက ဦးခေါင်းကိုညိတ်ကာ. . .

"ဟုတ်တယ်"

စုစွမ်းက စဉ်းစားမရသဖြင့်. . .

"အဝါရောင် တရုတ်ဘုန်းကြီး၊ ဘယ်က ဘုန်းကြီးလဲ"

ဟု ထပ်၍မေးလိုက်လေသည်။

ချိုယင်းဝေက. . .

"ခင်ဗျားတို့ဦးလေး ဘုန်းကြီးလို့ခေါ်တဲ့ အ,နေတဲ့ တရုတ်ဘုန်းကြီးလေဗျာ"

စုစွမ်းက ဦးခေါင်းကိုညိတ်လိုက်ပြီး. . .

"ဪ. . . ကျိန်းဆင်း ဘုန်းတော်ကြီးကို ပြောတာလား"

ချိုယင်းဝေက နှုတ်ခမ်းကို တစ်ချက်မဲ့လိုက်ပြီး. . .

"ကျိန်းဆင်းလား. . . ကျိန်းမဆင်းလား ကျုပ်မသိဘူး ကျုပ်သိတာ အ,နေတဲ့ဘုန်းကြီးပဲ"

စုစွမ်းက. . .

"ထားပါတော့၊ ဒါနဲ့ သူ့ရဲ့သိုင်းပညာက မင်းနဲ့ယှဉ်ရင် ဘယ်လိုနေမလဲ"

ချိုယင်းဝေက. . .

"သူ့အတွင်းအားက ကျုပ်ထက်သာတယ်၊ ကိုယ်ဖော့



ပညာကျတော့"

စုစွမ်းသည် ချိုယင်းဝေ၏စကားကို ဖြတ်၍. . .

"ကိုယ်ဖော့ပညာကျတော့ မင်းလောက် မကောင်းဘူးလား"

ချိုယင်းဝေက ဦးခေါင်းကို ခါယမ်းလိုက်ပြီး. . .

"မဟုတ်ဘူး၊ ကိုယ်ဖော့ပညာကျတော့လဲ ကျုပ်ထက်သာတယ်"

ဟု ပြောလိုက်လေသည်။

စုစွမ်းက ဦးခေါင်းကိုမော့၍ စဉ်းစားလိုက်ပြီး. .

"ဒါဖြင့် အခု သူက ကျုပ်ထက်သိုင်းပညာ အဆင့်မြင့်တာပေါ့"

ချိုယင်းဝေက. . .

"ဒါတော့ ကျုပ်လဲမသိဘူး၊ အဲ ခင်ဗျားသိချင်တယ်ဆိုရင်တော့ အဲဒီ တရုတ်ဘုန်းကြီးနဲ့ သွားယှဉ်ပြိုင်ကြည့်ပေါ့"

ဟု ငေါ့တော့တော့ ပြောလိုက်လေသည်။

ပြီးမှ သူသည် စုစွမ်းကို မျက်မှောင်ကြုတ်၍ ကြည့်ကာ

"နေပါဦး. . . ခင်ဗျားက ဘာဖြစ်လို့ အချုပ်ခံရတာ လဲ၊ စည်းကမ်းဖောက်လို့လား"

စုစွမ်းက ဦးခေါင်းကို ခါယမ်းလိုက်ပြီး. .

"မဟုတ်ဘူး"

ချိုယင်းဝေက. . .

"စည်းကမ်းဖောက်တာ မဟုတ်ရင် ဘာဖြစ်လို့ အချုပ်

www.burmeseclassic.com

www.burmeseclassic.com



ခံရတာလဲ"

စုစွမ်းက တစ်ချက်ပြုံးလိုက်ပြီး. . .

"ငါလဲ မင်းလိုပဲ ရိုကျင်ကျင်ကျမ်းစာနဲ့ ပတ်သတ်ပြီး အချုပ်ခံရတာပဲ"

ဟု ပြောလိုက်လေသည်။

ထို့နောက် သူသည် အားရပါးရ ငိုကြွေးလိုက်လေတော့သည်။

ချီယင်းဝေက ရုတ်တရက် စုစွမ်း ငိုကြွေးလိုက်သဖြင့် အံ့သြကာ စုစွမ်းကို နားမလည်ဟန်ဖြင့် ကြည့်နေလေသည်။

ထိုစဉ် စုစွမ်းသည် အားရပါးရ ငိုနေရာမှ ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြန်လေတော့သည်။

ချီယင်းဝေသည် စုစွမ်းကို မည်သို့မျှ နားမလည်နိုင်တော့ဘဲ. . .

"ဟော့. . .ဟော့. . .မင်းဘာဖြစ်လို့ ငိုလိုက် ရယ်လိုက်ဖြစ်ရတာလဲ"

စုစွမ်းက. . .

"ကျုပ် ဒီနေ့ ဝမ်းသာလွန်းလို့ ငိုလိုက်ရယ်လိုက် ဖြစ်တာပါ"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေသည် စုစွမ်း၏စကားကို နားမလည်ဟန်ဖြင့် မျက်မှောင်ကြုတ်ကာ. . .

"ကျုပ်တော့ နားမလည်နိုင်အောင် ဖြစ်နေပြီ"



စုစွမ်းက. . .

"နားမလည်ရင်လဲ နားလည်အောင် မကြိုးစားနဲ့တော့၊ ခင်ဗျားကြိုးစားရမှာက ဒီအချုပ်ခန်းထဲက ထွက်နိုင်ဖို့ပဲ"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက မိမိ၏ပခုံးနှစ်ဘက်ကိုတွန့်ကာ နှုတ်ခမ်းကိုတစ်ချက်မဲ့လိုက်ပြီး. . .

"လွယ်မယ် မထင်ဘူး"

စုစွမ်းက. . .

"ကြိုးစားမကြည့်တော့ဘူးလား"

ချီယင်းဝေက ဦးခေါင်းကို ခါယမ်းပြလိုက်ပြီး. . .

"ခင်ဗျားလို လူမျိုးတောင်မှ အနှစ်နှစ်ဆယ်လုံးလုံး ဒီထဲမှာနေရတာ ကျုပ်လိုလူမျိုးဆိုရင် ဝေလာဝေးပဲ"

ထိုစဉ် ရုတ်တရက် လှေကားပေါ်မှ ဆင်းသက်လာသော ခြေသံကို ချီယင်းဝေတို့ ကြားလိုက်ရလေသည်။

ခြေသံကြားလိုက်ရသည်နှင့် ချီယင်းဝေ၏ မျက်လုံးများသည် ဝင်းလက်သွားပြီး. . .

"ဟား. . .ဟား. . .ကျုပ် အကြံရပြီ"

ဟု ပြောလိုက်လေသည်။

စုစွမ်းက မျက်မှောင်ကြုတ်လိုက်ပြီး. . .

"ဘာအကြံလဲ"

ချီယင်းဝေက. . .

"ခင်ဗျားနဲ့ကျုပ်နဲ့ ရန်ဖြစ်ချင်ဟန်ဆောင်ကြရအောင်"

www.burmeseclassic.com

www.burmeseclassic.com



စုစွမ်းက. . .

"အဲဒီလို ရန်ဖြစ်တော့ ကျုပ်တို့လွတ်ရောလား"

ချိုယင်းဝေက ဦးခေါင်းကို တစ်ချက်ညိတ်ကာ. . .

"ဒီလိုလေ၊ ကျုပ်တို့နှစ်ယောက် ရန်ဖြစ်တော့ သူတို့က ကျုပ်တို့ကို ဝင်ပြီးဖျန်ဖြေလိမ့်မယ်၊ ဒါမှမဟုတ် ကျုပ်တို့ မဖြစ်အောင် တစ်ခုခုတော့ လုပ်မှာပဲ၊ အဲဒီအချိန်မှာ ကျုပ်တို့ ထွက်လမ်းရှာရမှာပေါ့"

စုစွမ်းက သဘောတူဟန်ဖြင့် ဦးခေါင်းကို တစ်ချက်ညိတ်လိုက်ပြီး. . .

"ကောင်းသားပဲ"

ဟု ပြောလိုက်လေသည်။

ထိုစဉ် ခြေသံများသည် တဖြည်းဖြည်း နီးကပ်လာလေတော့သည်။

ချိုယင်းဝေက ရုတ်တရက်. . .

"ဟေ့ မင်းက လူဟောင်းဆိုပြီး ငါ့ကို ဗိုလ်မကျနဲ့တွ"

ဟု အော်ဟစ်ကာ မြေကြီးကို လက်ဝါးဖြင့် လေးငါးချက် ပုတ်လိုက်လေသည်။

စုစွမ်းက နံရံကိုလက်ဝါးနှင့် သုံးလေးချက်ပုတ်လိုက်ပြီး. . .

"မင်းက မကျေနပ်လို့လား"

ဟု ပြန်လည် အော်ဟစ်လိုက်လေသည်။

ချိုယင်းဝေက. . .

"အေး. . . မကျေနပ်ဘူး၊ မင်းဖက်ကို လိမ်ချိုးရမှ ကျေနပ်မယ်"

ဟု အော်လိုက်ပြန်လေသည်။

စုစွမ်းက. . .

"လာခဲ့၊ မင်းမကျေနပ်ရင် မင်းကျေနပ်တဲ့အထိ မင်းခေါင်းကို တစ်စစီခွဲပစ်မယ်"

ဟု အော်ဟစ်လိုက်လေသည်။

ယင်းအသံများကြောင့် အချုပ်ခန်းသို့လာနေသော ခြေသံများသည် ပြေး၍လာသော ခြေသံများအဖြစ် ပြောင်းလဲကာ လျင်မြန်စွာ အချုပ်ခန်းအနီးသို့ နီးကပ်လာလေတော့သည်။

ချိုယင်းဝေက အချုပ်ခန်းသို့ ပြေးလာနေသောခြေသံတိုကြားလိုက်ရသည်နှင့် စုစွမ်းကို မျက်စိတစ်ဘက် မှိတ်ပြကာ ခုန်အုပ်လိုက်လေတော့သည်။

ချိုယင်းဝေက ထိုသို့ ခုန်အုပ်လိုက်ပြီး စုစွမ်း၏အနားသို့ကပ်ကာ လေသံတိုးတိုးဖြင့်. . .

"ဟေ့. . . ငါ့ကို နှုတ်ခမ်း နည်းနည်းကွဲအောင်ထိုး၊ ဒါမှ သူတို့ရိပ်မှာ"

ဟု ပြောလိုက်လေသည်။

စုစွမ်းက နားလည်ကြောင်း မသိမသာ ဦးခေါင်းညိတ်ပြလိုက်ပြီး ချိုယင်းဝေကိုဖက်၍ နပန်းလုံးလိုက်လေသည်။

ထို့နောက် သူသည် ချိုယင်းဝေ၏အပေါ်၌ ခွ၍ ထိုင်လိုက်ပြီး ချိုယင်းဝေအား လက်သီးဖြင့် ထိုးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် အချုပ်ခန်းတံခါးပွင့်သွားပြီး တရုတ်ဘုန်းတော်ကြီးနှစ်ပါး ဝင်ရောက်လာလေသည်။

တရုတ်ဘုန်းတော်ကြီးနှစ်ပါးမှာ တုကွမ်းနှင့် တုလိမ်တို့ ဖြစ်ပါသည်။

တုလိမ်က. . .

"ဟော့. . . ရန်မဖြစ်ရဘူး"

ဟု အော်ဟစ်လိုက်ပြီး ချီယင်းဝေ၏ကိုယ်ပေါ်၌ ခွ၍ ထိုင်ထားသော စုစွမ်းကို တစ်ချက်ကန်ကျောက်လိုက်လေသည်။

စုစွမ်းက စိတ်ထဲမှ ပြန်လည်တိုက်ခိုက်ရန် ကြံရွယ်လိုက်သော်လည်း မတိုက်ခိုက်ဖြစ်ပါ။

အကြောင်းမှာ တုလိမ်က ရန်ဖြစ်နေသူ နှစ်ဦးကို ဖျန်ဖြေရန် ဝင်ရောက်လိုက်သောအခါ တုကွမ်းက အချုပ်ခန်းအပြင် သို့ ပြန်လည်ထွက်လိုက်ပြီး အချုပ်ခန်းတံခါးကို သော့ပြန်ခတ် လိုက်သောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် စုစွမ်းသည် တုလိမ်အား ပြန်လည်တိုက်ခိုက်ရန် မကြိုးစားတော့ဘဲ တုလိမ်၏ခြေဖြင့် ကန်ကျောက်ခြင်းကို ငြိမ်သက်စွာ ခံယူလိုက်လေသည်။

ထို့ကြောင့် စုစွမ်းသည် ချီယင်းဝေ၏ ခန္ဓာကိုယ်ပေါ်မှ အောက်သို့ ကျသွားလေတော့သည်။

တုလိမ်က ချီယင်းဝေကို ငုံ့ကြည့်လိုက်ပြီး. . .

"လာ ထွက်ခဲ့"

ဟု ပြောကာ အချုပ်ခန်းမှ ဦးဆောင်၍ ထွက်သွားလေ



သည်။ တုကွမ်းက အချုပ်ခန်းတံခါးကို ပြန်လည်ဖွင့်လိုက်ပြီး တုလိမ်နှင့် ချီယင်းဝေတို့ကို ထွက်လာစေသည်။

ထိုစဉ် စုစွမ်းက လဲကျနေရာမှ ထလိုက်ပြီး. . .

"ဟော့. . . ကျုပ်ကိုကော မလွှတ်သေးဘူးလား"

ဟု အော်ဟစ်လိုက်ပြီး ချီယင်းဝေတို့ နောက်သို့ လိုက်လာလေသည်။

သို့သော် တုကွမ်းက တံခါးကို လျင်မြန်စွာ ပိတ်၍ သော့ခတ်လိုက်သဖြင့် စုစွမ်းသည် သံတံခါး သံတိုင်ကို ကိုင်ကာ. . .

"ကျုပ်ကို ဒီအတိုင်းပဲ ထားမှာလား။ မလွှတ်တော့ဘူးလား"

ဟု အော်ဟစ်လိုက်လေတော့သည်။ ချီယင်းဝေသည် စုစွမ်းကို တစ်ချက်လှည့်ကြည့်လိုက်ပြီး သူ၏ရင်ထဲတွင် စုစွမ်းအတွက် စိတ်မကောင်း ဖြစ်လာလေသည်။

ထို့နောက် တုကွမ်းနှင့် တုလိမ်တို့သည် ချီယင်းဝေကို ဦးဆောင်၍ မြေတိုက်ခန်းထဲမှ ခေါ်ထုတ်သွားလေတော့သည်။

မြေတိုက်ခန်း၏အပြင်သို့ ရောက်သောအခါ စုစွမ်း၏ ဟစ်ဟားဟားနှင့် အော်ဟစ်ရယ်မောသံကို ကြားလိုက်ရလေတော့သည်။

ထို့နောက် စုစွမ်း၏ရယ်မောသံသည် တဖြည်းဖြည်း ဝေး၍ဝေး၍ သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ချိုယင်းဝေသည် တုကွမ်းနှင့် တုလိမ်တို့ကို အံ့ဩစွာ တစ်ချက်ကြည့်လိုက်လေသည်။

အကြောင်းမှာ သူတို့သည် ချိုယင်းဝေကို မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးစုထိုက်ထံ ခေါ်မသွားဘဲ ချိုယင်းဝေ၏ အခန်းသို့ ခေါ်ဆောင်လာသောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် ချိုယင်းဝေသည် တုကွမ်းနှင့် တုလိမ်တို့ကို ကြည့်ကာ. . .

"ဘာဖြစ်လို့ ကျုပ်ကို ဒီမှာပို့ထားတာလဲ"

တုကွမ်းက. . .

"ကျုပ်တာဝန်က ခင်ဗျားကို ဒီအခန်းထဲပို့ဖို့ပဲ"

ဟု ပြောလိုက်လေသည်။

တုလိမ်က. . .

"ဒကာလေး အခန်းထဲကပဲ စောင့်နေပါ၊ ဘယ်မှ မသွားပါနဲ့၊ ဆရာတော်က နောက်ထပ် ဘာလုပ်ရမယ်ဆိုတာ ပြောပါလိမ့်မယ်"

ဟု ပြောလိုက်ပြီး ချိုယင်းဝေကို အခန်းထဲတွင် ထားခဲ့၍ ထွက်သွားလေတော့သည်။

ချိုယင်းဝေက အခန်းတံခါးကို ဒေါသတကြီးဖြင့်. . .

"ဝုန်း"ကနဲ ဆောင့်၍ ပိတ်လိုက်ပြီး. . .

"ဘာတွေ ဖြစ်နေတာလဲ"

ဟု တစ်ကိုယ်တည်း ရေရွတ်လိုက်လေတော့သည်။

ထို့နောက် သူသည် မိမိ၏အခန်းကို လှည့်ပတ်ကြည့်ရှု



လိုက်လေသည်။

အခန်းထဲရှိ ခုတင်ပေါ်တွင် မိမိ၏ဓားကို ချိုယင်းဝေ တွေ့မြင်လိုက်ရလေသည်။

ထို့ကြောင့် သူသည် ဓားရှိရာသို့ လျှောက်သွားပြီး ဓားကို ကောက်ယူလိုက်လေသည်။

ထို့နောက် သူသည် ဓားအိမ်မှဓားကို ဖြည်းညင်းစွာ ဆွဲထုတ်လိုက်လေသည်။

ထို့နောက် သူသည် မိမိ ဓားဖျား၌ သွေးများ စွန်းထင်းနေသည်ကို အံ့ဩစွာ တွေ့မြင်လိုက်ရလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ချိုယင်းဝေသည် သွေးစွန်းနေသော မိမိ၏ဓားကို ငေးမောကြည့်ရှုနေလေသည်။

သူသည် မည်မျှကြာအောင် ငေးမောကြည့်ရှုနေမိသည် မသိပါ။

တံခါးဖွင့်သံကြားမှ သတိပြန်လည် ဝင်ရောက်လာပြီး လက်ထဲမှဓားကို ဓားအိမ်ထဲ ပြန်ထည့်၍ သိမ်းဆည်းလိုက်လေတော့သည်။

ထိုစဉ် အခန်းတံခါးပွင့်သွားပြီး တရုတ်ကိုရင်တစ်ပါးသည် သစ်သားစည်တစ်လုံးကို မ,၍ ဝင်လာလေသည်။

ချိုယင်းဝေက အံ့ဩသော လေသံဖြင့် သစ်သားစည်ကို လက်ညှိုးဖြင့်ထိုးပြကာ. . .

"ဒါ ဘာလုပ်ဖို့လဲ"

ဟု မေးလိုက်လေသည်။

ကိုရင်က. . .

"ဒကာလေး ရေချိုးဖို့"

ဟု ပြန်လည်ဖြေလိုက်လေသည်။

ချိုယင်းဝေက မိမိဦးခေါင်းကို တချက်ကုတ်လိုက်ပြီး. .

"အင်း. . . ဘုန်းတော်ကြီးစုပိုက်တော့ ဘာတွေကြံနေ ပြန်ပြီလဲ မသိဘူး"

ဟု တစ်ကိုယ်တည်း ရေရွတ်လိုက်လေသည်။

သစ်သားစည် မ,လာသော တရုတ်ကိုရင်သည် အခန်းထဲ၌ သစ်သားစည်ကို ချထားလိုက်လေသည်။



ထိုအချိန်တွင် တရုတ်ကိုရင်လေးတစ်ပါးသည် ရေပုံးနှစ်ပုံးကို ဆွဲ၍ ဝင်ရောက်လာပြီး သစ်သားစည်ထဲ ရေဖြည့်လိုက်လေသည်။

ထိုတရုတ်ကိုရင်နှစ်ပါး ပြန်လည်ထွက်ခွာသွားသောအခါ အခြားကိုရင်တစ်ပါး ထပ်မံဝင်ရောက်လာပြီး အဖြူရောင်အကျီတစ်စုံကို သယ်ဆောင်လာလေသည်။

ချိုယင်းဝေက အဝတ်အစားများကို ညွှန်ပြရင်း. . .

"ဒါဘာလုပ်ဖို့လဲ"

ဟု မေးလိုက်လေသည်။

ထိုတရုတ်ကိုရင်က. . .

"ဆရာတော်ပို့ခိုင်းလိုက်တာပါ။ ဒကာလေး ဝတ်ကြည့်ပါဦး"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက အဝတ်အစားများကိုယူကာ မိမိခန္ဓာကိုယ်နှင့် တိုင်းကြည့်လိုက်လေသည်။

ထိုအဝတ်အစားများမှာ မိမိနှင့် အံကိုက်ဖြစ်နေကြောင်း တွေ့ရှိရလေသည်။

ချိုယင်းဝေက အဝတ်အစားများကို ခုတင်ပေါ် တင်ထားလိုက်ပြီး ကိုရင်ကို လှမ်းကြည့်ကာ. . .

"ကျေးဇူးတင်ပါတယ်လို့ ဆရာတော်ကို ပြောပေးပါ"

ဟု ပြောလိုက်လေသည်။

ထိုကိုရင် ထွက်သွားသောအခါ ချိုယင်းဝေသည် တံခါး

www.burmeseclassic.com

www.burmeseclassic.com



ကို ဖိတ်လိုက်လေသည်။

ထို့နောက် မိမိခန္ဓာကိုယ်ပေါ်မှ အဝတ်အစားကို ချွတ်၍ ရေစည်ထဲဝင်ရောက်ကာ ရေချိုးလိုက်လေတော့သည်။

ထိုစဉ် အခန်းတံခါးခေါက်သံ ပေါ်ထွက်လာပေသည်။

ထို့ကြောင့် ချီယင်းဝေက လှမ်း၍...

"ဘယ်သူလဲ"

ဟု မေးလိုက်လေသည်။

တံခါးအပြင်ဘက်မှ...

"ထမင်းဟင်းအားလုံး ပြင်ပြီးပါပြီ၊ ဘယ်တော့ သုံးဆောင်မလဲ"

ဟု မေးသံ ပေါ်ထွက်လာလေသည်။

ချီယင်းဝေက...

"အပြင်မှာပဲ ထားလိုက်ပါ၊ ကျုပ်စားချင်ရင် ကိုယ့်ဘာသာကိုယ်ယူစားမယ်"

ဟု ပြန်လည်ပြောလိုက်လေသည်။

တံခါးအပြင်ဘက်မှ...

"ကောင်းပါပြီ"

ဟူသော အသံ ထွက်ပေါ်လာပြီးနောက် တိတ်ဆိတ်သွားလေတော့သည်။

ချီယင်းဝေသည် ရေမိုးချိုးပြီးနောက် ဆရာတော်ပေးလိုက်သော အဝတ်အစားများကို လဲလှယ်ဝတ်ဆင်နေစဉ် ထမ်းတစ်ရာအား သတိရဟန်ဖြင့် မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်



လေတော့သည်။

"ငါ့ကို ဘာဖြစ်လို့ ရေမိုးချိုးပြီး အဝတ်အစား လဲခိုင်းရတာလဲ၊ ဘာဖြစ်လို့ ထမင်းစားဖို့ လောကွတ်လုပ်ရတာလဲ၊ ထမင်းထဲမှာ အဆိပ်များ ခတ်ထားသလား၊ အင်း... ငါ့ကို သတ်ချင်ရင် အဆိပ်ခတ်စရာမလိုဘူး၊ မြေအောက်အချုပ်ခန်းထဲမှာ ချုပ်ထားရင် ငါသေမှာပဲ"

ဟု၍ စဉ်းစားနေမိလေသည်။

ထို့နောက် သူသည် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပြီး အခန်းတံခါးဝသို့ လျှောက်သွားကာ အခန်းတံခါးကို ဖွင့်လိုက်လေသည်။

တံခါးအပြင်ဘက် ကြမ်းပေါ်တွင် ထမင်းဟင်းများ ထည့်ထားသောဗန်းကို တွေ့မြင်လိုက်ရလေသည်။

ထိုဗန်းထဲ၌ ဟင်းခွက်သုံးခွက်၊ ဟင်းချိုတစ်ခွက်၊ ထမင်းဖြူတစ်ပန်းကန်၊ အရက်တစ်အိုးထည့်ထားသည်ကို မြင်တွေ့လိုက်ရလေသည်။

သူသည် ထိုဗန်းကို မ,၍ မိမိအခန်းတွင်းသို့ သယ်ဆောင်လာပြီး အခန်းတွင်းမှ စားပွဲပေါ်သို့ ချထားလိုက်လေသည်။

ထို့နောက် အနီးတွင် ရှိသော ကုလားထိုင်တစ်လုံးကို ဆွဲယူကာ ကုလားထိုင်ပေါ်တွင် ထိုင်လိုက်ပြီး ထမင်းဟင်းများကို စတင်စားသောက်လေတော့သည်။

ချီယင်းဝေ မည်မျှ ဆာလောင်မွတ်သိပ်နေသည်

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ရှင်းပြတာကို ဒကာလေး နားထောင်ပါဦး"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက. . .

"ဒါဖြင့်လဲ မြန်မြန်ပြော"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီး၏ အမူအရာကို ကြည့်ပြီး နှုတ်ခမ်းတွန့်၍ တစ်ချက်ရွဲ့ကာ. . .

"ဘာလဲ သူများ မကြားစေချင်တဲ့ စကားကို လာပြောမလို့လား"

ဟု ခပ်ငေါ့ငေါ့လေး ပြောလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက သက်ပြင်းတစ်ချက်ချလိုက်ပြီး ဖြေးဆေးတည်ငြိမ်သော လေသံဖြင့်

"အင်း. . . ဒကာလေး စိတ်တိုနေမယ်ဆိုတာ ကျုပ်သိပါတယ်"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက. . .

"သိရင် ဘာဖြစ်လို့ ကျုပ် မဟုတ်ဘဲနဲ့ အရမ်းစွပ်စွဲရတာလဲ"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ဦးခေါင်းကို တဆတ်ဆတ်ညိတ်ကာ. . .

"ဒါကတော့ ဒီလို ရှိပါတယ်"



ချီယင်းဝေက. . .

"ဒီလို ရှိတာတွေကို ဟိုလိုရှိတာတွေထက် ကျုပ်ကို စွပ်စွဲတာက အရေးကြီးတယ်"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက. . .

"ကျုပ်မှာ အခက်အခဲ ရှိနေလို့ အခုလို လုပ်ရတာပါ"

ချီယင်းဝေက. . .

"တရုတ်ဘုန်းတော်ကြီးမှာ အခက်အခဲရှိတာ အကြောင်း မဟုတ်ဘူး၊ ကျုပ် မြေအောက်ခန်းထဲမှာ ဒုက္ခခံနေရတာကခက်တယ်"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ပင့်သက်တစ်ချက်ချလိုက်ပြီး. . .

"ဒကာလေး အခုလိုနေရတာ ကျုပ် တကယ်ပဲ စိတ်မကောင်းပါဘူး"

ချီယင်းဝေက နှုတ်ခမ်းကို မဲ့၍ပြုံးကာ. . .

"အင်း. . . ဘုန်းတော်ကြီးရဲ့ ပျားရည်ဝမ်းချစကားက တယ်ချိုတာပဲ"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .

"ကျုပ် အမှန်အတိုင်း ပြောတာပါ၊ ပျားရည်နဲ့ ဝမ်းချတာ မဟုတ်ပါဘူး"

ချီယင်းဝေက နှုတ်ခမ်းမဲ့ကာ. . .

"ထားပါတော့၊ အခု ဘာကို ပြောချင်လို့ ဒီကို လာရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .

"ကျုပ်တို့ အစည်းအဝေးလုပ်တာ ဒကာလေး သိတယ်နော်"

ချီယင်းဝေက ဦးခေါင်းကို ခါယမ်းလိုက်ပြီး. . .

"အဲဒီ အစည်းအဝေးထဲမှာ ကျုပ်မှမပါဘဲ၊ ဘယ်လို လုပ်သိရမှာလဲ"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .

"ကျုပ်တို့ ဘာအကြောင်း အစည်းအဝေးလုပ်တာကို ပြောတာ မဟုတ်ဘူး။ ကျုပ်တို့ အစည်းအဝေးလုပ်တာကို သိတယ် မဟုတ်လားလို့ မေးတာပါ"

ချီယင်းဝေက အမြင်ကပ်ကပ်ဖြင့်. . .

"ဘယ်တုန်းကလဲ"

ဟု မေးလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက နှစ်လိုဖွယ်ရာ ပြုံးလိုက်ပြီး. . .

"ဒကာလေး နည်းနည်းတော့ စိတ်ရှည်ရှည်ထားပါ"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက. . .

"ကျုပ် စိတ်တိုအောင် ဘယ်သူတွေက လုပ်နေသလဲ"

ဟု ပြန်၍ ရွတ်လှန်ထိုးလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .



မသိပါ။

အချိန်အနည်းငယ်အတွင်းမှာပင် စားသောက်စရာများ ကုန်သွားပြီ ဖြစ်ပါသည်။

သူသည် ပန်းကန်ထဲမှ နောက်ဆုံး ဟင်းလျာဖတ်ကို တူဖြင့် ညှပ်၍ စားလိုက်ပြီး တူကို ပန်းကန်ပေါ်သို့ ပြန်တင်ကာ အရက်အိုးကိုယူ၍ မော့သောက်လိုက်လေသည်။

အရက်အိုးကို စားပွဲပေါ်သို့ ချလိုက်သောအခါ မိမိ၏ အခန်းဝ၌ မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီး ရပ်နေသည်ကို မြင်တွေ့လိုက်ရတော့သည်။

ချီယင်းဝေက မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးကို လှမ်း၍ ကြည့်လိုက်ပြီး. . .

"အခုဟာက ဘာသဘောလဲ"

ဟု မေးလိုက်လေသည်။

မျက်ခုံးမွေးဖြူသော တရုတ်ဘုန်းတော်ကြီးက ဘာမှ မပြောဘဲ အခန်းထဲသို့ ဝင်ရောက်လိုက်လေသည်။

ချီယင်းဝေက စိတ်တိုနေသော အသံဖြင့်. . .

"ဘုန်းကြီး အခုလို လုပ်တာ ဘာသဘောလဲ၊ တပည့်တော်ကို သတ်ချင်သတ်လိုက်ပါ၊ အခုလို လုပ်နေတာက သေရမယ့် အကျဉ်းသားကို ဝဝကျွေးပြီးမှ သတ်မယ့်ပုံစံမျိုး ဖြစ်နေတယ်"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ချီယင်းဝေကို ဖော်ရွေသော အပြုံးဖြင့် ပြုံးပြကာ. . .

www.burmeseclassic.com



"ဒကာလေးကို ဘုန်းတော်ကြီး တောင်းပန်ပါတယ် ဘုန်းတော်ကြီးတို့လုပ်တဲ့ အစည်းအဝေးက ဒကာလေးတို့ အတွက်ပါ"

ဟု ပြောလိုက်လေသည်။

ထိုစကားကြောင့် ချီယင်းဝေသည် အနည်းငယ်အံ့ဩသွားပြီး သူ၏မျက်ခုံးကိုပင့်ကာ. . .

"ဘာ. . . တပည့်တော်အတွက် ဟုတ်လား"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး. . .

"ဟုတ်တယ်၊ ဒကာလေးအတွက် ကျုပ်တို့ အစည်းအဝေး လုပ်တာပါ"

ချီယင်းဝေက ပခုံးတစ်ဘက်ကို တွန့်လိုက်ပြီး. . .

"ဆိုစမ်းပါဦး"

ဟု ပြောလိုက်လေသည်။

မျက်ခုံးမွေးဖြူသော တရုတ်ဘုန်းတော်ကြီးက. . .

"ရိကျောင်ကျောင် ကျမ်းစာပျောက်ဆုံးတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး အစည်းအဝေးခေါ်ခဲ့တယ်၊ အဲဒီအစည်းအဝေးမှာ ကျုပ်က အဲဒီအမှုနဲ့ ပတ်သက်ပြီး ဒကာလေးဟာ လူသတ်သမား မဟုတ်ကြောင်းပြောပြီး ဒကာလေးကို လွှတ်ဖို့ဆွေးနွေးခဲ့တယ်"

ချီယင်းဝေက. . .

"အဲဒီတော့. . ."

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .



"စုတိုက်တို့အုပ်စုက ဒကာလေးကို လွှတ်မပေးဘူးလို့ ကန့်ကွက် ပြောဆိုလာကြတယ်"

ချီယင်းဝေက မျက်မှောင်ကြုတ်လိုက်ပြီး. . .

"သူတို့က ဘာဖြစ်လို့ ကန့်ကွက်ရတာလဲ"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .

"သူတို့က ဒကာလေးအပေါ် သံသယ ရှိနေကြတယ်လေ"

ချီယင်းဝေက မဲ့ပြုံးပြုံးလိုက်ပြီး. . .

"အဲဒီတော့ ဘုန်းတော်ကြီးက သူတို့ကို ဘယ်လိုအထောက်အထားနဲ့ သံသယ ဖြစ်တယ်ဆိုတဲ့အကြောင်း မမေးဘူးလား"

ဟု မေးလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .

"မေးပါတယ်"

ချီယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး. . .

"အဲဒီတော့ သူတို့က ဘာပြန်ပြောသလဲ"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .

"ဒကာလေးရဲ့ သိုင်းပညာဟာ အတော်အဆင့်မြင့်တယ်၊ ပြီးတော့ ရိကျောင်ကျောင် ကျမ်းစာထားတဲ့ အဆောင်နားမှာ ဒကာလေးကို ဦးလေးဘုန်းကြီး တွေ့ခဲ့တာရယ်၊ အဲဒါတွေကြောင့် ဒကာလေးဟာ ကျမ်းခိုးတဲ့ လူသတ်သမား ဖြစ်ရမယ်လို့ ထောက်ပြကြတယ်"

www.burmeseclassic.com

www.burmeseclassic.com



ချိုယင်းဝေက ရုတ်တရက် ရယ်မောလိုက်ပြီး. . .

"တပည့်တော်ကို သိုင်းပညာအဆင့်မြင့်တာရယ်၊ ရိကျင်ကျင် ကျမ်းစာရှိတဲ့ အဆောင်အောက်မှာ တွေ့တာရယ်၊ ဒါတွေကြောင့် သူတို့က သံသယဖြစ်တယ် ဟုတ်လား"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ဦးခေါင်းကို ညိတ်ပြကာ. . .

"ဟုတ်ပါတယ်၊ ကျုပ်လဲ အတန်တန်ငြင်းပြီး ကန့်ကွက်ခဲ့ပါတယ်"

ချိုယင်းဝေက. . .

"အဲဒီလို အချက်အလက်နဲ့ ထောက်ပြပြီး သံသယ ရှိမယ်ဆိုရင်တော့ ဦးလေးဘုန်းတော်ကြီးကို ဘာဖြစ်လို့ သံသယ မဖြစ်ကြတာလဲ"

ဟု မေးလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ချိုယင်းဝေကို တချက်ကြည့်လိုက်ပြီး. . .

"ဒကာလေးက ဦးလေးဘုန်းကြီးအပေါ် သံသယ ရှိလို့လား"

ချိုယင်းဝေက. . .

"တပည့်တော်က ဥပမာ ပြောပြတာပါ၊ ဘာဖြစ်လို့လဲဆိုတော့ ဦးလေးဘုန်းကြီးရဲ့ သိုင်းပညာဟာ အဆင့်မြင့်တယ်၊ ပြီးတော့ တပည့်တော်က ရိကျင်ကျင် ကျမ်းစာထားတဲ့ အဆောင်နားမှာ ဦးလေးဘုန်းကြီးကို တွေ့ခဲ့ရတယ်၊ ဒီတော့ ကျမ်းစာနိုးတဲ့ လူသတ်သမားဟာ ဦးလေးဘုန်းကြီး မဖြစ်နိုင်ဘူးလို့ ဘယ်သူ အာမခံမလဲ"



ဟု မေးလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .

"ဒကာလေး ပြောတာ မှန်ပါတယ်၊ ဒီလို ပြောကြစတမ်းဆိုရင် ကျောင်းဝင်းတစ်ခုလုံးမှာရှိတဲ့ ဘုန်းကြီးအားလုံးကို သံသယ ဖြစ်နိုင်တယ်"

ချိုယင်းဝေက မိမိ၏ပခုံးနှစ်ဘက်ကို တွန့်၍ လက်နှစ်ဘက်ကို ခါယမ်းပြလိုက်ရင်း. . .

"ဒါဖြင့် အဲဒီလို ဘာဖြစ်လို့မတွေးဘဲ အပြစ်တွေကို တပည့်တော်ခေါင်းပေါ် ပုံချချင်ရတာလဲ"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက. . .

"အများနဲ့ တစ်ယောက်ဆိုတော့လဲ ကျုပ်မှာ အခက်အခဲ တွေ့လာရတာပေါ့၊ ဒါကြောင့် နောက်ဆုံးအနေနဲ့ ကျုပ်တို့ အစည်းအဝေးက ဒကာလေးကို နေ့ရောညရော အစောင့်နဲ့ ထားဖို့ ဆုံးဖြတ်လိုက်ကြတယ်"

ချိုယင်းဝေက ရုတ်တရက် ရယ်မောလိုက်ပြီး. . .

"တော်တော်ရယ်စရာ ကောင်းတာပဲ၊ လူသတ်သမားတော့ မဖော်ထုတ်ဘဲ တပည့်တော်အပေါ် အပြစ်ပုံချပြီး ချုပ်နှောင်ဖို့ပဲတတ်ပါလား"

ဟု ပြောလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက. . .

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ကျုပ်လဲ အစည်းအဝေးမှာ ဘုန်းတော်ကြီး ငါးပါးကို ရွေးချယ်လိုက်တယ်"

ချီယင်းဝေက. . .

"ဘာလုပ်ဖို့လဲ"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက. . .

"ဒီအမှုကိစ္စကို စုံစမ်းဖို့ ရွေးချယ်လိုက်တာပဲ"

ချီယင်းဝေက. . .

"အဲဒီတော့ စုဟိုက်တို့အုပ်စုက ဘာပြောသေးလဲ"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက သက်ပြင်းတစ်ချက်ချလိုက်ပြီး. . .

"သူတို့က သုံးလအချိန်ပေးတယ်၊ သုံးလပြည့်လို့မှ တရားခံမပေါ်ရင် ဒကာလေးကို သတ်မယ်လို့ ဆုံးဖြတ်ကြတယ်"

ချီယင်းဝေက တဟားဟား ရယ်မောကာ. . .

"ဟား. . . ဟား. . . ဟား၊ တကယ် ရယ်စရာကောင်းတာပဲ"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ချီယင်းဝေကို တစ်ချက်ကြည့်လိုက်ပြီး အနည်းငယ် တုံ့ဆိုင်း၍ နေပေသည်။ ပြီးမှ. . .

"ခက်တာက ဒကာလေးပဲ"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေ အံ့ဩဟန်ဖြင့် မျက်လုံးပြူးကာ. . .



"ဘာဖြစ်လို့လဲ၊ တပည့်တော်က ဘာတွေခက်နေလို့လဲ"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက. . .

"တကယ်လို့ အစည်းအဝေး ပြီးတဲ့အချိန်မှာ ကုချမ်း အသတ်ခံရတဲ့ သတင်းကို ဒကာလေး သယ်ဆောင်မလာရင် အခြေအနေဟာ တစ်မျိုးဖြစ်လိမ့်မယ်၊ ခုတော့ အစည်းအဝေး ပြီးတဲ့အချိန်မှပဲ အသတ်ခံခဲ့ရတဲ့ သတင်းကြားလာရတယ်"

ချီယင်းဝေက မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးအား အတန်ကြာအောင် စူးစိုက်ကြည့်လိုက်ပြီး. . .

"တကယ်လို့ တပည့်တော်ကသာ ကုချမ်းကို သတ်ရင် ဘုန်းတော်ကြီးတို့ကို လာပြီး ပြောပါ့မလား"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက. . .

"ဒီလို အတပ်ပြောလို့တော့ မရဘူး၊ လူသတ်သမားဟာ မိမိကိုယ်မိမိ လူသတ်သမား မဟုတ်ကြောင်း သက်သေထူချင်လို့ အခုလို သတင်းပို့တာမျိုးကော မဖြစ်နိုင်ဘူးလား"

ချီယင်းဝေက ဦးခေါင်းကို ခါယမ်းလိုက်ပြီး. . .

"အဲဒီလိုသာဆိုရင်တော့ အဲဒီလူသတ်သမားဟာ ဇာင်မတန်မှ ဝါရင့်နေတဲ့ လူသတ်သမားပဲ ဖြစ်ရမယ်"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက. . .

"ဒကာလေးကို ကျုပ်တို့က အခုမှ မြင်တွေ့ဖူးတာ၊ ဒကာလေးဟာ အဲဒီလို လူစား မဟုတ်ဘူးလို့ ဘယ်သူက ပြောနိုင်မှာလဲ၊ ပြီးတော့ ဒကာလေးရဲ့ဓားမှာ သွေးစွန်းနေတဲ့ ကိစ္စကို ဘယ်လိုဖြေရှင်းမလဲ"

www.burmeseclassic.com

www.burmeseclassic.com



ချီယင်းဝေက လက်ကာပြလိုက်ပြီး. . .

"ထားပါတော့ ဒီအကြောင်းတွေပြောရင် ဆုံးမှာ မဟုတ်ဘူး"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက. . .

"အဲဒီတော့ အများနဲ့ တစ်ယောက် အနေအထားမှာ ကျုပ် ဘယ်လို အခက်အခဲတွေ့နေမယ်ဆိုတာ ဒကာလေး စဉ်းစားသာ ကြည့်ပေတော့"

ဟု ပြောလိုက်လေသည်။

"ဒါနဲ့ပဲ ဘုန်းတော်ကြီး လက်ရှိနေရာက မကျရအောင် တပည့်တော်ကို ဓရဲပြည်ထက်ဆိုးတဲ့ မြေအောက်ခန်းထဲ ပို့လိုက်တာပေါ့ ဟုတ်လား"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ဦးခေါင်းကို ခါယမ်းပြလိုက်ရင်း. . .

"မြေအောက်ခန်းထဲမှာ ဒကာလေးကို အမြဲတမ်းချုပ်ထားဖို့ မရည်ရွယ်ပါဘူး၊ သူတို့စိတ်ကျေနပ်အောင် ခေတ္တချုပ်ထားတဲ့ သဘောပါ၊ သူတို့စိတ်ကျေနပ်တာနဲ့ ချက်ချင်း ဒကာလေးကို လွှတ်ပေးမှာပါ"

ချီယင်းဝေက ရုတ်တရက် ရယ်မောလိုက်ပြီး. . .

"တကယ်လို့များ နောက်ထပ် အနှစ် နှစ်ဆယ်ကြာတဲ့တိုင်အောင် သူတို့ စိတ်မကျေနပ်ဘူးဆိုရင် တပည့်တော်လဲ မြေတိုက်ခန်းထဲမှာ အရိုးထုတ်ရလိမ့်မယ်တဲ့ တူတယ်၊ ဒါမှမဟုတ်ရင်လဲ တပည့်တော် ကိုယ့်ကိုယ်ကို သတ်သေမိမလား မသိဘူး"



မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ချီယင်းဝေကို ပြုံး၍ပြလိုက်ပြီး. . .

"ဒကာလေးမှာ အသက်တိုတဲ့ လက္ခဏာ မတွေ့ရပါဘူး"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက အံ့အားသင့်ဟန်ဖြင့် မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးကို ကြည့်လိုက်ပြီး. . .

"အင်း. . . ဘုန်းတော်ကြီးက အရင်တုန်းက ဗေဒင်ဆရာ လုပ်စားဖူးတယ်နဲ့တူတယ်"

ဟု ငေါ့တော့တော့ ပြောလိုက်လေသည်။

ချီယင်းဝေ၏စကားကြောင့် မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးသည် မျက်နှာတစ်ချက် ကွက်ကနဲပျက်သွားပြီး ဘာမှ ပြန်မပြောဘဲ ချီယင်းဝေကိုသာ စိုက်၍ ကြည့်နေလေသည်။

ချီယင်းဝေက မထေ့တထေ့ကလေးပြုံးကာ. . .

"ဆက်ပြောပါဦး၊ အဲဒီလို ချုပ်ထားလိုက်လို့ အခုသူတို့ စိတ်ကျေနပ်သွားရောလား"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ဦးခေါင်းခါယမ်းပြလိုက်ပြီး. . .

"ဟင့်အင်း. . . မကျေနပ်သေးပါဘူး၊ ဒါပေမယ့် ဒကာလေး ကံကောင်းတယ်လို့ ဆိုရမယ်"

ချီယင်းဝေက အင်မတန်မှ အံ့ဩသွားဟန်ပြုလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော် ကံကောင်းတယ် ဟုတ်လား၊ မြေတိုက်ခန်းထဲမှာ အချုပ်ခံရတာ ကံကောင်းတယ်ဟုတ်လား"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက. . .

"ဟုတ်တယ်"

ချီယင်းဝေက. . .

"ဘာဖြစ်လို့လဲ"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက. . .

"ဒကာလေးမှာ မိတ်ဆွေရှိတယ် မဟုတ်လား"

ချီယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး. . .

"လူဆိုတာ ပတ်ဝန်းကျင်နဲ့ ဆက်နွယ်ပြီး နေထိုင်ရတာပဲ၊ မိတ်ဆွေဆိုတာ ရှိတာပေါ့"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .

"တိမ်းရှိုလေးဆိုတဲ့ မိတ်ဆွေ ရှိတယ် မဟုတ်လား"

ချီယင်းဝေသည် တိမ်းရှိုလေး၏အမည်ကို ကြားလိုက်ရသဖြင့် မိမိက တိမ်းရှိုလေးအား ချိန်းထားခဲ့သည်ကို အမှတ်ရလာလေသည်။

ထို့ကြောင့် သူသည် ကိုယ့်ကိုယ်ကို တစ်ချက်ကျိန်ဆဲလိုက်ပြီး. . .

"အင်း. . . ဆိုစမ်းပါဦး၊ တိမ်းရှိုလေး ဘာဖြစ်လဲ"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက. . .

"တိမ်းရှိုလေး ရောက်လာတယ်"

ချီယင်းဝေက မျက်မှောင်တချက်ကြုတ်လိုက်ပြီး. . .



"ဆိုစမ်းပါဦး၊ သူက ဘာလာလုပ်တာလဲ"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက. . .

"သူက ကျောင်းထဲဝင်လာပြီး ဒကာလေး ဒီမှာရှိနေတယ်၊ ဒကာလေးကို ထုတ်ပေးပါလို့ တောင်းနေတယ်"

ချီယင်းဝေက အနည်းငယ် စဉ်းစားလိုက်ပြီး. . .

"ဒီတော့ ဘုန်းတော်ကြီးက သူ့ကို ကြောက်ပြီး တပည့်တော်ကို လာပြောတာလား၊ ဒါမှမဟုတ် သူ့ကိုပါ ဖမ်းထားလိုက်သလား"

ဟု မေးလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက. . .

"အမှန်ပြောရရင် ပထမတော့ ကျုပ်တို့ အများစုက ဒကာလေးကို မလွှတ်ချင်ဘူး"

ချီယင်းဝေက တချက်ပြုံးကာ. . .

"ဘာလဲ. . . သူ့ကို ကြောက်လို့ သူတောင်းတဲ့အတိုင်း ကျုပ်ကို လွှတ်ပေးမလို့ပေါ့ ဟုတ်လား"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက. . .

"သူ့ကို ကြောက်လို့ မဟုတ်ဘူး၊ ကြောက်စရာလဲ မလိုဘူး၊ ဒါပေမယ့်. . ."

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးသည် သူ၏စကားကို ဆုံးအောင်မပြောဘဲ ရပ်တန့်ကာ ချီယင်းဝေကို တစ်ချက်ကြည့်လိုက်လေသည်။

ချီယင်းဝေက. . .

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ဘာဖြစ်သလဲ၊ ပြောစမ်းပါအုံး"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက. . .

"ကျုပ်တို့အများစုက ငြင်းနေတော့ သူက မြို့တော်ဝန်ကို သွားပြောတယ်၊ မြို့တော်ဝန်က ကျုပ်တို့ကျောင်းကို ရှာဖွေမယ်လို့ ပြောတော့ ကျုပ်က အခြားဘုန်းကြီးတွေကို ဥပဒေတော် မဖီဆန်ဖို့ ဒကာလေးကို လွှတ်ပေးဖို့ ပြောရတယ်"

ချီယင်းဝေက မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးကို အတန်ကြာအောင် စူးစိုက်၍ ကြည့်နေပြီး. . .

"ဒါဖြင့် အခု ဆရာတော်လာတာ တပည့်တော်ကို လွှတ်ပေးဖို့ ကိစ္စလား"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ဦးခေါင်းကို ညိတ်လိုက်ပြီး. . .

"အခုကစပြီး ဒကာလေး အချိန်မရွေး ဒီကျောင်းက ထွက်သွားနိုင်ပြီလို့ လာပြောတာပါ"

ချီယင်းဝေက မျက်ခုံးမွေးဖြူသော ဘုန်းတော်ကြီးအား ပြုံး၍ကြည့်လိုက်ပြီး. . .

"တကယ် ပြောတာလား"

ဟု သေချာစေရန် ထပ်၍မေးလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးနေသော ဘုန်းတော်ကြီးက ဦးခေါင်းကို ညိတ်ပြကာ. . .

"ဒကာလေးကြိုက်တဲ့အချိန် ဒီကျောင်းက ထွက်သွားနိုင်ပါတယ်"



ဟု ထပ်မံပြောဆိုလိုက်လေသည်။

ချီယင်းဝေက ဦးခေါင်းကို တစ်ချက်ညိတ်ကာ. . .

"ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ ဘုန်းတော်ကြီးကို တပည့်တော် စကားနှစ်ခွန်းလောက် မေးပါရစေ"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက. . .

"မေးပါ၊ ကျုပ်ဖြေနိုင်တဲ့မေးခွန်းမျိုးဆိုရင် ဖြေပါ့မယ်"

ချီယင်းဝေက. . .

"ပထမအချက် ဘုန်းတော်ကြီးတို့ ကျောင်းထဲမှာ တပည့်တော်ကို သံသယအဖြစ်ဆုံး ဘုန်းတော်ကြီးက ဘယ်ဘုန်းကြီးလဲ"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီး အနည်းငယ်စဉ်းစားလိုက်ပြီး. . .

"ဒီမေးခွန်းကို ဖြေဖို့ အတော်ခက်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဘုန်းကြီးအတော်များများက ဒကာလေးကို သံသယရှိနေလို့ပဲ"

ချီယင်းဝေက ပြုံးလျက်. . .

"ကောင်းပြီ၊ ထားလိုက်ပါတော့၊ တပည့်တော်ကို အပြစ်ဒဏ်ခတ်ဖို့ ဘယ်ဘုန်းကြီးက အကြိုးစားဆုံးလဲ"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ချီယင်းဝေကို တစ်ချက်မျှ စူးစိုက်ကြည့်ကာ. . .

"ဒကာလေးက ကလဲ့စားချေချင်လို့လား"

ဟု မေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချိုယင်းဝေက. . .

"သူက ကျုပ်ကိုမသတ်ဖြတ်ဘဲ တပည့်တော်ကဘာလို့ သတ်ရမှာလဲ"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ပြုံးရွှင်သော မျက်နှာဖြင့်. . .

"ဒကာလေးမှာ ဒီလိုစိတ်ထားမျိုးရှိတာ ဘုန်းတော်ကြီး ချီးကျူးပါတယ်"

ဟု ပြောလိုက်လေသည်။

ပြီးမှ လေသံကို နှိမ့်ကာ. . .

"ဒီကိစ္စမှာ စုတိတ်က အပြင်းထန်ဆုံးပဲ"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက. . .

"ကျောင်းထိုင် စုဟိုက်ဘုန်းတော်ကြီးကော"

ဟု မေးလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက. . .

"သူ့ ဒကာလေးအပေါ် သံသယတော့ ဖြစ်တယ်၊ ဒါပေမယ့် အပြစ်ဒဏ်ပေးဖို့ ကိစ္စကျတော့ သူဘာမှ ဝင်မပြောဘူး"

ချိုယင်းဝေက မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးကို ဦးခေါင်းညိတ်ပြလိုက်ပြီး. . .

"ကောင်းပြီ၊ ဒုတိယမေးခွန်းကို တပည့်တော်မေးမယ်"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက. . .

"မေးပါ"



ချိုယင်းဝေက ဦးခေါင်းကို အနည်းငယ်မော့လိုက်ပြီး

"အစည်းအဝေးကို ဘုန်းတော်ကြီးအားလုံး တက်ရသလား၊ အစည်းအဝေးမတက်တဲ့ ဘုန်းကြီးရှိသလား"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက သူ၏လက်ကို နောက်သို့ ပစ်လိုက်ပြီး. . .

"ကျမ်းစာထားတဲ့ အဆောင်မှာ တာဝန်ကျတဲ့ ဘုန်းကြီး အစည်းအဝေး တက်စရာ မလိုဘူး"

ချိုယင်းဝေက. . .

"တကယ်လို့ အစည်းအဝေးခန်းထဲမှာ အပေါ့အပါးသွားချင်တယ်ဆိုရင်ကော ထွက်လို့ရမလား"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ဦးခေါင်းကို ညိတ်လိုက်ပြီး. . .

"ဒါကတော့ မလွန်ဆန်နိုင်တဲ့ ကိစ္စတစ်ရပ်ပဲ၊ အပေါ့အပါးသွားချင်ရင် အစည်းအဝေးက ထွက်ခွင့်ပြုပါတယ်"

ချိုယင်းဝေက မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးကို ပြုံး၍ ပြလိုက်ပြီး. . .

"ကျေးဇူးတင်ပါတယ်၊ တပည့်တော် နောက်ဆုံးမေးခွန်း တစ်ခု မေးပါရစေ၊ ဒါပေမယ့် နောက်ဆုံးမေးခွန်းဟာ မေးခွန်းတော့ မဟုတ်ဘူး"

ဟု ပြောလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .

"ဘာပဲဖြစ်ဖြစ် ကျုပ်ဖြေနိုင်တဲ့ကိစ္စဆိုရင် ဖြေဖို့ အဆင်

www.burmeseclassic.com

www.burmeseclassic.com



သင့်ပါပဲ"

ချီယင်းဝေက မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးကို စူးစိုက်၍ကြည့်လိုက်ပြီး. . .

"ဘုန်းတော်ကြီးရဲ့ စိတ်ထဲမှာ ဘယ်သူ့ကို သံသယအဖြစ်ဆုံးလဲ"

ဟု ပြောလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးသည် မျက်လုံးတစ်ချက် လှန်၍ကြည့်လိုက်ပြီး. . .

"ကျုပ် ငယ်ငယ်ထဲက ဘုန်းကြီးဝတ်ခဲ့တယ်၊ ပြီးတော့ ကျုပ်ရဲ့ဉာဏ်ကလဲ အတော်ထိုင်းတယ်၊ ဒါကြောင့် ဘယ်သူ့ကို မှသံသယ မဖြစ်ဘူး"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက တရုတ်ဘုန်းတော်ကြီးကို လက်အုပ်ချီ၍ ဦးညွှတ်လိုက်ပြီး. . .

"ကျေးဇူးတင်ပါတယ်၊ တပည့်တော်ကို သွားခွင့်ပြုပါ"

ဟု ပြောကာ ခုတင်ပေါ်မှ မိမိဓားကို ကောက်ယူလိုက်ပြီး အခန်းတံခါးကို ဖွင့်လိုက်လေသည်။

ထိုစဉ် မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ချီယင်းဝေကို လှမ်း၍. . .

"ဩော်. . . ဒကာလေးကို ကျုပ်တစ်ခု တောင်းပန်ပါရစေ"

ဟု ပြောလိုက်လေသည်။



ချီယင်းဝေက မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီး၏ အမေးစကားကြောင့် သူ၏ခြေလှမ်းများက ရပ်တန့်လိုက်ပြီး ဘုန်း တော်ကြီးကို လှည့်ကြည့်ကာ. . .

"တောင်းပန်စရာကိစ္စများ ရှိလို့လား"

ဟု မေးလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက အတန်ကြာအောင် စိုက်ကြည့်လိုက်ပြီးမှ. . .

"တကယ်လို့ ဒကာလေး အခု ထွက်သွားပြီးတဲ့နောက် ဒီကျောင်းကို ဘယ်တော့မှ ပြန်မလာပါနဲ့တော့"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက မျက်မှောင်တစ်ချက်ကြုတ်လိုက်ပြီး. . .

"ဘာဖြစ်လို့လဲ"

ဟု မေးလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက. . .

"ကျုပ် မင်းဘက်က ကာကွယ်ပြောရတဲ့အတွက် ဘုန်းကြီးအများရဲ့ အပြောကို ခံရတယ်"

ချီယင်းဝေက. . .

"တပည့်တော်နဲ့ မပတ်သတ်ရင် ဆရာတော်ခေါ်လဲ မလာပါဘူး"

ဟု ပြောလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီး. . .

"မဟုတ်သေးဘူး၊ ကျုပ် မင်းဆီက တိကျတဲ့အဖြေကို

www.burmeseclassic.com

www.burmeseclassic.com



လိုချင်တယ်"

ဟု ပြောလိုက်လေသည်။

မိုးယင်းဝေက မျက်ခုံးမွှေးဖြူဖွေးသော ဘုန်းတော်ကြီးကို တစ်ချက်စူးစိုက်၍ ကြည့်လိုက်ပြီး...

"ဘုန်းတော်ကြီးက ဘာဖြစ်လို့ ဒီလောက်တောင် စိုးရိမ်နေရတာလဲ"

ဟု ပြောလိုက်လေသည်။

မျက်ခုံးမွှေးဖြူဖွေးသော ဘုန်းတော်ကြီးက...

"ဘာဖြစ်လို့ စိုးရိမ်နေတာလဲဆိုတာ သိချင်ရင် ဒကာမလေး ဘုန်းကြီးနောက်ကို လာခဲ့ကြည့်ပေါ့"

ဟု ပြောလိုက်လေသည်။

မိုးယင်းဝေက အတန်ကြာအောင် ဘာမျှ ပြန်မပြောဘဲ မျက်ခုံးမွှေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးကိုသာ ကြည့်နေလေသည်။

မျက်ခုံးမွှေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"တကယ်လို့ ဒကာမလေး ထပ်လာရင် သူတို့က ဒကာမလေးကိုဖမ်းပြီး ကျုပ်ဆီခွင့်တောင်းလိမ့်မယ်၊ ဒီတော့ ကျုပ် ဘယ်လိုလုပ်ရမလဲ"

မိုးယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး...

"စိတ်ချပါ တပည့်တော်ကတိပေးပါတယ်"

မျက်ခုံးမွှေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ဦး



ခေါင်းကို ညိတ်လိုက်ပြီး...

"ကောင်းပါတယ်၊ မင်းကတိကို ဘယ်တော့မှ မဖျက်ပါနဲ့၊ ယောကျ်ားတစ်ယောက်ရဲ့ ကတိဆိုတာ တည်ရတယ်"

ဟု ပြောလိုက်လေသည်။

မိုးယင်းဝေက...

"စိတ်ချပါ၊ တပည့်တော်ကတိကို တပည့်တော် ဘယ်တော့မှ မဖျက်ပါဘူး"

မျက်ခုံးမွှေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးသည် စိတ်ကျဉ်းကျပ်နေရာမှ လွတ်မြောက်သွားသည့်အလား လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်ပြီး...

"ဪ... ဒကာလေးသွားတော့ ကျမ်းစာပျောက်တဲ့ အကြောင်းကိုလဲ ဘယ်သူ့ကိုမှ မပြောပါနဲ့"

ဟု မှာကြားလိုက်လေသည်။

မိုးယင်းဝေက ဦးခေါင်းကိုညိတ်ကာ...

"စိတ်ချပါ တပည့်တော် ဘယ်သူ့ကိုမှ မပြောပါဘူး"

ဟု ပြောလိုက်လေသည်။

ထို့နောက် မျက်ခုံးမွှေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးသည် မိုးယင်းဝေကို ရင်ပြင်မုခ်ဦးအထိ လိုက်ပါပို့ဆောင်ပေးလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဝင်းအပြင်၌ တိမ်းရှိလေးနှင့် လူတစ်စု ရပ်၍ နေလေသည်။

တိမ်းရှိလေးသည် ဒိုးယင်းဝေ တရုတ်ဘုန်းတော်ကြီး ကျောင်းဝင်းထဲမှ ထွက်လာသည်ကို မြင်တွေ့လိုက်သည်နှင့် ဝမ်းသာအားရ ဖြစ်ကာ ဒိုးယင်းဝေထံသို့ ပြေးသွားလိုက်လေသည်။

ထို့နောက် သူသည် ဒိုးယင်းဝေ၏ပခုံးကို ဖက်လိုက်ပြီး

"ဟေ့. . . မင်းကို သူတို့က ဘာလုပ်လိုက်သေးလဲ ဟင်း. . . တစ်ခုခုလုပ်ရင်တော့ အဲဒီတရုတ်ဘုန်းကြီးတွေ ကျွပ်နဲ့တွေ့သွားမယ်"

ဟု ပြောလိုက်လေသည်။



ဒိုးယင်းဝေက တိမ်းရှိလေး၏ပခုံးကို ပြန်လည်ဖက်ရင်း

"မင်းကို ကျေးဇူးတင်ပါတယ်။ အခုလို ကျောင်းထဲက ထွက်လာရတာပဲ တော်ပါပြီ"

ဟု ပြောလိုက်လေသည်။

တိမ်းရှိလေးက. . .

"ကဲ. . . သူငယ်ချင်း တို့ အိမ်ပြန်ကြရအောင်"

ဟု ပြောကာ ထိုနေရာမှ ထွက်ခွာသွားကြလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဤနေရာသည် တိမ်းရှိုလေး အိမ်ဝေဟာမှ ချိုယင်းဝေ နှင့် တိမ်းရှိုလေးတို့ ကျားကစားကြသောအခန်း ဖြစ်ပါသည်။

ယခု တိမ်းရှိုလေးနှင့် ချိုယင်းဝေတို့သည် စားပွဲ၌ တစ်ယောက်တစ်ဘက်စီ ထိုင်နေကြသည်။

သူတို့၏အလယ်၌ ကျားကွက်နှင့် ဖဲယားများ ရှိနေလေသည်။

သို့သော် သူတို့သည် ကျားကစားနေကြခြင်း မဟုတ်ပါ။

တိမ်းရှိုလေးသည် ချိုယင်းဝေ၏ အဖြစ်သနစ်ကို မေးမြန်းနေခြင်း ဖြစ်ပါသည်။

တိမ်းရှိုလေးက ချိုယင်းဝေကို တစ်ချက်လှမ်းကြည့်လိုက်ပြီး. . .

"မင်း. . . ငါ့ညီမနဲ့တွေ့တာ သိပ်ကံကောင်းတယ်၊ နို့မို့ရင် မင်းအဖမ်းခံနေရမှန်း ငါတို့သိမှာ မဟုတ်ဘူး"

ချိုယင်းဝေက. . .

"ဟုတ်တယ်. . . ငါလဲ ဈေးတန်းထဲမှာ မင်းညီမကို မတွေ့လိုက်ရင် ငါ့အခြေအနေ ဘယ်လို ဖြစ်မယ်ဆိုတာ မပြောတတ်အောင်ဘဲ"

တိမ်းရှိုလေးက ဦးခေါင်းကို ညိတ်လိုက်ပြီး. . .

"ညီမ ဈေးက ပြန်လာတော့ ငါဲ့ဧယျာဉ်ထဲမှာ ပန်းပင်စိုက်နေတယ်၊ ငါ့ညီမက အိမ်ထဲတောင် မဝင်နိုင်ဘဲ ငါ့ဆီကို ရေးကြီးသုတ်ပျာနဲ့ ရောက်လာပြီး မင်းနဲ့တွေ့တယ်ဆိုတဲ့ အကြောင်း ပြောပြတယ်၊ ပြီးတော့ မင်းက ငါ့ကို ချိန်းတယ်ဆိုတာလဲ ပြောပြတယ်၊ နောက်ပြီး မင်းဟာ အခက်အခဲတစ်ခုခုနဲ့ ကြုံတွေ့ရတယ်လို့ သူထင်တယ်ဆိုတဲ့အကြောင်း ငါ့ကို ပြောပြတယ်၊ ဒါနဲ့ ငါလဲ ဘုန်းကြီးကျောင်းကို သွားတော့တာပဲ"



ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက. . .

"တရုတ်ဘုန်းကြီးတွေက မင်းကို လက်မခံတော့ မင်းမြို့တော်ဝန်ဆီ သွားတယ်ဆို"

တိမ်းရှိုလေးက. . .

"ဟုတ်တယ်. . . ဘုန်းကြီးတွေက ငါ့တောင်းဆိုချက်ကို လက်မခံတော့ ငါလဲ မြို့တော်ဝန်ဆီသွားပြီး အကူအညီတောင်းရတာပေါ့ကွာ၊ ဒီတော့မှ ဘုန်းကြီးတွေက ငါ့တောင်းဆိုချက်ကို လက်ခံပြီး မင်းကို လွှတ်ပေးလိုက်တာပေါ့"

ထိုစဉ် သူတို့ စကားပြောနေသော အခန်းထဲသို့ လူတစ်ယောက် ဝင်ရောက်လာလေသည်။

ထိုလူမှာ တိမ်းရှိုလေး၏ဦးလေး တိမ့်အင်း ဖြစ်ပါသည်။

တိမ့်အင်း ဝင်လာသည်ကို မြင်သည်နှင့် တိမ်းရှိုလေးနှင့် ချိုယင်းဝေတို့သည် ထိုင်ရာမှထကာ နှုတ်ဆက်လိုက်ပြီး တိမ့်အင်းကို မိမိတို့ ထိုင်နေသော စားပွဲ၌ နေရာထိုင်ခင်းပေးလိုက်လေသည်။

တိမ့်အင်းက စားပွဲတွင် ဝင်ရောက်ထိုင်လိုက်ပြီး. . .

"အင်း. . . မင်းတို့ သိုင်းလောကသားတွေဟာ အလကား ဆန်ကုန်မြေလေးတွေပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ရောက်ရောက်ချင်း ဆောက်နှင့် ထွင်းသကဲ့သို့ ပြောလိုက်လေသည်။

တိမ်းရှိုလေးက ချိုယင်းဝေကို အားနာသွားဟန်ဖြင့် သူ့ဦးလေးအား လှမ်း၍...

"ဦးလေး...ဦးလေး ဘာတွေ လျှောက်ပြောနေတာလဲ"

ဟု ဟန့်တားလိုက်လေသည်။

ထို့နောက် သူသည် ချိုယင်းဝေကို အားတုံ့အားနာဟန်ဖြင့် လှမ်း၍ ကြည့်လိုက်လေသည်။

တိမ့်အင်းက သူ့တူ တိမ်းရှိုလေးကို လှည့်၍ ကြည့်လိုက်ပြီး...

"ဟ... ငါပြောတာ အမှန်တွေကွ၊ သိုင်းလောကသားတွေဟာ သိုင်းပညာ မာနတက်ပြီး အလကားနေရင်း ရန်ထောင်ကလဲ့စားချေနဲ့ အချိန်ကုန်နေတာပဲ"

ချိုယင်းဝေက တစ်ချက်ပြုံးကာ...

"တကယ်တော့ ဦးလေး ပြောတာတွေ မမှားပါဘူး။ သိုင်း ပညာရဲ့ အနှစ်သာရကို ထုတ်ယူအသုံးမပြုကြဘဲ အပေါ်ယံကို သာ အသုံးပြုတဲ့ သိုင်းလောကသားတွေကြောင့် ဦးလေး ပြော သလို ဖြစ်နေကြတာပါ။ တကယ်တော့ ဓားက လူကို သတ်တာ မဟုတ်ပါဘူး၊ လူကသာ လူကို သတ်တာပါ"

တိမ့်အင်းက ဦးခေါင်းကို ညိတ်လိုက်ပြီး...

"မင်းပြောတာ မှန်တယ်"



ချိုယင်းဝေက...

"သိုင်းလောကသားတွေ ဆန်ကုန်မြေလေး ဖြစ်နေရတာ အဲဒီလူတွေက သိုင်းပညာကို မှန်ကန်တဲ့ဘက်မှာ အသုံးမချလို့ပဲ ဖြစ်ပါတယ်"

တိမ့်အင်းက...

"ဒါနဲ့ မင်း အစိုးရအလုပ်ဌာနတစ်ခုခုမှာ ဝင်ပြီး အလုပ်လုပ်မလား"

ဟု ဝင်ပြီး မေးလိုက်လေသည်။

ချိုယင်းဝေက...

"ကောင်းပါတယ်"

တိမ့်အင်းက...

"အဲဒီလိုဆိုရင် မင်း ဒီမှာနေ၊ ငါ့တူ တိမ်းရှိုလေးနဲ့အတူ စာကျက်ပေါ့၊ ငါ့တူလဲ အဖော်ရတာပေါ့ကွာ"

ချိုယင်းဝေက ရယ်မောလိုက်ပြီး...

"ကျွန်တော်က သူငယ်တန်းတောင် မအောင်တော့ အလုပ်လုပ်လို့ ဖြစ်ပါ့မလား"

တိမ့်အင်းက လက်ကာပြလိုက်ပြီး...

"မင်း ဒီလိုမပြောနဲ့၊ ဝန်ကြီးချုပ်ဟာ အသက် ၈၀ ပြည့်မှ ဝန်ကြီးရာထူးရတာကို မင်း မကြားမိဘူးလား"

ချိုယင်းဝေက ဦးခေါင်းကို တစ်ချက်ညိတ်လိုက်ပြီး...

"ဟုတ်ကဲ့ ကြားဖူးပါတယ်"

တိမ့်အင်းက...

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ဘာလို့ အားငယ်ရတာလဲ၊ မင်းလဲ တစ်နေ့ ဒီလို မဖြစ်ဘူးလို့ ဘယ်ပြောနိုင်မလဲ"

ချိုယင်းဝေက. . .

"ဟုတ်ပါတယ်၊ ကျွန်တော် အသက် ၈၀ အထိနေမယ်လို့လဲ ဘယ်သူမှ မပြောနိုင်ဘူး"

တိမ့်အင်းက ချိုယင်းဝေကို မျက်လုံးပြူး၍ တစ်ချက်ကြည့်လိုက်ပြီး. . .

"အင်း. . . မင်းကတော့ ကပ်သီးကပ်သပ်ပြောတဲ့နေရာမှာ နှစ်ယောက် မရှိဘူး"

ဟု ပြောကာ ထိုင်ရာမှ ထလိုက်လေသည်။

ထို့နောက် အခန်းထဲမှ ထွက်သွားလေတော့သည်။

ချိုယင်းဝေနှင့် တိမ်းရှိုလေးတို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ပြီး တိုးတိုးတိတ်တိတ်နှင့် ပြုံးရယ်မောလိုက်လေတော့သည်။

ထို့နောက် သူတို့သည် ဧည့်ခန်းထဲသို့ ထွက်လာခဲ့လေတော့သည်။

* * *



တိမ်းရှိုလေးနှင့် ချိုယင်းဝေတို့သည် ဧည့်ခန်းထဲသို့ ရောက်ရှိလာပြီးနောက် တိမ်းရှိုလေးက ချိုယင်းဝေကို ပြုံးစိစိနှင့် ကြည့်ကာ. . .

"မင်းကို ငါတစ်ခု ပြောရဦးမယ်"

ဟု စကားစလိုက်လေသည်။

ချိုယင်းဝေက အကြွမ်းအိုးထဲမှ ရေနွေးကြမ်းကို တစ်ခွက်ငှဲ့ထည့်လိုက်ပြီး တစ်ကျိုက်မော့လိုက်လေသည်။

ထို့နောက် အနီးရှိ ကုလားထိုင်တွင် ထိုင်ချလိုက်ပြီး. . .

"မင်း ဘာပြောမလို့လဲ"

ဟု မေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



တိမ်းရှိုလေးက ချိုယင်းဝေနှင့် မျက်နှာချင်းဆိုင်တွင် ဝင်၍ ထိုင်လိုက်ပြီး. . .

"အခု ငါ မင်းကိုလာခေါ်တာ ဘယ်သူ့သဘောလဲ သိလား"

ချိုယင်းဝေက တိမ်းရှိုလေးကို မျက်ခုံးပင့်၍ ကြည့်လိုက်ရင်း. . .

"မင်းသဘောနဲ့မင်း ကယ်တာ မဟုတ်ဘူးလား"

ဟု မေးလိုက်လေသည်။

တိမ်းရှိုလေးက ပြုံးရင်း. . .

"မဟုတ်ဘူး"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက တိမ်းရှိုလေးကို နားမလည်ဟန် တစ်ချက်ကြည့်လိုက်ပြီး. . .

"ဘာလဲ. . . တစ်ယောက်ယောက် ငါ့ကို ကယ်ဖို့ မင်းကို လွှတ်လိုက်တာလား"

တိမ်းရှိုလေးက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး. . .

"ဟုတ်တယ်"

ချိုယင်းဝေက အနည်းငယ် မျက်မှောင်ကြုတ်သွားပြီး

"ငါ့ကိုကယ်ဖို့ မင်းကိုခိုင်းတဲ့လူ ရှိသေးလို့လား"

တိမ်းရှိုလေးက. . .

"ရှိလို့ မင်းကို ကယ်ခဲ့တာပေါ့"

ချိုယင်းဝေက. . .



"ဒါဖြင့် ဘယ်သူလဲ"

တိမ်းရှိုလေးက ပြုံးစစမျက်နှာဖြင့်. . .

"ငါ့ညီမပဲ"

ဟု ပြောလိုက်လေသည်။

ယင်းစကားကြောင့် ချိုယင်းဝေသည် အံ့သြကာ မျက်လုံးပြူးကျယ်သွားပြီး. . .

"တိမ်းဝေ့ကျူးက ဟုတ်လား"

ဟု သေချာစေရန် ထပ်မံမေးလိုက်လေသည်။

တိမ်းရှိုလေးက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး. . .

"သူက ဘာကြောင့် မင်းကို ကယ်ခိုင်းတာလဲဆိုတာ မင်းသိလား"

ဟု ထပ်၍ မေးလိုက်လေသည်။

ချိုယင်းဝေက မိမိ၏ပခုံးနှစ်ဘက်ကို တွန့်ပြကာ. . .

"ငါ ဘယ်လိုလုပ်ပြီး သိရမှာလဲ"

ဟု ပြန်လည်ပြောလိုက်လေသည်။

တိမ်းရှိုလေးက ပြုံးလိုက်ပြီး. . .

"မင်း ညာတာလား၊ လိမ်တာလား"

ဟု မေးလိုက်လေသည်။

ချိုယင်းဝေက. . .

"ငါ. . ."

ချိုယင်းဝေသည် ဆက်၍ မပြောတော့ပါ။

အကြောင်းမှာ တိမ်းရှိုလေး၏ အမေးစကားက ချိုယင်း၏

www.burmeseclassic.com

www.burmeseclassic.com



ဝေအတွက် အဖြေခက်စေသော အမေးစကား ဖြစ်နေသည် မဟုတ်ပါလား။

တိမ်းရှိလေးက သဘောကျစွာ ရယ်မောလိုက်ပြီး. . .

“ငါ့ညီမအကြောင်းကို မင်းသိပါတယ်ကွာ၊ သူ့ အခု အသက် နှစ်ဆယ်ရှိပြီ၊ အိမ်ထောင်မကျသေးတာက သူကြိုက်တာ မတွေ့သေးလို့ပါ”

ချိုယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး. . .

“မင်းပြောတာ ဖြစ်နိုင်ပါတယ်”

တိမ်းရှိလေးက အကြမ်းအိုးထဲမှ ရေနွေးတခွက်ငှဲ့ရင်း

“ငါ မင်းကို လာကယ်တာ သူ့ အတင်းတိုက်တွန်းလို့ကွ”

ချိုယင်းဝေက တိမ်းရှိလေးကို တစ်ချက်ကြည့်လိုက်ပြီး

“မင်း ဘယ်လိုသဘောနဲ့ ငါ့ကို ဒီအကြောင်းပြောပြ တာလဲ”

တိမ်းရှိုးလေးက. . .

“မဟုတ်ဘူးလေကွာ၊ မင်းကို ငါက လာကယ်တယ်ထင် ပြီး ငါ့ကို ကျေးဇူးတင်နေမှာစိုးလို့”

ချိုယင်းဝေက ပြုံးလိုက်ပြီး. . .

“ငါ သူ့ကို ကျေးဇူးတင်ပါတယ်ဆိုတဲ့အကြောင်း မင်း ပြောပြလိုက်ပါကွာ”

တိမ်းရှိလေးက ဦးခေါင်းကို ခါယမ်းလိုက်ပြီး. . .

“သူက ကျေးဇူးတင်ခံချင်လို့ မင်းကို ကယ်နိုင်းတာ မဟုတ်ဘူး”



ချိုယင်းဝေ၏မျက်ခုံး အပေါ်သို့ မြင့်တက်သွားသည်။ ပြီးမှ. . .

“ဒါဖြင့် ဘာဖြစ်လို့တဲ့လဲ”

တိမ်းရှိလေးက. . .

“ဒါကတော့ ငါလဲ ဘယ်သိပါ့မလဲ၊ သေချာတာ တစ်ခု တော့ ရှိတယ်”

ချိုယင်းဝေက တိမ်းရှိလေးကို ကြည့်ကာ. . .

“ဘာသေချာတာလဲ”

ဟု မေးလိုက်လေသည်။

တိမ်းရှိလေးက. . .

“ငါ့ညီမက မင်းအပေါ် မေတ္တာရှိနေပြီထင်တယ်”

ချိုယင်းဝေသည် လုံးဝမမျှော်လင့်ထားသော စကားကို ကြားလိုက်ရသဖြင့် အံ့အားသင့်သွားလေသည်။

ထို့ပြင် သူ၏ရင်ထဲ၌ မဖော်ပြနိုင်သော ခံစားမှုတစ်ရပ် ကို ခံစားလိုက်ရပြီး သူ၏ရင်ခုန်သံသည် သာမန်ထက် နှစ်ဆမျှ ပိုလာကြောင်း ထင်မှတ်လိုက်ရလေသည်။

ချိုယင်းဝေသည် တိမ်းရှိလေးအား အားတုံ့အားနာဟန် ဖြင့်. . .

“ဟာကွာ ဒီလိုမပြောပါနဲ့”

တိမ်းရှိလေးက. . .

“ငါက ဖြစ်နိုင်တာကို ပြောတာပါ”

ချိုယင်းဝေက ပြုံးလိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး. . . မင်းက ဘာဖြစ်လို့ ကိုယ့်ညီမအကြောင်းကို ငါ့လာပြောရတာလဲ"

တိမ်းရှိုလေးက. . .

"ငါက အမှန်ကို အမှန်အတိုင်း ပြောတာပဲ"

ချိုယင်းဝေက ဦးခေါင်းကို ခါယမ်းလိုက်ပြီး. . .

"ဒါပေမယ့် မင်းပြောတဲ့စကားက မျက်နှာပူစရာကြီးကွာ"

တိမ်းရှိုလေးက ချိုယင်းဝေကို မျက်လုံးပြူး၍ ကြည့်လိုက်ပြီး. . .

"ဟေ. . . မင်းက မျက်နှာပူတယ် ဟုတ်လား၊ ငါ မျက်နှာပူဖို့လဲ ထားပါဦးကွာ"

ချိုယင်းဝေက. . .

"မင်းက သွယ်ဝိုက်ပြီး မပြောဘဲ တဲ့တိုးကြီးပြောတော့ ဘယ်ကောင်းမလဲကွာ"

"ငါ ဒီလိုပြောတာ သဘောမကျလို့လား"

ချိုယင်းဝေက. . .

"မဟုတ်ပါဘူး၊ ငါ့မှာ ချစ်သူရှိတယ်ဆိုတာ မင်းလဲ သိသားပဲ"

တိမ်းရှိုလေးက စုတ်တစ်ချက်သတ်လိုက်ပြီး. . .

"ကျွတ်. . . ကျွတ်၊ ငါ့ညီမတော့ ကျန်ရစ်ဖြစ်ပြီ"

ချိုယင်းဝေက. . .

"ကဲပါကွာ၊ တို့တတွေ တခြားအကြောင်းအရာ ပြောကြ



ရအောင်"

ဟု ပြောလိုက်လေသည်။

တိမ်းရှိုလေးက ရယ်မောလိုက်ပြီး. . .

"အစ်ကိုလုပ်တဲ့လူက မျက်နှာမပူရဘဲ မင်းက ဘယ်လိုဖြစ်နေတာလဲ"

ချိုယင်းဝေက. . .

"ကဲပါကွာ တို့တခြားအကြောင်းပဲ ပြောကြရအောင်"

တိမ်းရှိုလေးက ရယ်မောလိုက်ပြီး. . .

"ကဲ. . . ဒါဖြင့်လဲ တရုတ်ဘုန်းကြီးကျောင်းမှာ ဘာတွေ လုပ်လာတယ်ဆိုတာ ပြောစမ်းကွာ"

ချိုယင်းဝေက သက်ပြင်းတစ်ချက်ချလိုက်ပြီး. . .

"အစက တရုတ်ဘုန်းတော်ကြီးကျောင်းနဲ့ ငါနဲ့ ဘယ်လိုမှ ပတ်သက်စရာအကြောင်း မရှိဘူး၊ စူးခုံးယက်ရဲ့စာကို သွားပေးရင်းနဲ့ ပြဿနာ ဖြစ်လာတာပဲ"

တိမ်းရှိုလေးက မျက်ခုံးကို ပင့်တင်လိုက်ပြီး အံ့ဩဟန်ဖြင့်. . .

"ဘာပြောတယ်၊ စူးခုံးယက်စာကို သွားပေးလို့ ပြဿနာတက်တယ် ဟုတ်လား"

ချိုယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး. . .

"စူးခုံးယက်က သူ့စာကို ဇုဟိုက်ဘုန်းတော်ကြီးဆီ ပေးပေးပါဆိုတာနဲ့ ငါသွားပေးလိုက်တာပဲ"

တိမ်းရှိုလေးက ဦးခေါင်းကို ခါယမ်းလိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦးကွာ၊ စူးခုံးယက်ရဲ့စာကို မင်းက သွားပေးရအောင် စူးခုံးယက်နဲ့ မင်းနဲ့ မိတ်ဆွေ ဖြစ်သွားကြပြီလား"

ချိုယင်းဝေက စိတ်ပျက်သော လေသံဖြင့်. . .

"မိတ်ဆွေလား ရန်သူလားဆိုတာ ငါလဲ ခွဲခြားလို့ မရဘူး ဖြစ်နေတယ်"

တိမ်းရှိုလေးက. . .

"မင်းစာသွားပို့တော့ ဘယ်လို ပြဿနာဖြစ်တယ်ဆိုတာ ငါ့ကို အသေးစိတ် ပြောပြစမ်းကွာ"

ချိုယင်းဝေက သက်ပြင်းရှည်တချက် မှုတ်ထုတ်လိုက်ပြီး

"ကဲ. . . ပြဿနာကတော့"

ဟု စကားကို အစချီကာ တရုတ်ဘုန်းတော်ကြီးကျောင်း၌ ဖြစ်ပျက်ခဲ့သည့် ကိစ္စအားလုံးကို အသေးစိတ် တစ်ခုမကျန် ရှင်းပြလိုက်လေတော့သည်။

* * *



တိမ်းရှိုလေးသည် ချိုယင်းဝေ၏ပြောစကားကို ခေါင်း တညိတ်ညိတ်ဖြင့် နားထောင်နေလေသည်။

ချိုယင်းဝေ၏စကားထဲမှ မရှင်းသည့် စကားများကို တစ်လုံးစ နှစ်လုံးစ ထောက်၍မေးသည်မှအပ ဝင်ရောက်ပြောဆိုခြင်းမပြုဘဲ ငြိမ်သက်စွာ နားထောင်နေလေသည်။

ချိုယင်းဝေက. . .

"နောက်ဆုံးတော့ မင်းလာကယ်တာနဲ့ ငါလိုက်လာတာပဲပေါ့ကွာ"

ဟု သူ၏စကားကို အဆုံးသတ်လိုက်လေတော့သည်။

တိမ်းရှိုလေးသည် အတန်ကြာအောင် မျက်မှောင်ကြုတ်၍ စဉ်းစားနေပြီးမှ ချိုယင်းဝေကို လှမ်းကြည့်ကာ. . .

"ကဲ. . . အခုလိုဖြစ်တဲ့ကိစ္စမှာ မင်း ဘယ်သူ့ကို သံသယ အရှိဆုံးလဲ"

ချိုယင်းဝေက. . .

"ငါလဲ ဦးနှောက်တစ်ခုလုံး ထူပူနေပြီး ဘယ်လိုမှ သဲလွန်စကို စဉ်းစားလို့လဲ မရခဲ့ဘူး၊ ပြီးတော့ သံသယဖြစ်စရာကောင်း တဲ့ လူတွေကလဲ အများကြီးပဲ"

တိမ်းရှိုလေးက ဦးခေါင်းကို တစ်ချက်ညိတ်လိုက်ပြီး. . .

"ကျုပ်ကတော့ စူးခုံးယက်ကို သံသယ အဖြစ်ဆုံးပဲ"

ဟု ပြောလိုက်လေသည်၊ ချိုယင်းဝေက. . .

"မင်းက စူးခုံးယက်ကို ဘာဖြစ်လို့ သံသယ ဖြစ်ရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



တိမ်းရှို့လေးက. . .

"မင်းစဉ်းစားကြည့်လေ၊ တကယ်လို့သာ ရှုးခုံးယက်တာ မင်းကို စာမပို့နိုင်းခဲ့ရင် ဒီပြဿနာ ဖြစ်လာစရာအကြောင်း မရှိဘူး"

ချိုယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး. . .

"ဟုတ်တယ်. . . အဲဒီ တရုတ်ဘုန်းတော်ကြီးကျောင်းနဲ့ ငါနဲ့ ပတ်သက်စရာမရှိဘူး"

တိမ်းရှို့လေးက. . .

"ကောင်းပြီ ရှုးခုံးယက်ကို မင်းက စိန်ခေါ်ခဲ့တယ်၊ ပြီးတော့ ရှုးခုံးယက်ဟာ သဘောထားပြည့်ဝတဲ့လူလို့ ဘယ်သူ အာမခံနိုင်မှာလဲ"

ချိုယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်သည်။

"မင်းပြောတာ စဉ်းစားစရာကြီးတွေပဲ"

တိမ်းရှို့လေးက. . .

"ငါပြောတာတွေဟာ ထည့်ပြီး စဉ်းစားရမယ့် အချက်တွေပေါ့၊ မင်းက သူ့ကို အရှက်ခွဲထားလို့ သူက မျက်နှာချိုသွေးပြီး အကောက်ကြံတာ မဟုတ်ဘူးလို့ ဘယ်သူက အာမခံမလဲ"

ချိုယင်းဝေ ဘာမှ ပြန်မပြောတော့ပါ။

တိမ်းရှို့လေး ပြောပြသော စကားများမှာ စဉ်းစားစရာ အချက်အလက်များ ဖြစ်နေသည် မဟုတ်ပါလော။

ဤသို့ဆိုလျှင် တရုတ်ဘုန်းတော်ကြီးတုဟူးနှင့် တုချမ်းတို့ကို သတ်သူမှာ ရှုးခုံးယက် မဖြစ်နိုင်ဟု မည်သူမျှ မပြောနိုင်ပါ။



စုဟိုက်ဘုန်းကြီးကျောင်းမှ ရိကျင်ဖျင်ကျမ်းစာကို ခိုးသူမှာ ရှုးခုံးယက် မဟုတ်နိုင်ဟု မည်သူမျှ အာမ မခံရဲပါ။

မိမိနှင့် ရင်ဆိုင်ခဲ့သော အဖြူရောင်ဝတ်စုံနှင့်လူသည် ရှုးခုံးယက် ဖြစ်နေမည်လော။

ထို့အပြင် ရှုးခုံးယက်သည် မိမိအား စုဟိုက်ဘုန်းတော်ကြီးထံ စာပို့နိုင်းသည်မှာ ကြိုတင်၍ ပြင်ဆင်ထားသော ထောင်ချောက်ပေလော စသည်ဖြင့် ချိုယင်းဝေ၏ဦးနှောက်ထဲ၌ တွေးနေမိလေသည်။

ထို့အပြင် ရှုးခုံးယက်မှာ ကြေးစားလူသတ်သမား ဖြစ်သည်။

သို့သော် သိုင်းလောကသားတို့သည် သူ့အား ကြေးစားလူသတ်သမားဟု မည်သူကမျှ မသိကြချေ။

ရှုးခုံးယက် ကြေးစားလူသတ်သမား ဖြစ်သည်ကို မိမိတစ်ဦးတည်းသာ သိထားသည် မဟုတ်ပါလော။

ထို့ကြောင့် ရှုးခုံးယက်သည် မိမိကို နှုတ်ပိတ်ရန် ဤသို့ ထောင်ချောက်ဆင်ခြင်း ဖြစ်နိုင်သည်။

ဟု ချိုယင်းဝေ တွေးလိုက်မိလေသည်။

ယင်းသို့ တွေးလိုက်မိသည်နှင့် ချိုယင်းဝေသည် ဒေါသထွက်လာပြီး တောက်တစ်ချက်ခေါက်ကာ တိမ်းရှို့လေးအား လှမ်း၍ ကြည့်ကာ. . .

"ဒါကို အစက ငါ ဘာဖြစ်လို့ မစဉ်းစားမိတာလဲ"

ဟု ကိုယ့်ကိုကိုယ် အပြစ်တင်လိုက်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တိမ်းရှို့လေးက. . .

"ဒီကိစ္စနဲ့ ပတ်သက်လို့ မင်းကိုယ်မင်း အပြစ်တင်စရာ မလိုပါဘူးကွာ"

ဟု နှစ်သိမ့်လိုက်လေသည်။

ချိုယင်းဝေက. . .

"ငါကိုယ်က ညံ့လွန်းပါတယ်ကွာ"

ဟု ပြောလိုက်လေသည်။

ပြီးမှ စားပွဲကို တစ်ချက်ပုတ်ကာ. . .

"စူးခုံးယက် မင်းကိုငါ မတွေ့တွေ့အောင် လိုက်ရှာမယ်"

ဟု ကြိမ်းဝါးလိုက်လေသည်။

တိမ်းရှို့လေးက. . .

"ငါ မင်းကို ဘာကူညီရမလဲ"

ချိုယင်းဝေက ဦးခေါင်းကို ခါယမ်းပြလိုက်ပြီး. . .

"ကျေးဇူးတင်ပါတယ်ကွာ၊ ဒီကိစ္စကို ငါတစ်ယောက်တည်း ဖြေရှင်းနိုင်ပါတယ်"

တိမ်းရှို့လေးက. . .

"ကောင်းပြီလေ၊ လိုအပ်ရင် အကြောင်းကြားလိုက် ငါ အချိန်မရွေး ကူညီမယ်"

ချိုယင်းဝေက. . .

"ကျေးဇူးတင်ပါတယ်၊ ငါလိုအပ်ရင် ပြောပါ့မယ်"

ဟု ပြောလိုက်လေသည်။

ပြီးမှ သူသည် တစ်စုံတစ်ခုကို သတိရလာဟန်ဖြင့်. . .



"ဒါနဲ့ မင်းသားလေးဟန်တိအိကော လာသေးလား"

ဟု မေးလိုက်လေသည်။

တိမ်းရှို့လေးက. . .

"၃ လ၊ ၁၅ ရက်နေ့က ပြန်သွားပြီးကတည်းက နောက်ပိုင်း သူ့ကို မတွေ့တော့ဘူး"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက. . .

"မင်း စူးခုံးယက်ကို သိတယ်နော်"

တိမ်းရှို့လေးက. . .

"သိပါတယ်၊ ငါတို့တစ်အိမ်သားလုံး သိတယ်"

ချိုယင်းဝေက ခေါင်းကိုညိတ်ကာ. . .

"တစ်အိမ်လုံးသိတော့ ပိုကောင်းတာပေါ့"

တိမ်းရှို့လေးက ချိုယင်းဝေကို တစ်ချက်ကြည့်လိုက်ပြီး

"ကိစ္စရှိလို့လား"

ဟု မေးလိုက်လေသည်။

ချိုယင်းဝေက ဦးခေါင်းကို ခါယမ်းပြလိုက်ပြီး. . .

"ကိစ္စအထူးတော့ မရှိပါဘူး၊ တကယ်လို့ စူးခုံးယက် ဒီဘက်ကို ရောက်လာရင်သာ စောင့်ကြည့်ပေးပါ။ ပြီးတော့ ငါ့ကိုလဲ အကြောင်းကြားပါ"

ဟု ပြောလိုက်လေသည်။

ထို့စဉ်. . .

"အစ်ကိုကြီးက ဘယ်သူ့ကို စောင့်ကြည့်ပေးရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်သော အသံသည် ဧည့်ခန်း၏တံခါးဝမှ ပေါ်ထွက်လာလေသည်။

ထိုအသံသည် တိမ်းဝေ့ကျူး၏အသံ ဖြစ်ပြီး ပိတ်ထားသော ဧည့်ခန်းတံခါး၏ အပြင်ဘက်မှ ပေါ်ထွက်လာခြင်း ဖြစ်ပါသည်။

တိမ်းရွှိလေးသည် တိမ်းဝေ့ကျူး၏အသံကို ကြားလိုက်သဖြင့် ချိုယင်းဝေကို မျက်ရိပ်ပြလိုက်ပြီး. . .

"ညီမလား"

ဟု လှမ်းမေးလိုက်လေသည်။

တံခါးအပြင်ဘက်မှ တိမ်းဝေ့ကျူးက. . .

"ဟုတ်ပါတယ်"

တိမ်းရွှိလေးက ချိုယင်းဝေကို တစ်ချက်ပြုံးကြည့်လိုက်ပြီး. . .

"လာလေ၊ ဝင်ခဲ့လေ"

ဟု ခေါ်လိုက်လေသည်။

တံခါးအပြင်ဘက်မှ တိမ်းဝေ့ကျူးက. . .

"ဟင့်အင်း. . . မဝင်တော့ဘူး၊ ဖေဖေက ထမင်းစားရအောင်တဲ့၊ အစ်ကိုကြီးချိုယင်းဝေပါ ခေါ်ခဲ့လို့ မှာလိုက်တယ်"

ဟု ပြောလိုက်လေသည်။

တိမ်းရွှိလေးက တချက်ပြုံးလိုက်ပြီး. . .

"မင်း မဝင်လာရင် ငါတို့ကို မင်းလာမခေါ်ဘူးလို့ ဦးလေးကို ပြောလိုက်မယ်"



ဟု ပြန်လည်ပြောလိုက်လေသည်။

တိမ်းရွှိလေး၏စကားကြောင့် ချိုယင်းဝေ၏ မျက်လုံးပြူးကာ တိမ်းရွှိလေးကို လှမ်းကြည့်လိုက်လေသည်။

တံခါးအပြင်ဘက်မှ တိမ်ဝေ့ကျူးကလည်း သူမ၏အစ်ကို စကားကြောင့် စိတ်ညစ်ဟန်ဖြင့် နှုတ်ခမ်းတစ်ချက်စူကာ ဦးခေါင်းကို ကုတ်လိုက်လေသည်။

ပြီးမှ ရှက်ရွံ့ဒေါသဖြစ်ဟန် ရောစွက်နေသော လေသံဖြင့်. . .

"ကဲ. . . ကဲ လာခဲ့မယ်"

ဟု ပြန်၍ အော်လိုက်ပြီး ဧည့်ခန်းတံခါးကို ဖွင့်၍ ဝင်ရောက်လာလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



သူမသည် အဝါရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး ဦးခေါင်းပေါ်၌ အဝါရောင်ဝတ်စုံနှင့် လိုက်ဖက်ညီသော လှပသည့် သစ်ခွပန်းကို ပန်ဆင်ထားလေသည်။

သူမ၏ နက်မှောင်၍ ဖြောင့်တန်းနေသော ဆံကေသာသည် သူမ၏ခါးလယ်သို့ တိုင်အောင် ဝဲပျံကျနေသည်။

သူမ၏လှုပ်ရှားမှုသည် ညင်သာပြီး သူမ၏မျက်နှာပေါ်တွင် ရှက်စွံ့ဟန်ဖြင့် ပန်းနုရောင်ပြေးနေလေသည်။

ချိုယင်းဝေသည် သူမကို ငေးမောကြည့်ရှုရင်း ဈေးထဲ၌ တွေ့ခဲ့ရသည်ထက် ပိုမို၍ လှပနေသည်ဟု စိတ်ထဲ၌ တွေးထင်လိုက်မိလေသည်။

တိမ်းရှို့လေးက ချိုယင်းဝေကိုကြည့်၍ မသိမသာ ပြုံးလိုက်ပြီး ချိုယင်းဝေ၏ခြေထောက်ကို မိမိခြေထောက်ဖြင့် လှမ်း၍တို့ကာ. . .

"ဟော့. . မင်း သူ့ကို ကျေးဇူးတင်စကား ပြောလေကွာ"

ဟု ပြောလိုက်လေသည်။

တိမ်းဝေ့ကျူးကို ငေးမောကြည့်ရှုသော ချိုယင်းဝေသည် မိမိ ခြေထောက်သို့ တိမ်းရှို့လေးက လာ၍တို့လိုက်သဖြင့် သတိပြန်လည် ဝင်ရောက်လာပြီး ရှက်ကိုးရှက်ကန်း အမူအရာဖြင့် တိမ်းဝေ့ကျူးကို ပြုံးပြကာ. . .

"အတော်ပဲ၊ ကျွန်တော် ခင်ဗျားကို ကျေးဇူးတင်စကား ပြောရဦးမယ်"

ဟု ပြောလိုက်လေသည်။



တိမ်းဝေ့ကျူးက ဦးခေါင်းကို ငုံ့လိုက်ပြီး. . .

"ကျေးဇူးတင်ဖို့ မလိုပါဘူးရှင်"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက. . .

"ဘာပဲဖြစ်ဖြစ် ခင်ဗျားရဲ့ ကြိုးစားမှုကြောင့် ကျွန်တော် အခုလို လွတ်လွတ်လပ်လပ် ထွက်လာနိုင်တာပဲ မဟုတ်လား"

တိမ်းဝေ့ကျူးက. . .

"ကဲပါရှင်၊ ထမင်းစားဖို့ ကြွကြပါ၊ ကျွန်မကို ခွင့်ပြုပါဦး"

တိမ်းရှို့လေးသည် ချိုယင်းဝေကို ငဲ့စောင်း၍ ကြည့်လိုက်လေသည်။

ချိုယင်းဝေ၏မျက်လုံးများသည် တိမ်းဝေ့ကျူး၏နောက်သို့ လိုက်ပါသွားဟန် ငေးမောကြည့်ရှုနေလေသည်။

တိမ်းရှို့လေးက ထိုင်ရာမှ ထလိုက်ပြီး ချိုယင်းဝေ၏ ပခုံးကို ပုတ်ကာ. . .

"အင်း. . . ငါ့သူငယ်ချင်းတော့ စိတ်ရှုပ်စရာတွေ ပေါ်လာလိမ့်မယ် ထင်တယ်"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက တိမ်းရှို့လေးကို မော့၍ ကြည့်လိုက်ပြီး ဘာမှမပြောဘဲ ပြုံး၍နေလေသည်။

ထို့နောက် ချိုယင်းဝေသည် တိမ်းရှို့လေးနှင့်အတူ ညစာခန်းမှ ထွက်ခွာသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်တွင် အလွန်လှပသော ငွေမီးတိုင်ခွက်တစ်ခု ရှိသည်။

ထိုမီးတိုင်ခွက်ပေါ်၌ အနီရောင်ဖယောင်းတိုင်သုံးတိုင် ထွန်းညှိထားလေသည်။

ထိုဖယောင်းတိုင်၏ အလင်းရောင်သည် စားပွဲတစ်ခုလုံးသာမက အခန်းတစ်ခုလုံးကိုပါ အလင်းရောင်ပေးလေသည်။

စားပွဲပေါ်၌ ဟင်းလျာများ စုံလင်လှပေသည်။

ဟင်းရနံ့များသည် မွှေးကြိုင်ပြီး ရှုရှိုက်မိရုံမျှနှင့် ဆာလောင်မွတ်သိပ်လာစေသည်။

စားပွဲ၌ လူလေးဦး ထိုင်နေသည်။

ထိုလူလေးဦးမှာ တိမ်းရှိုလေး၊ ချိုယင်းဝေ၊ တိမ်းဝေ့ကျူးနှင့် တိမ်းဝေ့ကျူး၏ဖခင် တိမ့်အင်းတို့ပင် ဖြစ်ပါသည်။

တိမ်းရှိုလေးက သူ၏ဦးလေး တိမ့်အင်းနှင့် မျက်နှာချင်းဆိုင်ထိုင်နေပြီး ချိုယင်းဝေနှင့် တိမ်းဝေ့ကျူးတို့သည် အလိုအလျောက် မျက်နှာချင်းဆိုင် ဖြစ်နေလေတော့သည်။

တိမ်းရှိုလေးနှင့် တိမ့်အင်းတို့သည် ထမင်းဝိုင်းတွင် စကားအများဆုံး ပြောသူများဖြစ်ပြီး ချိုယင်းဝေနှင့်တိမ်းဝေ့ကျူးတို့သည် စကားအနည်းဆုံး ပြောသူများ ဖြစ်ပါသည်။

ထမင်းစားသောက်ပြီးသောအခါ ထမင်းဝိုင်းမှ ချိုယင်းဝေက ဦးဆုံးထွက်လာခဲ့လေသည်။

ထို့နောက် သူသည် သူ့အတွက် စီစဉ်ပေးထားသော အိပ်ခန်းအတွင်းသို့ ဝင်ရောက်ကာ ခုတင်ပေါ်သို့ လဲလျောင်း



လိုက်လေသည်။

သူသည် ခုတင်ပေါ်တွင် လဲလျောင်း၍ ခြင်ထောင်အမိုးကို ကြည့်ရင်း တွေးနေမိလေသည်။

တိမ်းဝေ့ကျူးသည် မိမိအပေါ် တိမ်းညွတ်လေဟန် ရှိပြီး သူ၏ဖခင် တိမ့်အင်းကလည်း မိမိနှင့် သဘောတူသည့် လက္ခဏာတွေ့ရလေသည်။

သူသည် တိမ်းဝေ့ကျူးကို မချစ်၍မဟုတ်ပါ။

တိမ်းဝေ့ကျူးက သူ့အပေါ်ထားရှိသော မေတ္တာကို တန်ဖိုးမထား၍လည်း မဟုတ်ပါ။

သူသည် အယူအဆမဲ့သော မိန်းကလေးတစ်ယောက်ကိုမေတ္တာရှိနေခဲ့သောကြောင့် တိမ်းဝေ့ကျူးအပေါ် မေတ္တာတုံ့ပြန်ရန် ခက်ခဲ၍နေပေသည်။

သူသည် မည်မျှကြာအောင် တွေးနေမိသည် မသိပါ။

အခန်းတံခါးဖွင့်သံကြားမှ အတွေးရပ်ကာ အခန်းတံခါးသို့ လှမ်းကြည့်လိုက်လေသည်။

အခန်းတံခါးဝ၌ တိမ်းရှိုလေးသည် တံခါးဘောင်ကို မှီ၍ရပ်ကာ မိမိအား ပြုံးစိစိဖြင့် ကြည့်နေသည်ကို ချိုယင်းဝေ တွေ့လိုက်ရလေသည်။

ချိုယင်းဝေက မိမိ၏အဖြစ်ကို မသိစေလိုသော သဘောဖြင့် တိမ်းရှိုလေးအား ပြုံးပြလိုက်ပြီး. . .

"လာ. . . သူငယ်ချင်း၊ မင်းရောက်လာတာနဲ့ အတော်ပဲ"

www.burmeseclassic.com



တိမ်းရှိလေးက အခန်းထဲသို့ ဝင်လိုက်ပြီး အခန်းတံခါးကို နောက်ပြန်ပိတ်ကာ. . .

"မင်း ဘာတွေ စဉ်းစားနေတာလဲ"

ဟု မေးလိုက်လေသည်။

ချိုယင်းဝေက. . .

"ငါ မနက်ဖြန် ခရီးဆက်တော့မယ်၊ မင်းတို့ ငါ့ကို ကူညီခဲ့တာကို ငါအများကြီး ကျေးဇူးတင်ပါတယ်"

တိမ်းရှိလေးက. . .

"ဘာဖြစ်လို့ ဒီလောက်တောင် လောနေရတာလဲ၊ ဖြည်းဖြည်းဆေးဆေး နေပါဦးလား"

ချိုယင်းဝေက. . .

"မင်း ငါ့အပေါ် ကူညီခဲ့တာတွေ ဧည့်ဝတ်ကျေတာတွေကို ငါ တစ်သက်မမေ့ပါဘူး၊ အမြဲသတိရနေမှာပါ"

ဟု ပြောလိုက်လေသည်။

တိမ်းရှိလေးက. . .

"မင်း ဘယ်ကိုသွားမှာလဲ"

ချိုယင်းဝေက သက်ပြင်းတစ်ချက်ချလိုက်ပြီး. . .

"ဘယ်ကို သွားရမလဲဆိုတာ ငါ့ကိုယ်ငါလဲ မသိဘူးဒါပေမယ့် မနက်ဖြန်ခါ ငါ ခရီးဆက်မှဖြစ်မယ်"

တိမ်းရှိလေးက. . .

"ကောင်းပြီလေ၊ မင်းသွားချင်တဲ့ဆန္ဒကို ငါ မတားပါဘူး တကယ်လို့ အချိန်ရမယ် လမ်းလဲကြုံတယ်ဆိုရင်တော့ တို့ဆီကို



ဝင်ခဲ့ပါဦး"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက ဦးခေါင်းကို ညိတ်လိုက်ပြီး. . .

"စိတ်ချပါ၊ လမ်းမကြုံရင်တောင်မှ အချိန်ရရင် ငါ မင်းတို့ဆီ လာခဲ့ပါ့မယ်"

တိမ်းရှိုးလေးသည် ချိုယင်းဝေကို အတန်ကြာအောင် စူးစိုက်ကြည့်နေပြီးမှ. . .

"ကဲ. . . ငါသွားတော့မယ်"

ဟု ပြောကာ တိမ်းရှိလေးသည် ချိုယင်းဝေ အခန်းထဲမှ ထွက်ခွာသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



အရက်မတက်မီကပင် ချိုယင်းဝေ အိပ်ရာမှ နိုးနေလေသည်။

အမှန်မှာ ချိုယင်းဝေသည် အိပ်ရာမှ စောစီးစွာ နိုးနေခြင်း မဟုတ်ပါ။

သူသည် ညက တစ်ညလုံး အိပ်မပျော်ခဲ့ခြင်းသာ ဖြစ်ပါသည်။

ထို့ကြောင့် သူသည် အရက်မတက်မီကပင် စောစီးစွာ ထ၍ ခရီးဆက်ရန် ပြင်ဆင်နေလေသည်။

ထိုစဉ် ချိုယင်းဝေ အခန်းသို့ တိမ်းရှိုလေး ရောက်ရှိလာပြီး ချိုယင်းဝေ အိတ်ထဲသို့ ရွှေတုံးတစ်တုံးထည့်ကာ လက်ဆောင်ပေးလိုက်လေသည်။

ထို့ပြင် သူသည် ချိုယင်းဝေအတွက် မြင်းတစ်ကောင် အဆင်သင့်ပြင်ထားပြီး ထိုမြင်းကို ချိုယင်းဝေအား လက်ဆောင်ပေးလိုက်လေသည်။

ထို့နောက် သူသည် ချိုယင်းဝေကို ခြံဝအထိ လိုက်၍ ပို့လေသည်။

ခြံဝသို့ ရောက်သောအခါ ချိုယင်းဝေသည် မြင်းပေါ်သို့ တက်လိုက်ပြီး တိမ်းရှိုလေးကို နှုတ်ဆက်ကာ ထွက်ခွာသွားလေတော့သည်။

တိမ်းရှိုလေးသည် တဖြည်းဖြည်း ဝေး၍သွားသော ချိုယင်းဝေကို ကြည့်နေရာမှ အိမ်ဘက်သို့ ပြန်လှည့်လိုက်လေသည်။



ထိုစဉ် တိမ်းရှိုလေးသည် အပေါ်ထပ် အခန်းတစ်ခု၏ ပြတင်းပေါက်၌ လူရိပ်တစ်ခုကို မြင်တွေ့လိုက်ရလေသည်။

ထိုလူရိပ်သည် ပြတင်းပေါက်မှနေ၍ တဖြည်းဖြည်းဝေး၍သွားပြီဖြစ်သော ချိုယင်းဝေကို မျှော်ကြည့်နေလေသည်။

တိမ်းရှိုလေးသည် ထိုလူရိပ်ကို ကြည့်ရင်း သူ၏ရင်တွင်း၌ ဖော်မပြနိုင်သော ခံစားမှုတစ်ရပ်ကို ခံစားလိုက်ရလေတော့သည်။

အကြောင်းမှာ. . .

ထိုလူရိပ်သည် သူ၏ညီမ တိမ်းဇေကျူးပင် ဖြစ်သည် မဟုတ်ပါလား။

* * *

BURMESE CLASSIC

www.burmeseclassic.com

ချိုယင်းဝေသည် အရုဏ်ဦး၏ နေရောင်ခြည်နှင့်အတူ ခရီးနှင်နေလေသည်။

သူ၏ခရီးသည် မည်သည့်နေရာတွင် ဆုံးမည်ကို သူ မသိပါ။

သူသည် စူးခုံးယက်အား ရှာဖွေရန် ခရီးထွက်လာခြင်း ဖြစ်ပါသည်။

သို့သော် . . .

စူးခုံးယက် မည်သည့်နေရာတွင်ရှိမှန်း သူမသိပါ။

မည်သို့ဆိုပါစေ . . .

သူသည် စူးခုံးယက်ကို မတွေ့တွေ့အောင် ရှာဖွေမည် ဖြစ်ပါသည်။

စာစဉ်(၂) ပြီး၏။

စာစဉ်(၃) ဆက်လက်ဖတ်ရှုပါရန်။